

မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်း ၏
စနေစာပေဝိုင်း စာတမ်းဖတ်ပွဲ

# မင်္ဂလာပန်းခင်း ရနံ့သင်း

ခြေလှမ်းသစ်(၄)



မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်း ၏

စနေစာပေဝိုင်းစာတမ်းဖတ်ပွဲ

**စာပေပန်းခင်း**

# ရှုံသင်း

ခြေလှမ်းသစ်(၄)

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာအုပ်အမည် | – စာပေပန်းခင်းရနံ့သင်း |
| စာရေးသူ | – ကလောင်စုံ (မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်း) |
| မျက်နှာဖုံးဒီဇိုင်း | – ညီထွေးကလေး |
| စာမျက်နှာဖွဲ့စည်းမှု | – သိုးသူငယ် |
| ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၈၊ ဒီဇင်ဘာလ |
| ထုတ်ဝေသူ | – ဦးချစ်ညွန့်(၀၀၃၇၄) ဇင်ရတနာစာပေ |
| ပုံနှိပ်သူ | – မျိုးသန်းပုံနှိပ်တိုက် မှတ်ပုံတင်အမှတ်(၀၀၇၁၀) |
| ဖြန့်ချိရေး | – ရွှေထက်မီဒီယာ |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၂၅၀၀ ကျပ် |

# စကားဦး

မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်း၏ (စတုတ္ထမြောက်)ခြေလှမ်းအဖြစ် 'မင်္ဂလာပန်းခင်းရနံ့သင်း'စာဖတ်သူလက်ထဲ အရောက်ပေးပို့လိုက်ပါပြီ။

စာမူရှင်များတစ်ဦးချင်းထည့်ဝင်ငွေကိုပေါင်းစုလျက် မလုံလောက်သည့်ငွေကြေးဖြင့် စာအုပ်တစ်အုပ်ဖြစ်လာအောင် စိတ်ရောကိုယ်ပါကူညီသည့် Car ဂျာနယ်အယ်ဒီတာချုပ် ဝင်းနွယ်(ပုသိမ်)အား အသင်းသားများကိုယ်စား အထူးကျေးဇူးတင်ပါသည်။

လေးနှစ်ရှိပြီဖြစ်သည့် စနေစာပေစကားဝိုင်းတွင်ဖတ်ကြားသည့် စာတမ်းများကို ပေါင်းစုထားခြင်းဖြစ်ပါသည်။ သုတ/ရသ စာကဗျာ အစုံအလင်မပါသော်လည်း ကျွန်တော်တို့လှမ်းလျှောက်နေသော ခြေလှမ်းတိုင်းသည် စာပေဖွံ့ဖြိုးရေး၊ ပြန့်ပွားရေးအတွက်ဦးတည်သဖြင့် အုတ်တစ်ချပ်သဲတစ်ပွင့်နှယ် အကျိုးပြုသည်ဆိုလျှင် ကျေနပ်ဝမ်းမြောက်မိပါကြောင်း ...။

**စီစဉ်သူ**

မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း၏စနေစာပေဝိုင်းစာတမ်းဖတ်ပွဲ ခြေလှမ်းသစ်(၄)

မင်္ဂလာပန်းခင်းရှုံ့သင်း

# မာတိကာ


**ပညာရေး**

| | | |
|---|---|---|
| ကဗျာအို(ထောက်ကြန့်) | တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာရေးပြုပြင်ပြောင်းလဲမှု | – ၆ |
| ခင်ရေချမ်း(ပညာရေး) | ပညာဟူသည် | – ၁၈ |
| ကြွေဖယောင်း | လေ့လာသင်စရာရှေး/သုပညာ | – ၂၆ |
| ဥက္ကာမင်း | နက္ခတ္တပညာကို တို့ထိခြင်း | – ၃၃ |

**စီးပွားရေး**

| | | |
|---|---|---|
| သောင်းညွှန့်သွင်(သရက်) | လျှပ်စစ်ကဏ္ဍနှင့်မြန်မာပြည် | – ၄၆ |
| မေဒီဇင်ဘာ | ရောင်းကုန်ထဲမှာလူမပါ | – ၅၇ |
| ခင်ညိုညိုမြင့် | တရုတ်စီးပွားရေးတိုးတက်လာရခြင်း အုတ်မြစ်စာတမ်း | – ၆၅ |

**လူမှုရေး**

| | | |
|---|---|---|
| အေးချမ်းမိုးမြေ | အမေ့ဂုဏ်ရည်စာပန်းချီ | – ၈၀ |
| သိပ္ပံညိုထွေး | သခင်သန်းထွန်းပြောသော ဟာသပုံပြင်အကြောင်း | – ၉၀ |

**စာပေ**

| | | |
|---|---|---|
| ကျော်ခင်ဝင်း(မင်္ဂလာဒုံ) | အွန်လိုင်းပေါ်မှကဗျာများ၏ ရွေ့လျားမှုအားလေ့လာခြင်း | – ၉၈ |

## ■ စာပေပန်းခင်းရနံ့သင်း


| | | |
|---|---|---|
| အောင်သူရိန်(ပုလဲ) | တစ်ချိန်က ထင်ရှားခဲ့သော ပြဇာတ်များ | -၁၁၃ |
| မြဟန်သိန်း(လုပ်သားကောလိပ်) | အများဆုံးမှားနေကြသော မြန်မာစာလုံးပေါင်းသတ်ပုံ | -၁၂၇ |
| ငွေစိုး(ရွှေကြန့်မြေ) | ဇာတ်လမ်းတစ်ပုဒ်ကို ပေါင်းစပ်ဖန်တီးခြင်း | -၁၃၅ |
| စောယဉ်ဖိုး | ဂန္ထဝင်တေးထပ် အဖွဲ့အနွဲ့လေ့လာခြင်း | -၁၄၉ |


**ယဉ်ကျေးမှု**


| | | |
|---|---|---|
| မောင်ဆန္ဒ(လယ်ဝေး) | ရှေးထုံးသာမူနာမူ အစဉ်အလာလေ့လာမှုစာတမ်း | -၁၅၈ |
| သက်ဦးခင် | အမျိုးသားယဉ်ကျေးမှုလက္ခဏာနှင့် လူငယ် | -၁၆၉ |
| လမင်းအိမ်(ဥပဒေ) | ဆံပင်ကိုဆင်ယင်ထုံးဖွဲ့ခြင်းနှင့် မြန်မာအမျိုးသမီးများ | -၁၇၉ |
| ချောယဉ်သာမြင့် | အရှေ့သို့လားလား အနောက်သို့သွားသွား | -၁၈၉ |


**အတွေးအမြင်**


| | | |
|---|---|---|
| အောင်ကောင်းမွန် | ပြောင်းသင့်ရင် ပြောင်းကြစို့လား | -၂၀၆ |
| သင်းမွန်လတ် | ဧည့်ဝတ်သို့ခရီးသွားခြင်း | -၂၁၄ |
| ပွင့်စန္ဒီ | စိတ်ခွန်အား | -၂၂၃ |



# ကဗျာအို ၏ ဘဝနှင့်စာပေ

**ကလောင်အမည်** – ကဗျာအို(ထောက်ကြန့်)
မြန်မာနိုင်ငံစာရေးဆရာ
အသင်းဝင်အမှတ်(၉၁၁၁)

**အမည်** – ဦးကျော်မြင့်

**မိဘ** – ဦးမောင်ကျင်၊ ဒေါ်စောမျှင်

၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ(၅)ရက်တွင် မွေးဖွားသည်။ အစိုးရအလယ်တန်းကျောင်း (ထောက်ကြန့်)၊ တပ်မတော်ကလေးများအထက်တန်းကျောင်း (မင်္ဂလာဒုံ)၊ စက်မှုလက်မှုအထက်တန်းကျောင်း (နတ်မောက်လမ်း၊ ရန်ကုန်မြို့)တွင် ပညာသင်ကြားခဲ့သည်။

(၁၉၇၂–၁၉၇၈)ခုနှစ် မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးကော်ပိုရေး ရှင်း၊ စက်မှုဌာန(U.B.A)

(၁၉၈၂–၁၉၈၈) ခုနှစ် ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း(R.T.C)တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် စာပေစတင်ရေးသားခဲ့သည်။

ပညာရေး

# တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးပြုပြင်ပြောင်းလဲမှု

ကဗျာအို(ထောက်ကြန့်)

## နိဒါန်း

တရုတ်ပြည်သူသမ္မတနိုင်ငံသည် အာရှတိုက်လေးပုံတစ်ပုံမက ကျယ်ဝန်းသောနိုင်ငံဖြစ်သည်။

နိုင်ငံ၏အကျယ်အဝန်းမှာ ဧရိယာ(၃၆၉ ဒဿမ ၅၂) စတုရန်းမိုင်ရှိ၍ လူဦးရေသန်း(၁၃၀၀)ကျော်ရှိသည်။ လက်ရှိအခြေအနေတွင် တရုတ်ပြည်သည် တစ်ကမ္ဘာလုံးရှိလူဦးရေ၏ ငါးပုံတစ်ပုံရှိနေ၍ နိုင်ငံတော်မြို့တော်သည် ပေကျင်း (BAYGING) ဖြစ်သည်။ အသုံးပြုသောငွေကြေးမှာ ယွမ် (YUN) ဖြစ်သည်။

တရုတ်နိုင်ငံတွင် လူဦးရေနှင့်နှိုင်းလျှင် စိုက်ပျိုးမြေဧရိယာနှုန်းပါးသည်။ ယင်းအချက်သည် တရုတ်နိုင်ငံတော်အဓိကပြဿနာဖြစ်သည်။ သမိုင်းတစ်

လှျောက်လုံးတွင် မြေရှင်ပဒေသရာဇ်စနစ်ထွန်းကားခဲ့၍ ပြည်သူတို့မှာ မြေကျွန်ဘဝတွင်နေခဲ့ကြရသည်။ ၁၉၄၉ ခုနှစ်မှစ၍ တရုတ်ပြည်တွင် လယ်ယာမြေပြောင်းလဲမှုလုပ်ခဲ့သည်။ ဘုံစနစ်ဟူသည် လယ်ယာမြေအများစုကို အဖွဲ့အစည်းကပိုင်ပြီး စုပေါင်းစိုက်ပျိုးကာ အချိုးကျခွဲဝေစားသောက်သည့် စနစ်ဖြစ်သည်။ တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် ဆန်စပါးအများဆုံးထွက်ရှိသော နိုင်ငံဖြစ်သော်လည်း ထွက်ရှိသောဆန်စပါးနှင့်လူဦးရေ မမျှတမှုကြောင့် မကြာခဏအငတ်ဘေးကြုံတွေ့ခဲ့ရသော နိုင်ငံဖြစ်သည်။

တရုတ်တို့သည် လူဦးရေကများ စားသောက်ဖွယ်ရာမရှိဖြစ်ခဲ့ရာ လမ်းဘေးတွင်အစာရေစာငတ်၍ အသက်များစွာဆုံးရှုံးခဲ့ရသော နိုင်ငံဖြစ်သည်။ သို့သော်လည်း ၁၉၉၀ ပြည့်လွန်ကာလမှစ၍ တူညီသောလက်များကို စုပေါင်း၍ဆင်းရဲတွင်းမှ အလွတ်ရုန်းမည်ဟူသော ဖွဲ့မာန်အင်အား သတ္တိတို့ဖြင့် ရုန်းကန်ခဲ့ရာ ဆင်းရဲတွင်းမှ အမှန်တကယ်ရုန်းထွက်နိုင်၍ ဂျပန်များထက်ပင် ကျော်လွန်ကာ အမေရိကန်တို့က ပြိုင်ဘက်အဖြစ် အသိအမှတ်ပြုခဲ့ရသော နိုင်ငံဖြစ်သည်။ တရုတ်တို့၏ကြိုးပမ်းမှုသည် အံ့ဩဖွယ်ရာဖြစ်သည်။ ယင်းသို့ရုန်းထွက်နိုင်မှုတွင် အကြောင်းအချက်အလက်များစွာရှိသည့်အနက် အခြေခံအကြောင်းတစ်ရပ်ဖြစ်သော ပညာရေးပြုပြင်ပြောင်းလဲမှုများကို လေ့လာတွေ့ရှိရ၏။

တရုတ်ရာဇဝင်သည် ကမ္ဘာ့ရှေးအကျဆုံးရာဇဝင်များထဲတွင် ပါဝင်ခဲ့သည်။ တရုတ်သမိုင်းကြောင်းတွင် ပထမဆုံးသောမင်းဆက်မှာ 'ရှား'မင်းဆက်ဖြစ်သည်။ ဘီစီ ၂၂ ရာစုမှစ၍တရုတ်နိုင်ငံတွင် မင်းဆက် ၁၂ ဆက်တို့က သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ဖြင့် အုပ်စိုးခဲ့သည်။ နောက်ဆုံးမင်းဆက်မှာ 'ကျင်း'မင်းဆက် (၁၆၁၆ မှ ၁၉၁၁) အထိဖြစ်သည်။ ယင်းကာလတွင်စာပေ၊ အနုပညာနှင့်စစ်ရေးစစ်ရာနည်းပညာများ ထွန်းကားခဲ့သည်။ ကျင်းခေတ်နှောင်း

## ■ စာပေပန်းခင်းရနံ့သင်း

ပိုင်းတွင် လူဦးရေတိုးပွားမှု အငတ်ဘေးပြဿနာအရပ်ရပ်၊ အကျင့်ပျက်လာဘ်စားမှုတို့ကို မထိန်းနိုင်ဘဲ ပြည်တွင်း၌လည်း တော်လှန်ပုန်ကန်မှုများဖြစ်ပြီး၊ အနောက်အင်အားကြီးနိုင်ငံများက စတင်ဝင်ရောက်ကျူးကျော်မှုကိုခံရသည်။ ၁၉ ရာစုတွင် ဗြိတိန်မှ တရုတ်ပြည်သို့ ဘိန်းတင်သွင်းပြီး၊ အင်္ဂလိပ်အပါအဝင် ဥရောပတိုက်သားများသည် တရုတ်ပြည်မှထွက်ရှိသော လက်ဖက်၊ ပိုးသားကြွေထည်ပစ္စည်းအမျိုးမျိုးနှင့် ဟင်းခတ်မွှေးကြိုင်စသည်တို့ကို ပြန်သယ်ကြသည်။ တရုတ်နိုင်ငံသည် ဘိန်း၏လောင်းရိပ်အောက်တွင် ရောက်ရှိသွားခဲ့ရသည်။

၁၉၁၁ ခုနှစ်တွင် ဆွန်ယက်ဆင်ခေါင်းဆောင်းပြီး 'ကျင်'မင်းဆက်ကို ဖြုတ်ချလိုက်သည်။ ၁၉၁၂ ခုနှစ်တွင် တရုတ်သမ္မတနိုင်ငံ ထူထောင်ပြီး 'နန်းကျင်း'ကို မြို့တော်အဖြစ်သတ်မှတ်လိုက်သည်။ ၁၉၁၅ ခုနှစ်တွင် တော်လှန်ရေးတစ်ရပ်ပေါ်ပေါက်လာခဲ့ပြန်သည်။ ထိုအရေးအခင်းကို ဦးဆောင်သူတို့က သိပ္ပံပညာနှင့် ဒီမိုကရေစီသည် တရုတ်ယဉ်ကျေးမှုဘောင်ကို ပြောင်းလဲပစ်နိုင်မည်ဟု ယုံကြည်ကြသည်။ ထိုကာလတွင် အမျိုးသားရေးစာပေများဖွံ့ဖြိုးလာသည်။ 'လူရွန်း'(Luxun)သည် ထိုခေတ်တွင် ဩဇာတိက္ကမအကြီးမားဆုံး စာပေပညာရှင်တစ်ဦးဖြစ်သည်။

၁၉၃၁ ခုနှစ်တွင် တရုတ်ပြည်အရှေ့မြောက်ဘက်သို့ ဂျပန်တို့မှဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်၏။ ၁၉၃၇ ခုနှစ်တွင် ဂျပန်သည် တရုတ်တစ်နိုင်ငံလုံးကို ကျူးကျော်တိုက်ခိုက်လာ၍ 'ချန်ကေရှိတ်'ဦးဆောင်သော အမျိုးသားပါတီနှင့်ဥက္ကဋ္ဌ 'မော်စီတုန်း'ဦးဆောင်သော ကွန်မြူနစ်ပါတီတို့ပူးပေါင်းကာ ဂျပန်ကိုတိုက်ခိုက်တော်လှန်ခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့စစ်ရှုံး၍ ဆုတ်ခွာသွားပြီး အမျိုးသားပါတီနှင့် ကွန်မြူနစ်ပါတီတို့၏ နိုင်ငံရေးတိုက်ပွဲများဖြစ်ခဲ့ကြကာ ၁၉၄၉ ခုနှစ်၌ အမျိုးသားပါတီစစ်ရှုံးကာ တရုတ်ကွန်မြူနစ်

ပါတီက 'ရှန်ဟိုင်း'ကို လွတ်မြောက်ရေးမြို့တော်အဖြစ်ကြေညာကာ ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့သည်။

### မော်စီတုန်းခေတ်

ယင်းခေတ်တွင် တရုတ်နိုင်ငံသည် နှစ်ထောင်ပေါင်းများစွာ ရှည်ကြာခဲ့သော မြေရှင်ပဒေသရာဇ်စနစ်ကိုဖျက်သိမ်းကာ မော်စီတုန်း၊ ချူအင်လိုင်းအစရှိသော ခေါင်းဆောင်များက လယ်ယာမြေတော်လှန်ရေးကို လုပ်ဆောင်ခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီသည် မြေယာဘုံဝါဒဖြင့် အငတ်ဘေးမှလွတ်မြောက်ရန်ကြိုးဆောင်ခဲ့ကြသည်။ သို့သော်လည်း မြေယာထက်လူဦးရေက များနေသောကြောင့် ပြည်သူများဝလင်စွာစားသုံးနိုင်သော ကုန်ထုတ်လုပ်ငန်းများကိုဖန်တီးလုပ်ဆောင်ရာ၌ မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ ပညာရေးအတွက် တိုးတက်ကောင်းမွန်လာအောင် ထိရောက်စွာမစွမ်းဆောင်နိုင်ခဲ့ဘဲ ကွန်မြူနစ်ပါတီအတွင်း အယူအဆကွဲပြားမှုများဖြင့် အကွဲအပြဲဖြစ်နေခဲ့ကြသည်။

၁၉၇၈ ခုနှစ်တွင် မော်စီတုန်းနှင့်ချူအင်လိုင်းကွယ်လွန်ပြီးနောက်တွင် တိုင်းပြည်ဦးဆောင်အဖွဲ့သည် ပြုပြင်ပြောင်းလဲရေးများစွာကို ကဏ္ဍတိုင်း၌ ဆောင်ရွက်သည်။ ပညာရေးနှင့်ပက်သက်သော ပြုပြင်ပြောင်းလဲမှုများတွင် ချူအင်လိုင်းမှာကြားခဲ့သည်တို့ကို အလေးထားခဲ့ကြသည်။ ချူအင်လိုင်း၏ ပညာရေးဆိုင်ရာ အတွေးအခေါ်များကို တိန်ရှောက်ပိန်ဆက်ခံရာတွင် ချူးအင်လိုင်း၏ ပြုပြင်ပြောင်းလဲမှုကိုမပစ်ပယ်ဘဲ ထပ်ဆောင်းပိုကောင်းအောင် ဆောင်ရွက်ခဲ့သည်။ တိန်ရှောင်ပိန်၏ ပြုပြင်ပြောင်းလဲမှုများသည် သူ့လက်ထက်တွင် အခြေခံအုတ်မြစ်အဖြစ် အခိုင်အခံ့ချမှတ်နိုင်ခဲ့သော်လည်း အသီးအပွင့်ဝေဆာသည်အထိတော့ မဖြစ်ခဲ့ချေ။ သို့သော် တိန်ရှောင်ပိန်သည် ပညာရေးအခြေခံပြောင်းလဲမှုကို စတင်အကောင်အထည်ဖော်သူဖြစ်ပါသည်။

## ■ စာပေပန်းခင်းရနံ့သင်း

ချူအင်လိုင်း၏ စိတ်ကူးစိတ်သန်းများကို တိန်ရှောင်ပိန်လက်ထက်၌ မျိုးစေ့ချပြီး ပညာရေးစီမံကိန်း အကောင်အထည်ဖော်မှုသည် ကျန်စီမင်းလက်ထက်တွင် သိသာထင်ရှားစွာပေါ်ပေါက်လာပြီး ထင်သာမြင်သာရှိလာခဲ့သည်။ ခေတ်သစ် တရုတ် ပြည်၏ အထွေထွေပြုပြင်ပြောင်းလဲမှုစီမံကိန်းတွင် ကဏ္ဍအရပ်ရပ်၌ ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုက အခြေခံကျကျပါဝင်ခဲ့သည်ဖြစ်၏။

### စာမေးပွဲစဉ်အလာကိုပြုပြင်ခြင်း

တရုတ်ပြည်တွင်ရာဇဝင်အစဉ်အလာအရ မိမိတို့ဒေသရှိရရှိသမျှသော စာအုပ်စာပေ၊ ကဗျာလင်္ကာ၊ ကျမ်းဂန်တို့ကိုလေ့လာပြီး၊ ဘုရင့်နန်းတော်မှ ကျင်းပသောစာမေးပွဲများကို ဝင်ဖြေရသည်။ အောင်မြင်သောသူတို့သည် တရုတ်ကျေးလက်လူတန်းစားဘဝမှလွတ်မြောက်ကာ တရုတ်ပညာရှိအဖြစ် နန်းတွင်းသို့ဝင်ရောက်၍ ဘုရင့်အမှုတော်ကိုထမ်းခွင့်ရရှိသည်။

တရုတ်နန်းတွင်းစာမေးပွဲဖြေဆိုရသည်တို့မှာ ဇာတ်လမ်းရာဇဝင်များ၊ စာကဗျာများ၊ ပုံပြင်ဒဏ္ဍာရီများ နန်းတွင်းပြဋ္ဌာန်းစာအုပ်များကို အလွတ်ကျက်မှတ်ဖြေဆိုရခြင်းဖြစ်ပြီး၊ သိပ္ပံပညာ၊ နည်းပညာများကဲ့သို့ ထိုးထွင်းစဉ်းစားဖြေဆိုရသောကဏ္ဍက နည်းပါးသည်။ စာမေးပွဲအစဉ်အလာသည် သိမှုပညာရရှိရေးအတွက်သာ အထောက်အကူပြု၍ စာများများကျက်မှတ်နိုင်သူတို့သာ စာမေးပွဲအောင်ကြသည်။ ဖတ်အားကောင်းသူတို့သည် စာမေးပွဲအောင်၍ နေရာထိုင်ခင်း ရာထူးဌာနန္တရရှိကြသည်။ ပဒေသရာဇ်စနစ်ကျဆုံးပြီး ဆွန်ယက်ဆင်တို့ထူထောင်ခဲ့သော ခေတ်သစ်တရုတ်ပြည်တွင်လည်း ယင်းစာမေးပွဲစနစ်ကိုပင် ကျင့်သုံးနေခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများကလည်း ရှေးအစဉ်အလာအတိုင်း စာမေးပွဲဖြေဆိုအောင်နိုင်ရေးအတွက်သာဦးတည်သော သင်ကြားရေးစနစ်ကိုကျင့်သုံးခဲ့သည်။

## ပညာရေးပြုပြင်ပြောင်းလဲမှု

တရုတ်ပြည်တွင် ၁၉၇၇ ခုနှစ် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ဆောင်ရွက်သည့်ကာလတိုင်း စာမေးပွဲအောင်မြင်ရေးကိုသာ အဓိကဦးတည်သော်လည်း ပညာရေးစနစ်သာဖြစ်နေခဲ့သေးသည်။ စာမေးပွဲဦးစားပေးစနစ်က ဉာဏ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများက အားနည်းပြီး၊ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှုကိုနှေးကွေး၍ တီထွင်မှုကုန်ထုတ်လုပ်မှုစွမ်းအင်တို့ကို မဖန်တီးနိုင်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုစွမ်းရည်နည်းပါးလှသောကြောင့် ပြည်တွင်းစားသုံးမှုပင် မလုံလောက်ဖြစ်ရသည်။ သိပ္ပံပညာ၊ နည်းပညာများတတ်ကျွမ်းမှသာလျှင် ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်မားနိုင်မည်ကို သုံးသပ်မိသည်ဖြစ်၍ ၁၉၈၀ ခုနှစ်မှစကာ ဆွေးနွေးပွဲများပြုလုပ်၍လည်းကောင်း၊ မီဒီယာအသီးသီးမှ အတွေးအခေါ်ပြောင်းလဲရေး အသိပညာပေးသတင်းများကိုဖော်ပြ၍လည်းကောင်း၊ ခေါင်းဆောင်များက မိန့်ခွန်းများပြောကြား၍လည်းကောင်း၊ နောက်ဆုံးဥပဒေပြဋ္ဌာန်း၍လည်းကောင်း စာမေးပွဲဦးတည်သော ကျက်မှတ်မှုပညာရေးစနစ်မှသည် နိုင်ငံလိုအပ်ချက်နှင့်အညီ အသိပညာအတတ်ပညာ အရည်အသွေးပြည့်မီသော ပညာတတ်လူငယ်များပျိုးထောင်သည့် ပညာရေးစနစ်ကို ပြောင်းလဲပစ်ခဲ့သည်။

ထိုသို့ အလုံးစုံအရည်အသွေးပြည့်ဝသော တရုတ်လူငယ်ထုကိုပြုစုပျိုးထောင်ရန် လိုအပ်သောနိုင်ငံသားလက္ခဏာတို့ကို ဥပဒေများတွင် ပါဝင်အောင်ရေးသွင်းခဲ့ကြသည်။ ထို့အပြင် အရာလက္ခဏာတို့ကို ပါဝင်အောင်ရေးဆွဲပြဋ္ဌာန်း၍ လိုက်နာစေသည်။ ကျန်စီမင်းက နိုင်ငံတော်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုကိုဆောင်ရွက်ပေးနေသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုများ မလုပ်ကိုင်နိုင်သရွေ့ မအောင်မြင်သရွေ့ မည်သည့်နည်းနှင့်မျှ ကုန်ထုတ်လုပ်မှုတိုးတက်မှုဖြစ်မလာနိုင်။ ကုန်ထုတ်လုပ်မှုတိုးတက်လာမှသာ တိုင်းပြည်စီးပွားတောင့်တင်း

မှုအမှန်ဖြစ်မည်။ ကုန်ထုတ်လုပ်နိုင်သော ပြည်သူသိန်းပေါင်း၊ သန်းပေါင်းများ စွာပေါ်ထွက်လာရေးအတွက် ပညာရေးကဏ္ဍပြုစုပျိုးထောင်မှုလုပ်ငန်းများကို ပြုလုပ်နေသည်။ ထိုသို့ပြုလုပ်ခြင်းသည် နိုင်ငံသားလူအရင်းအမြစ် အင်အားတောင့်တင်းအောင်ပြုစုခြင်းဖြစ်သည်ဟု တရုတ်ပါတီကွန်ဂရက်သို့ အစီရင်ခံခဲ့သည်။

## အစိုးရ၏ ထုတ်ပြန်ချက်

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ထုတ်ပြန်သောစာတမ်းတွင် အလယ်တန်း၊ အထက်တန်းကျောင်းများအားလုံး၌ စာမေးပွဲအောင်ဖို့အတွက်သာ လေ့ကျင့်သင်ကြားပေးသော ပညာရေးစနစ်မှ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါပြည့်စုံသော နိုင်ငံသားများကိုလေ့ကျင့်နိုင်သည့် ပညာရေးစနစ်သို့ပြောင်းလဲကြရမည်၊ လူကျင့်ဝတ်များကိုစောင့်ထိန်းခြင်း၊ ယဉ်ကျေးမှုများကိုထိန်း သိမ်းခြင်း၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာအားကောင်းလာစေရန်တို့ကို လေ့ကျင့်သင်ကြားပေးရမည်ဟုဆို၏။ တစ်ဖန် ၁၉၉၄ ခုနှစ်ကလည်း ကျောင်းသားများအား လူ့ကျင့်ဝတ်လေ့ကျင့်စဉ်များကို သင်ကြားလိုက်နာစေခြင်းဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကိုမြှင့်တင်ရမည်၊ စာမေးပွဲအတွက်ရည်ရွယ်ပြင်ဆင်ပေးသည့် ပညာရေးစနစ်မှ တိုင်းပြည်တည်ဆောက်ရေးအတွက် ပညာရေးဖြစ်အောင်ကြိုးပမ်းရင်း အရည်အသွေးရှိသည့် နိုင်ငံသားများကိုမွေးထုတ်ပေးရမည်ဟု တိုက်တွန်းခဲ့သည်။

၂၀၀၂ ခုနှစ် ပီကင်းနော်မယ်ယူနီဗာစီတီ၏ ရာပြည့်ပွဲတွင် ကျန်စီမင်းက ယနေ့ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးဟာ ယခင်နှစ်ပေါင်းများစွာကျင့်သုံးခဲ့သည့် စာမေးပွဲအတွက်ဦးစားပေးသင်ကြားမှုစနစ်ကိုဖယ်ရှားပြီး

ဘက်စုံပညာထူးချွန်တဲ့လူငယ်များပြုစုတဲ့ ပညာရေးစနစ်ကို ကူးပြောင်းနေတာ ဖြစ်ပါတယ်။ သင်ကြားနေတဲ့သင်ခန်းစာတွေ၊ သင်ကြားရေးနည်းစနစ်ကိုလဲ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်အောင် ပြောင်းလဲပြုပြင်လျက်ရှိသည်။ သမိုင်းတစ်လျှောက် လူသားတွေအောင်မြင်တဲ့ အောင်မြင်မှုတွေကိုလဲ လေ့လာမှတ်သားစေပြီး၊ သဘာဝသိပ္ပံ၊ လူမှုရေးသိပ္ပံနဲ့ လူသားဖြစ်မှုကဏ္ဍတွေ အားလုံးပါဝင်ပြီးအဖက်ဖက်က နိုင်ငံကိုအကျိုးပြုတဲ့စနစ်ကို ပျိုးထောင်ပေးနေတဲ့ ပညာရေးဖြစ်ပါတယ်။ တစ်နည်းဆိုရရင် နိုင်ငံတော်တည်ဆောက်ရာမှာ အရည်အသွေးရှိတဲ့ နိုင်ငံတော်နိုင်ငံသားများကို မွေးထုတ်ပေးနိုင်တဲ့ ပညာရေးစနစ်ကို ထူထောင်ကူးပြောင်းနေတာဖြစ်ပါတယ်။ ဆရာနှင့်ကျောင်းသားများဆက်ဆံရေးပိုင်းမှာ ပိုမိုနွေးထွေးစွာဆက်ဆံရေးနှင့်အတူ ဆရာများကြောင့် ကျောင်းသားတွေဟာ ကျေနပ်စရာတွေဆောင်ရွက်လာနိုင်ပြီဆိုရင် ကျွန်တော်တို့နိုင်ငံလည်း တိုးတက်ပါပြီလို့ဆိုရမှာဖြစ်ပါတယ်ဟု ဆိုခဲ့သည်။

၂၀၀၂ ခုနှစ်တွင် ဗဟိုအစိုးရသို့ ကျန်စီမင်းရေးသားတင်ပြသော အစီရင်ခံစာမှာလည်း နိုင်ငံတော်က ပညာရေးစနစ်ကို အမြဲဆန်းသစ်နေအောင် ပြုပြင်ပြောင်းလဲနေသင့်သည်။ ပညာရေးပြောင်းလဲမှုသည် အပေါ်ယံမဟုတ်ဘဲ အနှစ်သာရရှိရှိ နက်ရှိုင်းစွာပြောင်းလဲရန်လိုသည်။ နိုင်ငံ၏ပညာတတ်များ ပြုစုပျိုးထောင်မှုပုံစံကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ရမည်။ ပညာရေးကဏ္ဍတွင်အသုံးဝင်သည့် ပစ္စည်းအားလုံးကို အလဟဿမဖြစ်အောင် သူ့နေရာနှင့်သူ သုံးသွားသင့်သည်။ ပညာရေး၏အရည်အသွေးမြင့်မားရန် အစဉ်သတိရနေရမည်။ အရည်အသွေးပြည့်ဝသော ပညာရေးစနစ်ကိုပြုစုပျိုးထောင်ခြင်းဖြင့် ၂၁ရာစု တရုတ်နိုင်ငံတည်ဆောက်ရန်လိုအပ်သော အရည်အသွေးပြည့်ဝသော ပြည်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နိုင်ငံအတွက်ဆန်းသစ်တီထွင်မှုများကို မွေးထုတ်ပေးပါမည်ဟု အစီရင်ခံစာရေးသားခဲ့သည်။

## စာပေပန်းခင်းရနံ့သင်း

### တိုးတက်လာသည့် တရုတ်ပြည်

၁၉၇၇ ခုနှစ်မှစတင်ခဲ့သော တရုတ်ပြည်ပညာရေးပြုပြင်ပြောင်းလဲမှုစနစ်ကြောင့် တရုတ်လူတန်းစားအလွှာအသီးသီးတွင်ရှိကြသူ အများအပြားစာတတ်လာကြရုံသာမက နိုင်ငံ၏ကုန်ထုတ်လုပ်ငန်းအတွက် အထောက်အကူပြုသော ပညာတတ်လုပ်သားထုကြီး ပေါ်ပေါက်လာသည်။ ထိုလုပ်သားထုကြီးကတိုးတက်လာသော တရုတ်ပြည်သစ်ကြီးကို တည်ဆောက်လိုက်ခြင်းဖြစ်ပါသည်။

တရုတ်ခေါင်းဆောင်တို့၏ နိုင်ငံအတွက်လိုအပ်သော အရည်အသွေးနှင့်ပြည့်ဝသည့်လုပ်သားကောင်းများ မွေးထုတ်ရေးကိုဦးတည်သည့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရာတွင် အရည်အချင်းစစ်ဆေးသောစာမေးပွဲစနစ်သည်ရှိမြဲရှိနေသည်။ သို့သော် ပညာရေးစနစ်သည် စာမေးပွဲဖြေဆိုနိုင်ဖို့စာမေးပွဲအောင်ဖို့သက်သက်မဟုတ်ဘဲ နိုင်ငံအတွက်လိုအပ်သော လုပ်သားကောင်းများ၊ ပညာတတ်များဖြစ်ပေါ်လာရေးအတွက် ဦးတည်ပြုပြင်ထားသောပညာရေးစနစ်ဖြစ်သည်။ မှတ်ဉာဏ်တစ်ခုတည်းဖြင့် မှတ်သားသိရှိမှုသာမဟုတ်ဘဲ လက်တွေ့ကျကျတတ်ကျွမ်းကာ လူ့ဘဝလူ့လောကအသိတရားဖြင့်လူကျင့်ဝတ်စည်းကမ်းများကိုပါ လိုက်နာတတ်သော ပညာရေးစနစ်မျိုးဖြစ်ပါသည်။ နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သောလုပ်သားကောင်း ပညာတတ်များကို ပြုစုပျိုးထောင်ရေးပင်ဖြစ်တော့၏။

တရုတ်ပြည်၏ စာမေးပွဲစနစ်ဖြင့် ပညာရေးအကဲဖြတ်ရာတွင် အစိုးရကစစ်ဆေးသောစာမေးပွဲများ၌ အမှတ်များများရသောကျောင်းသားများသည် ဆေးကျောင်း၊ အင်ဂျင်နီယာကျောင်း စသောကျောင်းများသို့ဝင်ခွင့်ရကြသည်။ ထို့ကြောင့် မိဘများက ဆရာဝန်၊ အင်ဂျင်နီယာဖြစ်ပါက ဂုဏ်ရှိသည်ဟုယူဆနေကြသော ဆရာဝန်၊ အင်ဂျင်နီယာဖြစ်လိုသည့်ဆန္ဒမရှိသော ကျောင်းသားကျောင်းသူများကို ဆေးကျောင်း၊ အင်ဂျင်နီယာကျောင်းများကိုသာ တက်ခိုင်းကြ

သောကြောင့် ဆရာဝန်၊ အင်ဂျင်နီယာများဖြစ်လာကြပါသောအခါ ယင်းပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းမှုမပြုဘဲ၊ ဘွဲ့များကို ဂုဏ်ထူးတစ်ရပ်အနေနှင့်ယူကြခြင်းဖြစ်ရာ တိုင်းပြည်ကရော ကျောင်းသားတစ်ဦးချင်းစီပါအချိန် လူငယ်ဘဝနှင့် ငွေကြေးတို့ဆုံးရှုံးကြရသည်။ တိုင်းပြည်အတွက်လည်း အထောက်အကူမဖြစ်၊ အကျိုးမပြုဖြစ်နေ၏။

ထိုဖြစ်ရပ်များကိုသုံးသပ်မိသော တရုတ်ခေါင်းဆောင်တို့သည် ပညာရေးပြုပြင်ပြောင်းလဲမှုပြုလုပ်သောအခါ အမှတ်များမှမဟုတ်ဘဲ စမ်းသပ်စိစစ်၍ ပညာတော်ကာ အရည်အချင်းမီသူတို့အား ကြိုက်နှစ်သက်ရာဘာသာများကိုယူစေခြင်း ဆရာဝန်ဖြစ်လာသူ၊ အင်ဂျင်နီယာဖြစ်လာသူတို့သည် အသက်ထက်ဆုံး ဆရာဝန်၊ အင်ဂျင်နီယာဘဝဖြင့် အသက်မွေးဝမ်းကြောင်းပြုရသောကြောင့် နိုင်ငံအတွက်အကျိုးရှိသည်။ လူငယ်တို့၏ဝါသနာအလျှောက် ကျွမ်းကျင်တတ်မြောက်မှုကိုရယူကာ၊ လူငယ်များစွာ လူမှန်နေရာမှန်ပညာဖြင့် နိုင်ငံကို အကျိုးပြုစေနိုင်ခဲ့သည်။ ထို့ပြင်မက ပညာရပ်တိုင်းက သူ့နေရာနှင့်သူ အကျိုးရှိအောင်ဆောင်ကျဉ်းပေးတော့၏။

ဆရာ၊ ဆရာမဘဝဖြင့် အသက်မွေးဝမ်းကျောင်းမှုကိုလည်း ဂုဏ်သရေရှိသောလုပ်ငန်းအဖြစ် အသိအမှတ်ပြုပေးရုံသာမက လစာကိုလည်း ထိုက်တန်သောလစာခံစားခွင့်ပေးသောကြောင့် နိုင်ငံတွင်လိုအပ်သောနေရာတိုင်းတွင် ပညာရှင်များဖြည့်ဆည်းနိုင်မှုရှိလာသည်။ ထို့ကြောင့် ကျေးလက်များတွင်ပင် အလယ်တန်းမက၊ အထက်တန်းထိပညာသင်ကြားနိုင်သူပေါ်များလာသည်။ ပညာရေးကိုအစိုးရက ထိထိရောက်ရောက် ထိုက်ထိုက်တန်တန်အားပေးမှုကြောင့် ကျောင်းမှထွက်လာသည့်လူငယ်များ စာပေနှင့်မကင်းကွာဘဲရှိလာခဲ့သည်။ စာတတ်၍ စာပေဝါသနာပါ သူလုပ်သားထုကြီးက နိုင်ငံထူထောင်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများကို ဝင်ရောက်အားပြုသည့်လုပ်သားထုကြီး ဖြစ်လာရာ

## ■ စာပေပန်းခင်းရနံ့သင်း

တရုတ်ပြည်ကြီးပြန်လည်နိုးကြားလာကာ အံ့မခန်းဖွံ့ဖြိုးတိုးတက်လာခဲ့တော့၏။ ထို့ကြောင့်လည်း တရုတ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်နိုင်ငံဘဝသို့ ရောက်ရှိလာခဲ့ပါသည်။

### နိဂုံး

ဤကဲ့သို့တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အံ့မခန်းဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံဖြစ်လာပြီး၊ ကမ္ဘာ့ထိပ်တန်းစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ရောက်ရှိရန် တရုတ်ခေါင်းဆောင်တို့ ကဏ္ဍအစုံဖြင့် ပြုပြင်ပြောင်းလဲမှုများပြုခဲ့ကြရာတွင် ယင်းကဏ္ဍအစုံကို ပြီးမြောက်အောင်မြင်စေမှုအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုသည် အခြေခံအကျဆုံးသော ကဏ္ဍအဖြစ်ရပ်တည်ခဲ့သည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကဗျာအို(ထောက်ကြန့်)**

### မှီငြမ်းသောစာများ

၁။ အံ့မခန်းဖွံ့ဖြိုးတိုးတက်လာသည့် တရုတ်ပြည်။(ချစ်စံဝင်း)

၂။ ခေတ်သစ်ပညာရေးအမြင်(ဆရာကိုင် ILBC)



# ခင်ဇေရချမ်း၏ ဘဝနှင့်စာပေ

အဘဦးချစ်သွင် အမိဒေါ်တင်ရီမှ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၌ ၄–၂–၁၉၅၈ တွင်မွေးဖွားသည်။ မွေးချင်းရှစ်ဦးအနက် ဒုတိယမြောက်သမီးဖြစ်သည်။ မူလတန်းကို အထက(၃) ကရင်ကျောင်းတွင် စတင်တက်ရောက်ခဲ့သည်။ ၁၉၇၆ အဋ္ဌမတန်းကျောင်းသူဘဝက ရှုမဝမဂ္ဂဇင်းတွင် ကာတွန်းလက်ရာဖော်ပြခဲ့ရသည်မှစ၍ ကျောင်းနံရံကပ်စာစောင်တွင် ကာတွန်းစာပေများရေးသားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် B.Sc (Maths) ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၈၀ တွင် တစ်နှစ်ဆရာအတတ်သင်သင်တန်း ဘိုကလေးတွင်တက်ရောက်ခဲ့ပြီး ၁၇–၆–၁၉၈၀ တွင် မူပြဆရာမအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ အလက(၄)မင်္ဂလာဒုံတွင် အလယ်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၁၉၉၈ ခုနှစ်တွင် မြစ်မခဓမ္မစာသဝဏ်မဂ္ဂဇင်း၌ 'ကျေးဇူးရှင်ချောင်းဝဆရာတော် ဦးဂုဏသာမိ၏တရားတော်နှင့် အကျော်အမြတ်ဆုံးရတနာ'ဆောင်းပါး ဖော်ပြခြင်းခံရပါသည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ဝင်ရောက်ခဲ့သည်။ အသင်းဝင်အမှတ်မှာ ၉၇၉၆ ဖြစ်သည်။ ကလောင်ခွဲမှာ ရတနာစန်းစန်းအေး(ပညာရေး)ဖြစ်သည်။ အမည်ရင်းမှာ ဒေါ်စန်းစန်းအေးဖြစ်သည်။

ပညာရေး

# ပညာဟူသည်...

ခင်ရေချမ်း(ပညာရေး)

## နိဒါန်း

ပညာဟူသည်မှာ အဘယ်အရာနည်းဟု မေးမြန်းမှုတွေများလာသည်။ ကိုယ်တိုင်လည်း မေးမြန်းမိသည်။ ပညာနှင့်ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ရှာဖွေလေ့လာဖတ်ရှုသည့် ဖွင့်ဆိုချက်တစ်ခုနှင့်တစ်ခုခြားနားသော်လည်း အဓိကလိုရင်းအချက်မှာ တစ်ခုတည်းသာဖြစ်သည်။ ထို့အကြောင်းနှင့်ပတ်သက်၍ လေ့လာတွေ့ရှိသမျှကို ဆွေးနွေးသည့်အနေဖြင့် ဤစာတမ်းကို တင်သွင်းအပ်ပါသည်။

## ပညာဟူသည်

စာရေးသူဖတ်ဖူးသော ဆောင်းပုဒ်တစ်ပုဒ်မှာ ကိုယ့်နိုင်ငံမှာ လူသားအချင်း

ချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာထားစေလိုပါတယ်။ တစ်ဦးကိုတစ်ဦး ဦးစားပေး ဆက်ဆံစေလိုပါတယ်။ မနာလိုဝန်တို ဣဿာမစ္ဆရိယတွေ သူ့ထက်ငါ အလု အယက်ကျော်တက်မှုတွေ၊ ဖရုဿဝါစာ၊ ပိသုဏဝါစာ၊ 'သမ္ဖပလာပဝါစာ'တွေနဲ့ အကျည်းမတန်စေချင်ဘူး။ တချို့နိုင်ငံတွေမှာ After you (သူတစ်ပါးကို ဦးစားပေးခြင်း)က များကြတယ်။ တချို့လူတွေက အလွယ်တကူသင်ယူလိမ္မာ ယဉ်ကျေးတတ်ကြပြီး တချို့လူတွေက ဘယ်လိုသင်သင် မပြောင်းလဲတာတွေရှိ တယ်။

ဒီလိုကွာခြားတာ ဘာကြောင့်လဲဆိုတော့ ဘာသာရေးကြောင့်လား၊ ဘာ သာရေးကြောင့်ဆိုရင် မြန်မာနိုင်ငံက အယဉ်ကျေးဆုံးဖြစ်ရမှာပေါ့။ မြန်မာနိုင်ငံ လောက် ဗုဒ္ဓအဆုံးအမနဲ့နီးတာ မြန်မာနိုင်ငံပဲရှိတယ်။ ဒါဆိုရင် ပညာအဆင့်အ တန်းကြောင့်လား။ "Educated က သင်ရပိုလွယ်တာလားဘုရား" လို့ အပြည် ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ကြီး ကို မေးကြည့်ခဲ့ဖူးသည်။

ဆရာတော်ကြီးက "Educacted ဆိုတာလဲ ဘယ်သူ့ကိုခေါ်တာလဲ" လို့ ပြန်မေးတယ်။ တပည့်တော်မဖြေခင်မှာပဲ ဆရာတော်ကြီးက တပည့်တော်ကို ဉာဏ်အလင်း ရှင်းရှင်းကြီးရအောင်ဟောသွားလို့ ကြည်ညိုရပါတယ်။ ဆရာ တော်ကြီးအမိန့်ရှိသွားတာရယ်၊ ဆရာတော်ကြီးရဲ့တရားတော်တွေကို Dhamadownload.com မှာ နာကြားဆည်းပူးထားတာတွေရယ် ဆက်စပ်ပြီး ရင်ထဲမှာခံယူနားလည်လိုက်တဲ့ ပညာဟူသည် ...

ပညာတတ် 'Educated' လို့ လူတွေပြောပြနေတော့ ဆရာဝန်ကြီးကို ပြောတာလား။ အင်ဂျင်နီယာကြီးကို ပြောတာလား။ ရှေ့နေကြီးကို ပြောတာလား။ စီးပွားရေးပညာရှင်ကြီးကို ပြောတာလား၊ ပါမောက္ခကြီးကို ပြောတာလား၊ ကထိကကြီးကို ပြောတာလား၊ နည်းပညာရှင်ကြီးကို ပြောတာလား။ တကယ်

## စာပေပန်းခင်းရနံ့သင်း

တော့ ပညာတတ်'Educated'ဆိုတာ သိသင့်သိထိုက်သောအချက်အလက်များ (Subjectmatter) သင်ယူတတ်မြောက်ထားခြင်းဖြစ်သည်ဟုသာ ဆိုလိုသည်။ ယင်းသင်ယူတတ်မြောက်ထားသည့် အချက်အလက်များကိုအခြေခံပြီး ဆင်ခြင်သုံးသပ်ကာ လုပ်သင့်၊ မလုပ်သင့်ကို စဉ်းစားချင့်ချိန်ဆုံးဖြတ်တတ်သည့် အသိအမြင်ကိုသာလျှင် 'ပညာ'ဟုခေါ်သည်။ ထိုအသိအမြင်ရှိမှ ပညာရှိဖြစ်သည်။

ဥပမာ ဆရာဝန်တစ်ယောက်သည် ဆေးကျောင်းမရောက်ခင်ကတည်းက ဆေးပညာတတ်ထားသည်မဟုတ် ကကြီး၊ ခကွေးအက္ခရာတွေ a b c d တွေ၊ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားတွေ၊ ရူပဗေဒ၊ ဓာတုဗေဒတွေ အခြေခံ subject matter တွေသင်ပြီးမှ ဆေးကျောင်းရောက်လာခြင်းဖြစ်သည်။

ဆရာဝန်ဖြစ်လို့ တကယ်တမ်းလူနာကိုကုသည့်အခါ ကိုယ်သင်ယူခဲ့သည့် subject matter တွေအပေါ်အခြေခံပြီး နောက်ဆုံးပေါ်ကုထုံး (Guide line) တွေ၊ ကိုယ့်ရေမြေသဘာဝ ကိုယ့်ပတ်ဝန်းကျင်မှာ အဖြစ်များသောရောဂါ၊ ကိုယ့်လူနာ၏အခြေခံအကြောင်းတရာများစသည်ဖြင့် အဘက်ဘက်က သုံးသပ်ဆင်ခြင်ကာ ချင့်ချိန်စဉ်းစားကာ မည်သို့ကုသမည်၊ မည်သို့ကာကွယ်မည်ဟု ဆရာဝန်မှနှလုံးသားဖြင့် ဆုံးဖြတ်လုပ်ဆောင်ရသည်။ ယင်းသည် 'ပညာတတ်'ပေတည်း။

ထို့ကြောင့် ဆရာဝန်များကအောင်မြင်ပြီး အချို့ဆရာဝန်များက ပိုအောင်မြင်ကြသည်။ Subject matter တတ်တာချင်းအတူတူ အချို့က ဆင်ခြင်သုံးသပ်ကာ ပိုကောင်း၍ဖြစ်သည်။ 'ပညာ'ပိုမို၍ဖြစ်သည်။ ပညာတတ်ရန်အတွက်တော့ စာဖတ်ရသည်။

### လူကောင်း၊ လူတော်

မည်သည့် Profession မှ မဟုတ်ဘဲ မည်သည့်ဘွဲ့တစ်ခုမှမရဘဲ

အိမ်ထောင်မှုထိန်းသိမ်းရင်း၊ စာဖတ်ရင်း သားသမီးများကို အောင်မြင်တဲ့ Global Citizen လူကောင်းလူတော် လူအဖိုးတန်လေးဖြစ်အောင် ပျိုးထောင်သွားသော အိမ်ရှင်မများ အများကြီးရှိလေသည်။ သို့သော် စာတော့ ဖတ်ရမည်။ Subject matter ကိုတော့ သိရတတ်ရသည်။ သိသောတတ်သောအချက်တွေပေါ်မှာ ဆင်စပ်တွေးတောဆင်ခြင်ပြီး ဘာကိုဆုံးမရမည်။ ဘယ်လိုဆုံးမရမည်။ ဘယ်လမ်းကို ညွှန်ပြပေးရမည်။ ဘယ်နေရာမှာ လျှော့ပေးရမည်၊ ဘယ်နေရာမှာ တင်းရမည်စသည်ဖြင့် သားသမီးကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ပျိုးထောင်ပေးတတ်သည်မှာ 'ပညာ'ဖြစ်သည်။

### အသုံးချရမည်

ဆရာတော်ကြီးက ဟောထားပါသည်။ ပညာဆိုသည်မှာ စီးပွားရေးအတွက်လည်း အသုံးချလို့ရမည်။

'ပညာ'ဟူသည် သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် ရှာတတ်သည်။ ဖွေတတ်သည်။ စီမံခန့်ခွဲတတ်သည်။အကျိုးတူပူးပေါင်း လုပ်ကိုင်တတ်သည်။

ကျန်းမာရေးအတွက်လည်း အသုံးချလို့ရမည်။ 'ပညာ'ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် မပြောသင့်တာမပြော၊ မလုပ်သင့်တာမလုပ်၊ ကိုယ်ကျင့်တရားလည်းကောင်း၊ လူချစ်လူခင်ပေါ၊ ကိုယ်လည်းအေးချမ်း၊ ကိုယ်ပတ်ဝန်းကျင်လည်း အေးချမ်းသည်။

### ဘာသာတရား

ငါးပါးသီလဆိုသည်ကို လူတိုင်းသိနေကြသည်။ မသတ်ရ၊ မခိုးရ၊ မလိမ်ရ၊ မသောက်ရ၊ သူများသားမယား မပစ်မှားရဆိုသည်များကို ငယ်စဉ်ကပင် သိခဲ့ကြသည်။ ထိုမလုပ်ရသည်များကိုလုပ်မိလျှင် ငရဲကြီးတတ်သည်ကို လူတိုင်း

ကြားဖူးကြသည်။ သို့သော် ပညာနှင့်ဆက်စပ်တွေးခေါ်ကြည့်လျှင် မည်သည့်အ တွက်ကြောင့် ဘုရားက ထိုအရာတွေရှောင်ခိုင်းသနည်း။ သတ်လျှင်၊ ခိုးလျှင်၊ လိမ်ညာလျှင် သူတစ်ပါးလည်း ဆင်းရဲမည်။ ကိုယ်လည်းထောင်ကျမည်။ သူများသားမယား မိသားစုပြစ်မှားမိလျှင် သူ့မိသားစု၊ ကိုယ့်မိသားစုဂုဏ်သ ရေကျဆင်းပြီး သူ့သားသမီး၊ ကိုယ့်သားသမီး ရပ်တည့်ထွန်းပေါက်ရေးတို့မှာ ထိခိုက်နိုင်သည်။ စသည်ဖြင့် ပညာရှင်များဆက်စပ်တွေးခေါ်ပြီး မလုပ်သင့် သည်ကိုမလုပ်လျှင် ကိုယ်လည်းချမ်းသာ၊ သူလည်းချမ်းသာမှာမို့ ကိုယ်တိုင် အဓိပ္ပာယ်ရှိစွာ ရှောင်ကြဉ်ချင်လာသည်။

ဩစတြေးလျက အင်္ဂလိပ်လူမျိုးဆရာတော်က မင်းတို့ကျွာငါးပါးဆိုတာများ နေရင် နှစ်ပါးတော့ထိန်းပါ။ (၁) ကိုယ့်ကိုယ်ကို ထိခိုက်အောင်မလုပ်နဲ့၊ (၂) သူတစ်ပါးကို ထိခိုက်အောင်မလုပ်နဲ့ (Don't hurt your self, Don't hurt other) တဲ့။ ထိုနှစ်ပါးကို ပညာနဲ့ချင့်ချိန်သုံးသပ်ပြီး ယုံကြည်စွာထိန်းလျှင် ငါးပါးစလုံး လုံပေပြီတကား။

နိုင်ငံတော်မှာ ချမှတ်ထားသော ဥပဒေတွေကိုပင်လျှင် ပညာဉာဏ်နှင့် သုံးသပ်ဆင်ခြင်လိုက်နာမှ ဥပဒေစိုးမိုးရေး အောင်မြင်နိုင်ပေမည်။ ပါမောက္ခ ချုပ်ဆရာတော်ကြီးက မော်တော်ဆိုင်ကယ်စီးလျှင် ဦးထုပ်အမာ (Helmlet) ဆောင်းရမည်ဟူသောဥပဒေကို ဥပမာပေးထားသည်။ ဆိုင်ကယ်မောက်လျှင် သေဆုံးသူအများစုဦးခေါင်းနှင့် ကတ္တရာလမ်းရိုက်မိပြီး ဦးခေါင်းဒဏ်ရာ (Head Injury) ကြောင့်ဖြစ်ပြီး ထိုသေဆုံးမှုကို သိုင်းကြိုးကောင်းကောင်းပတ်၍ ဦးထုပ်ဆောင်းရုံဖြင့် ကောင်းစွာကာကွယ်နိုင်သဖြင့် ဥပဒေချမှတ်ထားခြင်းဖြစ် သည်ဟု ပညာဖြင့်ဆင်ခြင်သုံးသပ်မှသာလျှင် ယာဉ်ထိန်းရဲရှိရှိ၊ မရှိရှိ ဥပဒေ ကိုလိုက်နာပြီး အကျိုးများနိုင်ပေသည်။ ၎င်းသည် ကိုယ့်အသိစိတ်ဓာတ်ရှိနှင့်ပြီး ဖြစ်သည်။ ကျောင်းများတွင်လည်း ကျောင်းအုပ်ဆရာ ရှိရှိ၊ မရှိရှိ ဆရာ၊

ဆရာမများသည် ကိုယ့်အချိန်ကို အတန်းဝင်သည်။ အတန်းမဝင်ဘဲ ဖုန်းပွတ်နေမည်၊ စကားများနေမည်ဆိုပါက ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ ငါးပါးသီလချိုးဖောက်သည်။ ထို့ကြောင့် အသိပညာရှိပြီးသူက အတန်းဝင်သည်။

## နိဂုံး

ဗုဒ္ဓ၏တရားတော်တွေမှာ သေနည်းသာမက နေနည်းတွေအများကြီးညွှန်ပြထားသည်။ ထိုနည်းများကိုသိရန် တရားနာရမည်။ တရားနာ လျှင်သုတရမည်။ ထိုသုတသည် Subject Matter ဖြစ်သည်။ ထိုသုတအပေါ်အခြေခံပြီး နေ့စဉ်တွေ့ကြုံလှုပ်ရှား ကျင်လည်နေသော လူ့ဘဝမှာ ဆက်စပ်တွေးခေါ်ဆင်ခြင်သုံးသပ်ပြုမူမှသာလျှင် 'ပညာ'နှင့်နေထိုင်ခြင်းဖြစ်ပြီး တစ်ဦးချင်းအေးချမ်းမည်။ တစ်မိသားစုလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံးအေးချမ်းကြပေမည်။

'ပညာ'မရှိလို့ကတော့ ဘယ်လောက်ပညာတတ်တွေများများ၊ ဘယ်လောက်ယဉ်ကျေးလိမ္မာသင်တန်းတွေဖွင့်ဖွင့် လိမ္မာယဉ်ကျေး အေးချမ်းကြမည်မဟုတ်ပေ။ တက္ကသိုလ်ကြီးတွေမဖွင့်ရဘူး။ ယဉ်ကျေးလိမ္မာသင်တန်းတွေ မဖွင့်ရဘူးဟုဆိုလိုသည်မဟုတ်ပါ။ ထို Subject Matter တွေကို သင်ကိုသင်ရမည်။ နာကိုနာရမည်။ ထိုသို့သိထားသော Subject Matter ကိုအခြေခံပြီး စဉ်းစားသိမြင်အသုံးချတတ်မှသာ 'ပညာရှိ'အဆင့်ကို တက်လှမ်းနိုင်ပေမည်။ တုနှိုင်းမရသောသိစရာမှန်သမျှကို အကုန်အစင်သိတော်မူသော ပညာရှင်ကြီးမြတ်စွာဘုရားက "ပညာနရာနံ ရတနံ–ပညာဟူသည် လူ့လောကမှာ တန်ဖိုးအရှိဆုံးရတနာဖြစ်သည်"ဟု ဟောကြားခဲ့သည်။ မြတ်စွာဘုရား၏ တရားတော်များနှင့် အနီးစပ်ဆုံးဖြစ်သော မြန်မာပြည်သူ၊ ပြည်သားတို့သည် သင်ယူဆည်းပူးထားသောအချက်အလက်များကိုအခြေခံ၍ ဆက်စပ်တွေးတောကာ ဆင်ခြင်သိမြင်

## ■ စာပေပန်းခင်းရနံ့သင်း

နိုင်ကြပြီး အမှန်လမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း စာတမ်းအဖြစ် ဖတ်ကြားတင်ပြလိုက်ရပါသည်။

ခင်ရေချမ်း

ကျမ်းကိုး။ ။

- စာနယ်ဇင်းများတွင်ပါရှိသော ဆောင်းပါးများ
- သီတဂူဆရာတော်ဘုရားကြီး၏ ဟောပြောချက်



# ရွှေဖယောင်း၏ ဘဝနှင့်စာပေ

နာမည်အမည်ရင်းမှာ မနန်းအိမြတ်သူ ဖြစ် သည်။ အဖ ဦးစိုင်းအောင်ငွေနှင့် အမိ ဒေါ်ခင်မျိုးကြည် တို့ဖြစ်သည်။ ၁၉၉၉ ခုနှစ် ၄ လ ပိုင်း ၁၁ ရက်နေ့တွင် မွေးဖွားသည်။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ ရွာမရပ်ကွက်၊ ကန့်စွန်းနွယ်လမ်းတွင်နေထိုင်လျက်ရှိပြီး ဒဂုံတက္ကသိုလ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီတွင် အထွေထွေအမှုဆောင်အဖြစ် ပါဝင်လျက်ရှိသည်။ ဒဂုံတက္ကသိုလ် အနုပညာ အသင်းတွင် လည်း အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အွန်လိုင်းစာမျက်နှာများတွင်လည်း ရသဝတ္ထုများ ရေးသားလျက်ရှိသည်။

ပညာရေး

# လေ့လာသင်စရာ ရှေး/သုပညာ

ကြွေဖယောင်း

## နိဒါန်း

Arehaeology (ရှေး/သု)ပညာရပ်အား အစပိုင်း၌ စိတ်ဝင်စားမှုနည်းပါးသော်လည်း နောက်ပိုင်းတွင် ခေတ်လူငယ်များသာမက စာရေးဆရာများပါလေ့လာကြသည်ကိုသိရ၍ ဝမ်းသာမိပါသည်။ ရှေး/သုပညာရပ်များကို စိတ်ဝင်စားလာသော်လည်း နာမည်နှင့်တွဲ၍ မသိသူများရှိသကဲ့သို့ နာမည်သိသော်လည်း မည်သည့်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရသည်ကို မသိသူများလည်းရှိသည်။ ထို့ကြောင့် ရှေး/သုပညာသည် မည်သို့သောပညာရပ်ဖြစ်ကြောင်းဖော်ပြလိုပါသည်။

**ရှေးဟောင်းသုတေသနပညာ(Arehaeology)**

အဓိပ္ပာယ်အတိအကျဖွင့်ပါဟုဆိုလျှင် ရှေးဟောင်းသုတေသနပညာ

(Arehaeology)ဆိုသည်မှာ အတိတ်ဖြစ်ခဲ့သောအရာများကို သိပ္ပံနည်းကျအထောက်ထားများစွာဖြင့် စနစ်တကျတူးဖော်ခြင်းဖြစ်သည်။ အသစ်တီထွင်ရန်အဟောင်းကိုပြန်လည်ဆန်းသစ်ကာ လူသားအကျိုးကိုအထောက်အကူပြုသော ပညာရပ်ဖြစ်ပါသည်။ ရှေး/သုပညာရပ်တွင် အခြားသောပညာရပ်များစွာ ပါဝင်နေပါသည်။ ထိုပညာရပ်များကိုအသုံးချ၍ ခရစ်တော်မပေါ်မီ သမိုင်းမတင်မီကနေ ယနေ့ချိန်ထိလေ့လာကြရသည်။ ရှာဖွေလေ့လာတွေ့ရှိလေဟု ဆိုရပေမည်။

## နည်းပညာများစုပေါင်းခြင်း

ရှေးဟောင်း Site တစ်ခုတူးဖော်ရန်အတွက် ပထဝီဝင်နိုင်ငံရေး warefare မြေပြင်တည်ရှိပုံအနေအထား သိရှိစေရန်နှင့် မြေလွှာသက်တမ်း အရောင်များကို ခွဲခြားနိုင်စေရန် Geology (ဘူမိဗေဒ) တူးဖော်ရရှိသောပစ္စည်းများနှင့်ရှာဖွေတွေ့ရှိသော ပစ္စည်းများကိုမပျက်စီးစေရန် ဓာတုနည်းပညာဖြင့်ထိန်းသိမ်းခြင်း ထုထည်ကြီးမားသော အဆောက်အဦးများ မြို့ရိုးများနှင့် စေတီပုထိုးများအား ထိန်းသိမ်းထားနိုင်ရန် အင်ဂျင်နီယာအတတ်ပညာစသည်ဖြင့် နည်းပညာရပ်များစွာတို့ကို သိရှိနားလည်ထားရန်လိုအပ်သည်။ ထို့ပြင် နှစ်ကာလကြာမြင့်၍ ကျောက်အဖြစ်သို့ရောက်ရှိသွားသော သစ်ပင်များ(အင်ကြင်းကျောက်၊ ထန်းကျောက်)နှင့် စိုက်ပျိုးစားသုံးခဲ့သောသီးနှံပင်များကို လေ့လာတူးဖော်ရန်အတွက် Botani (ရုက္ခဗေဒ)ပညာရပ်ကိုလေ့လာထားရပါသည်။

လွန်ခဲ့သောနှစ်ပေါင်းသန်း ၄၀ ခန့်လောက်က ကျန်ရှိနေသော လူတူပရိုင်းမိတ်များ (Primate) လေ့လာရန်မနုဿဗေဒပညာ၊ တိရစ္ဆာန်အရိုးစုများ၊ ဦးခေါင်းခွံများနှင့် ခန္ဓာဗေဒပညာရပ်များကိုလည်း အခြေခံမကျ သိရှိနားလည်ရန်လိုအပ်ပေသည်။ ယနေ့ခေတ် Model Technology များကိုလည်း

သိနားလည်ထားရန် လိုအပ်ပါသည်။ ရှေးဟောင်း Site ကိုမတူးဖော်မီနှင့် တူးဖော်ပြီးအချိန်များကို မှတ်တမ်းတင်ထားနိုင်ရန် ဒရုန်းများကို Photo graphy နည်းပညာဖြင့် ပေါင်းစပ်ကာမှတ်တမ်းများရယူသည်။ နည်းပညာပေါင်းစုံကို အသုံးပြု၍လုပ်ဆောင်ရသည်မှာလည်း စိတ်ဝင်စားမှုကိုမြင့်တက်စေပါသည်။ ကျွမ်းကျင်ရာနယ်ပယ်တွင်လည်း ပြောင်မြောက်သောလက်ရာများဖြင့် တူးဖော်နိုင်သည်။

## ကြိုတင်လေ့လာခြင်း

ရှေးဟောင်း Site တစ်ခုကိုမတူးဖော်မီ သေချာစနစ်တကျလေ့လာရမည်မှာ အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ပထမဦးစွာ ဆိုဒ်တစ်ခု၏ တည်နေရာ အကျယ်အဝန်းနှင့် မြေအနေအထား၊ ယခင်လေ့လာသူများ၏ တူးဖော်ခြင်းရှိ မရှိ၊ အကယ်၍ရှိခဲ့သည်ဆိုပါက မှတ်တမ်းများ ပြန်လည်လေ့လာရန်လိုအပ်ပါသည်။

## တူးဖော်ရေး

ကြိုတင်လေ့လာထားပြီးသော Site များကိုစတင်တူးဖော်မည်ဆိုပါက အထူးဂရုစိုက်ရန်အရေးကြီးပါသည်။ ကျွမ်းကျင်မှုရှိသော တူးဖော်ရေးသမားများကို အသုံးပြုရသည်။ ကျွမ်းကျင်မှုမရှိလျှင် မြေအနေအထားခန့်မှန်းမှုလွဲချော်ကာ မြေကြီးထဲရှိပစ္စည်းများပျက်စီးနိုင်ပါသည်။ ဆိုဒ်၏မှတ်တမ်းဟောင်းများကို လေ့လာထားပြီးဖြစ်၍ မည်သည့်ပစ္စည်းများတွေ့ရှိနိုင်သည်ကို ကြိုတင်ခန့်မှန်းနိုင်သော်လည်း မထင်မှတ်ထားသည့်ပစ္စည်းများလည်း တွေ့ရှိနိုင်သည်။ ထို့ကြောင့် လွဲချော်မှုတစ်ခုခုဖြစ်လျှင် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လာနိုင်သည်။

တူးဖော်ရေးစတင်လျှင် ပထမဦးစွာ ဆယ်ငါးပေပတ်လည် စတုရန်းကွက်ပုံ ဖော်၍ မှတ်တိုင်စိုက်ရပါသည်။ ထို့နောက် စတုရန်းကွက်အတွင်း သုံးပေပတ်လည်ရှိသော စတုရန်းကွက်ငယ်များကို အမှတ်သစ်များနှင့် ထပ်မံပုံစံချရပါသည်။ အနက်တစ်ပေမှ စတင်တူးဖော်ရပြီး တွေ့ရှိသည့်ပစ္စည်းများကို မြေလွှာတစ်လွှာခြင်း၏ အရောင်အမျိုးအစားပေါ်မူတည်၍ ခေတ်ကာလများကို ပိုင်းခြားသိရှိနိုင်ပါသည်။

## ရှာဖွေတွေ့ရှိရသောပစ္စည်းများ

တူးဖော်ခြင်းသာမက မြေလွှာမျက်နှာပြင်ပေါ်မှတွေ့ရှိရသော ပစ္စည်းများစွာရှိသည်။ ရှာဖွေတွေ့ရှိရသော ပစ္စည်းများသည် နေရာဒေသနှင့် ခေတ်ကာလကွာခြားမှုများပေါ်မူတည်၍ ပစ္စည်းမျိုးစားကွဲပြားမှုရှိသည်။ ပခုက္ကူခရိုင်ပုံတောင်ဒေသမှ လူတူပရိုင်းမိတ်များကို ရှာဖွေတွေ့ရှိခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်းသန်း ၄၀မှ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်နှောင်း(ကျောက်ခေတ်သစ်)၊ ကြေးခေတ်၊ သံခေတ်တို့မှ ကျောက်လက်နက်များ၊ ကြေးလက်နက်(bronze tool) သံလက်နက်(iron tools)များကိုရှာဖွေတွေ့ရှိခဲ့သည်။ အခြားနေရာဒေသများမှလည်း ပုတီးစေ့များ၊ အရိုးအိုးများနှင့် အရိုးလက်နက်(bronze tools)များ၊ အိုးခြမ်းကွဲများ၊ ပုဆိန်(celt)၊ Adzes(ပုံကွပ်)၊ Chisels (ဓားမြှောင်)၊ Hommer stones(တူ)၊ Ring stone(ကျောက်တွင်း)၊ Sadale Querns(ကျောက်ကြိတ်စုံ)၊ Shouldererd Tools စသည်ကျောက်လက်များစွာကို တွေ့ရှာဖွေတွေ့ရှိခဲ့ပါသည်။

ထို့ပြင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ငွေကြေးဒင်္ဂါးပြားများကိုလည်း ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများမှ ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ရှာဖွေတွေ့ရှိရသော ဒင်္ဂါးပြားများသည် မြန်မာကျပ်ဒင်္ဂါးပြား(kyat cains)

များနှင့်ဆင်တူသည်။ ဒဂါးပြားများတွင် ခရုသင်းပုံများ၊ တက်နေဝန်းပုံများ စသည်ဖြင့်ပါတတ်သည်။

## ထိန်းသိမ်းရေး

တူးဖော်ရရှိသောပစ္စည်းများကို သက်ဆိုင်ရာဌာနဆီသို့ပြန်လည်အပ်နှံရသည်။ ဆိုဒ်အတွင်းမှ ပြင်ပသို့ယူဆောင်ခွင့်မရှိပေ။ မြေကြီးထဲမှ မြေပြင်ပေါ်သို့ရောက်သည်နှင့် စနစ်တကျကိုင်တွယ်ဆောင်ရပါသည်။ ပစ္စည်းများတွင်ကပ်ပါလာသော ရွှံ့ မြေမှုန့်များကို brush ဖြင့် ညင်သာစွာဖယ်ရှားရပါသည်။ ပစ္စည်းများသည် နှစ်ကာလကြာမြင့်နေပြီဖြစ်၍ မိုး၊ ရေ၊ လေထိလျှင် လျင်မြန်စွာပျက်စီးသည်။ ထို့ကြောင့် တူးဖော်ရရခြင်း လျင်မြန်စွာပြောင်းရန်လိုအပ်ပါသည်။ ရှာဖွေတွေ့ရှိသောပစ္စည်းများကို ရှေးဟောင်းသုတေသနဌာနမှတစ်ဆင့် ပြတိုက်များ၌ ထိန်းသိမ်းပြသထားလျက်ရှိသည်။ ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ထားရှိသောနေရာများတွင် Light ဖြင့်ထိန်းသိမ်းထားရှိသည်။ အခြားသော နည်းပညာများ ဖြင့်လည်း ထိန်းသိမ်းထားရှိပါသည်။

ရှေးဟောင်းပစ္စည်းများသာမက ရှေးဟောင်း Site များကိုပါ ထိန်းသိမ်းထားရန်လိုအပ်ပါသည်။ Site တစ်ခုတူးပြီးလျှင် ပစ္စည်းများရှာဖွေတွေ့ရှိသကဲ့သို့ ပျက်စီးမှုများလည်း ကျန်ခဲ့ပါသည်။ တူးဖော်ပြီးသောနေရာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးများ မလုပ်ဆောင်ရပေ။ ရှေးဟောင်းပစ္စည်းအသစ်တွေ့ခြင်းသည် နိုင်ငံ့ယဉ်ကျေးမှုအဆင့်အတန်းဖော်ပြသကဲ့သို့ နိုင်ငံခြားဝင်ငွေလည်း တိုးတက်စေပါသည်။

## နိဂုံး

ရှေးဟောင်းသုတေသနများတူးဖော်ရာတွင် ကျောက်စာများသည် ရှာဖွေ

တွေ့ရှိပါသည်။ ဘာသာစကားနှင့် စာပေ၊ ယဉ်ကျေးမှုမတူညီသော ကျောက်စာများကိုတွေ့ရှိရပါသည်။ နီးစပ်ရာဘာသာစကားဖြင့် အဓိပ္ပါယ်ဖော်ဆိုပြန်လည်ဖတ်ကြားနိုင်ရန်အတွက် ပါဠိ၊ သက္ကတ၊ ပျူ၊ မွန်စာပေများကို အသုံးပြုရပါသည်။ ကျောက်စာများထိန်းသိမ်းရန်အတွက် မှိုင်းခံစက္ကူများနှင့် မင်များကိုအသုံးပြု၍ ဆင့်ကဲပွားနည်းဖြင့်လည်းထိန်းသိမ်းရသည်။ ထိုသို့သောအကြောင်းအရာများစွာ ပါဝင်လျက်ရှိသော ပညာရပ်သည် စိတ်ဝင်စားစရာကောင်းလှပါသည်။ နိုင်ငံတော်အကျိုးပြုသော ပညာရပ်ဖြစ်သကဲ့သို့ လူမျိုးနှင့်ယဉ်ကျေးမှုအဆင့်အတန်းကို မြင့်မားစေသောပညာရပ်ဖြစ်ပါသည်။ လူသားမတိုင်မီအချိန်က ပင်ရှိခဲ့သော ဖြစ်ခဲ့သောအရာများကို ရှာဖွေထိန်းသိမ်းနိုင်ခြင်းသည် နောင်းလူတို့အတွက်များစွာ အထောက်အကူပြုနေပါသည်။ ဤပညာရပ်သည် အိုးခြမ်းကွဲ တူးရုံ၊ သိုက်တူးရုံ မြေကြီးထိုးဆွသည့်လုပ်ငန်းမဟုတ်ပါ။

ကြွေဖယောင်း

**ကျမ်းကိုး**

သတင်းစာ/ဂျာနယ်ဆောင်းပါးများ

ကိုယ်တိုင်လေ့လာချက်

ဒေါက်တာသက်လွင် တူးနိုင်နန်းနှင့်ပုခန်းမြေ



# ဥက္ကာမင်း၏ ဘဝနှင့်စာပေ

ဆရာဥက္ကာမင်းကို အဖဦးတင်ရွှေ အမိဒေါ်စောရင်တို့မှ ၁၉၇၅ ခု ဧပြီလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင်မွေး ဖွားခဲ့ပါသည်။ မွေးချင်းငါးယောက်တွင် အငယ်ဆုံးသားဖြစ်ပါသည်။ ဆရာသည် ၂၀၀၂ ခုနှစ်တွင် လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၌ ဥက္ကာမင်းကလောင်အမည်ဖြင့် 'ဖိုင်းဂနိုင်းရွာလူသတ်မှု'ဝတ္ထုတိုစာမူနှင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။

ဆရာသည် ၂၀၀၄ ခုနှစ်တွင် မြန်မာ့စဉ်လာ နက္ခတ်ဗေဒင်ပညာကို လေ့လာသင်ယူခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် နက္ခတ်ဗေဒင်ပညာဖြင့် စတင်၍ ဗေဒင်ဟောပြောခဲ့ပါသည်။ ဆရာသည် မဂ္ဂဇင်းများတွင် ဘာသာရေးဆောင်းပါး၊ စုံထောက်ဝတ္ထုတို၊ ဂမ္ဘီရဝတ္ထုတိုပုဒ်ရေ ၈၀ ကျော်ခန့် ရေးသားခဲ့ပါသည်။ ဆရာသည် ၂၀၀၇ တွင် ပြည်ကြီးမွှန်ဝတ္ထု၊ ကိုတောက်ထွန်းနှင့်သန်လျင်စွန်းကလွှမ်းပုံပြင်ဝတ္ထုကိုလည်းကောင်း၊ ၂၀၀၉ တွင် ဘဒ္ဒကမ္ဘာရီဝတ္ထု၊ ကိုတောက်ထွန်းနှင့်မဏိဇောတရာပုံတော် လုံးချင်းဝတ္ထုတို့ကိုလည်းကောင်း ရေးသားထုတ်ဝေခဲ့ပါသည်။ ယခုဆရာသည် နက္ခတ်ဗေဒင်ဟောကြားကာ တစ်ဖက်မှာ စာပေများဆက်လက်ရေးသားလျက်ရှိပါသည်။

ဆရာ၏အမည်အရင်းမှာ ဦးအံ့မော်ဖြစ်ပါသည်။

ဆရာသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဝါယာလတ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။

ပညာရေး

# နက္ခတ္တပညာကို တိုးထိခြင်း

ဉက္ကာမင်း

## နိဒါန်း

သတ္တလောကတွင် လူသည် မြောက်မြားစွာသောသတ္တဝါတို့အနက် အသိဉာဏ်မှုစ၍ အဖက်ဖက်မှကွဲပြားခြားနားကာ အဆင့်အတန်းသာလွန်နေခြင်းကြောင့် ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသောသတ္တဝါတို့အပေါ်၌ စိုးမိုးနိုင်စွမ်းရှိခဲ့၏။

ယနေ့လူတို့နေထိုင်ရာ ကမ္ဘာကြီးသည် လူတို့ကြောင့်ပင် များစွာတိုးတက်ပြောင်းလဲလာ၏။ ထိုသို့ပြောင်းလဲလာခြင်းမှာ လူတို့၏စူးစမ်းလိုသော မူလစိတ်ကိုအခြေတည်လျက် အသိဉာဏ်၌ အတတ်ပညာကိုသွတ်သွင်းကာ အဆင့်ဆင့်ချယ်မှုန်းခဲ့ခြင်းကြောင့်ဟူ၍ ဆိုရပေမည်။

လူတို့သည် လောကလူသားတို့ကောင်းစားရန်အတွက် ပညာရပ်တို့ကိုအ

## ■ စာပေပန်းခင်းရနံ့သင်း

ဆင့်ဆင့် လက်ဆင့်ကမ်းရှာဖွေခဲ့ကြရာ၌ ခန္ဓာဗေဒပညာ၊ ဓာတု ဗေဒပညာ၊ ရူပဗေဒပညာ၊ အဏ္ဏဝါဗေဒပညာ၊ သတ္တဗေဒပညာအစရှိသော ပညာရပ်ပေါင်းများစွာရှိခဲ့၏။ ထိုပညာရပ်တို့အနက် ပစ္စုပ္ပန်ကာလ လူတို့တွင်ကျရောက်မည့်ကောင်းဆိုးဖြစ်စဉ်ကို ဝေဖန်ပြောကြားသော နက္ခတ္တဗေဒ၊ ပညာ(ဝါ)နက္ခတ်ဗေဒင်ပညာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

လောကလူသားတို့အတွက် နက္ခတ်ဗေဒင်ပညာသည် ယူ၍သုံးဆောင်ရန်သင့်၊ မသင့်ကို ဤစာတမ်းတွင် သုတနှင့်ရသကိုတွဲ၍ အကျဉ်းမျှရေးသားလိုက်ရသည်။

### ဗေဒင်ဝေါဟာရနှင့် ဖြစ်တည်ခြင်းအစ

လူတို့အလွယ်သိသော ဗေဒင်ဝေါဟာရက ဝေဒင်္ဂ(ဝေဒ+အင်္ဂ)ဟူသောပါဠိဘာသာမှ သက်ဆင်းလာရာ (ဝေဒသိခြင်း)၊ (အင်္ဂ၊ အစိတ်အပိုင်း)ဟူ၍ အဓိပ္ပာယ်ရ၏။ ထိုဗေဒသင်ပညာတို့ကို ပြုစုခဲ့သောရှေ့ရှေးရသေ့ကြီးများရှိကြသည်။

ဗေဒင်ကျမ်းပြုရသေ့ ၁၀ ဦး၏အမည်တို့ကို ပါဠိအဘိဓာန်ကျမ်း၊ ဂါထာနံပါတ် ၁၀၉ တွင်ဖော်ပြထား၏။ ထိုရသေ့ ၁၀ ဦးမှာ–

၁။ အဋ္ဌကရသေ့၊ ၂။ ဝါမကရသေ့၊ ၃။ ဝါမဒေဝ ရသေ့၊ ၄။ အင်္ဂီရသရသေ့၊ ၅။ ဘဂုရသေ့၊ ၆။ ယမဒဂ္ဂိရသေ့၊ ၇။ ဝါသိဋ္ဌရသေ့၊ ဘာရဒွါဇရသေ့၊ ၉။ကဿပရသေ့၊ ၁၀။ ဝေဿာမိတ္တရသေ့။

ထို့ပြင် ဗေဒင် ၆ ကျမ်းကိုလည်း ပါဠိအဘိဓာန်ကျမ်း၊ ဂါထာနံပါတ် ၁၁၁ တွင် ဖော်ပြထားသေး၏။

ထို ၆ ကျမ်းမှာ–

၁။ ကပ္ပကျမ်း – ယဇ်ပူဇော်ရာ အစီအရင်ကိုပြသောကျမ်း

၂။ ဗျာကရဏကျမ်း – ပါဏိနိအစရှိသော ဗျာကရဏ်းကျမ်း(ဝါ) (သဒ္ဒါကျမ်း)။

၃။ ဇောတိသတ္တကျမ်း – ဂြိုဟ်၊ နက္ခတ်တို့၏အသွားအလာနှင့် သုဘ၊ အသုဘတို့ကို ပြဆိုရာကျမ်း။

၄။ သိက္ခာကျမ်း – သရ ဗျည်း၊ ဌာန်၊ ကရိုဏ်းတို့ကို ပြဆိုရာပါဏိနီသိက္ခာ၊ နာရဒသိက္ခာကျမ်း။

၅။ နိရုတ္တိကျမ်း – ဝဏ္ဏာဂမ၊ ဝဏ္ဏာဝိပရိယာယ လက္ခဏာတို့ဖြင့် ပကတိ ပစ္စည်း၊ အနက်အဓိပ္ပာယ်၊ ဝိဂြိုဟ်ဝစနတ္တတို့ကိုပြဆိုရာကျမ်း။

၆။ ဆန်းကျမ်း – ဇဂတိအစရှိသောဆန်းတို့ကို စိစစ်ပြဆိုသောကျမ်း။

ဗေဒင်ဝေါဟာရနှင့် ဗေဒင်ဖြစ်တည်ခြင်းတို့က ယခုကာလမှပေါ်ပေါက် လာသောအရာ မဟုတ်ပေ။ ရှေးကျသော နှစ်ထောင်ပေါင်းများစွာကပင် ရသေ့၊ သူတော်စင်များနှင့် ပညာရှင်အဆက်ဆက်မှ ပြုစုလာသောကျမ်းများဖြစ်၏။

သို့သော် ဝမ်းနည်းဖို့ကောင်းသည်မှာ နှစ်ထောင်ချီကြာရှည်သောကာလ အတွင်း ပညာရပ်တို့က တစ်စတစ်စတိမ်မြုပ်လာကြ၏။

ထိုတိမ်မြုပ်လာသော ပညာရပ်တို့ကို နှောင်းခေတ်ပညာရှင်ဆရာတို့က ပြန်လည်ဖော်ထုတ်လာခြင်းအတွက် တစ်ဖန်ပြန်လည်ဝမ်း မြောက်မိရပေသည်။ ပြန်လည်ဖော်ထုတ်လာသော ပညာရှင်ဆရာအပေါင်းကို ကျေးဇူးတင်ရပေမည်။

## နက္ခတ္တဗေဒသမိုင်း အကျဉ်း

အိန္ဒိယနိုင်ငံရှိ ခိုင်မာသောအထောက်အထားများအရဆိုရလျှင် BC–၆၅၀၀ မှအစပြုလျက် နက္ခတ်ဗေဒင်ပညာ ဖွံ့ဖြိုးခဲ့ကြောင်း သိရ၏။

ရသေ့၊ သူတော်စင်များပြုစုခဲ့သော မူရင်းကျမ်းတို့မှာ ပျောက်ဆုံးကုန် သော်လည်း ပညာရှင်အဆက်ဆက်က ကူးယူ၊ ထိန်းသိမ်းခဲ့ကြရာ BC–

## စာပေပန်းခင်းရနံ့သင်း

၆၅၀၀ မှအစပြုလျက် နက္ခတ်ပညာကို အသေးစိတ်မှတ်သားပြုစုလာကြောင်း သိရ၏။ အချို့ကျမ်းများကို အိန္ဒိယနိုင်ငံရှိ ပြည်နယ်၊ စာ ကြည့်တိုက်များတွင် ယနေ့တိုင်တွေ့မြင်နိုင်သေးသည်။ BC– ၃၀၀၀ တွင်ပေါ်ပေါက်ခဲ့သော ပညာရှင် ပီတာမဟာသည် ပီတာမဟာသိဒ္ဓန္တကျမ်းကိုပြုစုခဲ့ရာ ၎င်း၏မူတို့ကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။

ပညာရှင်ပီတာမဟာပေါ်ပေါက်ပြီး နှစ်ပေါင်း ၅၀၀ အကြာ၌ ဝါရှိဿျတြအမည်ရှိသော နက္ခတ်ပညာရှင်တစ်ဦးပေါ်ထွန်းလာပြန်၏။ သူသည် ပဥ္စသိဒ္ဓန္တကောသ၊ သူရိယသိဒ္ဓန္တ၊ နိတျာနန္ဒ၊ ဘာရတဇာတက၊ အရိယဘာတ၊ မံသဂါရိ၊ လာဂဟု ပရဿျာရအစရှိသော ကျော်ကြားသည့်ကျမ်းများစွာကို ပြုစုခဲ့၏။

အိန္ဒိယတွင်သာမက အနောက်တိုင်းတွင်လည်း နက္ခတ္တဗေဒင်ပညာရှင်တို့ ပေါ်ပေါက်ခဲ့ကြ၏။

(SET)ဆက်တ်ဟုအမည်ရှိသော ပညာရှင်ကြီးသည် (BC– ၃၇၆၉)တွင် ပေါ်ပေါက်ခဲ့သောအနောက်တိုင်း၏ ပထမဦးဆုံးသော နက္ခတ်ပညာရှင်ကြီး ဖြစ်သည်။

(SET)ဆက်တ်သည် ဂြိုဟ်နှင့်တာရာတို့၏ သွားရာလမ်းနှင့်ရွေ့လျားမှုကို စတင်လေ့လာသူအဖြစ် အနောက်တိုင်းသားတို့က ယုံကြည်ကြ၏။ ထို့ပြင် ၁၂ ရာသီ၊ စက်ဝန်းကြီးကို ပိုင်းခြားခဲ့သူမှာလည်း SET ဆက်တ်ဟုပင် အနောက်တိုင်းသားတို့က ယုံကြည်ထားကြပြန်သည်။

ရှေးအီဂျစ်ခေတ် ဖာရာဟို၊ ဘုရင်များလက်ထက် (BC–၅၀၀၀)ခန့်က နက္ခတ်ဗေဒင်ဆရာတို့ကို အရေးပေး၊ နေရာပေးခဲ့ကြောင်း မှတ်သားဖူး၏။ ထို့ပြင်ရှေးခေတ်အခါက အက္ကာဒီယန်လူမျိုး၊ ဘေဘီလိုနီယန်လူမျိုး၊ ဆူမာရီယန်လူမျိုး၊ ဂရိလူမျိုး၊ ပါရှားလူမျိုးတို့သည်လည်း နက္ခတ်ဗေဒင်ပညာနှင့် အစီအရင်တို့ကို လေ့လာလိုက်စားခဲ့ကြသည်။

စစ်ဘုရင်တစ်ဦးဖြစ်သော မဟာအလက်ဇန္ဒားသည်ပင် ၎င်းစစ်ချီထွက်ရာ နေရာတိုင်းသို့ သူ၏ဗေဒင်ဆရာတို့ကို အတူခေါ်ဆောင်သွားသည်ဟူ၏။

အထက်ပါအကြောင်းအရာတို့ကို ထောက်ချင့်က နက္ခတ္တဗေဒ၊ ပညာ(ဝါ) နက္ခတ်ဗေဒင်ပညာသည် (BC– ၆၅၀၀)၏ရှေးပဝေသဏီကပင် အစပြုခဲ့ကြောင်း သိနိုင်ပေသည်။ ယနေ့တိုင် အရှေ့တိုင်း၊ အနောက်တိုင်းတို့တွင် ကောင်းစွာအသုံးပြုနေကြောင်း သိရှိနိုင်ပေသည်။

## ဘုရားလောင်းသိဒ္ဓတ္ထမင်းသားနှင့် နက္ခတ်ဗေဒင်

သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်းမွေးဖွားပြီး ၅ ရက်မြောက်နေ့၌ ဟူးရားအကျော် နက္ခတ်ပညာရှင်(၈)ဦးကိုခေါ်ယူလျက် အမည်ပေးကင်ပွန်းတပ် မင်္ဂလာကျင်းပခဲ့၏။

နက္ခတ်ပညာရှင်ရှစ်ဦးမှာ ၁။ ရာမ၊ ၂။ ဓဇ၊ ၃။ လက္ခဏာ၊ ၄။ မန္တီ၊ ၅။ ကောဏ္ဍည၊ ၆။ ဟောဇ၊ ၇။ သုယာမ၊ ၈။ သုဒတ္တတို့ဖြစ်၏။ (အခြားကျမ်းတို့တွင် ငါးဦးဟူ၍လည်း ဖော်ပြထားသေး၏။)

ထိုပုဏ္ဏားရှစ်ဦးအနက် ခုနစ်ဦးက ပြည်ထောင်အသီးသီးကို အစိုးရသော စကြဝတေးမင်းသော်လည်းကောင်း၊ လောကဥသျှောင်ဘုရားသော်လည်းကောင်းဖြစ်လိမ့်မည်ဟု လက်ညှိုးနှစ်ချောင်းထောင်ကာ ဟောကြားခဲ့၏။

ကောဏ္ဍညပုဏ္ဏားတစ်ဦးတည်းသာလျှင် လက်ညှိုးတစ်ချောင်းထောင်လျက် လောကဥသျှောင်ဘုရားဧကန်စင်စစ်ဖြစ်မည်ဟူ၍ အဟောထုတ်ခဲ့၏။ ထို့ပြင် လောကသုံးပါး၏အကျိုးကို ပြီးစီးအောင်အားထုတ်နိုင်မည့်သူဖြစ်၍ သိဒ္ဓတ္ထဟု အမည်ပေးခဲ့၏။

ကောဏ္ဍညပုဏ္ဏားသည် ထိုနေ့မှစ၍ ဥရုဝေဠတောတွင် ဘုရားလောင်းတော ထွက်လာမည့်နေ့ထိ စောင့်မျှော်လေ၏။ ဘုရားရှင်ဖြစ်တော်မူပြီး တရားဦး၊

## စာပေပန်းခင်းရနံ့သင်း

မှုစကြာဟောရာတွင် ဦးဆုံးသောတာပန်ဖြစ်လျက် အနတ္တလက္ခဏာသုတ်ဟော သောအခါ ရဟန်းကိစ္စပြီး၏။ အညညာသိကောဏ္ဍညဟူ၍ အမည်တွင်ခဲ့လေ သည်။

မည်သို့ပင်ဆိုစေကာမူ ပုဏ္ဏားရှစ်ဦးလုံးပင် နက္ခတ်ဗေဒင်ပညာဖြင့် မှန်ရာ ကိုဟောကြားခဲ့ခြင်းဖြစ်ရာ ဗေဒင်ပညာသည်လူတို့အတွက် အသုံးတည့်မတည့် စဉ်းစားဖို့ရာရှိလေပြီတည်း။

## ကမ္ဘာပျက်ကိန်းနှင့် နက္ခတ်အမြင်

၂၀၁၂ ခုနှစ်က မာယာလူမျိုးတို့၏ ပြက္ခဒိန်ကုန်ဆုံးခဲ့ခြင်းကိုမူတည်လျက် ထိုနှစ်၌ပင်ကမ္ဘာကြီးပျက်တော့မယောင် ကောလာဟလသတင်းတို့က ကမ္ဘာ အနှံ့ပျံ့နှံ့ခဲ့ရာ မြန်မာနိုင်ငံသို့ပင် ရိုက်ခတ်လာခဲ့ပေသည်။

ဤကမ္ဘာကြီးပျက်စီးမည် မပျက်စီးမည်ကို ဗုဒ္ဓဘာသာဝင်တို့အနေနှင့် အလွယ်တကူကောင်းစွာဖြေကြားနိုင်စွမ်းရှိပေ၏။

ယခုကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးက ဘဒ္ဒကမ္ဘာဖြစ်၏။ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည်။ ဘုရားငါးဆူပွင့်ပြီးမှသာလျှင် ကမ္ဘာကြီးပျက် သုဉ်းရပေမည်။ ပွင့်ထွန်းခဲ့သော ဘုရားရှင်တို့မှာ–

၁။ ကကုသန်မြတ်စွာဘုရား၊ ၂။ ကောဏာဂုံမြတ်စွာဘုရား၊ ၃။ ကဿ ပမြတ်စွာဘုရား၊ ၄။ ဂေါတမမြတ်စွာဘုရားဟူ၍ဖြစ်ရာ အရိမေတ္တေယျမြတ် စွာဘုရားတစ်ဆူပွင့်ရန် ကျန်နေသေး၏။

အရိမေတ္တေယျမြတ်စွာဘုရားတစ်ဆူ ပွင့်ထွန်းဖို့ရာရှိနေသေး၍ ဤကမ္ဘာ ကြီးမပျက်စီးနိုင်ကြောင်းကို ဗုဒ္ဓဘာသာဝင်ကလေး၊ သူငယ်ကအစ ရဲဝံ့စွာပြော ကြားနိုင်သည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာရှိပေသည်။

ဤကမ္ဘာကြီးပျက်မည်၊ မပျက်မည်ကို နက္ခတ္တဗေဒရှုထောင့်မှ သုံးသပ်ရ

မည်ဆိုက သူရိယသိဒ္ဓန္တကျမ်းလာယုဂ်လေးပါး (ဝါ) စတုယုဂ်လေးပါးအကြောင်းကို ဖော်ပြရပေတော့မည်။ ယုဂ်လေးပါးသည်။

၁။ ကတယုဂ်၊ ၂။ တြေတယုဂ်၊ ၃။ ဒွါပရယုဂ်၊ ၄။ ကလိယုဂ်တို့ဖြစ်သည်။ ထိုယုဂ်တစ်ခုစီတွင် သက်တမ်းရှိ၏။ သူရိယသိဒ္ဓန္တကျမ်းတွင် ကမ္ဘာကြီး၏ သက်တမ်းကို ထိုယုဂ်လေးပါးနှင့် ပိုင်းဖြတ်ထား၏။ ယုဂ်တစ်ခုစီ၏သက်တမ်းမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ကတယုဂ်၏သက်တမ်းသည် နှစ်သန်းပေါင်း ၁၇၂၈၀၀၀ နှစ်ဖြစ်၏။

၂။ တြေတယုဂ်၏သက်တမ်းသည် နှစ်သန်းပေါင်း ၁၂၉၆၀၀၀ နှစ်ဖြစ်၏။

၃။ ဒွါပရယုဂ်၏သက်တမ်းသည် နှစ်သိန်းပေါင်း ၈၆၄၀၀၀ နှစ်ဖြစ်၏။

၄။ ကလိယုဂ်၏သက်တမ်းသည် နှစ်သိန်းပေါင်း ၄၃၂၀၀၀ နှစ်ဖြစ်၏။

ထိုယုဂ်လေးပါး (ဝါ) စတုယုဂ်လေးပါးပေါင်း၏ နှစ်အရေအတွက်ကမ္ဘာကြီး၏သက်တမ်းမှာ နှစ်သန်းပေါင်း ၄၃၂၀၀၀၀ နှစ်ဖြစ်သည်။

ယခုကာလသည် သူရိယသိဒ္ဓန္တကျမ်းအရ ယုဂ်သုံးခု၏နှစ်တို့ကုန်လွန်ခဲ့ပြီဖြစ်ရာ နောက်ဆုံးကျန်ရှိနေသော ကလိယုဂ်နှစ်၏သက်တမ်း နှစ်သိန်းပေါင်း ၄၃၂၀၀၀ အတွင်းကို ဝင်ရောက်နေပြီဖြစ်၏။

ကလိယုဂ်ခေတ်အစသည် BC-၃၁၀၁ မှစတင်ခဲ့၏။ ထို့ပြင်ကလိယုဂ်ခေတ်၏အစနေ့ရက်ကိုလည်း နေကြတ်(ကိတ်-သဗ္ဗကြတ်)နှင့် အစပြုခဲ့ကြောင်း ရှေးဟိန္ဒူ နက္ခတ်ဆရာကြီးများက ခိုင်မာသော၊ သက်သေသာဓကတို့နှင့် ဖော်ပြခဲ့ကြလေသည်။

ယခုမြန်မာတို့ အသုံးပြုနေသော သက္ကရာဇ်မှာ ပုဂံ ပုပ္ပါးစောရဟန်းမင်းဖြုံခဲ့သော ၅၆၃ နှစ်၏နောက်ပိုင်းမှ စတင်ရေတွက်ခဲ့သောနှစ် ဖြစ်သည်။

ကလိယုဂ်ခေတ် မင်းအဆက်ဆက်တို့ ဖြုံခဲ့သောနှစ်များရှိ၏။

၁။ ရှေးဓမ္မရာဇာမင်း ဖြုံခဲ့သော ကလိယုဂ်နှစ်မှာ ၁၈၁၂ နှစ်။

## ■ စာပေပန်းခင်းရနံ့သင်း

၂။ နန္ဒမင်းဖြိုခဲ့သော ကလိယုဂ်နှစ်မှာ ၅၀၀ နှစ်။

၃။ ဂေါတမမင်းဖြိုခဲ့သော ကလိယုဂ်နှစ်မှာ ၄၀၀ နှစ်။

၄။ သောမပါလမင်းဖြိုခဲ့သော ကလိယုဂ်နှစ်မှာ ၃၆၀ နှစ်။

၅။ မယုရမင်းဖြိုခဲ့သော ကလိယုဂ်နှစ်မှာ ၁၀၇ နှစ်။

ထိုမင်းခြောက်ပါးဖြိုခဲ့သော ကလိယုဂ်နှစ်တို့ကိုပေါင်းက ၃၁၇၉ နှစ်ရ၏။ ထို ၃၁၇၉ နှစ်တွင် ပုပ္ပါးစောရဟန်းမင်းဖြိုခဲ့သော ၅၆၃ နှစ်ကို ထည့်ပေါင်းက ဖြိုခဲ့သောကလိယုဂ်နှစ်ပေါင်း ၃၇၃၉ နှစ်ရှိလေပြီ။

ရောက်ဆဲ မြန်မာသက္ကရာဇ်ကို ဖြိုခဲ့ပြီးသော ကလိယုဂ်နှစ်ပေါင်း ၃၇၃၉ နှစ်ကို ထပ်မံပေါင်းထည့်က ကုန်ဆုံးခဲ့ပြီးသော ကလိယုဂ်နှစ်၏ သက်တမ်းကို သိရှိနိုင်ပေမည်။

ယခုမြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်နှင့် ဖြိုခဲ့ပြီးသော ကလိယုဂ်နှစ်ပေါင်း ၃၇၃၉ နှစ်ကိုပေါင်းက ကလိယုဂ်နှစ်၏သက်တမ်းမှာ ၅၁၁၉ နှစ် ကုန်ဆုံးခဲ့လေပြီ။

ကလိယုဂ်၏သက်တမ်းသည် နှစ်သိန်းပေါင်း ၄၃၂၀၀၀ နှစ်ဖြစ်ရာ ထိုထဲမှ ကုန်ဆုံးခဲ့သော ၅၁၁၉ နှစ်ကိုနုတ်က ကမ္ဘာကြီး၏သက်တမ်းသည် ပျက်စီးဖို့ရန် အတွက် နှစ်သိန်းပေါင်း ၄၂၆၈၈၁ နှစ် ကျန်ရှိနေသေးသည်။ ဤသည်မှာ သူရိယသိဒ္ဓန္တကျမ်းလာ တွက်ရိုး၏ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာကြီးမပျက်စီးနိုင် ကြောင်းကို နက္ခတ္တဗေဒရှုထောင့်မှ ခိုင်မာစွာသုံးသပ်ပြခြင်းဖြစ်ပေသည်။

ဤသို့ခိုင်မာစွာသုံးသပ်ပြနိုင်သော နက္ခတ္တဗေဒ(ဝါ)နက္ခတ်ဗေဒင်ပညာ သည် လူတို့အတွက်အသုံးတည့်မတည့် စဉ်းစားဖို့ရာရှိလေပြီတည်း။

### အာရုဏ်ချိန်နှင့် နက္ခတ္တဗေဒ

အရုဏ်ဟူသောစကားက အရုဏမှလာသော စကားဖြစ်၏။ အရုဏဟူ

သည် အနီရောင်သမ်းခြင်းကိုဆိုလိုခြင်းဖြစ်ရာ နံနက်စောစော အရှေ့ဘက်မိုးကုတ်စက်ဝိုင်း၌ နေ၏အရောင် အနီရောင်စသမ်းလာသည်နှင့် အရုဏ်စတက်ပြီဖြစ်ကြောင်း သိရလေပြီ။

အရုဏ်တက်စနေ၏ အနီရောင်စသမ်းသောအရောင်ကို နွေဘက်တွင်ကောင်းစွာမြင်နိုင်သော်လည်း နှင်းမြူတို့အုံ့ဆိုင်းတတ်သော ဆောင်းနေ့ရက်များနှင့် မိုးအုံ့၊ မိုးရွာသောကာလတို့တွင် မြင်တွေ့နိုင်ရန်ခဲယဉ်းပေသည်။

ရှင်ရဟန်းတို့သည် နံနက်၊ အရုဏ်တက်ချိန်၌ အရုံဆွမ်းဘုဉ်းကြ၏။ အရုဏ်မတက်ခင်ချိန်နှင့် အရုဏ်တက်ပြီးချိန်တို့တွင် အာရုံဆွမ်းဘုဉ်း၍မရပေ။ ထို့အတူ ဥပုသ်သည်တို့သည် ည ၁၂ နာရီကျော်လျှင် စား၍ရပြီဟူသော အယူအဆကမှားယွင်းလျက်ရှိ၏။ ဥပုသ်သည်တို့သည်လည်း နံနက်၊ အရုဏ်တက်အချိန်မှပင် ဥပုသ်ချိန်ကုန်ဆုံးခြင်းဖြစ်ရာ အရုဏ်တက်အချိန်မှပင် စားကြရပေမည်။

အထက်ကဆိုခဲ့သည့်အတိုင်း အရုဏ်တက်၏အနီရောင်စသမ်းစနေ၏အရောင်ကို နွေကာလတွင် မြင်နိုင်သော်လည်း ဆောင်းနှင့်မိုးကာလတို့တွင် မြင်တွေ့နိုင်ရန်ခဲယဉ်းပေရာ ထိုခဲယဉ်းသောကွက်လပ်နေရာ၌ နက္ခတ္တဗေဒမှ ဖြည့်စွက်ကာပေးထား၏။

နက္ခတ်ဗေဒင်ပညာဖြင့် လစဉ်နံနက် အရုဏ်တက်စအချိန်တို့ကို မှန်ကန်တိကျစွာတွက်ချက်၊ ဖော်ပြပေးထားခြင်းက ရှင်ရဟန်းတို့အနေနှင့် နံနက်၊ အရုဏ်တက်ချိန်ကို ပိုလိုမရှိဘဲ အရုဏ်ဆွမ်းဘုဉ်းပေးနိုင်ကြလေသည်။

ဤသို့လစဉ် အာရုဏ်တက်အချိန်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်စွက်ပေးထားခြင်းကို ထောက်ရှုခြင်းဖြင့် နက္ခတ္တဗေဒ(ဝါ)နက္ခတ် ဗေဒင်ပညာသည် လူတို့အတွက်အသုံးတည့်မတည့် စဉ်းစားဖို့ရာရှိလေပြီတည်း။

## အင်္ဂလိပ်နာရီ Hour အခေါ်နှင့် နက္ခတ္တဗေဒ

အင်္ဂလိပ်စာအသံထွက်အရ နာရီ၏အချိန်ကို Hour ဟုခေါ်တွင်ကြောင်း လူတိုင်းသိရှိပြီးဖြစ်၏။ ထိုစာလုံး၏မူလအစသည် သက္ကတဘာသာ စကားလုံးဖြစ်သော ဟောရ Hora မြန်မာတို့က ဟူးရားဟုခေါ်သော နက္ခတ္တဗေဒဝေါဟာရမှ ဆင်းသက်ပေါက်ဖွားလာကြောင်းကိုမူ သိသူလွန်စွာမှပင် ရှားပါပေသည်။

## အလောင်းတော်ဘဝနုစဉ်ခါနှင့် နက္ခတ္တဗေဒ

ဘုရားရှင်အနေဖြင့် နုစဉ်အခါက ဗေဒင်အကျော်အမော်ဘဝ သုံးဘဝဖြစ်ခဲ့သည်ကို မဟာဗုဒ္ဓဝင်ပါဠိတော်၌ တွေ့ရှိရ၏။

၁။ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်တွင် သာရမဏ္ဍကမ္ဘာ၏ မင်္ဂလမြတ်စွာဘုရားလက်ထက်အချိန်တွင် သုရုစိအမည်ရသော ပုဏ္ဏား ဗေဒင်ပညာရှိ။

၂။ ကမ္ဘာပေါင်းတစ်ထောင့်တစ်ရာရှစ်ဆယ်မြောက် ဝရကမ္ဘာ၏ ပိယဒဿီမြတ်စွာဘုရားလက်ထက်အချိန်တွင် ကဿပအမည်ရသော ပုဏ္ဏားဗေဒင်ပညာရှိ။

၃။ ဘဒ္ဒကမ္ဘာ၏အစတွင် ဒီသာပါမောက္ခဗေဒင်ပါရဂူ။

## နိဂုံး

ဂြိုဟ်၊ နက္ခတ်တာရာတို့သည် အဇာဋာကောင်းကင်တွင် ကိုယ်ပိုင်လမ်းကြောင်းကိုယ်စီနှင့် ရွေ့လျားနေကြ၏။ ထိုရွေ့လျားနေသော ဂြိုဟ်၊ နက္ခတ်တာရာတို့က လူတို့၏ကောင်းကျိုးဆိုးပြစ်ကို စိုးမိုးလျက်ပြုလုပ်စီမံနိုင်သည်ဟူ၍ မသတ်မှတ်သင့်ပေ။

လူတို့၏ကောင်းကျိုး ဆိုးပြစ်ကို ဂြိုဟ်၊ နက္ခတ်တာရာတို့က စိုးမိုးလျက်ပြုလုပ်စီမံနိုင်သည်စု သတ်မှတ်ခဲ့လျှင် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ကံ

ကံ၏အကျိုးကိုယုံကြည်ကာ (ကမ္မ သက္ကတ သမ္မာဒိဋ္ဌိ)အဖြစ်မှ သွေဖည်ကာ မိစ္ဆာဒိဋ္ဌိအဖြစ်ကို ရောက်ရှိ၍သွားနိုင်ပေသည်။

လူသည် သံသရာတစ်လျှောက်ပြုဆောင်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံတို့ ရှိပေမည်။ လက်ရှိ ပစ္စုပ္ပန်ကာလကောင်းကျိုး ဆိုးပြစ်တို့၏ဖြစ်ရပ်တို့အား ဂြိုဟ်၊ နက္ခတ်တာရာတို့၏ အသွား၊ အလာ၊ အပူး၊ အယှဉ်တို့နှင့် တွက်ချက်ကာ နိမိတ်ဖတ်ဟောကြားခြင်းဟု ဆုံးဖြတ်ခံယူရန်သင့်၏။ ထိုသို့ဆိုက မိစ္ဆာဒိဋ္ဌိအယူ သက်ဝင်မှုမှလွတ်ကင်းပေမည်။

နက္ခတ္တဗေဒပညာသည် လူသားတို့အတွက် ကောင်းမွန်သောတစ်ထောင့်တစ်နေရာမှ ထောက်ပံ့ကူညီနေကြောင်း အခိုင်အမာ၊ အထောက်အထားမြောက်မြားစွာရှိနေခြင်းကို ငြင်းဆန်၍မရနိုင်ပေ။

ရှေးမြန်မာတို့၏ အဋ္ဌာရသပညာ ၁၈ ရပ်တွင် ဗေဒင်ပညာရပ်သည် တစ်ခုအပါအဝင်ဖြစ်၏။ အဋ္ဌာရသ ၁၈ ရပ်တွင်ပါဝင်သော အချို့ပညာရပ်တို့က ဗေဒင်ပညာရပ်ထက် နောက်ကျမှပေါ်ပေါက်ခဲ့သော်လည်း ယခုကာလ၌ တိမ်မြုပ်ပျောက်ကွယ်၍ သွားကြလေပြီ။

ဗေဒင်ပညာ (ဝါ) နက္ခတ္တဗေဒပညာသည်ကား အိန္ဒိယတွင် စတင်ဖွံ့ဖြိုးခဲ့သော BC ၆၅၀၀ မှ ယခု AD ၂၀၁၈ အထိဆိုလျှင် နှစ်ပေါင်း ၈၅၁၈ နှစ်တိုင်ကြာခဲ့ပြီဖြစ်သော်လည်း ပျောက်ကွယ်သွားခြင်းမရှိသည့်အပြင် ၂၁ ရာစုတိုင် လူသားတို့အတွက် တစ်ထောင့်တစ်နေရာမှ ထောက်ကူနေသည်ဟု ကျွန်ုပ်အနေဖြင့်ယူဆသောကြောင့် ဤစာတမ်းကိုတင်သွင်းရခြင်းဖြစ်ပေသည်။

ထို့ကြောင့် နက္ခတ္တဗေဒပညာသည် လူတို့အတွက်အသုံးတည့်မတည့် စဉ်းစားဖို့ရာရှိလေပြီတည်း။

ထို့ပြင် နက္ခတ္တဗေဒပညာရပ်သည် ဘဒ္ဒကမ္ဘာတည်သရွေ့ တည်မြဲနေဦးမည် ဖြစ်သည့်အပြင် ဘဒ္ဒကမ္ဘာပျက်သုဉ်းပြီးနောက်တွင်လည်း နောင်ဖြစ်လတ္တံ့သော

ကမ္ဘာ့ သဗ္ဗေ ဝိဘဇ္ဇတိ
ဥက္ကာမင်း

ကျမ်းကိုး။ ။ (၁) မဟာဗုဒ္ဓဝင်ပါဠိတော်။

(၂) ပါဠိအဘိဓာန်ကျမ်း။

(၃) သုရိယသိဒ္ဓန္တကျမ်း။

(၄) ဆရာကြီးကာလာစန်၏ နက္ခတ္တဗေဒသိပ္ပံ ပညာပေးပေါင်းချုပ် ပထမတွဲ။

(၅) ဆရာဦးမြင့်မောင်၏ နက္ခတ္တဗေဒအခြေခံများ။

(၆) ဆရာဈေမာန်(မိုးတား)၏ Blogဆောင်းပါးမှ။



# သောင်းညွှန့်သွင် (သရက်) ၏ ဘဝနှင့်စာပေ

အမည်ရင်း – ဦးသောင်းညွှန့်
ကလောင်အမည် – သောင်းညွှန့်သွင်(သရက်)
ကလောင်ခွဲ – ဒူးစာ(ညောင်မော်)

သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ညောင်မော်ရွာတွင် ၁၉–၁၁–၁၉၄၈ ခုနှစ်တွင် မွေးဖွားသည်။ အဖ ဦးဖိုးဆော့၊ အမိ ဒေါ်အေးစော ဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်တွင် သရက် အထကမှ တန်းမြင့်ကျောင်းထွက်(H.S.F)ကို အောင်မြင်ခဲ့ပါသည်။

၁၉၇၂–၇၃ နိုင်ငံသမိုင်းသုတေသနဌာနတွင်လည်းကောင်း ၁၉၇၃–၉၁ ထိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးရုံးတွင် ဌာနခွဲစာရေးကြီးအထိ တာဝန်ယူခဲ့ပြီး၊ ၁၉၉၁–၉၂ တွင် မြန်မာရေနံကုမ္ပဏီ၌လည်းကောင်း၊ ၁၉၉၅–၂၀၁၀ အထိ ၁၅ နှစ် ချင်စုမြန်မာကုမ္ပဏီတွင် ဖိုမင်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

သွေး ၈၆ ကြိမ်လှူဒါန်းခဲ့ပြီးနိုင်ငံတော်မှ လူမှုထူးချွန်(တတိယဆင့်)ချီးမြှင့်ခံရပြီးဖြစ်ပါသည်။

၂၀၁၄ မှ ယနေ့ထိ စံတော်ချိန်နေ့စဉ်သတင်းစာ၌ ဆောင်းပါး (၂၈)ပုဒ် ရေးသားဖော်ပြခံရပြီးဖြစ်ပါသည်။ အမှတ် (၁၀)၊ ကရဏာ (၄)လမ်း၊ ကြူစမ်းရွာသစ်၊ မင်္ဂလာဒုံမြို့နယ်၌ နေထိုင်လျက်ရှိပါသည်။

စီးပွားရေး

# လျှပ်စစ်ကမ္ဘာနှင့် မြန်မာပြည်

ဒေါင်းညွန့်သွင်(သရက်)

**နိဒါန်း**

ခေတ်သစ်ကမ္ဘာတွင် လူသားများ၏ကောင်းကျိုးကိုဆောင်သောလုပ်ငန်းများကို အကျယ်အပြန့်ဆုံးနှင့် အထိရောက်ဆုံးလုပ်ကိုင်နိုင်သောအရာမှာ လျှပ်စစ်စွမ်းအင်ဖြစ်သည်။ အဆိုပါလျှပ်စစ်စွမ်းအင်(လျှပ်စစ်ဓာတ်)ကိုတွေ့ရှိသူမှာ ဒေါက်တာဝီလျံဂေးလ်ဘတ်ဆိုသူ ဆရာဝန်ကြီးတစ်ဦးဖြစ်ပါသည်။ သူသည်အင်္ဂလန်ပြည်၏ ပထမဆုံးအယ်လီဇဘတ်ဘုရင်မကြီး၏ သမားတော်ဖြစ်ပါသည်။ ၁၆၀၀ ပြည့်နှစ်တွင် လျှပ်စစ်အကြောင်းကို ရေးသားထုတ်ဝေခဲ့သည်။ ၁၇၂၉ ခုနှစ်လောက်တွင် ဓာတ်ဖို(ပေါ်စစ်တစ်)နှင့် ဓာတ်မ(နဂ္ဂတစ်)ဟူသိရှိပြီး ခေါ်ဝေါ်သုံးစွဲ လာကြသည်။ သို့သော်လည်း ၁၈၀၀ ပြည့်နှစ်တစ်ဝိုက်အထိ လျှပ်စစ်ဓာတ်ကို လူတို့၏လိုအင်အတွက် အသုံးပြုနိုင်ရန်မတွေ့ရှိသေးပေ။

အီတလီသိပ္ပံပညာရှင်ဖြစ်သူ အလက်ဇန်ဒရိုဗိုလတာဆိုသူက လူ့သမိုင်းတွင် ပထမဦးဆုံးလျှပ်စစ်ဓာတ်မီးကို ထုတ်ယူနိုင်ခဲ့သူဖြစ်သည်။ ယင်းအမည်ကို အစွဲပြု၍ 'ဗို့'ဟုခေါ်ဝေါ်နေကြခြင်းဖြစ်ပါသည်။ ယင်းပညာရှင်အား ၁၈၀၁ ခုနှစ်တွင် ပြင်သစ်ဘုရင်နပိုလီယံက သူရဲကောင်းဘွဲ့နှင့် ဆံသရဖူဘွဲ့တံဆိပ်တို့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။

## လူသားတို့အတွက် လျှပ်စစ်ဓာတ်ကို ပြုပြင်ဖန်တီးခြင်း

၁၈၃၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့၌မိုက်ကယ်ဖာရာဒေးသည် လျှပ်စစ်ဓာတ်အားကိုထုတ်ယူနိုင်သော ဒိုင်နမို သို့မဟုတ်(ဂျင်နရေတာ)ကို တီထွင်နိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ အာမေဂျာခေါ် ဟပ်ခံတုံးကြီးကို လည်ပတ်စေသောအရာမှာ ရေနွေးငွေ့အင်ဂျင်အား သို့မဟုတ် ဒီဇယ်အင်ဂျင်အား ဖြစ်သည်။ သို့ရာတွင် ရေစီးအားကိုအသုံးပြုခြင်းဖြင့်လည်း စက်ကိုလည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ကိုဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံ၌ရှိသော လောပီတဓာတ်အားပေးစနစ်မှာ ရေအားလျှပ်စစ်စနစ်ဖြစ်သည်။ ရေစီးအားပြင်းထန်အောင် ရေကာတာကြီးများကိုဆည်ထား ၍ တစ်နေရာတည်းသို့ရေကိုလွှတ်ပေးလိုက်သောအခါ ထိုရေအားသည် ဂျင်နရေတာကြီး၏အာမေချာကို လည်ပတ်စေသည်။ ရေအားကိုခံယူနိုင်ရန် တာဗိုင်ခေါ် ရဟတ်ဒလက်ကြီးများခံ၍ထားရသည်။

ယခုခေတ်တွင် အသုံးပြုလျက်ရှိသောလျှပ်စစ်ပစ္စည်းကရိယာ အမျိုးမျိုးတွင် လျှပ်စစ်သံလိုက်၏သဘောတရားကို အခြေခံထား၍ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ လျှပ်စစ်ဓာတ်၏အကျိုးအာနိသင်ကို စားဝတ်နေမှုအစုစုတို့အတွက် အသုံးချနိုင်ခြင်းသည် လျှပ်စစ်သံလိုက်ဓာတ်ကိုအခြေခံ၍ တည်ထွင်နိုင်ခြင်း

ကြောင့်ဖြစ်ပါသည်။

## လျှပ်စစ်ဓာတ်အားနှင့်မြန်မာပြည်

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းပြည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်၏စီးပွားရေးလုပ်ငန်းများကို ထူထောင်ရန် 'ဆိုရှယ်လစ်ဗီလာ စီမံကိန်းများ' ဟုခေါ်သော စီးပွားရေးလုပ်ငန်းများကို ရေးဆွဲချမှတ်ခဲ့သည်။ မြန်မာနိုင်ငံ၏အခြေအနေအရ မူတည်ရမည့် အဓိကအချက်ကြီးနှစ်ရပ်ဖြစ်သည်။ (၁)လယ်ယာလုပ်ငန်းများကို ခေတ်မီနည်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရန်၊ (၂)အိမ်တွင်းစက်မှုလုပ်ငန်းများနှင့်တကွ မြန်မာပြည်နှင့်သင့်လျော်သော အသေးစားအလတ်စားစက်မှုလုပ်ငန်းများ တည်ဆောက်ရန်ဖြစ်သည်ဟု ဆုံးဖြတ်လျက် ယင်းကဲ့သို့လုပ်ဆောင်နိုင်ရန်လည်း လျှပ်စစ်ဓာတ်အားကိုလိုအပ်မည်ဖြစ်ပြီး ဈေးနှုန်းအလွန်ချိုသာစွာသုံးစွဲနိုင်မှ စီးပွားရေးလုပ်ငန်းများ ထမြောက်အောင်မြင်နိုင်မည်ကို သိရှိခဲ့ကြသည်။ စရိတ်ကြီးလေးသည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲရမည်ကို နောက်တွန့်နေမည်ဆိုပါက ရေးဆွဲလာသမျှ စီးပွားရေးလုပ်ငန်းများသည်လည်း အကောင်အထည်ပေါ်လာမည်မဟုတ်ဘဲ စာရွက်ပေါ်၌သာ တည်ရှိနေပေလိမ့်မည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အား ပေါပေါသီသီသုံးစွဲနိုင်ရန် ရေအားလျှပ်စစ်ကိုကြံဆကြရာမှ လောပီတရေအားလျှပ်စစ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အင်းလေးကန်၌ မြစ်ဖျားခံစီးဆင်းလာသော ဘီလူးချောင်းတွင် ရေတံခွန်ငယ်များ (၁)(၂)(၃) စသည်ဖြင့် ဖြစ်ပေါ်လာခဲ့သည်ကိုအခြေခံကာ ရေတံခွန်အမှတ်(၂)ကို ဦးစားပေးရေးအားလျှပ်စစ်ထုတ်ရန်အတွက် ဂျပန်နှင့် ငွေအား နည်းပညာအားတို့ကို ရယူပူးပေါင်းဆောင်ရွက်ခဲ့ရပါသည်။ ဂျပန်အင်ဂျင်နီယာအဖွဲ့ဖြစ်သော 'နိပွန်ကိုအိ–ကာဘူရှိကီ–ကိုင်ရှား' အဖွဲ့နှင့် 'ခါချီမားတည်ဆောက်

မှုဆိုင်ရာကုမ္ပဏီ'တို့ကိုငှားပြီး ၁၉၅၄ ခုနှစ်မှစ၍ လမ်းဖောက်လုပ်ခြင်းဖြင့် စတင်ခဲ့ပြီး လုပ်သားအင်အား ၇၀၀၀ ဖြင့်ပြုလုပ်ခဲ့ရာ (၇)နှစ်မျှအပြင်းအထန်တည်ဆောက်ခဲ့ကြရသည်။ ၁၉၆၀ခုနှစ်၊ မတ်လ ၃၀ ရက်မှ ပြီးဆုံးခြင်းသို့ရောက်ခဲ့ပါသည်။ ပြည်တွင်းသုံးငွေ ၁၀၇၂၂၉ သိန်း၊ ပြည်ပသုံးငွေ ၁၅၈၇၇ သိန်းနှင့် ဂျပန်မှစစ်လျော်ကြေး ၁၄၃၁၂၆ သိန်း၊ စုစုပေါင်း ၂၆၆၂၃၂ သိန်းကုန်ကျခဲ့ပါသည်။ စက်သုံးလုံးတပ်ဆင်လည်ပတ်နိုင်ခဲ့ပါသည်။

စက်တစ်လုံးစီ၏ လျှပ်စစ်ဓာတ်အားကီလိုဝပ် ၂၈၀၀၀တို့ကြောင့် ကီလိုဝပ် ၈၄၀၀၀ ရရှိပါသည်။

**ရေအားလျှပ်စစ်၏အကျိုးကျေးဇူး**

လောပိတရေအားလျှပ်စစ်အောင်မြင်ဖြစ်ထွန်းလာသောကြောင့် ၁၉၇၅ ခုနှစ်၊ဆည်မြောင်းဦးစီးဌာနသည် ရေအားလျှပ်စစ်ထပ်မံလုပ်ဆောင်ရန် စူးစမ်းသောအခါ–

(၁) ဧရာဝတီမြစ်၏မြစ်ဆုံနေရာ၌ ဆည်တည်ဆောက်ပြီးရေလှောင်လျှင် ဟသ်ာတာတမြို့၌ဧရာဝတီမြစ်ရေ(၄)ပေခန့်လျော့ကျပြီး မြစ်ဝကျွန်းပေါ်ဒေသရေကြီးခြင်းကို ကာကွယ်နိုင်မည်။

(၂) နွေရာသီရေနည်းချိန်၌ ဖေဖော်ဝါရီနှင့်မတ်လ၌ ဆည်ရေလွှတ်လျှင် ဧရာဝတီမြစ်ရေသည်(၄)ပေမှ(၆)ပေထိ မြင့်တက်လာနိုင်သည်။

(၃) နွေ–မိုး–ဆောင်းသုံးရာသီလုံး လျှပ်စစ်ဓာတ်ကိုထုတ်နိုင်ပြီး ဧရာဝတီမြစ်၏ဘယ်ညာရှိ စိုက်ပျိုးမြေယာကေနှစ်သိန်းအတွက် လျှပ်စစ်ရေတင်စနစ်ဖြင့် သီးနှံများစိုက်နိုင်မည်။

(၄) နွေရာသီရေနည်းချိန် ရေလွှတ်ပေး၍ မြစ်ဝကျွန်းပေါ်ဒေသ၌ ဆားငန်ရေဝင်ရောက်မှု(Sea Water Intrusion)ကို သက်သာစေသည်။

(၅) နွေမိုးဆောင်းမီဂါဝပ် ၆၀၀ MW ထုတ်လုပ်နိုင်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အခြေခံ၍ရေးဆွဲစီမံခဲ့ခြင်းဖြစ်သည်ဟု ဆည်မြောင်းဦးစီးဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူး ဦးခင်မောင်ချစ်ကဆိုခဲ့ပါသည်။

သို့သော် ယနေ့အချိန်အခါတွင် ဆည်မြောင်းကအကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ဘဲ တရုတ်ကဦးသွားခဲ့ပါသည်။

ဆည်မြောင်းကရေးဆွဲ သောစီမံကိန်းအရ ဆည်အမြင့်မှာ လက်ရှိတရုတ်ဆောက်ရန်ရည်ရွယ်ချက်ထက် ၁ ဒသမ ၆ ဆမှ ၁ ဒသမ ၈ ဆထိ မြင့်နိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် အမေရိကန်ဒေါ်လာ ၈ ဘီလျံကုန်ကျနိုင်ပါမည်။

၂၀၁၆ ခုနှစ်တွင် တရုတ်အစိုးရပိုင် CPI (China Power investment) ကော်ပိုရေးရှင်းနှင့်မြန်မာအစိုးရတို့ ၂၀၁၆ ခုနှစ်၌ MOU ထိုးပြီး စတင်ခဲ့ပါသည်။ ယင်းလုပ်ငန်းကြီးအတွက် ရှယ်ယာအနေဖြင့် CPI က ၈၀ ရာခိုင်နှုန်း မြန်မာအစိုးရက ၁၅ ရာခိုင်နှုန်းနှင့် Asia Workd က ၅ ရာခိုင်နှုန်း ပါဝင်ခဲ့ကြပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအားလျှပ်စစ်စီမံကိန်း ပဋိပက္ခ**

ထိုအချိန်ကစခဲ့သော မြစ်ဆုံစီမံကိန်းကြီးသည် ရည်ရွယ်ချက်ကြီးမားခဲ့သော်လည်း ယနေ့အချိန်အခါတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းပြချက်ဖြင့်လည်းကောင်း၊ တရုတ်မှပါဝင်ရာခိုင်နှုန်းများသည်ကို အကြောင်းပြု၍လည်းကောင်း၊ ပညာရှင်ဆိုသူများနှင့် အသိပညာရှင် အတတ်ပညာရှင်နှင့် ပြည်သူအချို့၏ ကန့်ကွက်နေမှုကြောင့် ရင်နှီးနေခဲ့ရပါသည်။

တကယ်တမ်းပြောရလျှင် မြန်မာနိုင်ငံတွင်တာမံများကို ရှေးမြန်မာဘုရင်

များ လက်ထပ်ကတည်းကဆောင်ရွက်ခဲ့သည့်အတွက် ဆည်များ၊ တာတမံများရှိသောနေရာများတွင် လက်တွေ့အကျိုးခံစားနေကြရသည်ကို မြင်တွေ့နေကြရဆဲဖြစ်ပါသည်။ ရှေးအခါကတမံများသည် ရေရရှိရေးကိုသာ အဓိကထား၍တည်ဆောက်သောကြောင့် အနိမ့်တမံများသာဖြစ်ကြပါသည်။

လွတ်လပ်ရေးမရမီကာလ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်ကြီးများချမှတ်ထားခဲ့သော စိုက်ပျိုးရေးနှင့် စက်မှုလက်မှုလုပ်ငန်းများကိုသာ အဓိကထား၍တည်ဆောက်သောကြောင့် အနိမ့်တမံများသာဖြစ်ကြသည်။

လွတ်လပ်ရေးမရမီကာလ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင်ကြီးများချမှတ်ထားခဲ့သော စိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်မှာ လျှပ်စစ်ဓာတ်အားကို ဈေးပေါပေါနှင့်ရရှိအောင် ဆောင်ရွက်ကြရပါမည်။ လျှပ်စစ်ဓာတ်ရရှိအောင် စက်(ဂျင်နရေတာ)လည်ပတ်နိုင်ရေးမှာ သဘာဝပေးသော အရင်းအမြစ်ရေဖြင့်လည်ပတ်နိုင်စေရန် ကြိုးစားကြရပေမည်။

မြန်မာနိုင်ငံ၌ ရေအရင်းအမြစ်ဖြင့်ရေးအားလျှပ်စစ်ထုတ်လုပ်လျှင် မီဂါဝပ်(၁၀၀,၀၀၀) ခန့်အထိထုတ်လုပ်နိုင်သော်လည်း အမှန်တကယ်လုပ်ဆောင်ပါလျှင် အမြန်ဆုံးဖြစ်နိုင်ချေရှိသော မီဂါဝပ်မှာ ၄၀၀၀၀ ဝန်းကျင်ခန့်ရှိပါသည်။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လျှပ်စစ်အင်အား ၃၁၅၈ သာရှိနေပါသေးသည်။

ပေါကြွယ်ဝနေသောရေအရင်းအမြစ်ကိုအသုံးချ၍ ရေအားလျှပ်စစ်လုပ်ဆောင်နိုင်ခဲ့လျှင် မိမိတို့နိုင်ငံသည် စီးပွားရေးတွင် တိုးတက်မြန်ဆန်လာနိုင်ပါသည်။ လျှပ်စစ်ဓာတ်ကိုလည်း တောရောမြို့ပါ ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲလာနိုင်ကြပေလိမ့်မည်ဖြစ်သလို စိုက်ပျိုးရေးအတွက် လိုအပ်သောရေကိုလည်း လိုအပ်သလိုထိန်းချုပ်နိုင်၊ လွှတ်နိုင်မည်ဖြစ်ပေသည်။

## ■ စာပေပန်းခင်းရနံ့သင်း

တာတမံပညာရှင်တို့သည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၁အတွင်း အသေး အကြီးဆည်များ၊တာမံများကိုတည်ဆောက်ခဲ့ကြပါသည်။ ရဲနွယ်၊ ကျွန်း၊ ခပေါင်း ဆည်များသည် အမြင့်ပေ ၂၀၀ နှင့်အထက်ရှိကြပါသည်။

စစ်တောင်းမြစ်ဝှမ်း၌ စီမံကိန်းကြီးပြီးသောအခါ စစ်တောင်းမြစ်ဝှမ်း ပြွန် တန်ဆာလွင်ပြင်ခေါ်သောဒေသ၌ နှစ်စဉ်ရေလွှမ်း၊ ကားလမ်းရေကျော်ခြင်း၊ ရထားလမ်းရေကျော်ခြင်းများ မဖြစ်တော့ပေ။

ရဲရွာစီမံကိန်းရေအားလျှပ်စစ်ကို အကောင်အထည်ဖော်စဉ်ကလည်း ရဲရမန်းပြွတ်ရွှေ့ကိုထောက်ပြီး ဝေဖန်ကြသော်လည်း နေရာဒေသရွေးချယ် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်ခဲ့ပြီး နိုင်ငံ၏လိုအပ်ချက်ကို(၁/၄)ကို ဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။

ပဲခူးမြို့ပေါ်ရှိ ဇောင်းတူးရေအားလျှပ်စစ်စီမံကိန်းကြောင့် ပဲခူးမြို့ပေါ်ရေ ကြီးရေလျှံကိစ္စပျောက်၍ လျှပ်စစ်ဓာတ်အားလည်းရရှိနေဖြစ်သည်အပြင် စိုက် ကေများလည်း ရေရရှိနိုင်နေပါသည်။

တောင်ငူအရှေ့ဘက် ၁၅ မိုင်ခန့်အကွာ သောက်ရေခပ်(၂)ရေအားလျှပ် စစ်စီမံကိန်းတွင် ယင်းအနီး ထုံးဘိုပြတ်ရွေ့ရှိသည်ဆိုပြီး ပညာရှင်တို့ ငြင်းခုန်ကြ ပြန်သည်။ သို့သော်ပညာရှင်များ စနစ်တကျညှိနှိုင်းတိုင်ပင်ခါ ဒေသနှင့်လိုက် လျောသည့် ဒီဇိုင်းဖြင့်အကောင်အထည်ပေါ်သောအခါ(Cincrete Faced Fill Dam)ဖြစ်ပြီး ကန်အမျိုးအစားသည် ငလျင်ဒဏ်ခံနိုင်သော အမြင့်ဆုံးတမံတည် ဆောက်နည်းဖြစ်သည်။

### သဘာဝပေးသော လက်ဆောင်

မြန်မာနိုင်ငံနှင့် နယ်နမိတ်ကပ်လျက်ရှိသည့်(နယ်နိမိတ်ဖြတ်စီးလျက်) မဲခေါင်မြစ်သည် ရှည်လျားစွာတည်ရှိနေသည့်အလျောက် နိုင်ငံပေါင်းငါးနိုင်ငံကို

ဖြတ်သန်းစီးဆင်းခဲ့ရာ ရေကာတာတည်ဆောက်မှုများရှိခဲ့ပါသည်။ တရုတ်ပြည်၌ ၁၀ ခု၊ လာအို၌ ၆ ခု၊ ထိုင်းနိုင်ငံ၌ ၂ ခု၊ ဗီယက်နမ် ၂ ခု၊ ကမ္ဘောဒီးယား၌ ၃ ခုတို့ဖြစ်ပါသည်။ မြန်မာပြည်၌ရှိသော ဧရာဝတီဖြစ်သည်။ ရန်ကုန်မြို့မှ နေ၍ မန္တလေးအထိနှင့် မန္တလေးမှဗန်းမော်အထိ ၎င်းရေကြောင်းသွားလာ ခုတ်မောင်းလျက်ရှိသော သင်္ဘောများရှိနေခဲ့ရာ ရေတိမ်၍သင်္ဘောများ မသွား လာနိုင်သော မြစ်ဆုံဒေသသည် ရေကာတာတည်ဆောက်ရန် အကောင်းမွန်ဆုံး သောနေရာဖြစ်ပါသည်။

ဤဧရာဝတီမြစ်ကြီးကြောင့် နှစ်စဉ်မိုးတွင်းကာလရောက်တိုင်း မန္တလေး တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် ဆိုလိုသည်မှာ မြစ် ကြောင်းတောက်လျှောက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခံစားခဲ့ကြရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ လူနေအိမ်ခြေများပျက်စီးခြင်း၊ မြစ်ကမ်းပါးပြိုခြင်း၊ စိုက်ပျိုးဧရိယာများရေလွှမ်းပျက်စီးခြင်းကို ခါးစည်းခံနေကြရပါသည်။ ဤကဲ့သို့ သောအခြေအနေမျိုးများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသော ပ ညာရှင်တို့သည် မည်ကဲ့သို့ပြုပြင်ထိန်းသိမ်းပေးကြသည်ကို မသိရှိပါ။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ် ရေကြီးရေလျှံခြင်းကို ထိန်းသိမ်းပြုပြင် ခြင်းမရှိကြသလို တစ်နိုင်ငံလုံး၏လျှပ်စစ်ဓာတ်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘဲနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန မှထုတ်လုပ်ရောင်းချနေသည့် လျှပ်စစ်ပမာဏ၏ထက်ဝက်ကျော်ကို ရန်ကုန် တိုင်းဒေသကြီးက ဝယ်ယူသုံးစွဲနေခြင်းဖြစ်ပြီး နိုင်ငံတော်ကစိုက်ထုတ်ပေးနေရ သည့် ဘီလျံ ၃၀၀ ကျော်၏ ထက်ဝက်ခန့်အား ရန်ကုန်တိုင်းဒေသကြီးသို့ စိုက်ထုတ်ပေးနေရပါသည်။

မြန်မာနိုင်ငံသည် (၂၀၁၅ခု၊မတ်လ၃၁ရက်ထိ) တစ်နိုင်ငံလုံးလျှပ်စစ် တပ်ဆင်အင်အား(၅၁၁ ၁၁၁မ ၂၇၂)မီဂါဝပ်သာရှိနေသည်။ နိုင်ငံ၏လူဦး

## စာပေပန်းခင်းရနံ့သင်း

ရေနှင့် အချိုးချလျှင်(၃၂ရာခိုင်နှုန်း)သာပြည်သူတို့ကို လျှပ်စစ်ဓာတ်အားပေးနိုင်သေးသည်။ သို့သော် ယိုယွင်းရပ်နားထားရသော စက်ရုံများပါဝင်နေသဖြင့် အမှန်တကယ်မောင်းနှင်မှုမှာ ၃၈၀၀၀ မီဂါဝပ်ထက်မပိုပါ။ အကယ်၍မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အပြည့်ပေးရမည်ဆိုပါက ၂၀၃၀ ခုနှစ်အရောက်တွင် မီဂါဝပ် ၂၀၀၀၀ ခန့်ရှိမှုဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံတွင်ဈေးကွက်စီးပွားရေး တံခါးဖွင့်စီးပွားရေးဟုဆိုသော်လည်း လျှပ်စစ်ဓာတ်အားကို လုံလောက်အောင် မဆောင်ရွက်ပေးနိုင်သေးပါ။ မြို့ကြီးများ၌ ၁၅ ရာခိုင်နှုန်း၊ နယ်မြို့များ၌ ၁၀ရာခိုင်နှုန်း နှစ်စဉ်တိုးတက်လိုအပ်နေပါသည်။ ဤလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည့် ဈေးအသက်သာဆုံး ထုတ်လုပ်နိုင်သူမှာ ရေအားလျှပ်စစ်သာဖြစ်ပေသည်။

ပြည်ပမှလာသော ကုမ္ပဏီတော်တော်များများသည် အစိုးရနှင့်ပူးပေါင်း၍ လျှပ်စစ်ဓာတ်ကိုရောင်းချလိုကြသည်။ ယင်းတို့သည် တစ်ယူနစ်လျှင် ၁၂၀-၁၃၀-၁၄၀ ထိနှုန်းအမျိုးမျိုးဖြင့်တင်ပြကြပါသည်။ အကယ်၍ ရေအားလျှပ်စစ်ကိုရအောင် အကောင်အထည်ဖော်ကြမည်ဆိုပါက တစ်ယူနစ်လျှင် ၈၀ ခန့်သာ ပေးရပေလိမ့်မည်ဖြစ်သည်။

ရေအားလျှပ်စစ်(မြစ်ဆုံးစီမံကိန်း)ကို အမြန်ဆုံးပြန်လည်အကောင်အထည်ဖော်မည်ဆိုပါလျှင်လည်း ၈ နှစ်မှ ၁၀ နှစ်ခန့်အထိကြာမှ ပြီးမြောက်ခြင်းရောက်၍ အသီးအပွင့်ခံစားရမည်ဖြစ်သည်။ ရေအားလျှပ်စစ်ကို မြန်မာပြည်၌ ကြီးကြီးမားမားထိထိရောက်ရောက် အကောင်အထည်ဖော်မည်ဆိုပါက ရောဝတီမြစ်မှတစ်ပါး အခြားမည်သည့်မြစ်မှရှိမည် မဟုတ်ပါ။

မြစ်ဆုံစီမံကိန်းကို တရုတ်က ၈၀ ရာခိုင်နှုန်းပါဝင်နေ၍ သဘောမတူကန့်ကွက်သည်ဆိုပါက ပြည်တွင်း၌မည်သည့်ကုမ္ပဏီက ဆောင်ရွက်နိုင်ပါသနည်း။ တစ်ဦးတည်းမရလျှင် စုပေါင်းရှယ်ယာဖြင့်ဆောင်ရွက်နိုင်ကြမည်ဆို

ပါက အတိုင်းထက်အလွန်ဆိုရပေမည်။

**နိဂုံးချုပ်**

မြန်မာနိုင်ငံ၏လျှပ်စစ်လိုအပ်ချက် အခက်အခဲကိုဖြေရှင်းရမည်မှာ မည်ကဲ့သို့သော အရင်းအမြစ်များကိုသုံးသင့်ကြောင်း အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်ညှိနှိုင်းလျက် အစိုးရအဖွဲ့သည် ပြည်သူတို့ ရဲရဲတင်းတင်းပွင့်ပွင့်လင်းလင်းချပြပြီး ရှင်းလင်းပြရပေလိမ့်မည်။ လုပ်သင့် လုပ်ထိုက်သောအလုပ်လည်းဖြစ်ပြီး လုပ်လျှင်လည်း တကယ်အကျိုးကျေးဇူးရှိမည့်အလုပ်ကို အချိန်မဆိုင်းဘဲ လုပ်ဆောင်နိုင်သောအကျိုး အမြန်ဆုံးခံစားနိုင်မည်ဖြစ်ပါသည်။

**'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်'**

**သောင်းညွှန့်သွင်(သရက်)**

**လူမှုထူးချွန်(တတိယဆင့်)**

**စာကိုး–**

(၁) တည်ထွင်မှုများသမိုင်း၊ မောင်ဆုရှင်(၁၉၇၅ စာပေဗိမာန်)

(၂) လောပီတ ရေအားလျှပ်စစ်၊ ပြန်ကြားရေးစာစဉ်(၂၂)

(၃) မြစ်ဆုံစီမံကိန်းနှင့်တရုတ် (မောင်မောင်စိုး)

(၄) မှန်ကန်သောရွေးချယ်မှုမှသည် တောက်ပသောအနာဂတ်ဆီသို့ (မောင်သာထွေး–မန္တလေး)

(၅) မြန်မာတိုင်းမ်နေ့စဉ်(မျူးအိန်ဂျယ်)၏ ''အရှုံးခံခြင်းမရှိဘဲ လုပ်ငန်းရှင်နှင့် ပြည်သူစွမ်းအားပြည့်၍အာမခံချက်ရှိသည့် လျှပ်စစ်မီးရရှိရေးကြိုးပမ်းမည်။



# မေဒီရင်ဘာ ၏ ဘဝနှင့်စာပေ

အမည်ရင်း မဝါဝါနိုင်အား ၁၉၇၇ ခုနှစ်တွင် လက်ပံတန်း မြို့နယ်၌ မွေးဖွားခဲ့သည်။ အထက(၂) လက်ပံတန်းမြို့တွင် ပညာသင်ကြားခဲ့ပြီး စာပေလောကသို့ ၂၀၀၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည်။ ဂျာနယ်တွင်စတင်ရေးသားခဲ့ပြီးနောက် သာကီသွေးဂျာနယ်တွင် အပတ်စဉ်ရေးသားခဲ့သည်။ Save the Children ၏ ပံ့ပိုးမှုဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်းကောင်း Marie Stope တွင် လည်းကောင်း စေတနာ့ဝန်ထမ်းအဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယခုအခါ PSI (Population Service International) TB ရောဂါတိုက်ဖျက်ရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

(Save the Children Myanmar Population Services International Marie Stopes Myanmar)

စီးပွားရေး

# ရောင်းကုန်ထဲမှာ လူမပါ

မေဒီဇင်ဘာ

**နိဒါန်း**

ယခုအခါလူကုန်ကူးခြင်းသည် စီးပွားရေးအလုပ်တစ်ခုအဖြစ် တွင်ကျယ်လာရာ၊ လူလူချင်းခေါင်းပုံဖြတ်ခြင်းခံနေရသည်။ လူကိုရောင်းကုန်တစ်ခုအဖြစ် မှတ်ယူရောင်းချခြင်းမှာ ဗြဟ္မစိုးတရားကင်းခြင်းဖြစ်သည်။ မေတ္တာတရားထွန်းကားရမည့်အချိန်၊ မေတ္တာကင်းမဲ့ခြင်းမှာ မလိုလားအပ်ပေ။ လူကိုလူလိုမြင်နိုင်စေရန် ဤစာတမ်းကိုတင်သွင်း ဖတ်ကြားအပ်ပါသည်။

ယနေ့ကာလသည် လူဦးရေ သန်း ၅၀ ကျော်ထိထိုးတက်လာခဲ့သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ လူဦးရေသည်လည်း ပင်လုံစာချုပ်ရေးထိုးခဲ့သောခုနှစ်ထက် အဆပေါင်းများစွာတိုးတက်လာခဲ့သည်။ လူတို့၏လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုကျယ်

## စာပေပန်းခင်းရနံ့သင်း

မြန့်သောပုံစံဖြင့် နက်ရှိုင်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာ လုပ်ဆောင်နေသော အချိန်ဖြစ်သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံတွင်ကျင်းပခဲ့သော ဖဆပလညီလာခံကြီးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "လူမျိုးဆိုသည်မှာ ဒုက္ခ၊ သုခအတူခံစား၍ နီးနီးစပ်စပ်ထားရှိသူတို့ကို အရေးသားထားရမည်ဖြစ်သော်လည်း စင်စစ်မှာမူ အေးအတူပူအမျှကောင်းတူဆိုးဖက်ပူးပေါင်းလျှက် နေလိုသောဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏" ဟု ဟောပြောခဲ့ဖူးပါသည်။

အမျိုးအနွယ်ကို စောင့်ထိန်းခြင်းဘာသာကို တန်ဖိုးထားခြင်း၊ လွတ်လပ်၍တရားမျှတမှုကိုမြတ်နိုးခြင်းဟူသော စကားလုံးတိုင်းသည် ယနေ့ခေတ်၏ဖွံ့ဖြိုးတိုးတက်လာသော လူနေမှုအကျင့်စရိုက်များကြားတွင် ကွက်ကျားမိုးဖြစ်နေခဲ့သည်။ တစ်ဦးချင်းစီမှ အခြားတစ်ဦး(သို့) နိုင်ငံတော်အဆင့်ထိ ကုပ်သွေးစုပ်လာကြသည်။ မိမိအကျိုးအမြတ်အတွက်သက်မဲ့အရာဝတ္ထုပစ္စည်းများကိုသာမက လူကိုပါရောင်းကုန်သဖွယ်ပြုလုပ်ကာ ခေတ်သစ်ကျေးကျွန်စနစ်ကို အသက်သွင်းလာကြသည်။ 'မြေမျိုး၍ လူမျိုးမပျောက်၊ လူမျိုးမှ လူမျိုးပျောက်' ဟူသည့် လူကုန်ကူးခြင်းသည်ပြီ နေရာဒေသ၊ လူမျိုး ဝါသနာလိုက်၍ မတူကွဲပြားသောပုံစံဖြင့် တွင်ကျယ်ကြသည်။

တိုင်းပြည်တစ်ခု၏ အရင်းအမြစ်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များအား မသမာသူတို့နည်းမျိုးစုံဖြင့် အမြတ်ထုတ်ကြသည်။ ကလေးသူငယ်များနှင့် အမျိုးသမီးများအား မက်လုံးပေးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲသော အခြေအနေများကို အသုံးချခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခြင်း၊ ဟန်ဆောင်လက်ထပ်ခြင်းတို့ဖြင့် မိမိနိုင်ငံအတွင်း(သို့) နိုင်ငံပြင်ပသို့ လူကုန်ကူးလေ့ရှိကြသည်။

ငယ်ရွယ်သော လူလတ်အမျိုးသားများနှင့် ကျောင်းပြင်ပရောက်ရှိသွားသောလူငယ်များသည် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်မည်၊ လစာပိုရမည်၊ အတွေ့အကြုံသစ်များရရှိမည်။ မိမိတို့၏ဘဝများလပိုင်း၊ နှစ်ပိုင်းအတွင်းပြောင်းလဲသွားမည်ဟူသော မက်လုံးများကြောင့် ငါးဖမ်းသင်္ဘောများ၊ ရာဘာခြံလုပ်ငန်းများနှင့် သားသတ်ရုံတို့တွင် တိရစ္ဆာန်နှင့်မခြား၊ လုပ်အားခခေါင်းပုံဖြတ်ကာ လူကုန်ကူးခံကြရသည်။

## လူကုန်ကူးခြင်း

လူကုန်ကူးခြင်းသည် လူကိုရောင်းစားခြင်းဟုသာ အများကထင်မြင်ယူဆကြသော်လည်း အမှန်တကယ်လူကုန်ကူးခြင်းဆိုသည်မှာ လူတစ်ဦးသည် အခြားသူတစ်ဦး၊ အမျိုးသား၊ အမျိုးသမီး၊ ကလေးစသည်တို့အား လုပ်အားကိုဖြစ်စေ ထိုသူ၏လိင်(ကာမ)ကိုဖြစ်စေ လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းဖြစ်သည်။

ဤနေရာတွင် လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကူးခြင်း ခြားနားပုံကိုရှင်းပြလိုပါသည်။ အခကြေးငွေယူ၍ဖြစ်စေ၊ လက်ဆောင်လာဘ်ပေးလာဘ်ယူခြင်းဖြစ်စေ၊ ရာထူး၊ အာဏာ၊ လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ဖြစ်စေ၊ စာရွက်စာတမ်းများအတုပြုလုပ်၍ဖြစ်စေ၊ မိမိနိုင်ငံပြင်ပသို့ တရားမဝင်သောနည်း လမ်းတို့ဖြင့် ရွှေ့ပြောင်းသော နိုင်ငံကျော်ဖြတ်မှုဖြစ်သည်။ ၎င်းသည် နိုင်ငံတော်အပေါ် ကျူးလွန်ခြင်းဖြစ်သည်။ လူစုဆောင်းခြင်းတွင် လူတစ်ဦး(သို့) လူတစ်စုသည် ငွေကြေး (သို့) လုပ်အားခတို့ဖြင့် မက်လုံးပေးစည်းရုံးကာ၊ လူမှောင်ခိုကူးသူနှင့် လူကုန်ကူးသူတို့အတွက် အလုပ်လုပ်ပေးသော လူပွဲစားများဖြစ်သည်။

မိမိရပ်ရွာ နေထိုင်ရာဒေသတို့တွင် လူပွဲစားတို့သည်၊ ပုံစံအမျိုးမျိုးဖြင့် လူစုဆောင်းလေ့ရှိသည်။ ပွဲစားတို့သည် မိမိနှင့်မိမိ၏မိဘများ၊ ဆွေမျိုးသား

များ၊ ရင်းနှီးသော သူငယ်ချင်းမိတ်ဆွေများအကူအညီဖြင့် မိမိအားစည်း ဆောင်းတတ်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါး ရပ်တည်ရန်ခက်ခဲသော အသက်(၁၂)နှစ်၊ (၁၃)နှစ်အရွယ် မိန်းကလေးများ၊ အုပ်ထိန်းမှုကင်းမဲ့နေသောကလေးများကို ကျောင်းထားပေးမည်၊ မွေးစား ယ်ဟုလိမ်လည်ခေါ်ယူပြီး လက်တွေ့တွင်မူ ထိုကလေးများသည် ခွေးစာကျွေး သောကလေး၊ အိမ်အကူလုပ်ရသောကလေးများဖြစ်သွားပြီး ကလေးတစ် ယောက်၏ ဆော့ကစားခြင်းနှင့် လွတ်လပ်ခြင်းတို့ကို ဆုံးရှုံးရုံသာမက လူရော စိတ်ပါ ငရဲခန်းသို့ရောက်ကြရသည်။ အိမ်ရှင်ခိုင်းသောအလုပ်ကို မလုပ်နိုင် ၍ဖြစ်စေ ထိုအိမ်တွင်မနေနိုင်၍ ထွက်ပြေးရန်ကြံစည်လျှင်ဖြစ်စေ အိမ်ရှင် နှိပ်စက်ခြင်းကိုခံရသည်။ ရေနွေးပူဖြင့်ပက်ခြင်း၊ မီးပူဖြင့်ကပ်ခြင်း၊ သံကြိုး ဖြင့်ရိုက်ခြင်း၊ ထမင်းမကျွေးခြင်း၊ တစ်ညလုံးမအိပ်စက်ဘဲနေစေခြင်း စသည် ဖြင့် ကလေး၏ရုပ်ပိုင်း၊ စိတ်ပိုင်းကိုသာမက လုပ်အားကိုပါ ခေါင်းပုံဖြတ်အမြတ် ထုတ်ခြင်းဖြစ်သည်။

## လက်တွေ့ကြုံရသည့် သာဓက

အသိဉာဏ်ပညာမစုံသေးခင် အိမ်ထောင်ပြုကြသော ငယ်ရွယ်သူမိန်းက လေးများသည် စီးပွားရေးကျပ်တည်းပြီး ကြွေးမြီတင်လာကြသောအခါ မိမိ တို့အဆင်ပြေနိုင်မည့် လွတ်လမ်းကိုလိုက်ကြခြင်းဖြင့် လူကုန်ကူးသူတို့၏ သား ကောင်ဖြစ်သွားရသည်။ သာဓကတစ်ခုပြပါမည်။ မငြိမ်းငြိမ်း(အမည်လွှဲ)သည် ရွှေလီရှိထမင်းဆိုင်တွင် ထမင်းချက်အလုပ်ကိုတစ်လလျှင် စားစရိတ်ငြိမ်း (ငွေတစ်သိန်း)ဖြင့် အလုပ်လုပ်ရမည်ဟူသော စကားကိုယုံစားမိပြီး အလုပ် လုပ်ရန်လိုက်သွားမိရာ တရုတ်နိုင်ငံသို့ တရုတ်မယားငယ်အဖြစ် ရောင်းချခြင်း ခံရသည်။ သူသားမယားဖြင့် ကလေးတစ်ယောက်မွေးပေးပြီးလျှင် မြန်မာ

နိုင်ငံသို့ပြန်ပို့ပေးမည်ဟုပြောသော်လည်း မငြိမ်းကငြင်းဆန်သောကြောင့် နှိပ်စက်ခြင်းကိုခံခဲ့ရသည်။

သားဖြစ်သူ တရုတ်ကောင်လေးမှာ ဉာဏ်ရေနိမ့်ပါးသောကြောင့် ကလေးရရန်ခက်ခဲကြောင်းကို ထိုကောင်မလေး၏ အဖေဖြစ်သူသိရှိသောအခါ သူကိုယ်တိုင်ပင် မငြိမ်းနှင့်ကလေးရရန် ကြိုးပမ်းလေတော့သည်။ မငြိမ်းသည် အိမ်ရှင်များအလစ်တွင်ထွက်ပြေးပြီး မီးရထားဘူတာရုံတစ်ခုအနီးသို့ ရောက်ရှိသွားလေသည်။ ဘူတာရုံအနီးရှိ ထမင်းဆိုင်က ခေါ်ယူစောင့်ရှောက်ထားဟန်ပြုပြီး တဖန်မူးယစ်ဆေးရောင်းဝယ်ရာတွင် အသုံးချခဲ့ပြန်သည်။ မူးယစ်ဆေးသုံးစွဲခဲ့ပြီး မငြိမ်းအား လူမဆန်အောင်နှိပ်စက်ကြပြန်သည်။ မငြိမ်းနှင့် ဘဝတူ ထိုအိမ်မှ မအိထွက်ပြေးလွတ်မြောက်ပြီး မအိက အဘိုးဖြစ်သူနှင့် ရဲစခန်းသို့သွားရောက်တိုင်ကြားခဲ့ပြီး ဆက်လက်ဆောင်ရွက်ခဲ့ရာ နောက်ဆုံးတွင် မငြိမ်းတစ်ယောက်လွတ်မြောက်ခဲ့ပါသည်။

အသက်(၁၉)နှစ်အရွယ်မငြိမ်းသည် အသက်(၂၅)နှစ်ပြည့်မှသာ မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင်အိမ်ပြန်ရောက်ခဲ့သဖြင့် ၆ နှစ်ကြာကြာ တရုတ်မယားအဖြစ် လူကုန်ကူးခံခဲ့ရခြင်းဖြစ်သည်။

**တာဝန်သိသိ ကာကွယ်ကြဦး**

မိဘပိုင်ဝန်းကျင်တွင် ငယ်ရွယ်သောစုံတွဲများ၊ အိမ်ဌားနေရန်အကူအညီတောင်းခြင်း၊ မိဘဆွေမျိုးများမရှိ ဤအရပ်တွင်စီးပွားလုပ်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ရောက်လာသော တစ်ကိုယ်တည်း လူပျိုကြီးဆိုသူများ၊ မိဘများမှမိမိဖြစ်ချင်သော (အဆိုတော်၊ သရုပ်ဆောင်)အလုပ်ကိုခွင့်မပြု၍ နယ်မှစွန့်စားထွက်လာပါသည်ဆိုသော ရုပ်ရည်ချောမောသည့် လူငယ် (မိန်းကလေး၊ ယောက်ျားလေး)များအား အယုံမလွယ်ရန် သတိပေးလိုက်ပါသည်။

## စာပေပန်းခင်းရနံ့သင်း

အချို့လူကုန်ကူးသူများတွင် လူကုန်ကူးပြစ်မှုများတွင် တစ်ခါတစ်ရံ မိဘများပါဝင်ပတ်သတ်နေတတ်သည်။ လုပ်အားခ ကောင်းကောင်းရမည်။ နေစရာစီစဉ်ပေးမည်။ ကျန်းမာရေး ဆေးကုသခွင့်ရှိသည်ဟူသော လူကုန်ကူးသူများ၏ စကားလုံးများကြောင့် မိဘများကိုယ်တိုင်တိုက်တွန်းချက်ကြောင့်ပင် လူကုန်ကူးခံရသော သားကောင်များဖြစ်သွားတတ်သည်။ သားသမီးများမှ မိမိလုပ်သောအလုပ်မှာ အဆင်မပြေ၍ မိဘအိမ်ပြန်လာချင်သော်လည်း၊ မိဘများမှ စီးပွားရေးအဆင်မပြေမှုများကိုအကြောင်းပြ၍ ထိုနေရာတွင်ပင် ဆက်လက်လုပ်ကိုင်ရန်တိုက်တွန်းပြီး လုပ်ကိုင်စေသည်။ လူတစ်ဦးတစ်ယောက်၏ မွေးရာပါလူ့ဂုဏ်သိက္ခာနှင့်အညီနေထိုင်သော ကြောက်ရွံ့ခြင်းကင်းသည့် လူ့အခွင့်အရေးများကို ကြီးမားစွာချိုးဖောက်ခြင်းများဖြစ်ပေါ်စေပြီး လူကုန်ကူးခြင်းတွင် အားပေးကူညီသူများဖြစ်သွားတတ်သည်ကို သတိပြုမိကြစေလိုပါသည်။

## နိဂုံးချုပ်

အချုပ်အားဖြင့်လူကုန်ကူးခြင်းသည် လူလူချင်းခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းဖြစ်သည်။ ထိုအရာသည် ယခုမှဖြစ်ပေါ်သည်မဟုတ်ဘဲ ရှေးယခင်ကတည်းကရှိခဲ့ခြင်းကြောင့် ယနေ့ထိတွင်ကျယ်နေခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူတို့သည် တရုတ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့သို့ အများဆုံးတင်ပို့ခံကြရသည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့တွင် မြန်မာလူငယ်ကလေးများအား ငါးဖမ်းစက်လှေနှင့်သင်္ဘောတို့တွင် ရေလုပ်သားအဖြစ်လည်းကောင်း၊ စက်ရုံအလုပ်ရုံတို့တွင် အလုပ်သမားအဖြစ်လည်းကောင်း၊ ပြည့်တန်ဆာအဖြစ်လည်းကောင်း၊ လုပ်အားလုပ်ခ၊ လိင်ပိုင်းခေါင်းပုံဖြတ် အမြတ်ထုတ်ရသည်။

အခြားနိုင်ငံများတွင် အလုပ်သွားရောက်လုပ်ကိုင်နေသော မြန်မာလူမျိုး

အိမ်ဖော်များအလုပ်သမားများအချို့သည် အလုပ်လုပ်သော အိမ်ရှင်၏ နှိပ်စက်ခြင်း၊ အမှုဆင်ဖမ်းခံရခြင်းတို့သည် ရောင်းကုန်ဖြစ်သွားသော မြန်မာတို့၏အရင်းအမြစ် မြန်မာသားကောင်း သမီးပျိုများပင်ဖြစ်သည်။ ကောင်းကောင်းနေ ကောင်းကောင်းစားပြီး မြန်မာငွေသိန်းငါးဆယ်၊ သိန်းခြောက်ဆယ်ကို တစ်နှစ်နေလို့ရနိုင်ပါ့မလားဟူသော လူပွဲစားတို့၏မက်လုံးများကြောင့် နေ့ဘက်တွင် စိုက်ခင်းများတွင်အလုပ်လုပ်ရသော မြန်မာမလေးများသည်လည်းကောင်း၊ ညဘက်တွင် တရုတ်၏သားဖောက်စီမံကိန်းမှ စက်ရုံသဖွယ်ဆက်ဆံခံခဲ့ရသော အစ်မ၊ ညီမလေးတို့သည် မြန်မာတို့၏ ကျေးလက်လုံမပျိုလေးများပင်ဖြစ်နေကြသည်ကို ရင်နာသဖွယ်တွေ့ကြရသည်။ ရောမခေတ်ကျွန်မပိုင်ရှင်များမှ ကျွန်များကိုလေလံတင်ရောင်းဝယ်ခဲ့သော ကျွန်ဈေးကွက်ကြီး ယနေ့ထိစည်ကားလျက်ရှိသည်ဟုပင် တွေးတောမိသည်။

လူတိုင်းကျန်းမာသုခပြည့်စသော ဘဝကိုပိုင်ဆိုင်လိုကြသော်လည်း မိမိအခွင့်အရေးအတွက် အခြားသူ၏အခွင့်အရေးကို ထိခိုက်ကျိုးပဲ့စေနိုင်သောလုပ်ရပ်များကို ရှောင်ရပါမည်။ ဒီမိုကရေစီဟူသည် မိမိအကျိုးစီးပွားဖော်ဆောင်ရာတွင် သူတစ်ပါးအကျိုး မထိခိုက်စေခြင်းဖြစ်သည်။ မွေးပျံ့သောရနံ့နှင့် သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးသို့ဖြန့်ကြက်ပြီး မွေးပျံ့သောကောင်းခြင်းမင်္ဂလာကို ဖြစ်စေသည်။ လူသားအားလုံးဘေးရန်ကင်းပြီး 'ရောင်းကုန်ထဲမှာလူမပါ' ကြောင်း အသိတရားလက်ကိုင်ထားကာ ထိတ်လန့်ခြင်းနှင့် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် လူကုန်ကူးသောသူများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်ပါစေကြောင်း ဆန္ဒပြုရင်း။

**မေဒီဇင်ဘာ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တောတိုက်ရပ်ကွက်ရှိ ပြည်သူများစာပေဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု



# ခင်ညိုညိုမြင့်၏ ဘဝနှင့်စာပေ

အမည်ရင်းမှာ ဒေါ်ခင်ညိုညို၊ ကလောင်အမည်မှာ ခင်ညိုညိုမြင့်ဖြစ်ပြီး ရခိုင်ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ အဘ ဦးခင်မောင်၊ အမိဒေါ်ခင်မြင့်တို့က ၁၉၅၅ ခုနှစ်တွင် မွေးဖွားသည်။ ၁၉၇၉ တွင် ဝိဇ္ဇာဘွဲ့(သမိုင်း)ရရှိပြီး၊ မူလတန်းပြ၊ အလယ်တန်းပြ ဆရာမအဖြစ် လုပ်သက်နှစ် ၂၀ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ခင်ပွန်းမှာ ရဲမှူးကြီး ကျော်စိုးဖြစ်ပြီး၊ သားဖြစ်သူ ဒေါက်တာစိုးလူကျော်(အထူးကုဆရာဝန်၊ ဇမ္ဗူသီရိဆေးရုံကြီး)တို့ဖြစ်သည်။ မိသားစုနှင့် ခရပေရိပ်မွန်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်ပါသည်။ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် စာပေများဆက်လက်ရေးသားလျက်ရှိပါသည်။ ၂၀၀၄ ခုနှစ်တွင် ယဉ်ကျေးမှုအနုပညာဆိုင်ရာ စာပေဗိမာန်တာတိယဆုရရှိခဲ့ပါသည်။

စီးပွားရေး

# တရုတ်စီးပွားရေး တိုးတက်လာရခြင်းအုတ်မြစ်

ခင်ညိုညိုမြင့်

**နိဒါန်း**

ကျွန်မ ဒီနေ့တရုတ်ပြည်စီးပွားရေးတိုးတက်လာရခြင်းအုတ်မြစ်ဆိုတဲ့ စာတမ်းလေးနဲ့ ဆွေးနွေးပါရစေ။

ကျွန်မ တရုတ်ပြည်စီးပွားရေးအကြောင်း ဆွေးနွေးရတဲ့ရည်ရွယ်ချက်က လေး ဦးစွာတင်ပြပါရစေရှင့်။ တရုတ်ပြည်ကြီးဟာ တစ်ချိန်က ကျွန်မတို့နိုင်ငံလို ဆင်းရဲနိမ့်ကျတဲ့နိုင်ငံတစ်ခုပါ။ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော်က တရုတ်ပြည်မှာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ပြောင်းလဲကျင့်သုံးခဲ့တဲ့ နိုင်ငံရေးဝါဒအရ တရုတ်ပြည်တိုးတက်မှု၊ စီးပွားရေးဦးမော့လာမှုတွေကြုံရတဲ့သင်ခန်းစာကို ကျွန်မလက်ဆင့်ကမ်းမျှဝေချင်လို့ပါပဲ။

ဒီနေ့မြန်မာနိုင်ငံသားတိုင်းရင်းမှာ နက်နက်ရှိုင်းရှိုင်းခံစားနေရတာက

## စာပေပန်းခင်းရနံ့သင်း

နိုင်ငံဆင်းရဲမွဲတေမှုအပေါ်အားငယ်စိတ်၊ ဘဝင်မကျ၊ သိမ်ငယ်စိတ်တွေနဲ့ ရှင်သန်နေကြရပါတယ်။ နိုင်ငံသားတိုင်းကို ကျွန်မစာပေစကားဝိုင်းကတစ်ဆင့် 'တို့နိုင်ငံလည်း ကြိုးစားရင်ကြွယ်ဝချမ်းသာလာနိုင်ပါတယ်' ဆိုတဲ့ သတင်းစကားလေးကို အမှာပေးချင်ပါတယ်။ စာပေမောင်နှမများလည်း ထပ်ဆင့်ဆွေးနွေးစရာရှိရင် ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါရစေ။

နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းအုပ်ချုပ်ပုံမူဝါဒ၊ တောင့်တင်းသောအစိုးရအဖွဲ့နှင့် နိုင်မာသောဥပဒေရှိရင် ဖွံ့ဖြိုးတိုးတက်နိုင်တယ်လို့ တရုတ်ခေါင်းဆောင်ကြီး တိန်ရှောင်ဖိန်က လက်တွေ့ပြသခဲ့ပါသည်။ ၁၉၇၈ ခုနှစ်မှာ တရုတ်ခေါင်းဆောင်ကြီးတိန့်က အာဏာရခဲ့တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွေကိုပြင်ဆင်ခဲ့တယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ၊ စက်ရုံတွေ လာရောက်ရင်းနှီးမြှုပ်နှံကြလို့ တရုတ်စီးပွားရေးငှက်ကြီး ကမ္ဘာကိုလွှမ်းမိုးပျံသန်းနိုင်ခဲ့ဖူးတယ်ဆိုတာ သာဓကထင်ရှားရှိခဲ့ပါတယ်။

### တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးလမ်းကြောင်းဆီသို့

ကျွန်မတရုတ်ပြည်မှ အတုယူဖွယ်ပုံရိပ်များကို တင်ပြပါရစေ။

တရုတ်ပြည်ကြီးအဆိုအရ ဆိုရှယ်လစ်စီးပွားရေးပုံစံလို့ ဆိုထားပေမယ့် အနောက်နိုင်ငံများကတော့ တရုတ်ပြည်ဟာ အရင်းရှင်စီးပွားရေးဝါဒလမ်းစဉ်ကျင့်သုံးကျတယ်လို့ သတ်မှတ်ကြပါတယ်။ စီးပွားရေးပညာရှင်တွေကတော့ ယနေ့တရုတ်နိုင်ငံမှာ စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ဖွံ့ဖြိုးနေတယ်လို့ သုံးသပ်ကြပါတယ်။

ကျွန်မ ၂၀၁၅ ခုနှစ်က တရုတ်ပြည်ပေကျင်းမြို့နဲ့ ကူမင်းမြို့ဆီ အလည်အပတ်တစ်ပတ်သွားရောက်နေထိုင်ခဲ့ဖူးပါတယ်။ ဥရောပနိုင်ငံများလည်း ရောက်ခဲ့ဖူးပါတယ်။ အာရှနိုင်ငံဖြစ်တဲ့ တရုတ်ပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ သစ်လွင်

တောက်ပမှုတွေနဲ့ အံ့မခန်းစရာတွေချည်းလို့ပဲ ကျွန်မမြင်တွေ့သုံးသပ်ခဲ့ရပါသည်။

နေရာတကာ မိုးပျံတိုက်တွေက မှိုတွေအလေ့ကျပေါက်သလို ဟိုတစ်စု၊ သည်တစ်စုရှိနေ မြင်နေခဲ့ရပါတယ်။ မိုးပျံကားလမ်း၊ ရထားလမ်းသုံးဆင့်လေးဆင့်မကပါဘူး။ စိမ်းလန်းတဲ့ပန်းအလှတွေက လမ်းနံဘေးမှာ တစ်ထပ်နှစ်ထပ်မက လေးငါးထပ်ဝိုင်းရံထားပါတယ်။ တံတားတွေ၊ ဥမင်လိုဏ်ခေါင်းတွေဆိုတာ အံ့မခန်းအောင်မြင်တွေ့ခဲ့ရတာ တရုတ်ပြည်ပုံရိပ်ပါပဲ၊ အာရှတိုက်က အားကျစရာကောင်းတဲ့ တိုးတက်သစ်လွင်မှုတွေချည်းပါပဲ။

တောင်တွေ့လမ်းဖောက်၊ ချောင်းမြင်တံတားဆောက်တာဟာ တရုတ်ပြည်ဆက်သွယ်ရေးအားသာချက် စီးပွားရေးကွန်ယက်ကနေ တရုတ်ကုန်စည်စီးဆင်းရေး လွယ်ကူလျင်မြန်လာတာက ဖွံ့ဖြိုးမှုအစပါလို့ တရုတ်ပြည်ကမိတ်ဆွေအချို့က ပြောခဲ့ပါတယ်. . .။

ယနေ့ တရုတ်ပြည်ကြီး ချမ်းသာကြွယ်ဝလာတဲ့ပမာဏဆီဆိုက်ရောက်လာတဲ့အကြောင်းတရားကို အမေရိကန်စာရေးဆရာ Ted C FISHMAN ရေးသားခဲ့တဲ့စာအုပ် ဗဟုသုတအမြင်လေးတွေကို ကျွန်မထပ်ဆင့်ဆွေးနွေးပြပါရစေ။ 'CHINAING ; HOW OF NEXT SUPER POWER CHAKKENGES AMERICAN AND THE WORLD'ဆိုတဲ့စာအုပ်ကို ဆရာဦးအောင်နိုင်က ဘာသာပြန်ဆိုရေးသားချက်တွေ တင်ပြပါရစေ။

၁၆ ရာစုမတိုင်မီက တောက်လျှောက်အချမ်းသာဆုံးအကြွယ်ဝဆုံးနိုင်ငံအဖြစ်ရပ်တည်ခဲ့တဲ့ အင်ပါယာခေတ်သမိုင်းတွေ တရုတ်ပြည်မှာရှိခဲ့ပါတယ်၊ ကောင်းစားတဲ့ခေတ်ရှိသလို ကံဆိုးမိုးမှောင်ကျတဲ့ အတိတ်ကာလကိုလည်း တရုတ်နိုင်ငံနဲ့လူမျိုးတွေ ကျော်ဖြတ်ခဲ့ရပါတယ်။ ပဒေသရာဇ်နိုင်ငံငယ်လေးတွေအဖြစ် အစိတ်စိတ်အမွှာမွှာ အင်အားပြိုကွဲခဲ့ရသလို တရုတ်ပြည်အပေါ် အင်္ဂလိပ်

## စာပေပန်းခင်းရနံ့သင်း

တို့ရဲ့ဘိန်းစစ်ကြောင့်လည်း တရုတ်ပြည်အင်အားချိနဲ့စေခဲ့ရတာပါ။ ပြည်ပ ကျူးကျော်စစ်တွင် အကြိမ်ကြိမ်ဆင်နွှဲခံရပြီးနောက်မှာ တရုတ်ပြည်ကြီးဟာ ဆင်းရဲသမားဘဝနဲ့ပဲ ဆင်းရဲတဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်နိမ့်ကျစွာနေခဲ့ရတာ နှစ်ပေါင်း ၂၀၀ လောက်ကြာခဲ့ပါတယ်။

စာရေးဆရာ အာသန်စမစ်က နိုင်ငံကြွယ်ဝချမ်းသာခြင်းသီအိုရီတဲ့စာအုပ် မှာ တရုတ်ပြည်အတိတ်ကာလကို ယခုလိုဝေဖန်ထားခဲ့ဖူးပါတယ်။

အစောပိုင်းကာလတွင် တရုတ်ပြည်သည်ဥပဒေနှင့် ဖွဲ့စည်းပုံစနစ်အရ ချမ်းသာကြွယ်ဝသည့်ပမာဏသို့ ဆိုက်ရောက်ခဲ့ဖူးပါတယ်။ နောက်ပိုင်း ကာလတွင် တိုးတက်မှုများရပ်တန့်ဆုတ်ယုတ်သွားရသောအကြောင်းမှာ ဖွဲ့စည်းပုံဥပဒေကို အောက်ပါအချက်များနှင့် လဲလှယ်ရသောကြောင့် ဖြစ်ခဲ့ပါ၏။

## တိန်ရှောင်ဖိန်၏ပြောင်းလဲသော စီးပွားရေးမူဝါဒ

မြေကြီး၊ ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေကြောင့် စိုက်ပျိုးရေးကျဆင်း လာရခြင်း၊ ကူးသန်းရောင်းဝယ်ရေးကို လျစ်လျူရှုထားခြင်းသည် တရုတ် ပြည်စီးပွားရေးဆုတ်ယုတ်ခဲ့ရသော အကြောင်းအရင်းပင်။ စိုက်ပျိုးရေးကဏ္ဍ နိမ့်ကျခြင်းအပြင် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတွင် ပိတ်ပင်တားဆီးမှုများ ကြောင့်ဟု ဆိုခဲ့ဖူးပါ၏။ ထိုစဉ်က တရုတ်ပြည်တွင် ဆိပ်ကမ်းတစ်ခု၊ နှစ်ခုသာ ဖွင့်လှစ်ခွင့်ပြုခဲ့ပါ၏။ ကူးသန်းရောင်းဝယ်ရေးဘောင်ကျဉ်းလာကာ တရုတ်ပြည် စီးပွားရေးတံခါးပိတ်ဝါဒကြောင့် ကူးသန်းရောင်းဝယ်ရေးပမာဏပါ များစွာ ကျဆင်းခဲ့ရခြင်းအချက် ရှိနေခဲ့သည်ပင်။

၁၉၇၈ ခုနှစ်မှာ တရုတ်ပြည်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က အကျိုး တရားရဖို့အတွက် အကြောင်းတရားကိုပြောင်းပြန်လှန်ခဲ့ပါတယ်၊ တံခါးပိတ်ဝါဒ ကြောင့် တရုတ်ပြည်စီးပွားရေးကျဆင်းခဲ့တဲ့အကြောင်းကို တံခါးဖွင့်ဝါဒနဲ့

တန်ပြန်ပြောင်းလဲကျင့်သုံးလိုက်တာပါပဲ။ ၂၀၀၅ ခုနှစ်လောက်က တရုတ်ပြည်ထုတ်ကုန်ဟာ ကမ္ဘာရဲ့ ၁၀ ရာခိုင်နှုန်းရှိနေသေးသလို ဥရောပသားတစ်ယောက် ဝင်ငွေဒေါ်လာတစ်ရာရှိလျှင် တရုတ်လူမျိုးဝင်ငွေ ၇ ဒသမ ၅ ရာခိုင်နှုန်း ဒေါ်လာပဲရှိနေခဲ့သေးသည်။

ဒါပေမယ့် တရုတ်ပြည်တံခါးဖွင့်ဝါဒနဲ့တူ တရုတ်လူမျိုးတွေ နိုင်ငံကိုလုပ်အားနဲ့ထူထောင်ခဲ့ကြပါတယ်။ တရုတ်ပြည်သားတွေရဲ့ ကွန်မြူနစ်ဝါဒသဘောတရားတွေကလည်း တရုတ်လူမျိုးစိတ်ဓာတ်တွေမှာ ကိန်းအောင်းနေခဲ့တယ်၊ လက်၊ ခြေ၊ လုပ်အားကသာ လူကိုထမင်းကျွေးတယ်၊ 'မိမိကိုယ်သာကိုးကွယ်ရာ'ဆိုတဲ့ဝါဒဟာ ကွန်မြူနစ်သဘောတရားဆိုပေမယ့် လူထုအတွက် မောင်းနှင်အားဖြစ်စေခဲ့ဖူးတယ်၊ တိုင်းပြည်တိုးတက်ရေးဖွဲလုံလပါတဲ့ တရုတ်လူထုစိတ်ဓာတ်ပါပဲ။

ကျွန်မဒီနေရာမှာ တရုတ်လူမျိုးတွေနဲ့ အတွေးအခေါ်ပြုပြင်ပြောင်းလဲရေးပိုင်းကိုပါ အလေးထားဖော်ပြပါရစေ။ ကျွန်မမိတ်ဆွေကိုစိုင်းက ပြောပါတယ်။ သူငယ်စဉ်က ကူမင်းမြို့လေးဆီရောက်ခဲ့ဖူးတယ်။ ကူမင်းမြို့နဲ့ဈေးမှာ အမှိုက်သရိုက်များ၊ လူနေအိမ်များက အမှိုက်များကြားမှာ နောက်ဆုံးအိမ်သာတံခါးဖွင့် အိမ်သာတက်သူက အများကြီးလမ်းတကာ ချေးယိုသေးပေါက်မှုများနှင့် အမှိုက်ပုံကူမင်းကိုတွေ့ခဲ့ရသည်သာ။ ယနေ့တရုတ်ပြည်လူထုက စီးပွားရေးနဲ့အတူ စိတ်ထားပါပြောင်းလဲသွားခြင်းကို အတုယူဖွယ်ပုံရိပ်အသွင် ကျွန်မတို့တွေမြင့်ခဲ့ရပါပြီ။ တရုတ်ပြည်အဝေးပြေးလမ်းမ၊ တီယန်မီရင်ပြင်တွေမှာ အမှိုက်ကင်းစင်နေလို့ပါပဲ။

တရုတ်ပြည်ကြီးမှာ ခိုင်မာတဲ့အစိုးရအဖွဲ့၊ ဥပဒေနှင့်အတူ တိကျသော ကုန်သွယ်မှုနည်းဗျူဟာများနှင့် ရဲရဲချီတက်ခဲ့ကြချိန်ဖြစ်ပါတယ်။ နိုင်ငံတကာက နိုင်ငံရေးသုံးသပ်ချက်များရှိလေ့အတိုင်း သတိပြုဆင်ခြင်လာခဲ့ကြသည်မှာ

အချိန်ပြည့်ပင်။ နိုင်ငံတကာဝေဖန်မှုများတွင် တရုတ်ပြည်လယ်သမားဘဝ ရပ်တည်မှုကင်းမဲ့ပြီလား စသည့်နိုင်ငံတကာထိုးနှက်မှုများ ပလူပျံလာခဲ့သည် လည်းတွေ့ရပါ၏။

သို့သော် တရုတ်ပြည်ကြီးမှာ လုပ်ခလစာနည်းပါတဲ့ လုပ်သားလစာ၊ ခိုင်မာတဲ့အစိုးရအပေါ်မှုတည်ပြီး နိုင်ငံတကာက ကြီးမားတဲ့အရင်းအနှီးတွေ တလဟောဝင်လာခဲ့ရပါသည်။ တရုတ်ခေါင်းဆောင်ကြီးကလည်း နိုင်ငံတကာနည်းပညာရရှိရေးအတွက် တရုတ်သွေးသစ်လူငယ် သိန်းချီပြီးဖွံ့ဖြိုးပြီးသားနိုင်ငံတွေဆီ စာသင်လွှတ်ခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးစအရှိန်လေးရနေချိန်မှာပဲ နိုင်ငံတကာရောက် တရုတ်လူမျိုးတွေပြန်ဝင်လာကြဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်။ နည်းပညာအရင်းအနှီးတွေယူလာပြီး ပြည်မကြီးမှာ မြုပ်နှံရင်းနှီးကြပါ။ စက်ရုံမြေနေရာပေးပါမယ်ဆိုပြီး စီးပွားရေးတံခါးဖွင့် ကြိုဆိုခဲ့ပါတယ်။

ဒီတော့ နိုင်ငံတကာအရင်းအနှီးတွေ၊ စက်ရုံတွေ တရုတ်ပြည်ကြီးမှာ ဘွားကနဲဘွားကနဲဖြစ်ထွန်းလာပါလေရာ၊ အစိုးရကလည်း တရုတ်ပြည်တိုးတက်ရေးတိမ်းချော်မသွားစေဖို့ ဥပဒေကိုဒေါက်တိုင်ပြုရပ်တည်ပေးခဲ့ပါတယ်။ တရုတ်ပြည်ကြီးမှာ ရိုးရာဖန်လုပ်ငန်း၊ မှန်လုပ်ငန်းလုပ်တဲ့ ရိုးရာဓလေ့ကုန်သွယ်ရေးလည်း တိုးတက်လာခဲ့ပါတယ်။ ကမ္ဘာအနှံ့ကုန်သွယ်ရောင်းဝယ်ဖောက်ကားခွင့် ရလာခဲ့ကြပါတယ်။

၂၀၀၅ ခုနှစ်ရောက်မှ တရုတ်နဂါးကြီးနိုးထလာပြီကို ကမ္ဘာ့နိုင်ငံအသီးသီးက သိမြင်လာကြရပါတော့တယ်။ ယခင်က ကမ္ဘာ့ပို့ကုန် ပထမတန်းနေရာရောက်နေတဲ့ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်တို့ဟာ တရုတ်ကုန်သည်တွေအမေရိကန်၊ ဥရောပထိထိုးဖောက်ဝင်လာမှ ဈေးကွက်လူသူအသွင်ရှိလာပြီး စိုးရိမ်စိတ်ဝင်လာကြပါတော့တယ်။

## ပြောင်းလဲလာသည့် တရုတ်ပြည်

တရုတ်ကုန်စည်တွေ ဈေးပေါပေါနဲ့ကမ္ဘာ့ဈေးကွက်တိုးဝင်လာနိုင်ခြင်း အကြောင်းရင်းမှာ လုပ်ခလစာနည်းပါခြင်း၊ ကုန်ကြမ်းစရိတ်သက်သာခြင်း ကြောင့် စက်ရုံသစ်များစွာပေါ်ထွန်းလာပါတော့တယ်၊ တရုတ်ပြည်အစိုးရဟာ နည်းပညာအတွက် လုပ်သားတွေကို သင်တန်းပေးခဲ့ပါတယ်။ တရုတ်ပြည်ပ ညာရေးအနေနဲ့ အမေရိကန်ထက် ငါးဆပိုတဲ့အင်ဂျင်နီယာတွေ နှစ်စဉ်မွေး ထုတ်ခဲ့ပါတယ်။ ဒီနေရာမှာ တရုတ်ပြည်ရဲ့တိကျ ကုန်သွယ်နည်းဥပဒေအ ကြောင်း ကျွန်မတင်ပြပါရစေ။

တစ်ခါက တရုတ်အင်ဂျင်နီယာခြောက်ယောက်ဟာ တောင်ပေါ်လမ်းကို ဖောက်ခွင့်ရတယ်။ လမ်းတိုတိုနဲ့ဘေးကင်းအောင် ဖောက်လုပ်နိုင်ပါလျက် ရှည်လျားတဲ့လမ်းကို ရွေးဖောက်ခဲ့တယ်လေ။ လမ်းအာမခံနှစ်မတိုင်မီမှာ ကားတစ်စီးလမ်းပေါ်ကချော်ပြီး လူသေခဲ့တယ်၊ ကားပြုတ်ကျတာကြောင့် အင် ဂျင်နီယာတွေကို အရေးယူခဲ့တယ်။ တရုတ်အင်ဂျင်နီယာတွေဟာ အာဏာ ကိုအလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာခဲ့တယ်လို့ထင်ရှားတော့ ကြီးလေးတဲ့သေ ဒဏ်ချမှတ် ကွပ်မျက်ခဲ့ဖူးတယ်။ လူအများစုမထွက်ဆိုင်ပြုရမယ့် ဥပဒေထိရောက် မှုကို အလေးထားတဲ့မူဝါဒပါ။

ဒီလိုတရုတ်ပြည်စီးပွားရေးဂယက်ကြောင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်းကျဆင်း လာတယ်။ စက်ရုံပိုင်ရှင်တွေချမ်းသာလာကြတယ်။ တရုတ်ပြည် အခြေ ခံလူတန်းစားတွေ အလုပ်ရကြသည်။ ပြည်သူတွေပြည်စုံစွာစားသုံးနိုင်တဲ့ အကျိုးတရားတွေ ရလာခဲ့ကြတယ်လေ။ နိုင်ငံတကာနည်းပညာတွေယူ ဆောင်လာပြီး တရုတ်လူမျိုးတို့ရဲ့လုပ်အားတန်ဖိုးကြောင့် တရုတ်ပြည်စီး ပွားရေးကြီး ထိန်းမရအောင် တိုးတက်လာခဲ့ပါတယ်။ အဆင့်လွန်ထုတ်လုပ်မှုကို တိုးတက်ခြင်းလို့ တချို့စီးပွားရေးပညာရှင်တွေက ဆိုခဲ့ကြသည်။

## ■ စာပေပန်းခင်းရနံ့သင်း

'အမြင့်ဆုံးနဲ့အဖျားဆုံးရောက်တဲ့အကိုင်း လေတိုက်တဲ့ဒဏ်ခံရတတ်တယ်' ဆို စကားလိုပါပဲ။ နိုင်ငံတကာဖိအားတွေ၊ ဝေဖန်ချက်တွေ ပလူပျံလာခဲ့ပြန်တယ်။

တရုတ်ပြည်စက်မှုတော်လှန်ရေးကြောင်း လူမျိုးခလေ့ရွှေလျားသွားလာမှု ပြောင်းရွှေ့မှုတွေ ရှိလာရတယ်။ လယ်ယာလုပ်ခွင်လုပ်သား အများအပြား စက်ရုံရှိရာမြို့ပြဆီရွှေ့ပြောင်းလာကြသည်။

တရုတ်ပြည်ငွေကြေး ဖောင်းပွမှုများလာတယ်။ တရုတ်စီးပွားရေးဖွံ့ဖြိုးမှုက ငွေကြေးကြောင့်ရပ်တန့်နိုင်တယ်။ ချောက်ထဲကျသွားနိုင်တယ်ဆိုတဲ့ ငွေကြေးဝေဖန်မှုတွေရှိလာခဲ့တယ်။

တရုတ်ဘဏ်များ ငွေကြေးအန္တရာယ်ကြုံလာခဲ့တယ်။ ဆင်းရဲချမ်းသာကွာဟချက်ကြောင့် လူ့ဘောင်မငြိမ်မသက်မှုတွေ တိုးချဲ့လာနိုင်တယ်လို ထင်ကြေးပေးကြတယ်၊ တရုတ်မိသားစုမှာ ကလေးတစ်ယောက်စီမံကိန်းကြောင့် လူဦးရေမငြိမ်သက်မှုရှိလာနိုင်တယ်၊ စိုက်ပျိုးမြေလျော့နည်းလို့ ပတ်ဝန်းကျင်ထိခိုက်မှုတွေ မြင့်တက်လာနိုင်တယ်၊ လူမှုရေး၊ ကျန်းမာရေးအန္တရာယ်နှင့် ရိက္ခာပြဿနာပေါ်လာနိုင်တယ်။ မတည်ငြိမ်တဲ့ နိုင်ငံရေးရှိလာနိုင်တယ်လို့ ဝေဖန်သုံးသပ်ကြသည်။ တရုတ်အစိုးရက ဝေဖန်သုံးသပ်မှုတိုင်းအပေါ် စုစုစည်းစည်းစီမံထိန်းသိမ်းခဲ့ပါတယ်။

တရုတ်လူမျိုးတွေရည်မှန်းချက်ကတော့ ကမ္ဘာ့ပစ္စည်းထုတ်လုပ်ရေးစက်ရုံသည် တရုတ်ပြည်၊ ကမ္ဘာ့အကြီးမားဆုံးဈေးကွက်နေရာ တရုတ်ပြည်၊ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုတည်ရာ တရုတ်ပြည်၊ ကမ္ဘာပေါ်တွင် လူအများဆုံးအလုပ်လုပ်ခွင့်ရရာနေရာ တရုတ်ပြည်ဖြစ်အောင်လို့ပဲ ဖန်တီးနေခဲ့ ကြတယ်။ စက်ရုံနှင့်အတူ ကုန်ကြမ်းလိုအပ်ချက်ကြီးမားတာလည်း တရုတ်စီးပွားရေးလိုအပ်ချက်တစ်ခုပါပဲ။

တချို့သုံးသပ်သူတွေက တရုတ်ပြည်မှာ တစ်ပါတီအာဏာရှင်စနစ်ရှိနေဆဲပင်။ တရုတ်မှာ ရုပ်ပိုင်းဆိုင်ရာတိုးတက်သလောက် စိတ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိနေခဲ့တယ်။ တရုတ်ပြည်ကြီးစီးပွားရေး အညွှန့်တလူလူတက်နေတယ်လို့ ယူဆသူရှိသလို ပြိုကွဲတော့မယ်လို့ သုံးသပ်သူလည်းရှိနေခဲ့တယ်။ တကယ့်အမှန်တရားကတော့ တရုတ်ထုတ်ကုန်တွေ နေရာမှာအစားထိုးဝင်ရောက်လာခြင်းကို ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံတိုင်း စိုးရိမ်စိတ်နဲ့စောင့်ကြည့်နေကြရလိုပါပဲ။

ကမ္ဘာ့စီးပွားရေးသမိုင်းမှာ ဥရောပနိုင်ငံများစီးပွားရေးတိုးတက်မှုက နှစ်စဉ် ၂ ဒသမ ၂ ရာခိုင်နှုန်းပဲရှိခဲ့တယ်။ တရုတ်ပြည်တိုးတက်လာမှုက ၆ ရာခိုင်နှုန်းကနေ ၈ ရာခိုင်နှုန်းရှိနေတော့ စီးပွားရေးပေါက်ကွဲမှုကို အချို့ပညာရှင်တွေက သုံးသပ်ထားရပြန်တယ်။ တရုတ်တွေဟာ စီးပွားရေး အမြင်ရှိလို့ ငွေရှာတတ်တဲ့လူမျိုးပါ။

ဂူနုံးရုပ်ရှင်ကားရိုက်ကွင်းနေရာ Stone Forest ရောက်ခဲ့တယ်။ ပုံသဏ္ဌာန်မျိုးမျိုးနဲ့ သဘာဝကျောက်တုံးတွေက ရှားပင်၊ ရှားတောကြီးလို မြင်နေတဲ့နေရာပါ။ ဒီနေရာမှာ ယခင်ကဆိုချုံတောတွေ အုံ့ဆိုင်းနေခဲ့တာတဲ့။ အမြော်အမြင်ရှိတဲ့ ယူနန်အုပ်ချုပ်ရေးမှူးက ကျောက်တောနေရာကိုရှင်းလင်းခဲ့ပါတယ်။ အနိမ့်ပိုင်းနေရာတွေမှာ ရေသွင်းပြီး ရေကန်သာပြုလုပ်ထားခဲ့တယ်၊ မြက်၊ အလှစိုက်ပန်းတွေနဲ့ ဥယျာဉ်လုပ်ထားပြန်တယ်။ ရေတံခွန်တွေ၊ ရေပန်းဥယျာဉ်တွေနဲ့ ကျောက်တုံးဥယျာဉ်ဟာ နိုင်ငံခြားသားတွေဆီက ငွေရှာဖွေပေးနိုင်တဲ့ သဘာဝအရင်းအမြစ်ဖြစ်လာခဲ့ပါတယ်။

တရုတ်ပြည် မဟာတံတိုင်းကြီးလိုပဲ နိုင်ငံခြားငွေခံယူတဲ့နေရာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်မတို့ကေဘယ်ခုံပေါ်ထိုင်ရင်း ကေဘယ်စီးလျှင် တရုတ်ကလေးတစ်ယောက်က ဓာတ်ပုံလှမ်းရိုက်ပါတယ်။ ဟော–ကေဘယ်ကလည်း ဆင်းရော–ကျွန်မတို့ဓာတ်ပုံတွေပရင့်ထုတ်ပြီး တစ်ယွမ်တန်ကို

ယွမ်တစ်ဆယ်နဲ့ရောင်းပါလေရော။ ကျွန်မပြောချင်တာက ငွေရှာတတ်တဲ့ တရုတ်ဝါဒကိုပါ။

တရုတ်ပြည်ကြီးဖွံ့ဖြိုးစအစောပိုင်းကာလတုန်းက 'စုစုစည်းစည်းတံခါးဖွင့် ဝါဒကို ကျင့်သုံးထိထိရောက်ရောက်စီမံ' ဝါဒနဲ့စတင်ခဲ့ပါတာပါ။ တရုတ်ပြည် စီးပွားရေး အရှိန်ကောင်းကောင်းနဲ့တိုးတက်လာတော့ ဝါဒပြောင်းပြန်တယ်။

'စုစုစည်းစည်းစီမံ ထိထိရောက်ရောက်တံခါးဖွင့်ဝါဒကျင့်သုံး' ဆိုပြီး နိုင်ငံ တကာရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုခဲ့ပြန်ပါတယ်။ တံခါးပိတ်ဝါဒကိုဖယ်ရှားပြီး ပေါင်းသံတမန်နည်းနဲ့ နိုင်ငံတကာဆီ ဆက်သွယ်ကူးလူးရေးတံခါး ဖွင့်လှစ်ခဲ့ တယ်။ ကမ္ဘာတစ်ဝန်းငွေကြေးအရင်းအနှီး ဝင်လာပြန်ပြီ၊ 'ကြွယ်ဝချမ်းသာ ကြစမ်းပါ' ဆိုတဲ့ကြွေးကြော်သံနှင့်အတူ တရုတ်ပြည်သူတွေ စုစုစည်းစည်းစီ မံကြပြန်ပါတယ်။ အောင်မြင်မှုလမ်းကြောင်းပေါ် အခြေချမိခဲ့ကြပြီ။

တရုတ်ခေါင်းဆောင်ကြီးက စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကမ္ဘာကျော်စကား တစ်ခွန်းပြောခဲ့ဖူးတယ်။ 'ကြောင်ဖြူပဲဖြစ်ဖြစ်၊ ကြောင်မည်းပဲဖြစ်ဖြစ် ကြွက်ဖမ်း တတ်ရင်ကြောင်ပဲ' တဲ့။ နိုင်ငံစီးပွားရေးတိုးတက်လာတာ ကောင်းတဲ့မူဝါဒပဲလို့ ဆိုလိုခြင်းပါပဲ။

'အလုပ်မရွေးခြိုးခြံချွေတာ၊ လက်တွေ့ကျကျလုပ်နိုင်မှ နိုင်ငံအောင်မြင် မှု' ဆိုတဲ့စကားလေးနဲ့ တရုတ်ကုန်စည်တွေ ကမ္ဘာအဝှမ်းခြေဆန့် ပျံ့သန်းနိုင်ခဲ့ ကြပြန်ပါတယ်။ တရုတ်လူမျိုးတွေဝါဒက မူချမှတ်ပြီးရင် လုပ်၊ မလုပ်ဆန်း စစ်တတ်တယ်။ လာဘ်စား၊ မစား စောင့်ကြည့်တယ်။ တိုးတက်မှုကိုစောင့်၏။ ဒီလိုစိတ်ဓာတ်ကြောင့် တရုတ်အောင်မြင်ခွင့်ရခဲ့တာ၊ Make in China ကုန် စည်တွေက ကမ္ဘာအနှံ့ဝင်ခဲ့တယ်။

တရုတ်ပြည်ပေကျင်းရော ကူမင်းမှာပါ စက်ရုံမီးခိုးတွေ ထူထပ်လွန်းလို့ နေရောင်ထိုးမဖောက်နိုင်ပါ။ မှုန်ဝါးဝါးဝန်းကျင်တွင် ကာဘွန်အဆိပ်ငွေ့များ

ထူထပ်နေဆဲမှာ တရုတ်လူမျိုးများက ပတ်ဝန်းကျင်မြေပိုမှန်သမျှ ပန်းအလှပင်များတစ်ထပ်မက လေးထပ်ငါးထပ် ကာရန်စိုက်လေ့ရှိကြသည်။

ကျောက်တောဥယျာဉ်မှာ မြန်မာနိုင်ငံကခေါင်းဖြတ်သယ်ယူလာတဲ့ ညောင်ပုတ်ပင်၊ တမာပင်၊ ထနောင်ပင်များကို တိုင်မှီစိုက်ထားသော ကျွန်မတွေ့ခဲ့ပါတယ်။ အေးလွန်းတဲ့ ဒီဇင်ဘာလိုလမျိုးမှာဆို တရုတ်ပြည်ကအပင်ကြီးတွေကို အင်္ကျီဝတ်ထားလို အအေးဒဏ်ကာကွယ်တဲ့အထည်တွေနဲ့ ကာရန်စိုက်ထားပေးလေမှရှင်သန်နိုင်လို့ အင်္ကျီဝတ်အပင်ကို တရုတ်ပြည်မှာတွေ့မြင်နိုင်ပါတယ်။ ကျောက်သား ကျောက်ဆောင်တွေကြား၊ ရဟတ်ယာဉ်နဲ့သွားပြီး အစေ့ကျဲချစိုက်ပျိုးတဲ့ တရုတ်လူမျိုးလုံ့လကား အံ့မခန်းပင်။

## နီဂုံး

တရုတ်ပြည်ကြီး ၁၆ ရာစုမတိုင်မီက တောက်လျှောက်အင်အားကြီးအင်ပါယာ ဖြစ်ခွင့်ရခဲ့ပါသည်။ တရုတ်ပြည်ကြီး ၁၇ ရာစု ၁၈ ရာစုကာလမှာ ငြိမ်သက်တိတ်ဆိတ်နေခဲ့ပါသည်။ တရုတ်ပြည်ကြီး ၁၉ ရာစုတွင် အစော်ကားခံရသော ရာစုနှစ်ကြုံခဲ့ရပါ၏။ ၂၀ ရာစုတွင် တရုတ်ပြည်ကြီးခေါင်းမော့လာခဲ့ပြီး ၂၁ ရာစုနှစ်သည်ကား တရုတ်ပြည်ကြီးစီးပွားရေးငှက်ကြီး ကမ္ဘာ့ကောင်းကင်ဝယ် ဝံ့ကြွားပျံသန်းနေချိန်ကြုံခဲ့ရပြီ။ နိုင်ငံတကာစီးပွာရေး၊ နိုင်ငံရေး ဦးဆောင်မှုအပိုင်းကို ဦးဆောင်ရွေ့လျားနေသော တရုတ်ပြည်တိုးတက်မှုကား ယနေ့တိုင် ၆ ရာခိုင်နှုန်းကျော်နေဆဲပင်။

တရုတ်ပြည်မှ ခွဲထွက်ခဲ့သော ဟောင်ကောင်၊ ထိုင်ဝမ်အပြင် စင်ကာပူတွင် တရုတ်ပြည်တွင် စက်ရုံများလာရောက်တည်ဆောက်ခဲ့ကြပါ၏။ နိုင်ငံတကာ စက်ရုံများ တရုတ်ပြည်ဆီစီးဝင်လာနေခဲ့ပါ၏။ ထိုအခါ တက္ကသိုလ်၊ ဇီဝနည်းပညာ၊ သတင်းအချက်အလက်၊ သုတေသနပြုနေရာ အစရှိသည့်

အချက်အချာနည်းပညာကျောင်းများ ပေါ်လာခဲ့ပြီ။

ထူးဆန်းတာက အင်္ဂလန်မှာ ယခုလိုလူတစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး နှစ်ဆရောက်ဖို့ ၅၈ နှစ်၊ အမေရိကန်မှာ ၄၇ နှစ်ကြာတယ်လို့ သိရပါတယ်။ တရုတ်မှာ ၁၀ နှစ်ကြာလျှင် တစ်ဦးချင်းထုတ်လုပ်မှု နှစ်ဆတိုးနေတာ အံ့မခန်း ပါပဲ။

ဒီမိုကရေစီနှင့် ဈေးကွက်စာအုပ်မှာ ပြင်သစ်စီးပွားရေးပညာရှင်က ယခု လိုသုံးသပ်ချက်ပါခဲ့ပါတယ်။

၁။ တရုတ်ပြည်လုပ်သားဈေးကွက်မှာအလုပ်ရှင်၊ အလုပ်သမားနှစ်ဘက် စလုံး အကျိုးစီးပွားရပိုင်ခွင့်အတွက် လွတ်လပ်ပုံစံရှိနေခဲ့တယ်လို့ ဆိုထားပါ တယ်။

၂။ ငွေကြေးဈေးကွက်တွင် ပွင့်လင်းမြင်သာမှုရှိနေတယ်၊ ကြည်လင်ပြတ် သားမှု၊ အလင်းထိုးဖောက်မှုကို သဘောတရားရှိတယ်လို့ ဆိုထားခဲ့ပါတယ်။

၃။ သတင်းလွတ်လပ်မှုကိုတော့ တရုတ်ပြည်မှာ ကြီးကြပ်မှုခံယူပါမှ အကျိုးသက်ရောက်မှုရှိတယ်လို့ ဝေဖန်ထားခဲ့ပါတယ်။ အကြောင်းမှာ လူဦး ရေသန်း ၁၃၀၀ ကျော်ရှိသောပြည်ကြီးမှာ သေးငယ်သောပြဿနာပင်မ ငြိမ်သက်သော ဂယက်ကြီးထရိုက်နိုင်၍ပင်ဖြစ်သည်။

အမေရိကန်သတင်းထောက်ကလည်း တရုတ်ပြည်မှာ အနောက်တိုင်း၏ ဖိအားပေးနာခံခြင်းကိုမှု ပိတ်ပင်ထားဆဲလို့ဆိုထားပါသည်။ ကမ္ဘာမှာ နိုင်ငံတ ကာဖိအားကင်းကင်းနဲ့ တိုးတက်လာတဲ့ကိုယ်ပိုင်ဟန်နှင့် တရုတ်ပြည်ဝါဒက အတုယူဖွယ်ရာပါ။

တရုတ်လူမျိုးများဝါဒက စီးပွားရေးကိုဖောက်ချလုပ်မည်။ သူတစ်ပါးနိုင် ငံရေးကိစ္စကို အရေးမထားသလို ကိုယ်ပိုင်နိုင်ငံရေးကိုလည်း သူတစ်ပါးစွက်ဖက် မှုမခံယူခဲ့ပါ။ နိုင်ငံတကာရောက် တရုတ်နွယ်ဖွားတွေဟာ အဖနိုင်ငံတော်တည်

ဆောက်ရေးအတွက် ဆက်သွယ်ဝင်ရောက်ခဲ့တဲ့ အကြောင်းလည်းပါရှိပါတယ်။ သူတို့ဟာ နိုင်ငံတကာဆီက ငွေကြေး၊ နည်းပညာ၊ လူမှုဆက်ဆံရေး၊ အတွေ့အကြုံ၊ သတင်းအချက်အလက်တွေနဲ့ဝင်လာပြီး အဖနိုင်ငံတော်တည်ဆောက်လုပ်ရေးမှာ ပါဝင်ခဲ့ပါတယ်။ စက်ရုံသစ်တွေထူထောင်ခဲ့ကြပါတယ်။

တရုတ်ပြည်ဖွံ့ဖြိုးစမှာပဲ ကမ္ဘာမှာအံ့ဩရာဖြစ်ရပ်လေး ကြုံခဲ့ဖူးပါတယ်။ တရုတ်လူငယ်အလုံးအရင်းနဲ့ ပညာရှာဖို့ အမေရိကန်နိုင်ငံ ခန်ပူလီချီမြို့ဟာဆန်သိပ္ပံသင်တန်းကျောင်း၊ ဂျပန်ချင်းယင်တက္ကသိုလ်၊ ပြင်သစ်အဆင့်မြင့်ကူးသန်းရောင်းဝယ်ရေးဌာနတွေအပြင် ကမ္ဘာ့အခြားနာမည်ကြီး တက္ကသိုလ်တွေမှာပါ တရုတ်ကျောင်းသားတွေ အလုံးအရင်းနဲ့ဝင်လာပြီး စာပေ၊ နည်းပညာတွေ သင်ယူခဲ့ကြပါတယ်။ လူ အရင်းအနှီးမြှုပ်နှံမှုဖြစ်ပါတယ်။

တရုတ်ပြည်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က တရုတ်ပြည်စီးပွားရေးတိုးတက်မှုအတွက် လက်ကမ်းကြိုဆိုခဲ့တာလေးတွေရှိပါတယ်။ ကျွန်မရွေးနုတ်တင်ပြပါရစေ။

၁။ နိုင်ငံတကာ ဝင်လာမယ့်အရင်းအနှီးမှန်သမျှကို ကြိုဆိုနေရာပေးခဲ့တယ်။

၂။ နိုင်ငံတကာနည်းပညာဝင်လာရေးအတွက် တရုတ်ကျောင်းသားသိန်းချီပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေဆီက နည်းပညာတွေ သင်ယူကြိုဆိုနေရာပေးခဲ့တယ်။

၃။ ဖွံ့ဖြိုးစအချိန်ကောင်းလေးမှာပဲ နိုင်ငံတကာရောက် ပေါက်ဖော်သားချင်း တရုတ်လူမျိုးတွေဆီက နည်းပညာငွေကြေးတွေ ကြိုဆိုမြှုပ်နှံပေးခဲ့ပြန်ပါတယ်။

၄။ နိုင်ငံတကာက စီးဆင်လာပေမယ့်ငွေကြေးနဲ့ စက်ရုံတွေလာဖို့ လက်ကမ်းကြိုဆိုစီမံခန့်ခွဲ ပြန်ပါတယ်။

၅။ အခုလိုစစ်မှန်တဲ့တံခါးဖွင့်ထားတာကြောင့် နိုင်ငံတကာစက်ရုံတွေ

## ■ စာပေပန်းခင်းရနံ့သင်း

တရုတ်ပြည်ကြီးဆီဝင်လာပြီးချိန်မှာ တရုတ်စီးပွားရေး Royal Bird ခေါ် ဖဲကြိုးကြာငှက်ကြီးဟာ ကမ္ဘာအနှံ့ခြေဆန့်ပြီး တရုတ်ထုတ်ကုန်တွေ စီးမြော မြန်လည်ပို့ဆောင်နိုင်ခဲ့ပြန်ပါတယ်။

ကျွန်မ နိဂုံးချုပ်အနေနဲ့ ပေကျင်းမြို့နဲ့ ကူမင်းမြို့ခရီးစဉ်က စက်ရုံမီးခိုးငွေ့တွေအကြား နေရောင်ထိုးမဖောက်နိုင်တဲ့ ပေကျင်းမြေအလှကို ကဗျာလေးဖွဲ့ဆိုခံစားထားခဲ့တာလေး ရွတ်ဆိုပြပါရစေ။

'ညိုညိုရယ်ဆိုင်း အုံ့မှိုင်းတဲ့ကောင်းကင်၊ ဝန်းကျင်တလီ၊ အမြင်မပီဝိုးတဝါး၊ မှုန်ဝါးဝါးသာထင်၊ ပေကျင်းမြေတစ်ခွင် စက်ရုံအသစ်တွေဆင်လို၊ မီးခိုးငွေ့မင်းမူ ထုတ်ကုန်သာအလံထူသမို့ နေမင်းပင်မပြုံးရဲတော့ လျော့အားနည်းရောင်ရှိန် အလင်းထိန်ထိန်ရှင်နေမင်းက လူမင်းကိုအရှုံးပေးလို့ ပုန်းနေသည့်ပေကျင်းမြေ။'

**ခင်ညိုညိုမြင့်**

**ကျမ်းကိုး။**

ကိုယ်တွေ့မှတ်တမ်းများ

ဆရာမောင်သာထွေး၏ "စနစ်မတူသောနိုင်ငံများ"



# ဒေါ်အေးချမ်းမိုးမြေ ၏ ဘဝနှင့်စာပေ

အဘဦးရဲလှ အမိဒေါ်သန်းတင်တို့မှ ၁၃၂၃ ဝါဆိုလတွင် အင်းစိန်မြို့၌ဖွားမြင်သည်။

ငယ်စဉ်က မူလတန်းပညာကို အင်းစိန် ဖော့ကံ အမက ကျောင်းတွင်တက်ရောက်ခဲ့ပြီး အထက ၃ အောင်ဘန်း ကျောင်းမှ အဋ္ဌမတန်းကို သိပ္ပံဘာသာတွဲဖြင့်အောင်မြင်ကာ ၁၉၇၉ ခုနှစ်၌ အထက ၂ အင်းစိန်မှ အထက်တန်း အောင်မြင်ခဲ့ပါသည်။ (၁၉၈၃–၈၄) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ BSC(Match) ဘွဲ့ရရှိခဲ့ပါသည်။

မြန်မာ့စီပီလိုက်(ဖ်)စတော့(ပ်)ကုမ္ပဏီ (Premix-Production) ဌာနတွင် ၁၇ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီး အလုပ်ခွင်မှ အနားယူကာ စာပေများရေးသားလျက်ရှိပြီး ယခုအခါ အမှတ်(၇) မင်္ဂလာလမ်း ရွှေနှင်းဆီရပ်ကွက် မင်္ဂလာဒုံတွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။

လူမှုရေး

# အမေ့ဂုဏ်ရည် စာပန်းချီ

အေးချမ်းမိုးမြေ

## နိဒါန်း

အမေများအားလုံးကိုလေးစားပြီး လူအများအားလုံးမိခင်အပေါ်တွင် ထားရှိသော လေးစားမှု၊ ချစ်ခြင်းများကိုထုတ်ဖော်ပြသနိုင်ရန် မိသားစုအချင်းချင်းမေတ္တာများကို ပိုမိုခိုင်မြဲစေရန်နှင့် အမျိုးသမီးများအတွက် နေ့တစ်နေ့အဖြစ်သတ်မှတ်ပြီး အိမ်ထောင်တစ်ခုလုံးအတွက် အနစ်နာခံပေးဆပ်နေသော မိခင်ဆိုသည့် အမျိုးသမီးအား အာရုံထားဂရုပြုမိစေရန်အတွက် အမေများနေ့ကျင်းပခြင်းကိုလေ့လာလျက် ဤစာတမ်းအား ပြုစုရေးသားရခြင်းဖြစ်ပါသည်။

## အမေများနေ့အကြောင်း သိကောင်းစရာ

မေလ ၁၃ ရက်နေ့သည် ကမ္ဘာပေါ်ရှိ မိခင်အားလုံးအားဂုဏ်ပြုသည့်

အမေများနေ့(မိခင်များနေ့)အဖြစ် နိုင်ငံအများက သတ်မှတ်ထားကြပါသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ်ပြာသိုလပြည့်နေ့တွင် အမေများနေ့အခမ်းအနား ပြုလုပ်ပြီး အမေ၏ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ပြောဆိုကြပါသည်။

## အမေနေ့စတင်ပေါ်ပေါက်လာပုံ

အမေများနေ့ကို 'ဂရိ'လူမျိုးများက'ရီယာ(Rhea)'ဟုအမည်တွင်သည့် နတ်သမီးကိုပူဇော်ရာမှ စတင်ခြင်းဖြစ်သည်ဟု လေ့လာသိရှိရပါသည်။

ရောမခေတ်တွင်လည်း ကျင်းပကြောင်းသိရှိရပါသည်။ ၎င်းပွဲတွင် မယ်တော်'မဂ်နာမတာ(Magna Mater)'ဟုအမည်တွင်သောနတ်ကို ပူဇော်ကြခြင်းဖြစ်ပါသည်။ ရောမမြို့ရှိ 'ပါလာတိုင်းဟေးလ်(Palatine Hill)'တွင် မယ်တော် 'မဂ်နာမတာ(Magna Master)' အတွက် အမှတ်တရဆောက်ထားသော ကျောင်းတော်ရှိပါသည်။ ထိုပူဇော်ပွဲကို ဘီစီ(၂၅၀)မှစတင်ခဲ့ပြီး 'Festival of Hilaria'အမည်ခေါ်တွင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ ရှေးဟောင်း'ဂရိ–ရောမ'ခေတ်မှစတင်ကာ ယနေ့ထိ အမေများနေ့အား ကျင်းပကြဆဲဖြစ်ပါသည်။

အမေများနေ့ကို ကမ္ဘာတစ်ဝန်းတရားဝင်ဖြစ်ရန် ကြိုးပမ်းအားထုတ်ခဲ့သူမှာ အမေရိကန်နိုင်ငံသူ'ဂျူလီယာဝပ်တ်ဟိုဝီ(Julia Ward Howe)' ဖြစ်ပါသည်။ သူမသည်ကျော်ကြားသော စာရေးဆရာမ၊ ကထိက၊ လူမှုရေးပြုပြင်ရေးသမား ဖြစ်ပါသည်။ ထို့အပြင် သူမ၏သမီးဖြစ်သူ 'အန်နာဂျားဗစ်(Anna Jarvis)'၏ ကြိုးပမ်းမှုကြောင့် ယနေ့အချိန်ထိ ကမ္ဘာတစ်ဝန်းတွင် အမေများနေ့ကို ကျင်းပနေဆဲဖြစ်ပါသည်။ 'မစ္စဂျူလီယာ(Mrs Julia)'သည် 'ဘော်စတွန်မြို့'ရှိ သူမ၏နေအိမ်၌ မိခင်များနေ့ကို ၁၈၇၂ ခုတွင် စတင်ကျင်းပခဲ့သည်။

သူမသည်နေအိမ်တွင် မိခင်များနေ့ကို တစ်ကိုယ်တော်ကျင်းပခြင်းဖြစ်သည်။

## ■ စာပေပန်းခင်းရနံ့သင်း

၁၈၈၇ ခုတွင် 'တပ်တပ်ကီပြည်နယ်'မှ ကျောင်းဆရာမ 'မေရီဆင်သိန်း' သည် 'မစ္စဂျူလီယာ'၏တိုက်တွန်းချက်ဖြင့် မိခင်နေ့ကိုကျင်းပခဲ့သည်။ ထိုသို့ပင် (၁၉၀၄)ခုတွင် 'အင်ဒီယားနားပြည်နယ်'မှ 'ဖရင့်စ်အီးဟဲရင်'သည်လည်း မိခင်များနေ့ကိုကျင်းပခဲ့ပြီး သုံးနှစ်အကြာတွင် 'ဖီလာဒဲလ်ဖီးယားပြည်နယ်'မှ 'မစ္စအန်နာဂျားဗစ်(Mrs Anna Jarvis)'သည် မိခင်များနေ့ကို ယခင်ထက်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် ၁၉၀၇ ခုတွင် ကြိုးစားအားထုတ်ခဲ့သည်။ မိခင်များနေ့ (သို့မဟုတ်) အမေများနေ့ကို မေလ၏ဒုတိယပတ် တနင်္ဂနွေနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၀၈ ခု၊ မေလ ၁၀ ရက်နေ့ကို မိခင်များနေ့အဖြစ် ကျင်းပခဲ့သည်။

ဖီလာဒဲလ်ဖီးယားပြည်နယ်မှ 'မစ္စ အန်နာဂျားဗစ်(Mrs Anna Jarvis)' သည် အခြားပြည်နယ်အထိ မိခင်နေ့ကိုကျင်းပလာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် နယ်ပယ်တို့မှ ဩဇာရှိပုဂ္ဂိုလ်များကို စာနှင့်တစ်မျိုး ကိုယ်တိုင်တွေ့ဆုံဆွေးနွေး၍တစ်ဖုံ ကြိုးစားအားထုတ်ခဲ့ကာ ၁၉၁၄ ခုနှစ်တွင် မိခင်များနေ့အား အခြားသောပြည်နယ်များကပါ အသိအမှတ်ပြုကျင်းပလာကြောင်း လေ့လာသိရှိရပါသည်။

၁၉၁၄ ခု မေလ ၈ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်နှင့် မေလ ဒုတိယပတ် တနင်္ဂနွေနေ့ကို အမေရိကား၏မိခင်နေ့အဖြစ် အမေရိကန်သမ္မတ 'ဝူးဒရိုးလ်ဝီလ်ဆင်(Woodrow Wilson)' က လက်မှတ်ရေးထိုးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ လေ့လာသိရှိရပါသည်။ ထိုအချိန်မှစ၍ 'လက်တင်အမေရိက'နှင့် အရှေ့ပိုင်းနိုင်ငံများတွင် မေလ၏ဒုတိယပတ် တနင်္ဂနွေနေ့တိုင်းကို မိခင်များနေ့အဖြစ် ယနေ့ထိကျင်းပခဲ့ကြသည်။ အင်္ဂလန်နိုင်ငံတွင် 'မယ်တော်မယ်ရီ'ကိုဂုဏ်ပြုသောအနေဖြင့် ကျင်းပလေ့ရှိပြီး ထိုနေ့တွင်အမေများအားလုံးက တူညီဝတ်စုံများဝတ်ဆင်ပြီး အခမ်းအနားသို့ပါဝင်လေ့ရှိကြပါသည်။

မက်ဆီကို၊ ကနေဒါ၊ တရုတ်၊ ဂျပန်၊ တောင်အမေရိကနှင့် အာဖရိက

နိုင်ငံများသည် ၁၉၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ' The Mother's Day International Association'ကိုစတင်ဖွဲ့စည်းပြီး မိခင်များနေ့ကို အသိအမှတ်ပြုခဲ့ကြပါသည်။

(၁၉၁၃)ခုတွင် 'Pennsylvania' ပြည်နယ် ကလည်းမိခင်များနေ့ကို အပြည်ပြည်ဆိုင်ရာနေ့အဖြစ် ကြေညာခဲ့ပါသည်။

## နိုင်ငံတစ်ဝှမ်းကျင်းပကြပုံ

နိုင်ငံတိုင်းတွင် မိခင်နေ့ကျင်းပပုံခြင်းမတူညီကြပါ။ 'နော်ဝေနိုင်ငံ'တွင် ဖေဖော်ဝါရီလ၌ကျင်းပပြီး 'အာဖရိက'မှာ မေလတွင် ကျင်းပကြပါသည်။ ဒိန်းမတ်၊ အီတလီ၊ တူရကီ၊ ဩစတေးလျနှင့် ဘယ်လ်ဂျီယံနိုင်ငံများမှာ မေလ ဒုတိယပတ်၏ တနင်္ဂနွေနေ့၌ကျင်းပကြောင်း လေ့လာသိရှိရပါသည်။

နိုင်ငံတချို့တွင် သတ်မှတ်သည့် ရက်အနည်းငယ်ကွဲပြားကြပါသည်။ ၎င်းနိုင်ငံများကို ဖော်ပြရလျှင်–

| | |
|---|---|
| ဗီယက်နမ် | – မတ်လ(၈)ရက် |
| ယူကေ | – မတ်လ(၁၁)ရက် |
| အီဂျစ်၊ အီရတ်၊ ဂျော်ကန်၊ ကူဝိတ် | – မတ်လ(၂၁)ရက် |
| တောင်ကိုရီးယား | – မတ်လ(၈)ရက် |
| ထိုင်း(ဘုရင်မမွေးနေ့) | – ဩဂုတ်လ(၁၂)ရက် |
| အင်ဒိုနီးရှား | – ဒီဇင်ဘာလ(၂၂)ရက် |
| ရုရှား | – နိုဝင်ဘာလ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့ |
| စပိန်၊ ပေါ်တူဂီ | – ဒီဇင်ဘာလ(၈)ရက် |

■ **စာပေပန်းခင်းရနံ့သင်း**

အာဂျင်တီးနား — အောက်တိုဘာလ ဒုတိယပတ်တနင်္ဂနွေနေ့

လက်ဘနွန် — နွေဦးဝင်စ ပထမနေ့ရက်တို့ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၌ အမေများနေ့ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံတွင် 'စာရေးဆရာကြီး ဦးသုခ'၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဩဂုတ်လပြည့်နေ့ကို အမေများနေ့အဖြစ် သတ်မှတ်နိုင်ခဲ့ပါသည်။ ဩဂုတ်လပြည့်နေ့တိုင်းတွင် အမေများနေ့အဖြစ်ကျင်းပလာခဲ့သည်မှာ 'အမေနေ့အစ ဆရာကြီး ဦးသုခ' ဟု မှတ်သားခဲ့ရပါသည်။

မြန်မာပြည်တွင် အမေနေ့အဖြစ်သတ်မှတ်ရာ၌ အမျိုးသားစာဆိုစာရေးဆရာကြီး ဦးသော်ဇင်၊ စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ၊ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး ဦးတက်တိုး၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်စသည့် ပညာရှင်များက ဆရာကြီးဦးသုခနှင့် တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်၍ ဩဂုတ်လပြည့်နေ့တိုင်းကို အမေနေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။

ဆရာကြီးဦးသုခသည် မိခင်ဖြစ်သူကို ကျိုက်လတ်တွင်ထားခဲ့ရပြီး သားဖြစ်သူကိုလွမ်းရသော မိခင်၏ကြေကွဲခံစားချက်များသည် မြန်မာပြည်တွင် အမေနေ့ဖြစ်ပေါ်လာစေရန် ဆရာကြီးဦးသုခ၏ရင်ထဲ၌ ကိန်းဝပ်အစပျိုးခဲ့ကြောင်း ဆရာကြီးဦးသုခသည် ရင်ထဲမှခံစားချက်များကို ပရိသတ်များထံ လိုက်လံဟောပြောကာ အမေမေတ္တာပြန့်ပွားရေးကို စတင်လှုံ့ဆော်ခဲ့သူဖြစ်ကြောင်း မှတ်သားရပါသည်။ ပြည်သိုလပြည့်နေ့တိုင်းကို အမေနေ့ကျင်းပနိုင်ရန် စာပေပညာရှင်များက ကြိုးစားနေကြစဉ် ၁၉၉၅ ခုနှစ် ဩဂုတ်လပြည့်နေ့တွင် မန္တလေးမြို့၌ အမေများနေ့အခမ်းအနားကို ပထမဦးဆုံးစတင်ကျင်းပပြုလုပ်ခဲ့ပြီး မိဘကျေးဇူးဆပ်နည်းအကြောင်းများကို ပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ပါသည်။

အမေနေ့ကို ပြာသိုလပြည့်နေ့ အတည်ဖြစ်စေရန် ၁၉၉၆ ခုနှစ်တွင် ဆရာကြီးဦး သုခသည် ဆရာချစ်စံဝင်းအား အားပေးဆော်ဩခဲ့ပါသည်။

အမေနေ့တွင် အဝေးရောက်သားသမီးများက မိခင်ထံသို့ စာဖြင့်သော် လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း စကားပြောခြင်း၊ မိခင်နှင့် အတူရှိသောသားသမီးများက မိခင်အားလက်ဆောင်ပစ္စည်းများနှင့်ကန် တော့ခြင်း၊ ဘုရားစေတီပုထိုးများသို့ပို့ဆောင်ပေးခြင်း စသည်ဖြင့် အမေနေ့တွင် ရှိသေမြတ်နိုးလေးစားကြသူများ လူမျိုး၊ ဓလေ့ယဉ်ကျေးမှုအလိုက် အမေများကို ဂရုတစိုက်ပြုစုစောင့်ရှောက်ကြပါသည်။

## ပြာသိုလပြည့်နှင့် အမေများနေ့

ပြာသိုလသည် မြန်မာပြက္ခဒိန်၏ ဆယ်ခုမြောက်လဖြစ်သည်။ ဆောင်းရာ သီ၏အလယ်ဗဟိုကျ၍ ချမ်းအေးလှပါသည်။ ထိုကာလတွင် ကောင်းကင်ပြာ သည် မိုးတိမ်များကင်းရှင်း၍ သာယာနေပါသည်။ နေဝင်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ခွင်တွင် မြူနှင်းများကျလာပါသည်။ ထို့ကြောင့်'မြူနှင်းစိုစို လပြာသို' ဟုတင်စားခေါ်ဝေါ်ကြပါသည်။ ပြာသိုလသည် 'နေဝါဆို ညပြာသို' ဆိုသည့်အတိုင်း နေ့တာတို၍ ညတာရှည်သောလလည်း ဖြစ်ပါသည်။

မိခင်၏ကျေးဇူးကြီးမားပုံကို ယနေ့ခေတ်လူငယ်များ နားလည်သဘော ပေါက်ပြီး မိဘကျေးဇူးကို အလေးနက်ထားတတ်စေရန်ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။ မိခင်မရှိသော သက်ရှိသတ္တဝါဟူ၍ ကမ္ဘာလောကတွင်မရှိပါ။ အား လုံးသောသတ္တဝါများသည် မိခင်၏ကြင်နာမြတ်နိုးမှုတည်းဟူသော မေတ္တာရိပ် အောက်တွင် ကြီးပြင်းလာကြရသည်။ စမ်းအိုင်များခမ်းခြောက်၍ ပန်းများနွမ်း လျော်ညှိုးကျသွားသော်လည်း မိခင်မေတ္တာပန်းသည် မခမ်းသောစမ်း၊ မနွမ်း သောပန်းကဲ့သို့ အမြဲထာဝရလန်းဆန်းနေမည်သာဖြစ်ပါသည်။ ထို့ကြောင့်

**စာပေပန်းခင်းရနံ့သင်း**

မိခင်မေတ္တာသည် ကမ္ဘာပေါ်တွင် အမြင့်မြတ်ဆုံး၊ အသန့်ရှင်းဆုံး၊ အအေးမြဆုံး၊ အနက်ရှိုင်းဆုံး၊ အကြီးမားဆုံးဖြစ်ပါသည်။

မိဘတို့၏ကျေးဇူးကြီးမားပုံကို ထင်ရှားအောင်ပြပါဆိုရပါမူ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် မိဘတို့၏ကျေးဇူးနှင့် နှိုင်းစာလိုက်ပါလျှင် ဝါးရွက်ပမာသေးငယ်ရာ၏။ ဗုဒ္ဓဘာသာဝင်တို့သည် ညစဉ်အနန္တောအနန္တငါးပါးကိုရှိခိုးပြီးမှ အိပ်ရာဝင်လေ့ရှိကြသည်။ ထိုအထဲတွင် 'မာတာပိတု ဂုဏော အနန္တော'သည်လည်း တစ်ပါးအပါအဝင်ဖြစ်ပါသည်။ ဤတွင် မာတာသည် အမိ၊ ပိတုသည် အဖ၏ရှေ့တွင်ရှိနေခြင်းက မိခင်၏ကျေးဇူးနှင့် မေတ္တာတရားသည် ဖခင်ထက်ကြီးမားကြောင်း ညွှန်ပြနေပေသည်။ ထို့အပြင် ဘုရားရှင်က မင်္ဂလာသုတ်တော်တွင် 'မာတာပိတု၊ဥပဋ္ဌာနံ' အမိအဖတို့ကို လုပ်ကျွေးခြင်းသည် မင်္ဂလာမည်၏ဟုဟောကြားရာ၌လည်း မိခင်က ဖခင်ထက် ကျေးဇူးကြီးမားကြောင်း သက်သေပြရာရောက်ပါသည်။

အမေများနေ့သည် သမိုင်းဝင်အမှတ်တရဖြစ်သော နေ့တစ်နေ့ဟုဆိုရပါမည်။ အမေများနေ့ အဘယ်ကြောင့်ဖြစ်ပေါ်လာရသည်ကို ဗဟုသုတရစေခြင်းအကျိုးငှာ ရေးသားရခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဇန်နဝါရီလ၌ ကျင်းပကျပါသည်။ လောကကြီးထဲတွင် သားသမီးများအတွက် မျက်နှာမငယ်ရန် မားမားမတ် မတ်ရပ်တည်ပေးသည့် တစ်ယောက်တည်းသောသူ၊ အမေ့ရင်ထဲမှ ချစ်ခြင်းတ ရားများသည် မည်သည့်အရာနှင့်မှနှိုင်းယှဉ်၍မရအောင် တန်ဖိုးပမာဏကြီး မားလွန်းလှပါသည်။ ကမ္ဘာပေါ်တွင်ရှိသော မိခင်တိုင်းသည် သားသမီးများ အတွက် အရေးကြီးဆုံးသောသူများ ဖြစ်ကြပါသည်။

**လောက၏အရေးသုံးပါးသောအမေ**

အမေတစ်ယောက်ဖြစ်လာပြီဆိုလျှင် သာသမီးများအား လောကကြီးထဲ

တွင် ရဲရဲဝံ့ဝံ့လျှောက်လှမ်းနိုင်ရန် ဘက်ပေါင်းစုံမှ သင်ကြားပြသပေးသော ကျေးဇူးရှင်တစ်ဦးဖြစ်ပါသည်။ အမေသည်ဘဝဆိုသည့် သင်ခန်းစာထဲတွင် အချိန်ပြည့်သင်ကြားပြသပေးသော ဆရာတစ်ဦးဖြစ်ပါသည်။ ဉာဏ်ပညာ၊ လေ့လာတွေးခေါ်နိုင်စွမ်းများ၊ ဆိုဆုံးမမှုများနှင့် သားသမီးများယဉ်ကျေးလိမ္မာထူးချွန်လာစေရန် ပြုလုပ်ပေးနိုင်သူလည်းဖြစ်ပါသည်။ သားသမီးများကလေးဘဝထဲက မိခင်၏ဆိုဆုံးမမှုများနှင့် လောကအလယ်တွင် ဂုဏ်တင့်တယ်စေရန် သင်ကြားပြသပေးသော အမြဲတမ်းသင်ဆရာတစ်ဦးလည်းဖြစ်ပါသည်။ အမေသည် သားသမီးများငယ်စဉ်ကတည်းက ဘာသာတရား၏ထုံးတမ်းအစဉ်အလာ သွန်သင်မှုများနှင့်မဝေးကွာစေရန် အမြဲသင်ကြားပေးပြီး ဘာသာတရားကိုသက်ဝင်ယုံကြည်အောင် လမ်းညွှန်ပေးခဲ့သူဖြစ်သည်။ အမေ၏စကားသံများနှင့် အားပေးသံများသည် သားသမီးများအတွက် အားဆေးတစ်ခွက်ဟုဆိုနိုင်ပါသည်၊ သားသမီးများမကျန်းမာချိန်တွင် အမေသည်သာ အနွေးထွေးဆုံး ပြုစုယုယပေးနိုင်သောအကောင်းဆုံး သမားတော်တစ်ဦးဖြစ်ပါသည်။ အမေသည် နာကျင်ဝမ်းနည်းနေချိန် အနားတွင်အကောင်းဆုံး နှစ်သိမ့်ပေးသူဖြစ်ပြီး လောကကြီးထဲတွင် အားယူရဲရင့်ရန် ခွန်အားများ မျှဝေပေးသူလည်းဖြစ်ပါသည်။ ထို့ကြောင့် အမေတစ်ယောက်၏အရေးပါမှုများက ပြော၍ကုန်နိုင်မည်မထင်ပါချေ။

အမေ၏သင်္ကေတ ပြယုဂ်လေးတစ်ခုမှာ သာလွန်ထူးခြားကြီးကျယ်သော အခြင်အရာများကိုဖန်တီးပေးနိုင်သည့် တန်ဖိုးစွမ်းအားများရှိပါသည်။ အမေဆိုသည်မှာ သားသမီးအား ပေးနိုင်သမျှပေးပြီး ဘဝထဲသို့ပျံသန်းခွင့်ပေးလိုက်သော ရေသောက်မြစ်တစ်ခုလည်းဖြစ်ပါသည်။ ခွင့်လွှတ်ခြင်းဆိုသည်မှာ အမေတစ်ယောက်၏ အကြီးကျယ်အမြင့်မားဆုံး သင်္ကေတတစ်ခုဖြစ်ပါသည်။

အမျိုးသမီးများသည် အရာရာတွင်ရင်ပေါင်တန်းလာနိုင်သလို မိခင်တစ်ဦး

## စာပေပန်းခင်းရနံ့သင်း

ည့်လည်း မိသားစုဆိုသောနယ်ပယ်ထဲတွင်သာမက အဖက်ဖက်မှအရေးပါ
ကြောင်း ပြသခြင်းလည်းဖြစ်ပါသည်။ မိခင်၏အနှိုင်းမဲ့မေတ္တာတရားကို လူအများ
နားလည်အောင်ပြသနိုင်ခဲ့ပါသည်။ အမေများနေ့သည် အနောက်နိုင်ငံများမှ
င်းသက်လာခြင်းဖြစ်ပြီး ယခုအခါကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားခဲ့ပြီဖြစ်ပါသည်။

**နိဂုံး**

ထို့ကြောင့်အမေ့များနေ့ကို ရောက်သည်ဖြစ်စေ မရောက်သေးသည်ဖြစ်စေ
ကျွန်ုပ်တို့အတွက် အမေသည်အမြဲတမ်းလိုအပ်နေပါသည်။ ထို့ကြောင့်
ကျွန်ုပ်တို့ဘဝသည် ကျွန်ုပ်တို့အမေဖြစ်သလို ကျွန်ုပ်တို့၏အမေသည်လည်း
ကျွန်ုပ်တို့၏ ဘဝပင်ဖြစ်သည်။ အမေမရှိလျှင် ဘဝသည် လည်းမရှိနိုင်ပါ။

အတုမရှိသော နှလုံးသား၊ အမုန်းသားမရှိသော ချစ်ခြင်းမေတ္တာများနှင့်
ပြုမပျက်နွေးထွေးသော မေတ္တာကို အစဉ်အမြဲပေးနိုင်သည်မှာ အမေသာ
ဖြစ်ပါသည်။ အမေပေးဆပ်ခဲ့သော အရာများအတွက် ကျေးဇူးတင်ပါသည်ဟု
ယ်နှစ် ကြိမ်များပြောမိကြပါသလဲ. . . အမေကိုချစ်သောသူများ ခုချိန်မှစ၍
အမေကို 'အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်အမေ'ဟု တစ်ခွန်း
လောက်ပြောလိုက်ကြပါလို့ ပြောလိုက်ချင်ပါသည်။

အမေနှင့်အတူတူ ပျော်ရွှင်စရာအချိန်လေးများဖန်တီး၍ ပျော်ရွှင်နိုင်ကြ
ပါစေ။

**အေးချမ်းမိုးမြေ**

**စာကိုး။**

စာပေ/ကဗျာ/ဗဟုသုတ စုစည်းမှုများနှင့် စာတမ်းရှင်၏လေ့လာမှတ်သား
ချက်များမှ ကိုးကား၍တင်ပြအပ်ပါသည်။



# သိပ္ပံ-ညိုထွေး၏ ဘဝနှင့်စာပေ

အမည်ရင်းမှာ ဦးညိုန်းဝင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် ဇရပ်ဆိပ်ကျေးရွာ(အဖ)ဦးချစ်ပု၊ (အမိ)ဒေါ်မယ်သ(ဒေါ်သ)တို့မှ ၁၉၃၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ အင်္ဂါနေ့ ၁၂၉၅ ခု၊ ဝါဆိုလဆုတ် ၅ ရက်နေ့တွင်မွေးဖွားခဲ့ပါသည်။ ငယ်နာမည်မှာ မောင်ညိုန်းမောင်ဖြစ်သည်။

၁၉၄၄ ခုနှစ်လောက်တွင် အိမ်မဲမြို့ ကွင်းကျောင်းဘုန်းတော်ကြီးကျောင်းတွင် သာမဏေဝင်ဖြင့် စာပေပညာများသင်ယူခဲ့ပါသည်။ ၁၉၅၁ ခုနှစ်တွင် ပထမငယ်တန်းအောင်မြင်ခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် လုပ်သားများကောလိပ်မှ သိပ္ပံဘွဲ့နှင့် ၁၉၇၂ ခုနှစ်တွင် ညနေပိုင်းအင်ဂျင်နီယာသင်တန်းကျောင်း(နတ်မောက်လမ်း)မှ လျှပ်စစ်အင်ဂျင်နီယာဒီပလိုမာဘွဲ့ ရရှိခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဗဟိုသုတေသနလုပ်ငန်းအဖွဲ့၌ ဓာတ်ခွဲခန်းလုလင်မှ ဌာနခွဲမှူးအထိ နှစ်ပေါင်း ၃၃ နှစ်လုပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နှစ်ပြည့်ပင်စင်ယူခဲ့ပါသည်။

မြန်မာ့အလင်းသတင်းစာ၊ ခေတ်သစ္စာသတင်းစာ၊ ချိုတေးသံ၊ မေ့တွက်တာ၊ မေအမျိုးသမီးမဂ္ဂဇင်း၊ ရှုမဝ၊ မြဝတီ၊ သောကြာစသော စာစောင်အသီးသီးတို့တွင် မင်းဥဒေဒွ၊ မိုးကျရွှေကိုယ်၊ သိပ္ပံ-ညိုထွေးကလောင်အမည်များဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများရေးသားခဲ့ပါသည်။ ၂၀၁၆ ခုနှစ် မေလတွင်ဆန်းသစ်ကဗျာရေးဖွဲ့နည်းစာအုပ်နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကဗျာပေါင်းချုပ်စာအုပ်တို့ကို ထုတ်ဝေခဲ့ပါသည်။ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ် ကွက်၊ ဓမ္မသီဂီလမ်း၊ အမှတ် ၇/၃၇ တွင် နေထိုင်လျက်ရှိပါသည်။

လုမှရေး

# သခင်သန်းထွန်းပြောသော ဟာသပုံပြင်အကြောင်း

သိပ္ပံညိုထွေး

**နိဒါန်း**

မြန်မာပြည်လွတ်လပ်ရေးရခဲ့သည်မှာ အနှစ် ၇၀ ကျော်ကျော်ရှိနေပြီဆိုတာ ယခုရောက်ရှိနေကြတဲ့ စာပေအဖွဲ့ဝင်တွေအားလုံး သိရှိပြီးဖြစ်ပါတယ်။ ဤစာ တမ်းကိုတင်ပြရခြင်းဟာလည်း မြန်မာပြည်လွတ်လပ်ရေးမရသေးခင် လွတ်လပ် ရေးအတွက်ကြိုးပမ်းနေစဉ်မှာ လွတ်လပ်ရေးခေါင်းဆောင်များဖြစ်ကြတဲ့ ဗိုလ်ချုပ် အောင်ဆန်း၊ သခင်သန်းထွန်းစတဲ့ပုဂ္ဂိုလ်များ နိုင်ငံရေးတရားပွဲများ ပြုလုပ် ဟောပြောကြစဉ် စာရေးသူကိုယ်တိုင် တွေ့မြင်ကြားသိခဲ့ရတဲ့ တကယ့်အဖြစ် အပျက်ကလေးများကို နောက်နှောင်းလူငယ်များသိရှိမှတ်သားနိုင်ကြစေရန် ဆနှသည့်အနေဖြင့် ဤစာတမ်းကို တင်ပြရခြင်းဖြစ်ပါတယ်။ စာတမ်းရဲ့ခေါင်း စဉ်ကို 'သခင်သန်းထွန်းပြောသော ဟာသပုံပြင်အကြောင်း' လို့ ပြောပြထား

တဲ့အတွက် သခင်သန်းထွန်းလို နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သူတစ်ဦးရဲ့ ပြော ဆိုချက်ကို မည်သူတစ်ဦးတစ်ယောက်မှ ပြန်လည်တင်ပြလိမ့်မည်မဟုတ်သည် ကို သဘောပေါက်ကြပါလိမ့်မည်။ ထို့ကြောင့် ကြားရခဲ၊ ကြုံရခဲ၊ သိရခဲတဲ့ ပုံပြင်ကလေးမို့ မှတ်မိသလောက် တင်ပြလိုက်ပါတယ်။

ဤစာပေစကားဝိုင်းမှာ ပုဂ္ဂိုလ်အသီးသီးရဲ့တင်ပြခဲ့တဲ့စာတမ်း အတော် များများဟာ အလွန်အဆင့်မြင့်တဲ့ စာတမ်းတွေဖြစ်ပါတယ်။ ယခုစာရေးသူ တင်ပြမယ့်စာတမ်းကတော့ ယခင်ဆရာ၊ ဆရာမကြီးများတင်ပြခဲ့တဲ့ စာတမ်း တွေလို အဆင့်မမြင့်ပေမယ့် ဆီပြန်သားငါးဟင်းလျာစုံတဲ့စားပွဲကြီးမှာ ငါးပိ ရေကျို တို့စရာကလေးတစ်ခွက်သဖွယ်သဘောထားပြီး သုံးဆောင်နားဆင်ပေး ဖို့ မေတ္တာရပ်ခံပါတယ်။ စာတမ်းရဲ့အမည်ကိုတော့ 'နတ်ပြည်မှာ ဆန်ဈေး ကောင်းတယ်'လို့ ပြောထားပါတယ်။

သခင်သန်းထွန်းဆိုသည့်အမည်ကို ကြားလိုက်ရုံဖြင့် ၎င်း၏အမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့်ဘဝကို တွေးမြင်မိကြလိမ့်မယ်လို့ထင်ပါတယ်။ ထို့အပြင် နိုင်ငံရေးအကြောင်းပြောလိမ့်မယ်လို့လည်း ထင်ကြပါလိမ့်မယ်။ ဤစာတမ်းတွင် နိုင်ငံရေးအကြောင်း လုံးဝဆွေးနွေးမည်မဟုတ်ပါကြောင်း ဦးစွာတင်ပြလို ပါတယ်။ နိုင်ငံရေးအကြောင်း မဆွေးနွေးသော်လည်း နိုင်ငံရေးမဲဆွယ်ပွဲတစ်ခုမှာ ၎င်းတင်ပြခဲ့တဲ့ ပုံပြင်ကလေးတစ်ပုဒ်အကြောင်းကို တင်ပြမှာပါ။

## သခင်သန်းထွန်းနှင့် နိုင်ငံရေး

သခင်သန်းထွန်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ဥက္ကဋ္ဌဆိုတာ လူအတော် များများကသိရှိထားပြီးဖြစ်ပါတယ်။ ၎င်းကွန်မြူနစ်ပါတီကို မထူထောင်မီမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးခေါ်တဲ့ ဖဆပလပါတီကြီးတွင် ပထမဦးဆုံးအတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သူပါ။

နောက် ဗိုလ်ချုပ်ရဲ့ဇနီး ဒေါ်ခင်ကြည်ရဲ့အစ်မကြီးဖြစ်သူ ဒေါ်ခင်ခင်ကြီးနှင့်အကြောင်းပါခဲ့သဖြင့် ဗိုလ်ချုပ်နှင့်လည်း မယားညီအစ်ကိုတော်စပ်သူဖြစ်ပါတယ်။ သို့သော်လည်း မြန်မာပြည်သူများရဲ့ ဆင်းရဲတွင်းနစ်နေရတဲ့အဖြစ်ကို ကယ်တင်လိုတဲ့အတွက် ထိုအချိန်ကာရေပန်းစားနေတဲ့ ငွေရှင်ကြေးရှင်တို့ရဲ့ကျွန်ခံနေရတဲ့ အရင်းရှင်စနစ်ကိုကျော်လွှန်တိုက်ဖျက်နေတဲ့ ကွန်မြူနစ်ဝါဒကိုလက်ခံပြီး ဗိုလ်ချုပ်တို့နှင့်လမ်းခွဲကာ ကွန်မြူနစ်ပါတီထူထောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

## နိုင်ငံရေးမဲဆွယ်ပွဲများပြုလုပ်ခဲ့ရသည့်အကြောင်း

ထိုအချိန်က မြန်မာပြည်လွတ်လပ်ရေးရဖို့ အလွန်နီးကပ်နေတဲ့အချိန်ဖြစ်ပါတယ်။ မြန်မာပြည်ဆိုင်ရာ နောက်ဆုံးဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ် ဆိုသူက ဗိုလ်ချုပ်တို့ကိုခေါ်ပြီး ကြားဖြတ်အစိုးရဖွဲ့ရန် ကိစ္စဆွေးနွေးပါတယ်။ ထိုအခါ ဗိုလ်ချုပ်ကလည်း စစ်ရာထူးကိုစွန့်ပြီး စောစောကတင်ပြခဲ့တဲ့ ဖဆပလပါတီထူထောင်ပြီး ရွေးကောက်ပွဲလုပ်ရန် ပြင်ဆင်ပါတော့တယ်။ သခင်သန်းထွန်းကလည်း ကြားဖြတ်အစိုးရအဖွဲ့တွင်ပါဝင်နိုင်ရန် ကွန်မြူနစ်ပါတီအနေဖြင့် ရွေးကောက်ပွဲဝင်ဖို့ဆုံးဖြတ်ပြီး ဖဆပလနှင့်အပြိုင် မဲဆွယ်ပွဲများ နိုင်ငံအနှံ့ပြုလုပ်လာပါတော့တယ်။ ထိုအချိန်က အခြားခေါင်းဆောင်များရှိကြသော်လည်း ပါတီအနေဖြင့်မရှိဘဲ ဖဆပလနှင့်ကွန်မြူနစ်ပါတီနှစ်ဖွဲ့သာ ကြီးကြီးမားမားရှိနေတဲ့အတွက် ထိုပါတီနှစ်ဖွဲ့ပဲ ရွေးကောက်ပွဲကို အကြိတ်အနယ်အားပြိုင်နေကြပါတယ်။

ဖဆပလပါတီက မဲဆွယ်ပွဲများအဖြစ် လာရောက်ဟောပြောတာမရှိပါ။ ဗိုလ်လက်ျာနှင့်အဖွဲ့သာ စာရေးသူတို့မြို့ကိုလာတာ တွေ့ရပါတယ်။ တရားပွဲများမကျင်းပဘဲ ရပ်မိရပ်ဖလူကြီးများနှင့်သာ တရုတ်ဘုံကျောင်းတစ်ခုတွင် ခေါ်ယူဆွေးနွေးကြပါတယ်။ ကွန်မြူနစ်ပါတီကတော့ လူစုံတက်စုံဖြင့် မြို့တွင်းရှိလူငယ်မောင်မယ်အချို့စည်းရုံးပြီး မြို့အနှံ့အော်လံများကိုသုံးကာ လူထုစည်းဝေးပွဲလုပ်

မည့်နေရာနှင့် နေ့ရက်တို့ကို ကြေညာမောင်းခတ်နေပါတော့တယ်။

## ပါတီညီလာခံကျင်းပသည့်နေရာ

ကွန်မြူနစ်ပါတီရဲ့ လူထုစည်းဝေးပွဲကြီးကျင်းပမည့်နေရာကို အိမ်မဲမြို့ ကွင်းကျောင်းဘုန်းတော်ကြီးကျောင်းရဲ့ အနောက်ဘက်ရှိ အလွန်ကျယ်ဝန်းတဲ့ ရိုးပြတ်လယ်ကွင်းကြီးမှာပြုလုပ်ပါတယ်။ လူဦးရေနှစ်သောင်းကျော်တက် ရောက်တယ်လို့ ကြားသိရပါတယ်။ နေ့ရက်ကိုတော့ မမှတ်မိတော့ပါ။ ၁၉၄၆ ခု၊ မိုးအကုန်ဆောင်းအကူး အောက်တိုဘာ–နိုဝင်ဘာလလောက်ကလို့ ထင် ပါတယ်။ ထိုအချိန်က စာရေးသူ၏ အသက်မှာ ၁၃ နှစ်သား ကျော်ကျော်လောက် ပဲရှိပါသေးသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ ဘာအသိဉာဏ်မှမရှိသေးပါ။ ထိုဟော ပြောပွဲကြီးသို့ရောက်လာရခြင်းဟာလည်း ကလေးပီပီ လူစုလူဝေးကြီးမြင်ရ သည့်အခါ ကြည့်ရှုရန်သက်သက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အချိန်က ညဉ့်ဦးပိုင်း ည ၈ နာရီခန့်လောက်မှာ စာရေးသူရောက်၍ မကြာခင်မှာ သခင်သန်းထွန်းစင်မြင့်ပေါ်သို့ တက်လာပါတယ်။

## သခင်သန်းထွန်းပြောတဲ့ပုံပြင်

သခင်သန်းထွန်းက "ကျွန်တော်ဗျာ ညနေစာထမင်းစားအပြီး ခေါင်း သိပ်မကြည်တဲ့အတွက် ခေတ္တလှဲနေချိန်မှာ ရဲဘော်တစ်ယောက်ရောက်လာတယ်။ သူက 'ဆရာ... ပွဲကဆရာပါမှ ပွဲစည်တာ။ ဆရာက ရယ်စရာတွေပါပြောတတ် တော့ လူတွေက ဆရာပြောမှကြိုက်တာ၊ လိုက်ခဲ့ပါဦး' လို့ ကျွန်တော်လာခဲ့ တာပါ" ဆိုပြီး စကားစပါတော့တယ်။

ပုံပြင်ကလေးကတော့ဗျာ ရှေးတုန်းက ရွာတစ်ရွာမှာ ဘိန်းစားတစ်ယောက် ရှိတယ်။ ညဘက်ဆို အိမ်တကာလိုက်ခိုးတယ်၊ အဝတ်အထည်နဲ့ ဆန်ကလေး

## စာပေပန်းခင်းရနံ့သင်း

ဘာလေးရတာကိုရောင်းပြီး စားသောက်နေရတယ်။ တစ်နေ့မှာ ညသန်းခေါင်ချိန် ကြယ်ရောင်လရောင်မရှိဘဲ အလွန်မှောင်မဲနေတဲ့အချိန်မှာ ခိုးလို့ရတဲ့ ဆန်ကလေးတစ်ပြည်ကိုပိုက်ပြီး လာခဲ့တယ်။ ထိုအခါ ဘာမှန်းမသိရတဲ့ မည်းမည်းအကောင်ကြီးတစ်ကောင်ကို ဘွားဆိုတိုးမိတယ်။ မည်းမည်းအကောင်ကြီးကလည်း သူ့ကိုလာတိုးတော့ လန့်ပြီးထပုန်းပါတော့တယ်။ သူခိုးကလည်း လန့်ဖျတ်ပြီး မည်းမည်းအကောင်ကြီးကို ဆွဲမိဆွဲရာဆွဲလိုက်တာ မည်းမည်းအကောင်ကြီးရဲ့အမြီးကို ဆွဲမိလျက်သားဖြစ်နေတယ်။ သူဆွဲလိုက်တဲ့အကောင်ကြီးဟာ နတ်မြင်းပျံကြီးဖြစ်နေတာကိုး။ ဒါနဲ့ သူနတ်ပြည်ရောက်သွားတယ်။ နတ်ပြည်လည်းရောက်သွားရော နတ်သမီးတွေပိုင်းလာပါရောဗျာ။

### နတ်ပြည်မှာ ဆန်ဈေးကောင်းတယ်

နတ်သမီးတွေက သူတို့နတ်ပြည်မှာက အငွေ့ပဲစားရတာ။ ခု ဆန်ပါလာပြီး အတွေ့စားရမှာဆိုတော့ သူ့ထက်ငါလုပြီး ဝယ်ကြတယ်။ နောက်ဆုံးတော့ နတ်သမီးတစ်ယောက်က ဆန်တစ်ပြည်ကို တစ်ကျပ်ပေးတဲ့အတွက် အဲဒီနတ်သမီးကို ရောင်းလိုက်တော့တယ်။ အဲဒီအချိန်က လူ့ပြည်မှာဆန် တစ်ပြည် တစ်မူးကျော်ကျော်ပဲရတယ်။ (ယခုခေတ်ဆို ၁၅ ပြားလောက်တော့ ရှိမယ်ထင်ပါတယ်။)

ဘိန်းစားကလည်း နတ်မြင်းပျံကြီးကိုလိုက်ရှာပြီး နတ်မြင်းပျံကြီးလူ့ပြည်ဆင်းတဲ့အခါ နတ်မြင်းပျံကြီးအမြီးကိုဆွဲပြီး ဆင်းလာတယ်။ ဆန်တွေခိုးလို့ရတဲ့အခါ ရသလောက်ဆန်တွေကိုပိုက်ပြီး နတ်မြင်းပျံကြီးအမြီးကိုဆွဲပြီး နတ်ပြည်ပြန်တက်တယ်။ နတ်သမီးတွေနဲ့ ဆန်အရောင်းအဝယ်လုပ်နေတာ အတော်တွက်ခြေကိုက်တယ်ဆိုပဲ။

တစ်နေ့ ဘိန်းစားကစဉ်းစားတယ်။ ဘိန်းစားအဖော်တွေကို ဆန်ခိုးခိုင်း

မယ်။ ရတဲ့ဆန်ကိုသူနဲ့အတူတူ နတ်ပြည်တက်ပြီး ဆန်အရောင်းအဝယ်လုပ်မယ်။ ဒါဆို သူခေါင်းဆောင်ဖြစ်မယ်။ ဒီလိုစိတ်ကူးပြီး ဘိန်းစားလေးငါးခြောက်ယောက်လောက်ခေါ်ပြီး ဆန်အခိုးခိုင်းတယ်။ ရသမျှဆန်နဲ့နတ်ပြည်တက်ပြီး ဆန်ရောင်းရန် နတ်မြင်းပျံကိုရှာကြပါတော့တယ်။ တစ်နေရာမှ နတ်မြင်းပျံကြီးကိုလည်းတွေ့ရော ခေါင်းဆောင်ဘိန်းစားက နတ်မြင်းပျံကြီးအမြီးကိုဆွဲပြီး ကျန်တဲ့ဘိန်းစားခြောက်ယောက်လောက်က သူ့ရဲ့ခါးမှခါးပုံစကိုဆွဲပြီး နတ်ပြည်ကို တသီကြီး ဆန်ကုန်ကူးရန်ထွက်လာပါတော့တယ်။

လမ်းတစ်ဝက်လောက်ရောက်တော့ အလယ်လောက်က ဘိန်းစားလေးတစ်ယောက်က စဉ်းစားတယ်။ နတ်ပြည်မှာ ဆန်တစ်ပြည်ကိုတစ်ကျပ်ရတယ်ဆိုတော့ နတ်ပြည်က ပြည်တောင်းကြီးကကြီးနေရင် ငါတစ်ကျပ်ရမှာမဟုတ်တော့ဘူးဆိုပြီး အပေါ်ဆုံးကဘိန်းစားကြီးကို အော်ပြီးမေးတယ်။ 'ဗျို့ ... ခေါင်းဆောင်ကြီး နတ်ပြည်ကပြည်တောင်းက ဘယ်လောက်ကြီးသလဲ' ဗျတဲ့။

အပေါ်ဆုံးက ဘိန်းစားခေါင်းဆောင်ကြီးကလည်း တစ်မျိုးစဉ်းစားနေတယ်။ ငါတစ်ယောက်ထဲသွားရောင်းတုန်းက ဆန်ဈေးကောင်းရတယ်။ ခု ဒီကောင်တွေပါလာတော့ ငါ့ဆန်အရင်လို ဈေးကောင်းရမှရပါတော့မလား။ ဒီကောင်တွေကို ခေါ်လာမိတာမှားပြီးဆိုပြီး စိတ်ညစ်နေသတဲ့'

နောက် အောက်ဆုံးကဘိန်းစားလေးတစ်ယောက်ကလည်း နတ်ပြည်ကပြည်တောင်းကြီးကကြီးနေရင် ငါတွက်ခြေမကိုက်ဘဲ ငါ့မိန်းမကဆူတော့မှာပဲဆိုပြီး စိတ်ပူနေတယ်။ ဒါကြောင့် ဘိန်းစားခေါင်းဆောင်ကြီးကို ထပ်ပြီးအော်မေးပြန်သတဲ့။ 'ဗျို့ .. ခေါင်းဆောင်ကြီး၊ နတ်ပြည်ကပြည်တောင်းက ဘယ်လောက်ကြီးသလဲဗျ' လို့ မေးတယ်။ ထိုအခါ ဘိန်းစားခေါင်းဆောင်ကြီးက စိတ်မရှည်တော့ဘဲ 'ဒီလောက်ကြီးရှိတယ်ကွာဆိုပြီး လက်နှစ်ဖက်ကို ဝိုင်းပြလိုက်ရာ အားလုံးပြုတ်ကျကုန်ပြီး ကိစ္စချောကုန်ပါရောတဲ့ဗျာ'

## စာပေပန်းခင်းရနံ့သင်း

ကဲ ပုံပြင်ကလေးကတော့ ဒါပါပဲ ...။ သခင်သန်းထွန်းက နောက်ဆုံးကျမှ နိုင်ငံရေးဆန်ဆန် စကားတစ်ခွန်း ပြောလိုက်ပါတယ်။ 'ကျွန်တော်တို့ဗမာပြည်မှာ ခေါင်းဆောင်လုပ်ချင်တဲ့သူတွေ သိပ်ပေါ်နေပါတယ်။ သတိထားနော် ခေါင်းမ ဆောင်တတ်ရင် ဒုက္ခတွေ့တတ်တယ်တဲ့' ဒါပါပဲ။

### နိဂုံး

သခင်သန်းထွန်းဟာ အဘယ့်ကြောင့် ဒီပုံပြင်ကိုရွေးပြီး ပြောရသလဲဆိုတာ စဉ်းစားကြည့်သင့်ပါတယ်။ စဉ်းစားမိသလောက်ပြောရရင် ကြားဖြတ်အစိုး ရဖွဲ့တဲ့အခါ ကွန်မြူနစ်ပါတီအပြင် ဆိုရှယ်လစ်အုပ်စု၊ ရဲဘော်ဖြူ၊ ရဲဘော် ဝါအုပ်စု၊ ဂျူနီအုပ်စုစတဲ့ မထင်ရှားတဲ့အဖွဲ့ငယ်လေးများလည်း အတော်များ များရှိနေတာကို သူသိထားတယ်။ ထိုအဖွဲ့ဝင်များ ကြားဖြတ်အစိုးရသစ်ထဲ ဝင်လာမှာကို မလိုလားတဲ့အတွက် ထိုအုပ်စုဝင်တွေကို နှိပ်ကွပ်လိုတဲ့သဘောနဲ့ ထိုသူတွေကို ဘိန်းစားတွေလို့ ရည်ရွယ်ပြောဆိုလိုက်တယ်လို့ ယူဆမိပါတယ်။

ရွေးကောက်ပွဲကြီးပြီးဆုံးတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဖဆ ပလက မဲအပြတ်အသတ်နဲ့ အနိုင်ရရှိပါတယ်။ ကြားဖြတ်အစိုးရဖွဲ့တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက ဝန်ကြီးချုပ်ရာထူးယူပါတယ်။ ထိုအချိန်က ဝန်ကြီးချုပ်ရဲ့ လစာငွေမှာ တစ်လလျှင်ငါးထောင်ရပေမယ့် ဗိုလ်ချုပ်က သုံးထောင်ပဲယူတယ်လို့ ကြားဖူးပါတယ်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ဟာ ထိုဝန်ကြီးအဖွဲ့ရဲ့ အ စည်းအဝေးတစ်ခုပြုလုပ်ဖို့ စုဝေးကြစဉ်မှာ လုပ်ကြံခြင်းခံလိုက်ကြရပါတယ်။

**သိပ္ပံ–ညိုထွေး**

### ကျမ်းကိုး–

ငယ်စဉ်က ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြခဲ့သည့်အတွက် ကျမ်း ကိုးသီးခြားမရှိပါ။



# ကျော်ခင်ဝင်း
(မင်္ဂလာဒုံ)
၏
# အဝန့်စာပေ

အဖဦးကျော်၊ အမိဒေါ်ထားခင်တို့မှ ၁၉၅၉ ခုနှစ်၊ ဖွန်လ (၈) ရက်နေ့တွင် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က အင်းစိန်၊ ဖော့ကန် မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး အလယ်တန်းပညာအား အစိုးရအထက်တန်းကျောင်းအမှတ်(၃) အင်းစိန် (ယခင် အောင်ဆန်းကျောင်း)တွင် ဆက်လက်ပညာသင်ကြားခဲ့ကာ အစိုးရအစစ်အလယ် တန်းစာမေးပွဲအား အင်္ဂလိပ်၊သင်္ချာ (၂)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၂) ဘောင်ဒရီ၌တွင်ခုံ ဖောက်ခုံအဓိကဘာသာရပ်ဖြင့် တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၈၀ ခုနှစ်၌ တပ်မတော်(ရေ)တပ်တွင် စက်မှုလက်မှုစစ်သည်အဖြစ် တာဝန်ထမ်းဆောင်၍ ညနေပိုင်းအင်ဂျင်နီယာဒီပလိုမာသင်တန်းအား တက်ရောက်အောင်မြင်ခဲ့ပြီး E.T.E.C(Mechincal Power) Diplomer အားရရှိခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် စစ်မှုထမ်းသက်ပြည့်ပင်စင်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါသည်။

၂၅-၁၂-၂၀၁၃ ရက်နေ့ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာပါ 'အောင်ပန်းပွင့်ဝေ မြန်မာ့လေ့'ကဗျာဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ကာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကဗျာများ ကလေးကဗျာများအား ရေးသားလျက်ရှိပါသည်။ အမည်ရင်းမှာ ဦးသန်းဝင်းဖြစ်ပြီး အမှတ်(၇)၊ မင်္ဂလာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် မိသားစုနှင့် အတူနေထိုင်လျက်ရှိပါသည်။

စာပေ

# အွန်လိုင်းပေါ်မှမြန်မာကဗျာ ရှုထောင့်ပျားမှုအားလေ့လာခြင်း

ကျော်ခင်ဝင်း(မင်္ဂလာဒုံ)

**နိဒါန်း**

ဤစာတမ်းငယ်သည် 'အွန်လိုင်း'ဟုခေါ်ဆိုကြသော အင်တာနက် Internet နည်းပညာပေါ်တွင် မြန်မာဘာသာစကားဖြင့် ခံစားချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အဖုံဖုံဖြင့်ရေးသားခဲ့ကြ(ဂန္တဝင်/မော်ဒန်)ကဗျာများ၏ ဖြစ်စဉ်အား အကျဉ်းမျှလေ့လာလျက်ပြုစုထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။

ဤစာတမ်းသည် ကဗျာနှင့်ပက်သက်သော အကြောင်းရပ်များအား ပြုစုခြင်းဖြစ်သည့်အားလျော်စွာ ကဗျာတစ်ပုဒ်ချင်းအလိုက် သုံးသပ်ခြင်းမဟုတ်သည့်အတွက် အချို့နေရာများတွင် ကဗျာအစာသားများအား ထည့်သွင်းမဖော်ပြနိုင်သည်ကို ဦးစွာစကားဦးဆိုအပ်ပါသည်။

## အင်တာနက်(အွန်လိုင်း)နှင့် ကဗျာစာပေ၏နောက်ကြောင်း

အင်တာနက်နည်းပညာသည် မြန်မာနိုင်ငံသို့ ၂၀၀၀ ခုနှစ်လောက်တွင် စတင်ဝင်ရောက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်ခန့်တွင် အွန်လိုင်းသုံးစွဲသူအစုအဖွဲ့များဖြင့် ဖိုရမ်များဖွဲ့စည်း၍ အကြောင်းအမျိုးမျိုးအား အပြန်အလှန်ဆွေးနွေးမှုများမှာ ထွန်းကားလျက်ရှိနေပြီဖြစ်ပါသည်။

အများစုမှာ နိုင်ငံရေးဆိုင်ရာများကိုသာ ဆွေးနွေးကြပြီး စာပေနှင့်ပက်သက်၍ မိမိရေးသားထားသော အကြောင်းအရာများအား ပြန်လည်မျှဝေမှုများ နည်းပါးလျက်ရှိနေပါသေးသည်။

၂၀၀၆ ခုနှစ်တွင် (blog)ဘလော့(ဂ်)ဟုခေါ်သော ကိုယ်ပိုင်စာမျက်နှာများပီပီ တစ်စထက်တစ်စပိုမိုများပြားလာပြီး မိမိတစ်ဦးတည်း စိတ်ကြိုက်ရေးသားနိုင်သော စာမျက်နှာများပီပီ မိမိနှစ်သက်ရာ လိုင်းတစ်လိုင်းအား အလေးထားပြီး ရေးသားလာနိုင်ခဲ့ကြပါသည်။

၂၀၀၉ ခုနှစ်တွင် (bloger) ဘလော့ဂါ'ညီလင်းဆက်' ပြုလုပ်သော ဘလော့ဂါဆာဗေးအရဖြေဆိုခဲ့သော ဘလော့ဂါ(၃၉၄)ခုပေါ်တွင်အခြေခံ၍ ဘလော့ဂ် ၁၆ မျိုးခွဲခြားထားသည့်အနက် book and literature (စာအုပ်နှင့်စာပေ)ဆိုင်ရာအမျိုးအစားသည် ၉ ရာလိုင်နှုန်းသာပါဝင်သည်ကို တွေ့ရပါသည်။

ထိုရာခိုင်နှုန်းထဲတွင် အနည်းငယ်မျှသာ ပါဝင်သောကဗျာဘလော့ဂ်များတည်ထောင်သူများထဲမှ ထင်ရှားသောဘလော့ဂ်ရေးသူများမှာ ငြိမ်းညီ၊ လှိုင်မင်းညာ၊ သိုးထိန်းနှင့် တောကျောင်းဆရာတို့ဖြစ်ပါသည်။ အုပ်စုလိုက် ကဗျာဘလော့ဂ်များထဲ၌ PEM School ဖြစ်ပြီး ကဗျာတစ်မျိုးတည်းကိုသာ မဂ္ဂဇင်းဆန်ဆန်ဖော်ပြသော ဘလော့ဂ်များမှာ 'လမ်းအိုလေးနှင့် Burmese Poetry Foundation'' တို့ဖြစ်ပါသည်။

ထို့အပြင် ဖော်အဲဗားစာပေဒေါ့ကွမ်းဒေါ့အမ်အမ် (fover space.com.mm)

## စာပေပန်းခင်းရနံ့သင်း

ၠ်လည်း ကဗျာအပါအဝင် မြန်မာစာအုပ်စာပေနှင့် အနုပညာသတင်းများ
ဆကြောင်းရပ်များကိုလည်း ပုံမှန်တင်ပေးခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

ထိုမှ နောက်ပိုင်းကာလများတွင် ပုံနှိပ်မီဒီယာလောကမှ ထင်ရှားသော
ကဗျာဆရာတချို့သည်လည်း အွန်လိုင်းပေါ်တွင် ကိုယ်ပိုင်စာမျက်နှာများတည်
ဆောက်ပြီးလျှင် ကဗျာများအား ထုတ်ဝေခဲ့ကြပါသည်။

### အွန်လိုင်းပေါ်ကဗျာရေးသူများ

ဗိုရမ်ခေတ်၊ ဘလော့ဂ်ခေတ်မှစ၍ ယခုကာလ FB ဖေ့စ်ဘုတ်ခ်ခေတ်အထိ
အွန်လိုင်းပေါ်တွင် ကဗျာရေးသူများအား အမျိုးအစားခွဲခြားကြည့်လျှင်–

– အွန်လိုင်းတွင်ကဗျာများ စတင်ရေးသားပြီး ဆက်လက်၍လည်း အွန်
လိုင်း၌သာ ကဗျာရေးသားနေသူ

– အွန်လိုင်းတွင် ကဗျာများစတင်ရေးသားပြီး ပုံနှိပ်စာမျက်နှာမီဒီယာသို့
ကူးပြောင်းရေးသားသူနှင့်

– မူလက ပုံနှိပ်စာမျက်နှာမီဒီယာမှ အွန်လိုင်းပေါ်သို့ တက်ရောက်ရေးသား
လာသူဟူ၍ သုံးမျိုးတွေ့ရမည်ဖြစ်ပါသည်။

မည်သို့ပင်အမျိုးအစားကွဲပြားစေကာမူ အွန်လိုင်းတွင်ရေးသားသူတို့သည်
အောက်ပါအချက်များကြောင့် အွန်လိုင်း၌ရေးသားနေကြခြင်းဖြစ်သည်ကိုကား
ငြင်းဆိုဖွယ်ရာရှိနိုင်မည်မဟုတ်ပေ။

#### (က) အွန်လိုင်းကဗျာ၏ လွတ်လပ်မှု

အွန်လိုင်းတွင်တွေ့ရသောကဗျာများသည် နည်းပညာပိုင်းအရမဟုတ်မူပဲ
မီဒီယာပိုင်းအရလွတ်လပ်ခြင်းပင်ဖြစ်ပါသည်။ အယ်ဒီတာမရှိ ဆင်ဆာမရှိသည့်
အတွက် အွန်လိုင်းစာမျက်နှာများတွင် မိမိသဘောအရလွတ်လပ်စွာ တင်ပြ၍ရ
ခြင်း၊ အချိန်စောင့် ဆိုင်းစရာမလိုအပ်ဘဲ ချက်ခြင်းတင်ပြ၍ရခြင်း၊ မိမိကိုယ်မိမိ

မည်သူမည်ဝါဖြစ်ကြောင်း (Idenity)ကိုယ်ရေးအချက်ဖော်ပြရန်မလိုခြင်း၊ စာဖတ်သူတို့၏တုံ့ပြန်ချက်များအား ချက်ခြင်းသိရှိနိုင်ပြီး အပြန်အလှန် အချိန်နှင့်တစ်ပြေးညီဆက်သွယ်နိုင်ခြင်း၊ ဆက်သွယ်ရန်မလိုအပ်ပါက ပယ်ဖျက်(block)အားသုံးနိုင်ခြင်းတို့သည် ပုံနှိပ်မီဒီယာတွင်မရနိုင်သော အွန်လိုင်း၏လွတ်လပ်မှုများပင် ဖြစ်ပါသည်။

## (ခ)အချိန်နှင့်တပြေးညီ ကဗျာများရေးသားခြင်း

အွန်လိုင်းကဗျာများသည် လတ်တလောဖြစ်မှုကို ပိုမိုမြင်တွေ့ရပြီး လတ်တလောဖြစ်ပျက်နေသော အကြောင်းအရာများအား အခြေခံထားသည့်အားလျော်စွာ ရေးဟန်အသုံးမြန်ဆန်မှု၊ အကြောင်းအရာရှုပ်လျားစုံလင်မှု၊ ရှုပ်ထွေးမှုများ ရောယှက်နေတတ်ပါသည်။

လတ်တလောအကြောင်းရပ်များဖြစ်သည့်အတွက် နောင်ကာလကြာမြင့်ချိန်တွင် ပြန်လည်ဖတ်ရှုသောအခါ အရသာအတွေး အယူပြောင်းလဲသွားနိုင်ကောင်းပြောင်းလဲမှုရှိနိုင်ပါသည်။ ဥပမာအားဖြင့် 'ရဲရင့်လမင်း၊ ကျော်လှိုင်ဦး(လှိုင်)၊ ရွှေမိုးမြူ'' တို့ရေးသားခဲ့သော 'နှစ်ဆယ့်တစ်ရာ၏သီရိဒိုင်းမေးရှင်း' ကဗျာမှ 'ရွှေဝါရောင်အနားစမှာ ငါတို့ရဲ့မျက်နှာတွေငယ်ရ၊ ကိုယ့်ဒဏ်ရာနဲ့ကိုကန်းပေးထားရ'' ဟူသော စာကြောင်းအား ရွှေဝါရောင်အရေးအခင်းကာလတွင် အံဝင်ခွင်ကျ မြင်တွေ့ကြရသောပုံစံနှင့်ခံစားခဲ့ကြပြီး ယခုအအချိန်တွင် ပြန်လည်ဖတ်ရှုပါက မည်သို့ခံစားမိ၍ နောင်(၁၀)နှစ်အကြာတွင် ဖတ်ရှုသူများမှ ခြုံငုံခံစားမိရန် လွယ်ကူတော့မည်မဟုတ်ပါချေ။

## (ဂ) ကဗျာရေးသူကိုလိုက်၍ဖတ်ရှုခြင်း

အွန်လိုင်းစာမျက်နှာပေါ်တွင် ကဗျာရေးသားသူများသည် မိမိ၏ကိုယ်ပိုင်လောဂ့်များမှ မိမိသန်ရာလိုင်းတစ်လိုင်းအား မူတည်လျက်ရေးသားကြသဖြင့် ကဗျာဖတ်သူတို့သည် မိမိနှစ်သက်စိတ်ဝင်စားသော အယူအဆတူရေးသားသည့်

ဗျာများကိုရှာဖွေလျက် ထိုသူတို့၏ ဘလော့ဂ်များအတွင်းဝင်ရောက်ကာ အမြဲ စမ်းဖတ်ရှုပြီး ရေးသားသူနှင့်ဖတ်ရှုခံစားသူတို့ ကဗျာအပေါ်တွင် ဝေဖန် ုံးသပ်မှုများ ထောက်ခံအကြံပေးမှုများအား ချက်ချင်းအပြန်အလှန်ပြုလုပ် နိုင်ကြသည့်အတွက် ရေးသားသူနှင့်ဖတ်ရှုသူများမှာ ရင်းနှီးနွေးထွေးသော သူ့ ဲသိုင်းအဝိုင်းတစ်ခုအား တည်ဆောက်နိုင်ခဲ့ကြပါသည်။

ဤနေရာတွင် စာဖတ်သူများအနေဖြင့် ပုံနှိပ်မီဒီယာ၌ မိမိနှစ်သက်ရာက ဆောင်ရှင်၏ကဗျာအား ပါဝင်မှုရှိမရှိကို စာမျက်နှာမာတိကာတွင် ရှာဖွေဖတ် ရှုနိုင်ကြသော်လည်း စာအုပ်ရှာဖွေရခက်ခဲခြင်း၊ ရှာဖွေဝယ်ယူရန် အချိန်ပေးရ ခြင်း၊ ကဗျာအား ဖတ်ရှုခံစားသည့် အကြောင်းအချက်များအား ကဗျာရေးသူနှင့် အလျင်အမြန် တိုက်ရိုက်ဆက်သွယ်မရနိုင်ခြင်းများကြောင့် အချို့စာဖတ်သူများ သည် ပုံနှိပ်စာမျက်နှာများဖတ်ရှုခြင်းမှ အွန်လိုင်း ဘလော့ဂ်စာမျက်နှာများပေါ်သို့ ရွေ့လျားပြောင်းလဲသွားခြင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။

အွန်လိုင်းကဗျာလောက၌ ၂၀၁၂ နောက်ပိုင်းတွင် အမျိုးသမီးကဗျာဆရာ မများအပြားပေါ်ထွန်းလာခဲ့ပါသည်။ အရည်အသွေး ပိုမိုကောင်းမွန်လာကြသလို ဖတ်ရှုသူများ၏ စိတ်ဝင်စားမှုကိုလည်း ရရှိခဲ့ကြပါသည်။

နောက်ထပ်အကျိုးဆက်တစ်ခုမှာ ဖတ်ရှုသူဗဟိုပြုကဗျာများ ထွန်းကား လာခြင်းပင်ဖြစ်ပါသည်။ အွန်လိုင်းတွင် ကဗျာရေးသားသူ ကဗျာဆရာအချို့ သည် ပရိသတ်မှမိမိအပေါ်စိတ်ဝင်တစားရှိစေမည့် ကဗျာများအားမွေးထုတ် လာခဲ့ကြသဖြင့် အရည်အသွေးလျော့ပါး ခံစားချက်အားနည်းသည့် ဖတ်သူ့ကြိုက် ကဗျာများ ပေါ်များလာခဲ့သည်။

ထို့အပြင်ကဗျာဖတ်သူအများစုမှာ နိုင်ငံရေးကဗျာများရေးသားလျှင် like များ share များနှင့် comment များရတတ်သည်ကို နှစ်သက်သူပေါ်များလာ သဖြင့် နိုင်ငံရေးကဗျာများအားကောင်းလာကာ ရသနွယ်သောကဗျာများ အ

လျော့ပါးသွားစေခဲ့ပါသည်။

## အွန်လိုင်းပေါ်၌တွေ့ရသော ထူးခြားကဗျာအမျိုးအစားများ

အွန်လိုင်း၏ စွမ်းဆောင်ရည်နည်းပညာကြောင့် ပုံနှိပ်လောကနှင့်မတူသော ထူးခြားသည့်ကဗျာအမျိုးအစားများအား ထပ်မံလေ့လာတွေ့ရှိရပါသည်။

**(က) စုပေါင်းစွမ်းအား ရေးသောကဗျာ**

ကဗျာတစ်ပုဒ်အား ရေးသားသူတစ်ဦးထက်ပိုသော ရေးသားခြင်းများအား ယခင်က Office တွင်ရှိခဲ့သော်လည်း အင်တာနက်စနစ်ပေါ်ပေါက်လာသော အခါ နည်းပညာပံ့ပိုးမှုကြောင့် ပိုမိုမြန်ဆန်လာပါသည်။

၎င်းအကျိုးဆက်၏ဥပဒေမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင်ထုတ်ဝေသည့် ကဗျာဆရာ 'မောင်ယုပိုင်' ၏ Double poetry project ဖြစ်ပါသည်။ မြိတ်မြို့ တွင်နေထိုင်သူမောင်ယုပိုင်သည် အင်တာနက်အားအသုံးပြုလျက် မြန်မာပြည် အခြားဒေသများနှင့် နိုင်ငံရပ်ခြားတွင် နေထိုင်သူအပါအဝင် ကဗျာဆရာ၊ ဆရာမ ၄၄ ဦးနှင့် ၄၂ ပုဒ်အား ဖန်တီးနိုင်ခဲ့ပါသည်။

**(ခ) သတ်မှတ်ခေါင်းစဉ်တစ်ခုတည်းအား ခံစားရေးသားသောကဗျာ**

အချို့ကဗျာရေးသူများသည် secret group page (လျှို့ဝှက်အုပ်စုအဖွဲ့စာ မျက်နှာ) တစ်ခုတည်ထောင်လျက် မိမိ group mambers (အုပ်စုအဖွဲ့ဝင်)များ နှင့်အတူ ကဗျာခေါင်းစဉ်တစ်ခုသတ်မှတ်၍ ထိုခေါင်းစဉ်အား မတူညီသောအမြင် ကွဲပြားသောရှုထောင့်များမှခံစားလျက် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖွဲ့ဆိုခဲ့ကြရာ ခေါင်းစဉ်မှုကွဲကဗျာများလည်း အွန်လိုင်း၌ထွက်ပေါ်လာခဲ့ပါသည်။

## မျက်မှောက်ခေတ် အွန်လိုင်းကဗျာများ

မျက်မှောက်ခေတ်ကာလတွင်နည်းပညာ၏ တိုးတက်လာမှုနှင့်အတူ

## စာပေပန်းခင်းရနံ့သင်း

အွန်လိုင်းပေါ်တွင်ဂျီမေးလ်(Gmail)၊ ယူကျူ့(Youtube)၊ ဖေ့စ်ဘွတ် (Face-book)နှင့် အင်စတာဂရမ်(Inatagram)၊ ဗွီကေ(VK)စသည့် လူမှုကွန်ရက်များကို တိုးတက်ထွန်းကားလာခြင်းနှင့်အတူ အွန်လိုင်းအသုံးပြုသူများလည်းပိုမိုများပြားတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ နောင်လအနည်းငယ်အတွင်းတွင် မြန်မာပြည်တွင်းသုံး (MM ) ကွန်ယက်ထပ်တိုးလာမည်ဖြစ်သည်။

မြန်မာပြည်သူတို့အနေဖြင့် ယခုအခါမိုဘိုင်း(mobile-phone) တယ်လီဖုန်းများအား တွင်ကျယ်စွာအသုံးပြုလာသည့်နှင့်အမျှ ဖော်ပြပါလူမှုကွန်ယက်နည်းပညာများအား စိတ်ဝင်တစားအသုံးပြုသူများလည်း များပြားလာခဲ့ပါသည်။

ယခုအခါ မြန်မာပြည်လူထုအတွင်း၌ အတွင်ကျယ်ဆုံးအသုံးပြုသည့် လူမှုကွန်ရက်မှာ ဖေ့ဘုတ်နည်းပညာပင်ဖြစ်ပါသည်။ ထိုဖေ့စ်ဘုတ် ကွန်ရက်အတွင်း၌ကျောင်းနေကလေးအရွယ်မှစ၍ သက်ကြီးရွယ်အိုအငြိမ်းစားများအထိလုတန်းစားအလွှာအသီးသီးမှ ပါဝင်အသုံးပြုသူများပြားလာသည့်အထဲတွင်၊ ကဗျာရေးသားသူ ကဗျာဝါသနာရှင်အများအပြားလည်း ပါဝင်လာကြသဖြင့် မိမိတို့ခံစားရေးဖွဲ့လိုရာ ကဗျာပုံသဏ္ဌာန်အသီးသီးသည်လည်း တိုးတက်ပွားများလာခဲ့ပါသည်။

## ဖေ့ဘွတ်(Face book)ပေါ်မှ မြန်မာကဗျာများ

ဖေ့စ်ဘုတ်ကွန်ရက်တွင်ကဗျာရေးသားနေသူများသည် မိမိတို့၏ ကိုယ်ပိုင်အကောင့်များမှနေ၍ မိမိခံစားချက်များအား မိမိတို့အကျွမ်းတဝင်ရှိသော (ဆောင်းပါး/ခေတ်ပေါ်) ကဗျာပုံစံများဖြင့် ရေးသားလာကြရာတွင် အောက်ပါအမျိုးအစားများဖြင့် ရေးဖွဲ့ပုံပုံသဏ္ဌာန်ကွဲပြားလာသည်ကို လေ့လာတွေ့ရှိရသည်။

### (က) မန့်ကဗျာများ

ဖေ့စ်ဘုတ်ကိုယ်ပိုင်ဝေါ်များအတွင်း၌ မိမိရေးလိုက်သော ကဗျာကိုဖတ်ရှု

သူများအား အချိန်တစ်ခုသတ်မှတ်ပေးလျက် ကွန့်မန့်(comment)တွင် ကဗျာများရေးသားစေခြင်းဖြစ်ပါသည်။

ဥပမာအနေဖြင့် 'သန်ခေါင်းယံ ကဗျာရေးပွဲတော်' ဟု အမည်ပေးထားသော အစီအစဉ်လေးတွင် ကဗျာဆရာ 'လူကလေးသည် 'ကမ္ဘာကဗျာ' နှင့် အချိန်တစ်ခုသတ်မှတ်ပြီး face book ပေါ်တွင်သူတင်ထားသော status အောက်၌ မိမိတို့၏ကဗျာများကို ကွန့်မန့်ဝင်ရေးရန် ကဗျာဆရာအများအပြားကိုဖိတ်ခေါ်ခဲ့ကာ ထိုကဗျာများအား စုစည်းလျက်စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

အင်တာနက်၏မြန်ဆန်မှုများနှင့် ဖေ့စ်ဘုတ်၏လွယ်ကူမှုတို့ပေါင်းစပ်လျက် ကဗျာများ၏အရေအတွက်နှင့် အရှည်အသွေး ပြောင်းလဲတိုးတက်လာခဲ့ပါသည်။

## (ခ) ကဗျာစီးရီးတွဲများ

အချို့ကဗျာရှည်ရေးသားသော ကဗျာဆရာများသည် မိမိရေးသားလိုသော ဇာတ်ကြောင်းခံစားချက်များအား အပိုင်းလိုက်အပိုင်းလိုက်ဖြင့် ကဗျာအတွဲ (စီးရီးကဗျာ)များ ရေးသားလာသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ကဗျာအတွဲရေးသားမှုတွင် ရှေးဟောင်း(ဂန္ထဝင်) ကဗျာရေးသားသူများအား ပိုမိုတွေ့ရှိရပြီး ထိုသူတို့အနေဖြင့် ဝတ္ထုဇာတ်လမ်းများ၊ ဇာတ်နိပါတ်တော်များ၊ ဓမ္မဆိုင်ရာကဗျာများအား အချိုးကဗျာများ၊ တေးထပ်၊ ရတုနှင့် လင်္ကာရေးဖွဲ့နည်းများဖြင့်ရေးသားခဲ့ကြရာ မျက်မှောက်ကာလတွင် ထိုကဗျာအတွဲရေးသားသူများအနက် ကဗျာဆရာ'မိုးဝေဠာ'၏ 'မမပြနှောင်းညို'အမည်ရှိ ကဗျာအတွဲသည် ဝတ္ထုတစ်ပုဒ်ဖတ်ရှုသူရသကဲ့သို့လည်းကောင်း ရုပ်ရှင်ဇာတ်ကားတစ်ကားအား ကြည့်ရှုနေရသကဲ့သို့လည်းကောင်း ရသပေးစွမ်းနိုင်သဖြင့် အစမှအဆုံး အပိုဒ်ဆက် ၂၇ ခုတိုင်အောင် ဖတ်ရှုသူအများအပြား စောင့်စားဖတ်ရှုခဲ့ကြသဖြင့် အောင်မြင်မှုရခဲ့ပါသည်။

ထို့အပြင် ကဗျာဆရာမ 'မြတ်ပန်းနိုင်'၏ 'ရာဇဝင်ထဲမှ နှလုံးသားခြေရာ'

## စာပေပန်းခင်းရနံ့သင်း

ကဗျာအတွဲသည်လည်း ယခုစာတမ်းပြုစုစဉ် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့အထိ ရာဇဝင်ဇာတ်ကြောင်းများကိုအခြေခံလျက် ထိုဇာတ်လမ်းများထဲမှ ဇာတ်ကောင်အသီးသီး၏နေရာမှ ခံစားရေးဖွဲ့ထားသော မြန်မာဂန္ထဝင်ကဗျာပေါင်း ၉၅ ပုဒ်သို့တိုင်အောင် ရောက်ရှိလာပြီဖြစ်သော်လည်း ဖတ်ရှုသူတို့ တမ်းတမ်းတတဖြင့် အားပေးဖတ်ရှုလျက်ရှိနေကြပြီး ရာဇဝင်အသမိုင်းအဆောက်အထားရှာဖွေသူတို့အနေဖြင့် လေ့လာဖတ်ရှုနေသော ကဗျာစီးရီးတစ်ခုဖြစ်နေပါသည်။

ခေတ်ပေါ်(မော်ဒန်)ကဗျာဘက်တွင်လည်း ဆရာလင်းလက်က(ရဟန်းကဗျာဆရာ)ရေးသားသော 'ဒေငြဥယျာဉ်၌ မပြဋ္ဌာန်းထားသောကျမ်းစာ' ကဗျာစီးရီးထဲမှ ကဗျာများသည်လည်း စစ်၏အနိဋ္ဌာရုံများ၊ စစ်၏ဆိုးကျိုးများအားခံသားစုခံစားချက်များဖြင့် ရေးဖွဲ့ထားသည့်အတွက် ကဗျာများရှည်လျားသော်လည်း ရသများပေးစွမ်းနိုင်သဖြင့် ဖတ်ရှုသူအများအပြား အားပေးခြင်းခံရသော ကဗျာများဖြစ်ပါသည်။

ထို့အပြင် 'ဓမ္မပဒ အဋ္ဌကထာ'လာ ဝင်္ဂဒေသနာဝတ္ထုတော်များအား အခြေခံရေးသားထားသည့် ကဗျာဆရာ ဆရာဘို(ကလေးမြေ)ရေးသားခဲ့သည့် ဓမ္မကဗျာများလည်း ဘာသာရေးဆိုင်ရာစိတ်ဝင်စားသူအများအပြား အားပေးဖတ်ရှုခဲ့သည့် ကဗျာစီးရီးတစ်ခုဖြစ်ပါသည်။ ၎င်းအပြင် ဆရာအောင်နိုင်သူ(သုသေတီ)၏ ဗုဒ္ဓဝင်ဇာတ်လာကဗျာတွဲများသည်လည်း အောင်မြင်ခဲ့သောကဗျာစီးရီးတစ်ခုဖြစ်ပါသည်။

ကဗျာနယ်ပယ်အရပ်ရပ်တွင် ရေးဖွဲ့လျက်ရှိသော ကဗျာစီးရီးများစွာရှိနိုင်သော်လည်း အွန်လိုင်းကဗျာအကြောင်း အကျဉ်းမျှလေ့လာခြင်းဖြစ်ပါသဖြင့် ကျန်ရှိသောကဗျာများအား နောင်အလျဉ်းသင့်ပါမှ ကဏ္ဍတစ်ခုခြင်းအလိုက်လေ့လာ၍ စာတမ်းပြုစုတင်ပြမည်ဖြစ်ပါသည်။

ဤနေရာတွင် အထက်မှဖော်ပြခဲ့သော ကဗျာဆရာအသီးသီး၏ကဗျာများမှာ ကဗျာရှည်များဖြစ်သည့်အားလျော်စွာ စာတမ်း၏ အတိုရှည်အားငဲ့ကွက်ရသဖြင့် ကဗျာစာသားများအား မဖော်ပြနိုင်သည်ကို နားလည်စေလိုပါသည်။

ဖေ့စ်ဘွတ်ပေါ်တွင်တင်လိုက်သော ကဗျာတစ်ပုဒ်၏အစအဆုံးအပိုဒ်မှာ ဖတ်သူများမတွေးမီ၌ပင် အခြားသူအများတက်ရောက်လာသဖြင့် wall ပေါ်၌သွားကာ နောက်တင်သောအပိုဒ်ကိုသာ မြင်တွေ့နိုင်တော့သဖြင့် စာဖတ်သူများအနေဖြင့် စဉ်ဆက်မပြတ်ဖတ်ရှုမိကြသော် ကဗျာ၏အကြောင်းအရာအား ချိုင့်မိနိုင်မည်ဖြစ်သော်လည်း ရန်ဖန်ရံခါမှ ဝင်ရောက်ဖတ်ရှုသူတစ်ဦးအနေဖြင့်မူ ကဗျာအား ခံစားဖို့ရာခက်ခဲမှုနှင့် ကြုံတွေ့နိုင်ပါသည်။

ထိုအခက်အခဲအား ဖြေရှင်းသောနည်းလမ်းတစ်ခုအနေဖြင့် ကဗျာရေးသူမှ မိမိရေးသားပြီးသောကဗျာဆက်အား အချိန်အတိအကျဖြင့် ဖေ့စ်ဘုတ်ပေါ်သို့ တင်ပေးလေ့ရှိပြီး ဖတ်ရှုသူများမှလည်း ထိုအချိန်အားမှတ်သားထားကာ စောင့်မျှော်ဖတ်ရှုကြပြီး ထိုကဗျာအား မိမိဝေါ်အတွင်းအပေါ်၌ တည်ရှိစေရန် like ပေးခြင်း၊ share ခြင်းနှင့် မိမိအကောင့်အား Tag တက်တွဲ၍တင်ပေးပါရန် ကဗျာရေးသူအား တောင်းဆိုခြင်းများပြုပြပါသည်။

## ဖေ့စ်ဘုတ်ကဗျာများ၏ ဆန်းသစ်တီထွင်မှုများ

ဖေ့ဘုတ်ကွန်ယက်၏နည်းပညာဆန်းသစ်မှုများကြောင့် ဖေ့စ်ဘုတ်ပေါ်၌ ကဗျာရေးသူများသည် မိမိတို့စိတ်ကြိုက်ပုံသဏ္ဍာန် ဒီဇိုင်းအမျိုးမျိုးဖြင့် ရေးဖွဲ့ကြရာ၌–

– Photoshop (ဖိုတိုရှော့) နည်းပညာပံ့ပိုးမှုဖြင့် အရောင်အသွေး၊ စာလုံးပုံစံ(ဖောင့်)အမျိုးမျိုးဖြင့် တီထွင်ရေးသားလာခဲ့ကြရာ ဖတ်ရှုသူများ စိတ်ဝင်စားမှုမြင့်တက်ခဲ့ပါသည်။

## စာပေပန်းခင်းရန့်သင်း

- မိမိအသုံးပြုလိုသောနောက်ခံပုံများအား ဖေ့စ်ဘုတ်ရှိ အခြားဝေါအသီး
းမှလည်းကောင်း မိမိဖုန်းကင်မရာဖြင့်ရိုက်ယူထားသော ဓာတ်ပုံအသီးသီး
ားလည်းကောင်း ကော်ပီဆင့်ပွားကူးယူကာ လိုအပ်သလိုတည်းဖြတ်ပြင်
င်ခြင်း ထိုပုံများပေါ်တွင် စာလုံး/အရောင်အလှများဖန်တီးလျက် ကဗျာများ
ရေးသားတင်လာကြခြင်း၊ မိမိသဘောတွေ့သောအခြားသူများ၏ ကဗျာများအား
င့်ပွားတင်ပြခြင်းတို့ကြောင့် ဖတ်ရှုသူအများအပြားထံသို့ အချိန်တိုအတွင်း
ရောက်ရှိကာ ထိုဖတ်ရှုသူများမှပင်ကြိုက်နှစ်သက်ပါက တဆင့်ပြန်လည်မျှဝေ
hare)ခြင်းကြောင့် အခြားဖတ်ရှုသူအများအပြားထံသို့ တစ်မဟုတ်ခြင်း
ရောက်ရှိသွားခဲ့ရပါသည်။

## ဖေ့စ်ဘုတ်ပေါ်မှ ကဗျာပြပွဲ/ပြိုင်ပွဲများ

ယခုနှောင်းပိုင်းကာလတွင် ဖေ့စ်ဘုတ်ပေါ်ရှိ ကဗျာရေးသားသူအဝန်းအ
ိုင်း၌ ကဗျာပြပွဲ/ပြိုင်ပွဲများအား စဉ်ဆက်မပြတ်ကျင်းပပြုလုပ်ကြရာတွင်–

- တစ်ဦး၊ တစ်ယောက်ချင်းနေမှ၍ အမှတ်တရအစီအစဉ်ဖြင့် (ဥပမာ–
မွေးနေ့/နှစ်ပတ်လည်နေ့) များတွင်ကျင်းပပြုလုပ်ခြင်း။

- အဖွဲ့အစည်း/အုပ်စုတစ်ခုမှဦးစီးလျက် ကျင်းပခြင်း

- ပရဟိတလုပ်ငန်းတစ်ခုခု(မိဘမဲ့ကလေးစောင့်ရှောက်ရေး သဘာဝဘေး
ယ္တရာယ်လှူဒါန်းရေး)အတွက် လှူဒါန်းနိုင်ရန်ကျင်းပခြင်းဖြစ်စသည့် ဦးတည်
က်များဖြင့် ကျင်းပပြုလုပ်လျက်ရှိကြပြီး ကဗျာပြပွဲများတွင် ပါဝင်ရေးသားပြသ
ကြသော ကဗျာများထဲမှ မိမိကြိုက်နှစ်သက်သောကဗျာအား ဂုဏ်ပြုငွေချီးမြှင့်
း ကဗျာပြပွဲပိတ်သိမ်းသောအခါ ကဗျာအသီးသီးကို ဂုဏ်ပြုငွေများအားစု
ပေါင်းလျက် အထက်ဖော်ပြပါ ပရဟိတလုပ်ငန်းများအတွက် ထည့်ဝင်လှူဒါန်း
ကြပါသည်။

ကဗျာပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ကဗျာများအနက်မှ အကဲဖြတ်သူဒိုင်အသီးသီး၏ဆုံးဖြတ်ချက်ဖြင့် ဆုအသီးသီးသတ်မှတ်ကာ ဆုရရှိသူများအား ငွေသားနှင့်ဂုဏ်ပြုလက်မှတ်များချီးမြှင့်လေ့ရှိကြပါသည်။

ဖေ့စ်ဘုတ်ပေါ်တွင် ကဗျာပြိုင်ပွဲကျင်းပရာတွင် အကဲဖြတ်သူဒိုင်အသီးသီး၏ လွဲမှားဘက်လိုက်မှုများနှင့် ရေးသားသူများအနေဖြင့်လည်း ဒိုင်များဘက်လိုက်ဆုံးဖြတ်သည်ဟူသော ထင်မြင်ယူဆစွပ်စွဲချက်များကြောင့် အငြင်းပွားဖွယ်ရာပြဿနာများ မကြာခဏကြုံတွေ့နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

## ဖေ့စ်ဘုတ်ပေါ်မှ အခြားကဗျာများ

### (က) ကလေးကဗျာ

ကလေးကဗျာများအား ပုံနှိပ်မီဒီယာပေါ်တွင်ထည့်သွင်းဖော်ပြပေးသည့် မဂ္ဂဇင်း၊ စာစောင်များနည်းပါးလာသည့်အတွက် ကလေးကဗျာရေးသားသူ၊ ကလေးကဗျာကိုရေးသားရန် စိတ်ဝင်စားသူအများစုသည် အလွယ်တကူရေးသား၍ရနိုင်သော ဖေ့စ်ဘုတ်ပေါ်တွင် ပိုမိုရေးသားများပြားလာသည်ကို တွေ့ရှိရပါသည်။

ဤနေရာတွင် ကျွန်တော်အနေဖြင့် ဖေ့စ်ဘုတ်ပေါ်မှကလေးကဗျာ လေ့လာစမ်းသပ်ချက်စာတမ်းတစ်စောင်အား တင်သွင်းနိုင်ရန် သီးခြားလေ့လာပြုစုလျက်ရှိပါသဖြင့် အွန်လိုင်းကလေးကဗျာနှင့်ပတ်သက်၍ အကျယ်ဖွင့်ဆိုမပြနိုင်သေးသည်ကို တင်ပြအပ်ပါသည်။

### (ခ) ဟာသကဗျာ

ဟာသရသသည် လူသားတို့၏နှလုံးသားအား ပျော်ရွှင်ကြည်နူးမှုကိုပေးနိုင်သဖြင့် ဖေ့စ်ဘုတ်ပေါ်၌ ဟာသကဗျာများရေးသားသူနှင့် ဖတ်ရှုသူများရှိနေသည်မှာ မလွဲမသေရှိနေမည်ဖြစ်ပါသည်။

## စာပေပန်းခင်းရနံ့သင်း

ထိုဟာသကဗျာများနှင့်ပတ်သက်သည့် အကြောင်းအချက်များအား စိတ်ဝင်စားသည့် သူတစ်ဦးအားတစ်ယောက်မှလေ့လာလျက် စာတမ်းတစ်စောင်တင်သွင်းနိုင်ပါလျှင် အထူးအကျိုးများရရှိပါသဖြင့် ရေးသားပြုစုနိုင်ကြပါရန်တိုက်တွန်းအပ်ပါသည်။

## ဖေ့စ်ဘွတ်ကဗျာများများ၏ အကျိုးနှင့်အမြင်

လောက၌ အကောင်းရှိနေလျှင်အဆိုးရှိမည် အကျိုးရှိလျှင်အပြစ်ဆိုသည်မှာ ဓမ္မတာဖြစ်သည့်အတွက် ဖေ့စ်ဘုတ်ပေါ်ရေးသားနေကြသော ကဗျာများတွင်လည်း အဆိုးအကောင်းများ ဒွန်တွဲလျက်ရှိနေရာ–

အချိန်တိုအတွင်း မိမိတင်ပြလိုသော အကြောင်းအရာခံစားချက်အရ အသီးသီးအား ဖတ်ရှုသူတို့ထံသို့ မိမိနှစ်သက်သောပုံစံဖြင့်ပေးပို့တင်ပြနိုင်သဖြင့်၎င်းဖတ်ရှုသူများ၏တုံ့ပြန်ချက်များအား အချိန်တိုအတွင်းပြန်လည်သိရှိနိုင်သဖြင့်၎င်းကောင်းမွန်သော အကျိုးတရားများရရှိနိုင်သည်မှန်သော်လည်း ဖေ့စ်ဘုတ်ပေါ်ရှိ ကဗျာရေးသားသူများတွင် လူတန်းစားနယ်ပယ်အသီးသီးမှပါဝင်ကြရာသုံးစွဲသောစကားလုံးဝေါဟာရများ မှန်ကန်စွာရေးသားခြင်းမရှိကြသဖြင့် ကဗျာ၏ဆိုလိုရင်းသို့မရောက်ရှိဘဲ သွေဖယ်သွားရခြင်း၊ အခြားသူတစ်ဦးတစ်ယောက်ရေးသားထားသောကဗျာအား မိမိရေးသားထားသကဲ့သို့ ကလောင်အမည်ပြောင်းလဲ၍ ထင်ပေါ်ကျော်ကြားမှုရယူခြင်းများကြောင့် မူပိုင်မှုအငြင်းပွားရခြင်းစသည့် ဆိုးကျိုးများစွာလည်းရှိနေပါသည်။

## နိဂုံး

ကမ္ဘာကြီးတွင် လူသားတို့၏စွမ်းဆောင်ရည်ကြောင့် နည်းပညာတိုးတက်မှုများ စဉ်ဆက်မပြတ်ဆင့်ကဲဖြစ်ပေါ်လျက်ရှိရာ အနုပညာတည်းဟူသော

နှုးညံ့ပျော့ပျောင်းမှုအရှိတရားသည်လည်း ခေတ်နှင့်လိုက်ပါစီးမြောလျက်ရှိသည့်နည်းတူ "အွန်လိုင်းနည်းပညာ"ရေအလျဉ်မှ မြန်မာကဗျာပန်းကလေးများစီးမြောပုံ ပုံသဏ္ဌာန်သည်လည်း နောင်တိုးတက်ပြောင်းလဲလာမည့် ခေတ်ရေစီးကြောင်းပေါ်တွင်လိုက်၍ အဆက်မပြတ်ပြောင်းလဲနေဦးမည်ဖြစ်ပါသဖြင့် ကျွန်တော်တို့အနေဖြင့် အွန်လိုင်းပေါ်၌ မြန်မာကဗျာဖြစ်ပေါ်ပြောင်းလဲမှုများအား မျက်ခြေမပြတ် လေ့လာအကဲခတ်နေရဦးမည်မှာ အမှန်ပင်ဖြစ်ရပါတော့သည်။

**ကျော်ခင်ဝင်း(မင်္ဂလာဒုံ)**

**စာကိုး–**

– ချင်းတွင်းအိမ်စာပေ၏ ၂၀၁၆ခု စက်တင်ဘာလထုတ် မြန်မာကဗျာဆောင်းပါးများစာအုပ်ပါ'ပန်ဒိုရာ'၏ ဆောင်းပါးမှအချက်အလက်များ။

– အွန်လိုင်းကွန်ယက်အသီးသီးနှင့် ဖေ့စ်ဘုတ်စာမျက်နှာအသီးသီးမှ လေ့လာတွေ့ရှိချက်များ။

– stooos//wordprss နှင့် kyaw khin win .word press.com.mm ရှိ စာတမ်းရှင်၏ကဗျာနှင့်ပတ်သက်သော blog များ။



# ဇေအောင်သူရိန် (ပုလဲ) ၏ ဘဝနှင့်စာပေ

အဖဦးဆိုးပေ၊ အမိဒေါ်လှမေတို့မှ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ရွာထင်ရွာ၌မွေးဖွားသည်။ အမည်ရင်း ဦးအောင်ခင်ဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်မှစ၍ စာပေလောကသို့ ဝင်ရောက်ခဲ့ရာ ပထမဆုံးပုံနှိပ်ဖော်ပြခံရသောစာမူမှာ မြဝတီမဂ္ဂဇင်းပါ 'ငါ့မြေအတွက် ငါ့ခြေထောက်ရမည်' ဝတ္ထုရှည်ဖြစ်ပါသည်။

ရရှိသောစာမူဆုများမှာ ၁၉၉၀ ပြည့်နှစ် အမျိုးသားရေးဆောင်ပုဒ်စာမူပြိုင်ပွဲတွင် 'သွေးအသက်ပေးဆပ်ဝံ့သူ'ဖြင့် ဝတ္ထုတိုပထမဆု။ ၁၉၉၁ ခုနှစ် ငွေတာရီမဂ္ဂဇင်းဝတ္ထုရှည်ပြိုင်ပွဲတွင် 'အောင်ပွဲခြိမ့်ခြိမ့် တသိမ့်သိမ့်'ဖြင့် အထူးဆု။ ၁၉၉၀ ပြည့်နှစ် စာပေဗိမာန်စာမူပြိုင်ပွဲတွင် 'အေးမြသောအရိပ်'စာမူဖြင့် ကလေးစာပေဒုတိယဆု။ ၁၉၉၂ ခုနှစ်တွင် 'မြတ်နိုးဖွယ်ရာ မြန်မာပုံပြင်ဝတ္ထုများ'စာမူဖြင့် ကလေးစာပေတတိယဆု။ ၂၀၀၂ ခုနှစ်တွင် 'မေတ္တာခိုင်မြဲ သတ္တိဖွဲ့နှင့် အခြားဝတ္ထုတိုများ'ဖြင့် ဝတ္ထုတိုပေါင်းချုပ်ပထမဆု။ ၂၀၁၃ ခုနှစ်တွင် 'ပုံတောင်သား၏ ဂုဏ်ဆောင်ဓား'ဖြင့် ဝတ္ထုရှည်တတိယဆု။

ရတနာမွန်မဂ္ဂဇင်းနှင့် ရတနာတံခွန်မဂ္ဂဇင်းတို့တွင် တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ကိုင်လျက်ရှိပြီး မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း၏ နာယက၊ ချင်းတွင်းအသင်း(ရန်ကုန်)၏ အမှုဆောင်တာဝန်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။ ကလောင်ခွဲများမှာ အောင်ကြီးခင်၊ ကိုကြီးခင်ဖြစ်ပါသည်။ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။

စာပေ

# တစ်ချိန်တစ်ခါက ထင်ရှားခဲ့သောပြဇာတ်များ

အောင်သူရိန်(ပုလဲ)

**နိဒါန်း**

ကျွန်တော်တို့တွေဟာ စာပေတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ အလှည့်ကျစာတမ်းတွေ တင်သွင်းဖတ်ကြားခဲ့တာဟာဆိုရင် အကြောင်းအရာတွေလဲ တော်တော်စုံလင်ခဲ့ပါပြီ။ သုတရသအဖြာဖြာတွေလည်း ပေးစွမ်းနိုင်ခဲ့ပါပြီ။ သို့သော် ကျွန်တော်တို့တင်သွင်းတဲ့ အခုစာတမ်းတမ်းကတော့ စာဖတ်ပရိတ်သတ်သာမက စာရေးသူများနဲ့ပါ စိမ်းသက်နေပြီဖြစ်တဲ့ အကြောင်းအရာတစ်ခုကို ပြန်လည်အသက်သွင်းပြီး ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ လက်လှမ်းမှီသမျှ ကြိုးစားရှာဖွေတင်ပြရခြင်းဖြစ်ပါတယ်။

မြန်မာသာပေလောကမှာ ပြဇာတ်စာပေတွေ ဘာကြောင့်တိမ်ကောသွားရတာလဲ၊ ပြဇာတ်စာပေတွေ ခေတ်စားချိန်က ပြဇာတ်ရေးသားဆရာတွေဟာ

## စာပေပန်းခင်းရနံ့သင်း

ဘယ်သူတွေလဲ၊ မည်သည့်ပြဇာတ်ရေးဆရာတွေက ပြဇာတ်တွေမည်မျှရေးခဲ့ပါသလဲ၊ ပြဇာတ်စာပေတွေ ပြန်လည်နိုးထရှင်သန်ဖို့ မည်သူတွေက ကြိုးစားနေလဲ၊ ပြဇာတ်ထဲက စံပယ်ရှံအကြောင်း သိကောင်းစရာတွေကို ဒီစာတမ်းမှာ တင်ပြထားပါတယ်။

ဒါကြောင့်လည်း 'တစ်ချိန်က ထင်ရှားခဲ့သော ပြဇာတ်များ' ခေါင်းစဉ်နဲ့အညီ မြန်မာစာပေနယ်ပယ်မှာ အတိတ်ကထင်ရှားခဲ့တဲ့ပြဇာတ်များနဲ့ ပြဇာတ်စာပေအချို့ကို ယခုပစ္စုပ္ပန်မှာသယ်ဆောင်လာသလို လာမယ့်အနာဂတ်မှလည်း ပြဇာတ်စာပေတွေ ထွန်းကားပြန့်ပွားရေး မျိုးဆက်သစ်လူငယ်များ ပြဇာတ်စာပေအထွေထွေဗဟုသုတရရှိရေးကိုရှေ့ရှုပြီး ဒီစာတမ်းကို ရွေးချယ်တင်ပြရခြင်းဖြစ်ပါတယ်။

မြန်မာစာပေသမိုင်းမှာ ပြဇာတ်စာပေလို့ဆိုလိုက်ရင် ရှေးနန်းတွင်းဇာတ်တော်ကြီးတွေနဲ့ ဦးကြင်ဥ၊ ဦးပုညတို့ပြဇာတ်တွေလောက်ကိုသာ ပြေးပြီးမြင်ယောင်တတ်ကြပါတယ်။ နန်းတွင်းဇာတ်တော်ကြီးတွေ၊ ဦးကြင်ဥ၊ ဦးပုညတို့ပြဇာတ်တွေ ဘယ်လိုထူးခြားတယ်။ ဘယ်လောက်ကောင်းမွန်တယ်ဆိုတာ ပညာရှင်တော်တော်များများ ပြောခဲ့ရေးခဲ့ကြပြီးဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အလွန်ကြီးမားကျယ်ပြန့်တဲ့ ပြဇာတ်စာပေခေတ်ကြီးတစ်ခေတ် ပေါ်ထွန်းခဲ့ပါသေးတယ်။ အဲဒီပြဇာတ်စာပေခေတ်ဟာ ယခုအခါမှာတော့ လူမသိသူမသိဘဝကို ရောက်လို့နေပါပြီ။ ဒီလိုတိမ်မြုပ်နေရင် စာပေသမိုင်းမှာ ဟာကွက်ဖြစ်နေမှာမို့ ခုလိုတင်ပြရခြင်းဖြစ်တယ်ဆိုတာ ပဏာမအစီရင်ခံအပ်ပါတယ်။

### ထင်ရှားကျော်ကြားခဲ့သော ပြဇာတ်များ

ပြဇာတ်စာပေခေတ်ကို ယေဘုယျအားဖြင့်တော့ ကိုလိုနီခေတ်ဦးပြဇာတ်စာပေခေတ်ကို သတ်မှတ်နိုင်ပါတယ်။ အကြောင်းကတော့ အောက်မြန်မာနိုင်ငံ

ဗြိတိသျှလက်အောက်ကျရောက်ပြီး ပုံနှိပ်လုပ်ငန်းပေါ်ပေါက်လာချိန်မှာ ပြဇာတ်စာအုပ်တွေ ပေါ်ထွက်လာခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ခရစ်နှင့် ၁၈၇၀ ကျော်လောက်မှာ ပြဇာတ်ခေတ်စတင်လာပုံနဲ့ပက်သက်ပြီး ဆရာငြိမ်းကျော်က 'ရုပ်စုံသဘင်ပညာ ထွန်းကားလာခြင်း၊ ပုံနှိပ်စက်လုပ်ငန်းထွန်းကားလာခြင်း၊ စီးပွားရေးကောင်းမွန်လာခြင်းတို့ကြောင့် ပြဇာတ်စာအုပ်များစွာ ထွက်ပေါ်လာလေသည်' လို့ အနုပညာလောကစာအုပ် 'မြန်မာပြဇာတ်မိတ်ဆက်' ဆောင်းပါးမှာ ဖော်ပြခဲ့ပါတယ်။ အဲဒီပြဇာတ်စာပေခေတ်က တဖြည်းဖြည်းထွန်းကားလာလိုက်တာ ၁၉၂၀ ကျော်တိုင်အောင်ပင်။

ပထမဦးဆုံးပေါ်ထွက်လာတဲ့ ပြဇာတ်ရေးဆရာတွေကတော့ စတိုင်မွတ်ဦးကူး၊ ဦးပုတ်နီ၊ မော်လမြိုင်ဆရာယော၊ ညောင်တုန်းဦးကျော်ရ စသူတို့ဖြစ်ပါတယ်။ စတိုင်မွတ်ဦးကူရဲ့လူဝံမောင်မှုမပြဇာတ် ၁၈၇၅၊ ဆရာယောရဲ့သထုံရာဇဝင်ပြဇာတ် ၁၈၇၇ တို့ဟာ အလွန်ပဲထင်ရှား ကျော်ကြားခဲ့ကြပါတယ်။ လူဝံမောင်နှမပြဇာတ်ဟာ စောင်ရေနှစ်သောင်းရိုက်နှိပ်ခဲ့ရပြီး သထုံရာဇဝင်ပြဇာတ်ဆိုရင် စောင်ရေတစ်သောင်းငါးထောင် ရိုက်နှိပ်ရောင်းချခဲ့ရတယ်လို့ဆိုပါတယ်။

ရှေးဦးစွာပြဇာတ်တွေ စွံသွားတယ်၊ ကျော်ကြားသွားတယ်ဆိုရင်ပဲ ပြဇာတ်လိုက်ရေးတဲ့ စာရေးဆရာတွေ အတော်များများပေါ်ထွက်လာခဲ့တယ်။ အဲဒီခေတ်က ပြဇာတ်ဆရာပေါင်း ၁၂၀ လောက်ပေါ်ထွက်ခဲ့တာ တွေ့ရပါတယ်။

ကိုလိုနီခေတ်ဦး ပြဇာတ်စာပေခေတ်မှာ ထင်ရှားခဲ့တဲ့ပြဇာတ်ရေးဆရာတွေကတော့ ဦးဆုသာ၊ ပုဇွန်တောင်ဆရာမ၊ ဆင်ဖြူကျွန်း၊ ဆရာသင်၊ တားပိန်ယိမ်းဆရာဦးမောင်ကြီး၊ ရွှေတောင်ဆရာလွမ်း စသူတွေဖြစ်ပါတယ်။

ဦးဆုသာရဲ့ စောဘေစောမေပြဇာတ် ၁၈၈၀ ဟာ လူကြိုက်အလွန်များခဲ့တဲ့အတွက် စောဘေစောမေအဆင်တို့၊ စောဘေစောမေမီးခြစ်တို့ဆိုပြီး လူသုံးပစ္စည်းတွေမှာ ထည့်သွင်းကြော်ငြာခဲ့ပါတယ်။ စောလေစောမေမီးခြစ်တံဆိပ်ဆို

ဖုံ လန်ဒန်မြို့မှာကျင်းပတဲ့ မီးခြစ်တံဆိပ်ပြိုင်ပွဲမှာ ဆုငွေရခဲ့တယ်လို့ဆိုပါတယ်။

၁၈၈၀ ခုနှစ်လောက်မှာ ပုဖွန်တောင်ဆရာစံရဲ့ပြဇာတ်တွေ စတင်ပေါ် ထွက်ခဲ့ပါတယ်။ သူနဲ့အပြိုင် ပြဇာတ်တွေရေးခဲ့သူကတော့ ဆင်ဖြူကျွန်းဆရာ သင်ပါပဲ။ သူတို့နှစ်ဦးရဲ့ပြဇာတ်တွေဟာ ဇာတ်ပညာရော၊ စာပေပညာစိုက်ထုတ် ပြီး ကြိုးစားပမ်းစား ဖွဲ့နွဲ့ရေးသားထားတာတွေ့ရပါတယ်။ ဆရာသင်ဟာ ပြ ဇာတ်စာအုပ်ပေါင်း ၁၂၀ လောက်ရေးခဲ့တဲ့ ပြဇာတ်အများဆုံးရေးခဲ့သူဖြစ်တဲ့ပြင် ကွက်စိပ်၊ ပဟာစာ၊ နတ်လမ်းညွှန်၊ မှာတမ်း၊ ရှာပုံတော်၊ သီးချင်းညွှန့်ပေါင်း တဲ့စာအမျိုးမျိုးကို ရေးခဲ့သူတစ်ယောက်ဖြစ်ပါတယ်။

ဓားပိန်ယိမ်းဆရာဦးမောင်ကြီးကတော့ ပုဖွန်တောင်ဆရာခရဲ့ ညီဖြစ်ပါ တယ်၊ စာရင်းအရ ဦးမောင်ကြီးရေးခဲ့တဲ့ပြဇာတ်ဟာ တစ်ရာနီးပါးရှိတဲ့အတွက် ဆရာသင်ပြီးရင် ပြဇာတ်ဒုတိယအများဆုံးရေးခဲ့သူပါပဲ။ ဦးမောင်ကြီးရဲ့ပြ ဇာတ်တွေဟာ နောက်ပိုင်းမှာ မြန်မာပြဇာတ်ရိုးရိုးသာမဟုတ်တော့ဘဲ 'ကုလား ကလေး စိန်ပီတာစမန်အင်ပြဇာတ်'တို့၊ 'ကုလားမလေး မယ်စီပြန်ပြဇာတ်' တို့လိုပြီး အဆန်းထွင်ရေးသားလာတာကို တွေ့ရပါတယ်။ သူဟာလည်း လူကြိုက် များခဲ့တဲ့ ပြဇာတ်ဆရာတစ်ယောက်လို့ ကောက်ချက်ချနိုင်ပါတယ်။

ရွှေတောင်ဆရာလွှမ်းလည်း ပြဇာတ်ရေးဆရာကတော့ နောင်အခါ ဆရာ ကြီးသခင်ကိုယ်တော်မှိုင်းအဖြစ်ထင်ရှားလာမယ့် ပုဂ္ဂိုလ်ပါပဲ။ ဆရာလွှမ်းရေးခဲ့ တဲ့ 'ရွှေတိဂုံဘုရားအမှူးကို ကျားအဖူးတက်သောပြဇာတ်'ဟာ အလွန်ပဲထင် ရှားလူကြိုက်များခဲ့ပါတယ်။ 'ဆရာလွှမ်းဟာ နောက်ပိုင်းမှာ ပြဇာတ်တွေရေးရ တာကို အတော်စိတ်ပျက်လာကြောင်း ထည့်သွင်းရေးခဲ့တာ တွေ့ရပါတယ်။

## ပြဇာတ်စာပေ တိမ်ကောရခြင်းအကြောင်းအရင်း

ကိုလိုနီခေတ်ဦး ပြဇာတ်စာပေတွေတိမ်မြုပ်လာရတဲ့ အဓိကအကြောင်းက

တော့ ပြဇာတ်ရေးဆရာတွေဟာ စာပေအရည်အသွေး ပြဇာတ်အဆင့်အတန်းကိုလျစ်လျူရှုပြီး ပြဇာတ်များများထုတ်နိုင်အောင် ပြီးပြီးရောဆိုသလို 'ဖြစ်ကတတ်ဆန်း ရေးလာတဲ့အတွက်ပဲ'ဖြစ်ပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဆရာဇေယျက 'နောက်နောင်တွင် ပြဇာတ်ရေးဆရာတို့မှာ ပညာကိုဂရုမထား၊ ပြဇာတ်ရေးမှုကို ဟုတ်မှန်အောင်အသုံးမပြုတတ်သောကြောင့် ပြဇာတ်အဆင့်အတန်းနိမ့်လာပြီးလျှင် အဆုံးသတ်၌ ၎င်းတို့ရေးသားထားသောစာများ လုံးလုံးပင်အသုံးချ၍မရတော့သောကြောင့် ၁၂၄၀ ပြည့်လောက်မှ ၁၂၇၀ ပြည့်လောက်အထိ နှစ်ပေါင်းအစိတ်သုံးဆယ်လောက်သာ ခေတ်စား၍ တဖြည်းဖြည်းတိမ်ကောပျောက်ကွယ်သွားရလေသည်'လို့ 'တစ်ပဲငါးအုပ်'ဆောင်းပါးမှာ ကောက်ချက်ချခဲ့ပါတယ်။

ပြဇာတ်စာပေ အရည်အသွေး၊ အဆင့်အတန်းကျဆင်းလာပြီး တဖြည်းဖြည်းတိမ်ကောလာချိန်မှာ ဝတ္ထုစာအုပ်တွေ ပေါ်ပေါက်ထွန်းကားလာခဲ့ပါတယ်။ ဝတ္ထုတွေရဲ့သြဇာဟာ တဖြည်းဖြည်းကြီးထွားလာခဲ့တာ ပြဇာတ်စာအုပ်တွေနာလန်မထူနိုင်တော့ဘဲ နောက်ဆုံးမှာ စုပ်စုပ်မြုပ်ပျောက်ကွယ်သွားရပါတော့တယ်။

ကိုလိုနီခေတ် ပြဇာတ်စာပေဟာ တိမ်မြုပ်ခဲ့ရပေမယ့် ပြဇာတ်အားလုံးအဆင့်အတန်းမရှိဘူးလို့တော့ သတ်မှတ်လို့ရနိုင်ပါဘူး။ ပြဇာတ်စာပေအင်္ဂါရပ်နဲ့အညီ အဆင့်အတန်းမြင့်မြင့်ရေးဖွဲ့နိုင်ပြီး အကြောင်းအရာအားဖြင့်လည်းပြည်သူကိုအကျိုးပြုခဲ့တဲ့ ပြဇာတ်တွေလည်း ရှိခဲ့ပါတယ်။ သာဓကအနေနဲ့ပုဇွန်တောင်ဆရာခရဲ့ 'ဝိဇ္ဇာဖြစ်မယ်သော်တာပြဇာတ်' 'ဝိဇ္ဇာဖြစ်ရသေ့မောင်အောင်ပြဇာတ်(၁၈၈၂)'တွေဟာ အဲဒီခေတ်က ရွှေဖြစ်ငွေဖြစ်ဝိဇ္ဇာမိုက်ရဲအဂ္ဂိရတ်လမ်းကို သည်းကြီးမည်းကြီးလိုက်စားနေကြတဲ့ ပြည်သူတွေကို လမ်းမှန်ပြခဲ့တဲ့ပြဇာတ်တွေပဲဖြစ်ပါတယ်။

ဒီလိုအဆင့်အတန်းရှိတဲ့ ပြဇာတ်ကောင်းတွေဟာလည်း အပေါ်စား၊

## ■ စာပေပန်းခင်းရနံ့သင်း

အပျော်စားပြဇာတ်အလုံးအရင်းကြားမှာ ရောနှောပျောက်ကွယ်ခဲ့ရဟန်တူပါတယ်။

ဒါကြောင့်လည်း ဆရာဇေယျက 'ထိုခေတ်က နံပါတ် ၈၀၊ နံပါတ် ၆၀ စသော ပြဇာတ်စာအုပ်များမှာ အများအားဖြင့် ဇာတ်အရသာ စကားအရသာ ဟူ၍ တစ်စုံတစ်ရာမရှိ၊ ပညာဟူ၍ အရိပ်အရောင်မသန်းဘဲ ဖြစ်ကတက်ဆန်း စာမျက်နှာပြည့်စုံရုံမျှရေးသားလာကြသဖြင့် ကွယ်ပျောက်သွားကြပြီကို ဝမ်းနည်းရန်များစွာမရှိလှသော်လည်း ဆင်ဖြူကျွန်းဆရာသင်၊ ပုဇွန်တောင်ဆရာခ စသော ပုဂ္ဂိုလ်များ၏ပြဇာတ်များကား တကယ့်ပညာနှင့်ရေးကြသော စာများဖြစ်သောကြောင့် မေ့လျော့တိမ်မြုပ်ပျောက်ကွယ်သွားကြလျှင် ဝမ်းနည်းဖွယ်ဖြစ်ပေကြောင်းလို့ 'ဗမာအရေးနဲ့ အနုပညာအသွေး' စာအုပ်မှာ နှမြောတသစွာနဲ့ ရေးသားခဲ့တာဖြစ်ပါတယ်။

ဆရာဇေယျရေးခဲ့သလိုပဲ တန်ဖိုးမရှိလို့ပျောက်ကွယ်သင့်တဲ့ ပြဇာတ်စာအုပ်တွေပျောက်ကွယ်ခဲ့တာ မထောင်းသာလှပေမယ့် တကယ့်ပညာရေးနဲ့ရေးသားခဲ့ကြတဲ့ အရည်အသွေးမီ အဆင့်အတန်းမီ ပြဇာတ်စာအုပ်တွေကိုတော့ ရှာဖွေဖော်ထုတ်ဖို့ သင့်လှပါတယ်။ ဒီလို ပြန်လည် ဖော်ထုတ်ပေးနိုင်တာနဲ့အမျှ မြန်မာစာပေးသမိုင်းမှာ လစ်ဟာနေတဲ့ကွက်လပ်ကို ဖြည့်စွက်ပေးနိုင်မှာဖြစ်ပြီး ပြဇာတ်စာပေရဲ့အခန်းကဏ္ဍကိုလည်း ပိုမိုပြည့်စုံပေါ်လွင်လာစေမှာဖြစ်ပါတယ်။

**မှတ်သားဖွယ်အဖုံဖုံ ပြဇာတ်ထဲက စံပယ်ရုံ**

'စပယ်တဲ့လေးရုံ။
ပျိုတို့မောင် မပန်ထိုက်တယ်
ပန်းပြတ်ခိုက်ကြုံ။
အပွင့်ရယ်ကုန်

တစ်ငုံဖြင့်ကျန်ပါသေး။

ပန်ချင်ရင် ပျို့မောင်ကြီးရယ်

ခေါင်းဖြီးခဲ့လေး။

စတုတ္ထတန်း မြန်မာစာဖတ်ပါ စံပယ်ရုံကဗျာလေးဟာ ဆရာအများ စိတ်ဝင်စားခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ပါပဲ။ စတုတ္ထတန်း မြန်မာစာသင်ရိုးမှာ ဒီကဗျာကလေးပါလာတဲ့ အချိန်ကစပြီး ဆရာတွေဟာ တိုက်ရိုက်အဓိပ္ပာယ် ပြန်ကြ၊ သွယ်ဝိုက်အဓိပ္ပာယ်ဖွင့်ဆိုကြ၊ သင်ကြားရေးကိစ္စနဲ့ပတ်သက်ပြီး အတော်ပဲစိတ်ဝင်တစား ဖြစ်ခဲ့ကြပါတယ်။

တကယ်တော့ ဒီကဗျာလေးဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော် လောက်ကတည်းက တောရောမြို့ပါမကျန် ထင်ရှားပျံ့နှံ့ခဲ့တဲ့ ကဗျာလေးတစ် ပုဒ်ပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်၊ အောက်မြန်မာနိုင်ငံကို ဗြိတိသျှတွေ သိမ်းပိုက်ပြီးစ၊ ခရစ်နှစ် ၁၈၇၀ ကျော်လောက်စပြီး အစောပိုင်းကတင်ပြခဲ့သ လို အောက်မြန်မာနိုင်ငံမှာ ပြဇာတ်စာအုပ်ကလေးတွေ ပေါ်ထွက်ခဲ့ပါတယ်။ ဒီပြဇာတ်စာအုပ်တွေဟာ ပြည်သူလူထုကြားမှာ အလွန်ပဲရေးပန်းစားလာခဲ့ပါ တယ်။ ပြဇာတ်ရေးဆရာတွေဟာ ပြဇာတ်စာအုပ်ထဲမှာ ငိုချင်းတွေ၊ သီးချင်း ဆန်းတွေ၊ ကဗျာလင်္ကာတွေ ထည့်သွင်းရေးသားလာလေ့ရှိရာမှာ'စံပယ်ရုံ' ကဗျာကလေးဟာ ပြဇာတ်ရေးဆရာတွေ ထည့်သွင်းအသုံးပြုလေ့ရှိတဲ့ ကဗျာ ကလေးတစ်ပုဒ်ပဲ ဖြစ်ပါတယ်။

ဆင်ဖြူကျွန်းဆရာသင်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ခရစ်နှစ် ၁၈၈၃ ခုနှစ်မှာ 'ရခိုင် မောင်နှမပြဇာတ်'ကို ရေးသားခဲ့ပါတယ်။ ပြဇာတ်တစ်နေရာမှာ–

'စံပယ်တဲ့လေးရုံ၊ မကြီးခင်မပန်ထိုက်၊ ပန်းပြိုက်ခိုက်ကြုံ၊ အပွင့်ငယ်ကုန်၊ အငုံကျန်ပါသေး၊ ပန်ချင်သူလော် ရွှေသွေးငဲ့၊ ခေါင်းဖြီးခဲ့လေး'ဆိုပြီး စံပယ် လေးရုံကဗျာလေးကို ဖော်ပြထားပါတယ်။

## စာပေပန်းခင်းရနံ့သင်း

ဆင်ဖြူကျွန်းဆရာသင်ရဲ့မူဟာ မြန်မာဖတ်စာပါမူနဲ့ အနည်းငယ်ကွဲလွဲတာ တွေ့ရပါလိမ့်မယ်။ အခြားမူကွဲတွေလည်း ရှိပါသေးတယ်။ ဒါကတော့ ...ရှားတဲ့ကဗျာတစ်ပုဒ်ဖြစ်လို့လည်း သင့်ရာသင့်ရာယူငင်အသုံးပြုကြရာက ...သုံးပြုတဲ့ပုဂ္ဂိုလ်ဌာနကိုလိုက်ပြီး မူကွဲပြားလာရခြင်းဖြစ်တယ်လို့ ယူဆပါတယ်။

ဆရာသင်ဟာ ဒီကဗျာလေးကို သူ့ပြဇာတ်ထဲမှာ ထည့်သွင်းခဲ့တဲ့ရည်ရွယ်ချက်ကတော့ ကဗျာလေးရဲ့အတိတ်နမိတ်၊ စကားရိပ်ကို မပျောက်ပျက်စေလိုတဲ့ စေတနာနဲ့ရေးသားခဲ့တာဖြစ်ပါတယ်။

ဒီစေတနာကြောင့်လည်း ကဗျာလေးအကြောင်းကို ဆက်လက်ရှင်းလင်းရေးသားခဲ့ပါတယ်။

'ဘဒ္ဒသညာ။ ထိုကမ္ဘာတွင်။ လူရွှာနောက်လှန်။ ရောက်မပြန်တဲ့။ ...ကက္ကုသံဂုဏ်။ ဂေါဏာဂုဏ်ကဿပ၊ ဂေါတမ။ ဗုဒ္ဓမှန်ကူ။ လေးဆူငယ်ဆင့်လို့ ...ောင်ပွင့်တော်မူခဲ့ပြီ' လို့ဆိုပြီး စံပယ်လေးရုံဟာ ဘဒ္ဒကမ္ဘာမှာပွင့်တော်မူပြီးဖြစ်တဲ့ ...ကကုသန်၊ ကောဏာဂုံ၊ ဂေါတမမြတ်စွာ ဘုရားရှင်တို့ကို ရည်ညွှန်းကြောင်း ...ဆ်ပြထားပါတယ်။

ပွင့်ခဲ့ပြီးဖြစ်တဲ့ စံပယ်လေးရုံကို မကြီးခင်မပန်ထိုက်ခဲ့တဲ့အတွက် ပွင့်ရန် ...တစ်ပွင့်တည်းသာ ကျန်တဲ့စံပယ်တစ်ငုံကို ပန်ဆင်လိုရင် ဆံကောသာကိုဖြီး ...သိမ်းခဲ့ဖို့ ပြဇာတ်ရေးဆရာက–

'တရားလက်စင်၊ စရနီးမြတ်၊ အပြီးမှတ်ဖို့၊ ဖြီးတတ်အောင် သင်ပါဦး၊ ...ဖြီးတတ်အောင် သင်ရမှာဖြင့်၊ မေရှင်မမ။ ဖေခင်ဘတို့၊ ဒါနသီလာ၊ ဘာဝနာကို၊ ...ကျွလက်ငင်း။ ဤရုပ်နံ့ထို။ ဆံပင်ကို။ ဘီးတင်၍ ရှင်းမှဖြင့်။ ကြေးစင် ...သိကင်းတာပဲ'' လို့ဆိုပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုကုသိုလ်တွေနဲ့ မိမိကိုယ်ကိုဖြီးလိမ်းသန့်စင်ဖို့လိုကြောင်း ရှင်းပြခဲ့ပါတယ်။

ဆင်ဖြူကျွန်းဆရာသင်ဟာ ရရှိန်မောင်နှမပြဇာတ်မှာ စံပယ်ရုံကဗျာရဲ့

နောက်မှာထင်ဟပ်နေတဲ့ အနက်အဓိပ္ပာယ်ကို အကျယ်တဝင့်ဖွဲ့ဆို ရေးသားသွားခဲ့ပါသည်။

ဆရာဘေဆိုတဲ့ ပြဇာတ်ရေးဆရာကတော့ ခရစ်နှစ် ၁၈၈၉ လောက်မှာ 'ရွှေဖျည်းညီနောင် နတ်ဖြစ်ခန်း'ဆိုတဲ့ပြဇာတ်ကို ရေးသားခဲ့ပါတယ်။ အဲဒီပြဇာတ်တစ်နေရာမှာ စံပယ်ရုံကဗျာလေးကို အောက်ပါအတိုင်း ထည့်သွင်းရေးသားခဲ့ပါတယ်။

'စံပယ်တဲ့လေးရုံ၊ ပျိုတို့မောင် မပန်ထိုက်တယ် ပန်းပြတ်ခိုက်ကြုံ။ အပွင့်ရယ်ကုန်။ အငုံကွယ် ကျန်ပါသေးရဲ့။ ပန်ချင်ရင် ပျို့မောင်ကြီးမှာ ခေါင်းဖြီးခဲ့လေး'

ဆရာဘေဖော်ပြခဲ့မှုဟာ ဖတ်စာအုပ်ပါမှုနဲ့ များစွာနီးစပ်မှုရှိတာ တွေ့ရပါတယ်။

ဆရာဘေကလည်း ဒီကဗျာလေးကိုဖော်ပြတာဟာ ကဗျာမှာကွယ်ဝှက်ထားတဲ့ အနက်အဓိပ္ပာယ်ကို ဖော်ထုတ်ပြချင်တဲ့အတွက်ဖြစ်ကြောင်းကို 'အဓိပ္ပာယ်အရ။ အတိတ်ကန္ဒယ်လို့မို့။ အရိပ်ကွယ်ပြတော့မယ်' လို့ရေးသားခဲ့ပါတယ်။ ဒီလိုကွယ်ဝှက်ထားတဲ့အဓိပ္ပာယ်ကို ထုတ်ဖော်ပြတဲ့နေရာမှာ ရှေးအတိတ်အကြောင်းနဲ့ ဆက်နွှယ်ဖော်ပြထားခဲ့ပါတယ်။

ဒီကဗျာလေးအကြောင်းမရှင်းပြခင် ကဗျာရဲ့အရင်းခံဖြစ်တဲ့ ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်တော်မူမယ့်အကြောင်းကို ဦးစွာရှင်းပြခဲ့ပါတယ်။

'ဘဒ္ဒကမ္ဘာ။ ပေါ်ဦးစွာက။ ရွှေကြာငါးစုံ။ ချပ်ရုံအဆင့်ဆင့်။ ပရိက္ခရာ။ သက်နှီးဝါနှင့်။ ဖြာဖြာပွင့်၍။ မိုးမြင့်စံရာ။ သုဒ္ဓါဝါသ။ အရိယာနတ်။ လှည့်ကာပတ်။ ဒရပ်ပြလျက်။ ဗြဟ္မာသြဘာ။ ဘဒ္ဒကတဆိတ်။ ဘုရားငါးဆူ။ ပွင့်တော်မူယူနိမိတ်နှင့်။ ဟိတ်ပစ္စည်းခတ်။ အမည်အတပ်သည်နှင့်'လို့ ဘုရားငါးဆူပွင့်တော်မူမယ့် အတိတ်နိမိတ် ပေါ်ထွန်းပုံအကြောင်းကိုရေးသားပြီးမှ မဟာသမ္မတကမင်းများလက်ထက်မှာ ဘုရားလေးဆူပွင့်တော်မူခဲ့ပုံကို အောက်ပါအ

…ိုး ဆက်လက်ရေးသားထားခဲ့ပါတယ်။

'ခတ္တိယ အသမ္ဘိန်။ သမ္ဘတမင်း။ စမာယွင်းတဲ့။ မင်းရှစ်ကြိမ်ဝယ်။ …န်မွေရာဇ်။ ကက္ကုသန်မည်။ မြတ်ဘုန်းစည်။ ရောင်ခြစ်လှစ်၍။ မင်းစစ်နဝ။ …မှတ်၍။ ဘုရား ဂေါတမ။ ပွင့်သည့်လုံးစုံ။ စပ္ပာယ်ရုံ။ ကုံခါစမို့'

ဒီလို ဘုရားလေဆူပွင့်တော်မူပြီးသွားတဲ့နောက် အခုအခါမှာ ပန်းပြတ်ခိုက် …ဖြနေရတဲ့အတွက် ပွင့်ရန်ကျန်နေသေးတဲ့ အရိမေတ္တယျဘုရားကို ဖူးမြင်လိုပါက …င်းဖြိုးသန့်စင်သလို မိမိကိုယ်ကို သီလ၊ ဓမ္မနှင့် ဖြီးလိမ်းသန့်စင်ဖို့လိုကြောင်း …ို ပြဇာတ်ဆရာဆရာဘေဟာ ဒီ'ရွှေဖျဉ်းညီနောင် နတ်ဖြစ်ခန်းပြဇာတ်'ထဲမှာ …ရေးသားခဲ့ပါသေးတယ်။

ရှေးကစာဆိုတွေဟာ ဒီစံပယ်ရုံကဗျာကလေးအကြောင်းကို ကျယ်ကျယ် …ပြန့်ရေးသားထားခဲ့တာကိုထောက်ရင် ဒီကဗျာလေးကို ဘယ်လောက်အလေး …နက်ထားတယ်၊ ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ သိသာနိုင်ပါတယ်။ …ကဗျာကလေးရဲ့အဓိပ္ပာယ်ပျောက် ပျောက်သွားမှာ၊ ဒီကဗျာလေးကို နှောင်းလူ …တွေ ပေါ့ပေါ့တန်တန် သဘောထားမှာစိုးတဲ့လက္ခဏာတွေကိုလည်း သူတို့ရဲ့ …တွေမှာ တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီကဗျာလေးရဲ့ မူလတန်ဖိုး အဓိပ္ပာယ်အ …ိမ်အနက် ဘယ်လောက်ထိရှိတယ်ဆိုတာကိုတော့ ပြတ်ပြတ်သားသား သိရှိသ …ဘောပေါက်ထားဖို့ လိုအပ်ပါလိမ့်မယ်။ ရှေးဟောင်းစာပေအမွေအနှစ်တစ်ခုကို …ိန်းသိမ်းစောင့်ရှောက်ရာရောက်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က စံပယ်ရုံကဗျာပိုင်ရှင်နဲ့ ပတ်သက်တဲ့ကိစ္စပဲဖြစ်ပါတယ်။ …၉၅ ခုနှစ် ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းမှာ ဆရာမောင်ပန်းမွှေးက 'ပြည်သူ့ …ကဗျာဆရာတစ်ဦးနှင့်တွေ့ဆုံခြင်း' ဆောင်းပါးမှာ စံပယ်ရုံကဗျာရှင်ဟာ မန္တလေး …ရိုးအိုး မောင်မောင်ဆင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ သူက ပါတော်မူပြီး …နှစ်အကြာ သက္ကရာဇ် ၁၂၅၂ ခုနှစ်မှာ ရန်ကုန်မြို့၊ ဥက္ကလာတိုက်ကရိုက်နှိပ်တဲ့

မန္တလေးအရိုးအိုး မောင်မောင်ဆင်ရဲ့ ‘တေးမဟာတော်ဝင်အဆန်း’ စာအုပ်ကို ကိုးကားဖော်ပြပါတယ်။ ဆရာဇော်လူကလည်း ဒီစာအုပ်ဟာ မောင်မောင်ဆင်ရဲ့ အစောဆုံးပုံနှိပ်မှုဖြစ်တဲ့အတွက် စာအုပ်ပါစံပယ်ရုံကဗျာဟာ မူအသန့်ဆုံးဖြစ်နိုင်ကြောင်း အခြေခံကဗျာပိုင်းမှာ ရေးသားခဲ့ပါတယ်။

ဒါပေမယ့် ‘တေးမဟာတော်ဝင်’ အဆန်းထက် ၇ နှစ်လောက်စောတဲ့ ‘ရခိုင်မောင်နှမပြဇာတ်’မှာ ဒီကဗျာကလေးကို အသုံးပြုနေပြီး ဒီကဗျာလေးရဲ့ အရိုးအိုးမောင်မောင်ဆင်ဖြစ်ကြောင်း အတည်ပြုဖို့လိုပါဦးမယ်။

ပြဇာတ်ဆိုတာတွေဟာ ဒီကဗျာလေးရဲ့ အနက်အဓိပ္ပာယ် မတိမ်မြုပ်မပျောက်သွားအောင်၊ မှတ်သားနာယူဖွယ်ဖြစ်အောင် စေတနာထားပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းရေးသားကြတာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့်လည်း စံပယ်ရုံကဗျာလေးဟာ ကိုလိုနီခေတ်ဦးပိုင်းလောက်ကတည်းက ထင်ရှားလူသိများခဲ့တဲ့၊ အဓိပ္ပာယ်လေးနက်တဲ့ အဖိုးတန်ကဗျာလေးတစ်ပုဒ်ဖြစ်ပါတယ်။

## နိဂုံး

တစ်ချိန်တစ်ခါက ထင်ရှားခဲ့သောပြဇာတ်များအကြောင်းကို အကျဉ်းမျှတင်ပြနိုင်ခဲ့ပါ၏။ ပြဇာတ်စာပေတွေ တိမ်ကောသွားခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ ပြဇာတ်စာပေတွေ ပြန်လည်ရှင်သန်ရေးမျှော်တွေးပြီး ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပတဲ့ စာတမ်းဖတ်ပွဲတွေမှာ ‘ပြဇာတ်စာပေဆိုင်ရာစာတမ်းတွေ’ တင်သွင်းဖတ်ကြားလာသလို အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုတွေမှာလည်း ပြဇာတ်စာပေဆုတွေ ရွေးချယ်ချီးမြှင့်ပေးခဲ့သလို တစ်ထောင့်တစ်နေရာကနေ ပြန်လည်အသက်ဝင်လာတာကိုတော့ ဝမ်းမြောက်ဝမ်းသာကြိုဆိုရမှာဖြစ်ပါတယ်။

ပြဇာတ်စာပေဆုနဲ့ပတ်သက်လို့ အားမရသေးတဲ့အချက်ကတော့

## ■ စာပေပန်းခင်းရနံ့သင်း

ဘာသာရပ်အလိုက် စာအုပ်တွေထဲက ရွေးချယ်ချီးမြှင့်တဲ့ မြန်မာနိုင်ငံရဲ့အမြင့်ဆုံးစာပေဆုတွေဖြစ်တဲ့ အမျိုးသားစာပေဆုမှာ ပြဇာတ်စာပေတွေ နှစ်စဉ်ဆုချီးမြှင့်နိုင်ပါဘူး။ ဒါကလည်း ပြဇာတ်စာပေစာအုပ်တွေ ထွက်ရှိမှုနည်းနေတာထင်ရှားပါတယ်။

အလားတူ စာပေဗိမာန်စာမူဆုမှာလည်း အခြားဘာသာရပ်တွေ ယှဉ်ပြိုင်သူဦးရေများပေမယ့် ပြဇာတ်စာပေယှဉ်ပြိုင်သူက နည်းနေပါသေးတယ်။ တကယ်တော့လည်း ပြဇာတ်စာပေတွေ ရေးရတာခက်ခဲတာရယ်၊ ပြဇာတ်စာပေတွေနဲ့ မရင်းနှီးကြသေးတာရယ်ကြောင့် ပြိုင်ပွဲဝင်စာမူနည်းသေးတာလို့ယူဆပါတယ်။

ပြဇာတ်စာပေနဲ့အတူ စင်တင်ပြဇာတ်ဆိုတာကတော့ ဇာတ်၊ အငြိမ့်၊ ဆပ်ကပ်တွေမှာကပြတဲ့ ပြဇာတ်တွေလည်းရှိနေပါသေးတယ်။ ဒါကတော့ ဇာတ်သဘင်ခေတ်စားစဉ်က သိမှီတဲ့လူတွေ သိရှိပြီးဖြစ်ပါတယ်။ အဲဒီစင်တင်ပြဇာတ်ထဲက BED အောင်သိုက်ကတော့ ပြဇာတ်အစား ပြောဇာတ်ဆိုပြီး တီထွင်လိုက်နိုင်ပါသေးတယ်။ ကက်ဆက်ဓာတ်ပြားဇာတ်လမ်းတွေဟာလည်း ပြဇာတ်တွေပါပဲ။ ပြဇာတ်နဲ့အတူ ဇာတ်သဘင်လောကမှာ အောပရာခေါ် ကဇာတ် နောက်ပိုင်းဇာတ်ထုတ်ကြီးတွေဟာလည်း ပြဇာတ်နဲ့ညီကိုတော်တွေပါ။ စာပြော၊ ကွက်စိတ်တွေအဆုံး အားလုံးဟာ ပြဇာတ်နဲ့ဆက်နွယ်နေကြပါတယ်။

မျက်မှောက်ခေတ် ပြဇာတ်စာပေတွေကိုလေ့လာကြည့်ရင် လက်ချိုးရေလို့တောင်ရနိုင်ပါတယ်။ အစဉ်တစ်စိုက် ရေးသားပြုစုသူက ရှားပါးလှပါတယ်။ ဝန်ကြီးချုပ်ဟောင်းဦးနုကစလို့ တက္ကသိုလ်မောင်မောင်ခင်၊ ဗိုလ်ကျော်ဆန်းအလယ်၊ နောက်ပြီး စာပေဆုရကြတဲ့ ငြိမ်းမင်း၊ မောင်စိန်ထွေး၊ မောင်ယဉ်လှိုင်း(ပျဉ်းမပြိုင်)၊ ဇင်မင်း(သမိန်ထော)၊ ကြူကြူသင်း၊ မောင်မြင့်မား(ဗိုလ်ကလေး)၊ မောင်ဆန္ဒ(လယ်ဝေး) ကိုတောမောင် စသူတွေလောက်ပဲ ပြဇာတ်စာပေတွေ

ရေးသားပြုစုကြပါတယ်။

ဒါကြောင့် တစ်ချိန်တစ်ခါက ထင်ရှားခဲ့သော ပြဇာတ်များအကြောင်းကို သတိတရရှာဖွေတင်ပြရခြင်းဟာ မျက်မှောက်ခေတ် လူငယ်တွေအတွက် ပြဇာတ်စာပေခေတ်ကို လှစ်ဟပြချင်လို့ပဲဖြစ်ပါတယ်။ ပြဇာတ်စာပေတွေ ပြန်လည်ဖော်ထုတ် ရေးသားပြုစုကြရမှာကလည်း စာရေးဆရာတွေရဲ့ တာဝန်ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါတယ်။

**အောင်သူရိန်(ပုလဲ)**

**စာမှီး။** ။ ဒေါက်တာအောင်မြင့်ဦး၏ ပညာဘဝဆောင်းပါးများ။
၁၉၈၆ ခုနှစ်၊ ဇူလိုင်လ၊ စံပယ်ဖြူမဂ္ဂဇင်း။
စောလူ –အခြေခံကဗျာပိုင်း၊ ပညာတန်ဆောင်၊ ၁၉၈၅၊ ဒီဇင်ဘာလ။
စာရေးသူ၏ မှတ်စုများ။



# မြဟန်သိန်း (လုပ်သား ကောလိပ်) ၏ ဘဝနှင့်စာပေ

အမည်ရင်း – ဦးမြဟန်သိန်း

ကလောင်အမည် – မြဟန်သိန်း(လုပ်သားကောလိပ်)၊ မြဟန်သိန်းမောင်၊ ရည်မောင်၊ ဗြဟ္မာမျိုး

၁၉၄၆၊ မေလ၊ ၂၈ ရက်တွင် မိဘဖြစ်သူ ဦးသိန်းမောင်၊ ဒေါ်လှရည်တို့က စစ်ကိုင်းမြို့နယ်၊ လယ်ကြီးရွာ၌ မွေးဖွားခဲ့သည်။ ၁၉၆၅၊ ဒီဇင်ဘာ သင့်ဘဝမဂ္ဂဇင်းပါ 'မိုး'ကဗျာလေးဖြင့် စာပေနယ်သို့ရောက်ပြီး စာနယ်ဇင်းများ၌ သုတ၊ ဆောင်းပါးများ ဘာသာပြန်များနှင့် ကဗျာများ ပုဒ်ရေ ၁၀၀၀ ခန့်ရေးခဲ့ပါသည်။ လူငယ်များဖတ်ရန် ပုံပြင်စာအုပ် ၁၄ အုပ်ထုတ်ဝေခဲ့ပြီးဖြစ်၏။

စစ်မှုထမ်းအငြိမ်းစားတစ်ဦးဖြစ်ပြီး မိသားစုနှင့်အတူ ထောက်ကြံ့မြို့၌ နေထိုင်လျက်ရှိပါသည်။

စာပေ

# အများဆုံးမှားနေကြသော မြန်မာစာလုံးပေါင်းသတ်ပုံ

မြှုပ်နှံသိန်း(လုပ်သားကောလိပ်)

## နိဒါန်း

မြန်မာစာ၊ မြန်မာစကားကို စောင့်ရှောက်ထိန်းသိမ်းရန်တာဝန်မှာ မိမိတို့ မြန်မာအမျိုးသားများပင်ဖြစ်၏။ စောင့်ရှောက်ထိန်းသိမ်းမှုညံ့ဖျင်းလျှင် မိမိတို့၏ကိုယ်ပိုင်စာပေသည် ဖရိုဖရဲဖြစ်ကာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ခိုင်မာကျစ်လစ်မှုမရှိ၊ စံပြုစရာမရှိသော ဘာသာစကား တစ်ခုဖြစ်သွားနိုင်သည်။ ဘာသာစကားကို အထိန်းအကွပ်အဖြစ် သဒ္ဒါကျမ်းလာ ရေးထုံးများအတိုင်း လိုက်နာခြင်းအားဖြင့် ဘာသာစကားကို ရေရှည်တည်တံ့စေနိုင်လေသည်။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါတကောကောပြီး မြန်မာစာရေးထုံးသဒ္ဒါများကို မလိုက်နာကြလျှင် မြန်မာစာ၏ အနာဂတ်အလား အလာမကောင်းနိုင်ပါ။ သို့ဖြစ်ပါ၍ အမှန်ကိုမသိ၍မှားနေကြသူများလည်း

■ စာပေပန်းခင်းရနံ့သင်း

သိရှိလိုက်နာကြစေရန် စေတနာရည်သန်၍ ဤစာတမ်းငယ်ကို ရေးသားရခြင်းဖြစ်ပါသည်။

**မြန်မာစာ အစ**

မြန်မာစာအရေးအသား မြန်မာအက္ခရာများသည် ဘီစီ-၅၀၀ခန့်မှ အေဒီ-၁၀၀ကျော်အထိ အိန္ဒိယဒေသတွင် ထွန်းကားခဲ့သော ဗြဟ္မီအရေးအသား၌ ဆင်းသက်ဖြစ်ပွားခဲ့သည်ဟု သုတေသီပညာရှင်များ အငြင်းပွားဖွယ်မရှိ လက်ခံကြသည်။ တွေ့ရှိသမျှမြန်မာစာအရေးအသားတို့တွင် ပုဂံခေတ် (အေဒီ-၁၁/၁၂ ရာစု) အတွင်းတွေ့ရှိရသည်များမှာ အစောဆုံးဖြစ်သည်။ ၂၀ ရာစု အလယ်ပိုင်းထိ မြန်မာစာသည် ပါဠိဘာသာကိုမှီငြမ်းထားသည့် ကျမ်းများကို အားကိုးနေရဆဲဖြစ်၏။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ရောက်လာမှ ''မြန်မာစာကော်မရှင်''ဖွဲ့၍ မြန်မာအဘိဓာန်ပေါ်ပေါက်လာရေး ဆောင်ရွက်စေသည်။ အဘိဓာန်၏အဓိကကိစ္စမှာ အနက်အဓိပ္ပာယ်ပေးခြင်းဖြစ်သလို မြန်မာစာလုံးပေါင်းသတ်ပုံအတွက် ကိုးကားကြည့်ရှုနိုင်သည်။

**ရေးတော့အမှန်ဖတ်တော့အသံ**

မြန်မာစာတွင် အရေးနှင့်အဖတ် (အသံထွက်) မတူညီပါ။ သို့ဖြစ်ရာ စာတွင်အမှန်ရေး၍ ဖတ်ရာတွင်လည်း အသံမှန်ရန် လိုအပ်နေပြန်သည်။ အများစုမှာ အသံထွက်သည့်အတိုင်းရေးသားကြ၍ ရေးထုံး(သတ်ပုံ)များနေကြကြောင်း တွေ့ရှိရသည်။ မိမိတို့၏ဘာသာစကားကို အလေးထားတန်ဖိုးထားသူမှန်သမျှ မြန်မာစာကိုဖြစ်ကတတ်ဆန်း မရေးသားဘဲ ရေးထုံးသဒ္ဒါစာလုံးပေါင်းနှင့်အညီ အလေးထားရေးသင့်ပေသည်။

## ကျွန်ုပ်မကြာမကြာတွေ့နေရသော အမှားသုံးခု

လူမှုပတ်ဝန်းကျင်၌နေထိုင်ရသော ကျွန်ုပ်ထံသို့ အသုဘပို့နာရေးဖိတ်စာများ မကြာမကြာရောက်လာတတ်သည်။ ရောက်လာသည့် ဖိတ်စာတိုင်း၌လည်း အောက်ပါမြန်မာစာသုံးလုံးမှာ အမြဲတမ်းမှားယွင်းရိုက်နှိပ် ဖော်ပြထားကြသည်ချည်းဖြစ်၏။ မိတ်ဆွေ ကွန်ပျူတာစာစီလုပ်ငန်းလုပ်နေသော စာရေးဆရာတစ်ဦးကို ဆွေးနွေးကြည့်လည်း မအောင်မြင်ပါ။ ယင်းစာလုံးများမှာ–

| စဉ် | အမှား | အမှန် |
|---|---|---|
| က | နေ့လည် | နေ့လယ် |
| ခ | သင်္ဂြိုလ် | သင်္ဂြိုဟ် |
| ဂ | သုဿန် | သုသာန် |

## ဘာသာခြားမှ စိမ့်ဝင်လာသော စာလုံးများ

အင်္ဂလိပ်ဘာသာစကားကို မြန်မာစာသင်ကျောင်းများ၌ သင်ယူနေကြသည်ဖြစ်ရာ အင်္ဂလိပ်ဝေါဟာရများ မြန်မာစာထဲသို့ အများဆုံးဝင်ရောက်ကာ မွေးစားစလုံးများအဖြစ်သုံးနေကြပြီဖြစ်၏။ (ဥပမာ – မဂ္ဂဇင်း၊ ဂျာနယ်၊ ဖက်ရှင်၊ မော်ဒယ် အစရှိသည်များ) သို့ရာတွင် အောက်ဖော်ပြပါစာလုံးများကိုမူ အဆန်းထွင်ကာ စာလုံးပေါင်းသင်းနေကြသည်ကို တွေ့နေကြရပြန်သည်။

| စဉ် | မူရင်းအင်္ဂလိပ်စာ | အမှား | အမှန် |
|---|---|---|---|
| က | CARD | ကဒ် | ကတ် |
| ခ | SIZE | ဆိုဒ် | ဆိုက် |
| ဂ | CONCRETE | ကွန်ခရိ | ကွန်ကရစ် |
| ဃ | PLASTER | ပလာစတာ | ပလတ်စတာ |
| င | GALLON | ဂါလံ | ဂါလန် |

## စာပေပန်းခင်းရနံ့သင်း

| | | | |
|---|---|---|---|
| ၈ | HOTEL | ဟော်တယ် | ဟိုတယ် |

### မြို့ရွာများ၏ အမည်

မိမိနေထိုင်ရာမြို့ရွာအမည်ကို သက်ဆိုင်ရာမြို့ရွာနေသူများ မှန်ကန်စွာ အလုံးပေါင်းတတ်ရန် အရေးကြီးလှပေသည်။ မိမိတို့မြို့ရွာကို မိမိတို့ကမလေးစားလျှင် အခြားသူများအတွက် ဆိုဖွယ်ရာမရှိပါ။

| စဉ် | မှား | မှန် |
|---|---|---|
| က | ထောက်ကြန့် | ထောက်ကြံ့ |
| ခ | ဘွက်ကြီး | ဖွက်ကြီး |
| ဂ | သဃ်န်းကျွန်း | သင်္ဃန်းကျွန်း |
| ဃ | ပုဖွန်တောင် | ပုစွန်တောင် |
| င | ပန်းဘဲတန်း | ပန်းပဲတန်း |
| စ | အောင်ဘန်း | အောင်ပန်း |
| ဆ | ထုံးဘို | ထုံးဖို |
| ဇ | ရွှေဂူ | ရွှေကူ |

### လူအများ မှားယွင်းလေ့ရှိကြသည်များ

အောက်ပါစာလုံးစုမှာ လူအများမှားလေ့ရှိကြသည်များဖြစ်ကြပြီး၊ မိမိတို့အနေဖြင့် သတိထားပြီး အမှားအယွင်းနည်းအောင် အားထုတ်သင့်သည်။

| အမှား | အမှန် |
|---|---|
| ကောလဟာလ | ကောလာဟလ |
| ကန်ဘောင် | ကန်ပေါင် |
| ကိုယ့်ဒူးကိုယ်ချွန် | ကိုယ့်ထူးကိုယ်ချွန် |

| | |
|---|---|
| ထွန်ယက် | ထွန်ရက် |
| ဂန့်ကော်ပန်း | ကံ့ကော်ပန်း |
| ဂတိတည် | ကတိတည် |
| ကြိုးနှင့်စီး | ကြိုးနှင့်စည်း |
| ကျေညက် | ကြေညက် |
| ကျေမွ | ကြေမွ |
| ဖိုးကနဲဖတ်ကနဲ | ဆိုးခနဲဆတ်ခနဲ |
| ဆားငံသည် | ဆားငန်သည် |
| ဆေးချယ်သည် | ဆေးခြယ်သည် |
| ဆထက်တပိုး | ဆထက်ထမ်းပိုး |
| ဆူးညှောင့်ခလုတ် | ဆူးငြောင့်ခလုတ် |
| စွေ့စွေ့ခုန် | ဆွေ့ဆွေ့ခုန် |
| ဖွဲနဘဲ | ဖွဲနပဲ |
| ခလုတ်ကသင်း | ခလုတ်တံသင်း |
| ချွေးနဲ့စာ | ချွေးနှဲ့စာ |
| ချယ်လှယ် | ခြယ်လှယ် |
| ဂန္ဓဝင် | ဂန္ထဝင် |
| စဉ်းစီတုံး | စဉ်းတီတုံး |
| စုန့်ပြစ် | စွန့်ပစ် |
| ရောက်မှန်းကမ်းမှန်း | စောက်မှန်းကမ်းမှန်း |
| ခေတ်မှီ | ခေတ်မီ |
| ယောက်ျား | ယောကျ်ား |
| လေပြေညင်း | လေပြည်ညင်း |

## စာပေပန်းခင်းရန့်သင်း

| | |
|---|---|
| ဖြေးဖြေးမောင်း | ဖြည်းဖြည်းမောင်း |
| အလွန်အကျူး | အလွန်အကြူး |
| အခန်းအနား | အခမ်းအနား |
| အာရုဏ်ဦး | အရုဏ်ဦး |
| လျှင်မြန်စွာ | လျင်မြန်စွာ |
| ကရိယာ | ကိရိယာ |
| တာဆူ | တာစူ |
| အညှိုး | အငြိုး |
| တုန့်ပြန် | တုံ့ပြန် |
| ဖြန့်ချီ | ဖြန့်ချိ |
| စီစစ် | စိစစ် |
| ကျစ်လစ် | ကျစ်လျစ် |
| အကျိုတ်အနယ် | အကြိတ်အနယ် |
| သာမာန် | သာမန် |
| သွေဖီ၊ သွေဖယ် | သွေဖည် |
| သေကြေ | သေကျေ |
| သကြားမင်း | သိကြားမင်း |
| နယ်နယ်ရရ | နှယ်နှယ်ရရ |
| နှုတ်ထွက် | နုတ်ထွက် |
| လက်ရွေးစဉ် | လက်ရွေးစင် |
| လွှင့်စင် | လွင့်စဉ် |
| အမြောက်အများ | အမြောက်အမြား |
| အဟာရ | အာဟာရ |

| | |
|---|---|
| ဟောမာန် | ဟောမန် |
| လှည်းယာဉ် | လှည်းယဉ် |
| စကြာ၀ဠာ | စကြ၀ဠာ |
| ဇီးသီး | ဆီးသီး |
| မျှား | မြား |
| အမွှေးအမျှင် | အမွေးအမှင် |
| လျှက်ဆား | လျက်ဆား |
| မှင်ရည် | မင်ရည် |
| မြင့်မိုရ် | မြင်းမိုရ် |

**စေတနာအာသီသ**

၈။ ကျယ်ပြန့်စွာ ရေးသားနိုင်ရန်အတွက် အချိန်လိုမည်ဖြစ်သော်လည်း ကျွန်ုပ်၏စာစုသည် မိသားစုစကားဝိုင်းအတွင်း မြန်မာစာပေချစ်စိတ်နှိုးဆွပေးရန်ရည်ရွယ်ထား၍ စာလုံးရေ(၃၆)ကိုသာ ရွေးထုတ်တင်ပြနိုင်ပါသည်။ စာချစ်သူများအနေဖြင့် ဆက်လက်လေ့လာကာ အမှားအယွင်းနည်းသော မြန်မာစာကို ရေးသားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**မြဟန်သိန်း(လုပ်သားကောလိပ်)**

**မှီငြမ်းစာ**

၁။ မြန်မာအဘိဓာန်

၂။ နေ့စဉ်ထုတ်သတင်းစာများ



# ငွေစိုး (ရွှေကြန့်မြေ) ၏ ဘဝနှင့်စာပေ

ဆရာငွေစိုး(ရွှေကြန့်မြေ)ကို (အဖ)ဦးစိုးမြင့်၊ (အမိ)ဒေါ်စောမြင့်တို့မှ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် မှော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာ၌ မွေးဖွားခဲ့သည်။ မွေးချင်း ၄ ယောက်အနက် အငယ်ဆုံးသားဖြစ်ပါသည်။

၁၉၉၃ ခုနှစ်တွင် မှော်ဘီမြို့နယ်၊ အမှတ်(၂) စက်မှုလက်မှုအထက်တန်းကျောင်းမှ ဖစ်တာဘာသာ(Fitter Course)ဖြင့် အောင်မြင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်၊ မတ်လတွင် E.T.C(Yangon)သင်တန်းကို တက်ရောက်အောင်မြင်ခဲ့ပြီး ယင်းနှစ်မှာပင် လျှပ်စစ်စစ်ဆေးရေးဦးစီးဌာနမှဖွင့်လှစ်သော လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းကို ဆက်လက်တက်ရောက်ခဲ့ရာ E.I(Grade II) လက်မှတ်ကိုရရှိခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှဖွင့်လှစ်သော စက်ခန်းအုပ်သင်တန်း (IFT-Engine Driver)ကို တက်ရောက်အောင်မြင်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် ဒဂုံတက္ကသိုလ်အဝေးသင်ဌာနမှ ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ကိုရရှိခဲ့ပါသည်။

၂၀၀၀ ခုနှစ် အောက်တိုဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင်ပါဝင်သည့် 'အဘွားပြောသော လက်အေးကြီး'စာမူဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ဂမ္ဘီရ၊ သူရဇ္ဇ၊ ရတနာမွန်၊ ရတနာတံခွန်၊ နရသုခ၊ ရောင်ပြန်နှင့် အခြားမဂ္ဂဇင်းအသီးသီးတွင် ငွေစိုး(ရွှေကြန့်မြေ)၊ ခနေသျှင်စိုး ကလောင်တို့ဖြင့် ဝတ္ထုတိုဆောင်းပါးပေါင်း ၃၀၀ ကျော်ကို ရေးသားခဲ့ပါသည်။

ယခုအခါ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ အမှတ်(၂)၊ မိတ္တလမ်း၊ တိလောကရုံရပ်ကွက်တွင် နေထိုင်လျက်ရှိပါသည်။ အမည်အရင်းမှာ ဦးငွေစိုး ဖြစ်ပါသည်။

စာပေ

# ဇာတ်လမ်းတစ်ပုဒ်ကို ပေါင်းစပ်ဖန်တီးခြင်း

ငွေတိုး(ရွှေကြာန့်မြေ)

**နိဒါန်း**

'အနုပညာ'ဆိုသောဝေါဟာရကို မြန်မာအဘိဓာန်ကျမ်းက 'ဂီတ၊ ပန်းချီ၊ စာပေစသော သိမ်မွေ့ထက်မြက်သော ပညာရပ်'ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ နည်းပညာဆိုသောဝေါဟာရကိုမူ ပညာရပ်ဆိုင်ရာ နည်းနာနိသယဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပန်းပုဆရာကြီးဦးဟန်တင်ကမူ အနုပညာဆိုသည်မှာ အသွင်သရုပ်ကိုဆောင်၍ လူတို့၏စိတ်တွင်ထင်မှတ်ခံစားနိုင်အောင် ဖန်တီးပြီးခံစားစေခြင်းကို အနုပညာဟုခေါ်ကြောင်း ထိုသို့အနုပညာမြောက်အောင် ဖန်တီးပြသနိုင်သူကိုသာ အနုပညာသည်ဟုခေါ်ထိုက်ကြောင်း အဆိုပြုထားလေ၏။ အနောက်တိုင်း ပညာရှင်တစ်ဦးကမူ အနုပညာတစ်ခုဖန်တီးရန် သဘာဝတရား(အထည်ပစ္စည်း)၊ နည်းပညာ(ရသ)နှင့် စိတ်ခံစားမှု၏လှုံ့ဆော်

ခြင်း ဤသုံးချက်ရှိရန်လိုအပ်သည်ဟု ထောက်ပြထားလေ၏။ ထိုနည်းအတူ အနုပညာပစ္စည်းတစ်ခုဖြစ်သော ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ ဇာတ်လမ်းစသည်တို့ကို ဖန်တီးရာတွင်လည်း အကြောင်းအရာနှင့် ဦးတည်ချက်တူစေကာမူ၊ အနုပညာမြောက်မှု အတိုင်းအတာတူစေကာမူ နည်းပညာကျွမ်းကျင်မှုရှိလျှင် နှုလောက် ပိုမိုထူးကဲသော အကျိုးသက်ရောက်မှုကို ရရှိစေနိုင်ပါသည်။

## ဇာတ်လမ်းဟူသည်

'ဇာတ်လမ်းဟူသည် ဇာတ်ဆောင်တို့၏အဖြစ်အပျက်' ဟု ယေဘုယျသတ်မှတ်နိုင်ပါသည်။ တဖန်အဖြစ်အပျက်ကိုပင် ဇာတ်ကြောင်းဟူ၍လည်းကောင်း၊ ဇာတ်ကြောင်းကို ဇာတ်ကွက်များဖြင့် ဖွဲ့စည်းထားသည်ဟူ၍လည်းကောင်း ယူဆနိုင်ပါသည်။ ဇာတ်ကြောင်းဟူသည် ဘာပြီးလျှင်ဘာဖြစ်မည်ဟူသော ဖြစ်စဉ်ကိုခေါ်ပါသည်။ ဇာတ်ကြောင်းတွင်ပါဝင်သော ဖြစ်စဉ်တို့သည် ဇာတ်ဆောင်၏ဘဝတစ်ခုလုံးကို ကိုယ်စားမပြုပါ။ ဦးတည်ချက်ကို အထောက်အကူပြုမည့် အစိတ်အပိုင်းကိုသာ ရွေးချယ်ဖော်ပြရန်လိုပါသည်။ ယင်းနေရာတို့သည် ဇာတ်ကွက်ဖြစ်လာသည်။ ထိုဇာတ်ကွက်သည် သီးခြားရပ်တည်နေ၍မရပါ။ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်စပ်မှုရှိနေရပါမည်။ သို့မှသာ ဇာတ်လမ်း (Plot)ဟု ခေါ်ဆိုနိုင်ပါသည်။ ထို့ကြောင့် ဇာတ်လမ်းတစ်ပုဒ်ကို ဖန်တီးတော့မည်ဆိုပါလျှင် တစ်ခုနှင့်တစ်ခု ကြောင်းကျိုးချိတ်ဆက်မှုရှိပြီး ဦးတည်ချက်ကိုဖော်ဆောင်နိုင်သော ဇာတ်ကွက်များဖြစ်ရန် သတိပြု၍ဖန်တီးရန်လိုပါသည်။

## နည်းလမ်း(၅)သွယ် လိုက်နာဖွယ်

ပြဇာတ်ပင်ဖြစ်စေ၊ ဝတ္ထုပင်ဖြစ်စေ ဇာတ်လမ်းပါသော အနုပညာတစ်ခုကို အစပျိုးမိလျှင် ဇာတ်လမ်း၏ရွေ့အလားအလာကို မျှော်လင့်လိုသော ဆန္ဒ

(ဝ) သိလိုစိတ်ပေါ်စေသင့်ပါသည်။ ကြည့်ရှုခံစားသူပရိသတ်၏ရင်ထဲတွင် ဇာတ်လမ်း၏ရှေ့အလားအလာကို မျှော်လင့်လိုသောဆန္ဒမပေါ်လျှင် အောင်မြင်သော ဇာတ်လမ်းမျိုးမဖြစ်နိုင်ပေ။ ထို့ကြောင့် ဇာတ်လမ်းအစမှ အဆုံးတိုင်အောင် ပရိသတ်၏သိလိုစိတ် အလျဉ်မပြတ်စေရေးအတွက် ဆွဲဆောင်စည်းရုံးထားနိုင်ရန် အားထုတ်ရမည်ဖြစ်ပါသည်။ ထိုသို့အားထုတ်ရာတွင် ဇာတ်လမ်းတစ်ခုတည်ဆောက်ပုံနည်းစနစ်ကို အသုံးပြုရမည်ဖြစ်ပါသည်။ ဇာတ်လမ်းတစ်ခုတည်ဆောက်ရာတွင်–

(၁) ဇာတ်ပန္နက် (Exposition)

(၂) ဇာတ်တက် (Complication)

(၃) ဇာတ်ထွက် (Climax)

(၄) ဇာတ်ဆင်း (Resolution)

(၅) ဇာတ်သိမ်း (Denouement)ဟူ၍ ကဏ္ဍငါးခုပါဝင်လျက်ရှိကြောင်း ပညာရှင်များက တညီတညွတ်တည်း မိန့်ဆိုခဲ့ကြပါသည်။

## ဇာတ်ပျိုး (သို့မဟုတ်) ဇာတ်နှိုး (သို့မဟုတ်) ဇာတ်ပန္နက်

ဇာတ်ပန္နက်ပိုင်းကို ဇာတ်ပျိုးနှင့်ဇာတ်နှိုးဟူ၍ ထပ်မံပိုင်းခြားနိုင်ပါသည်။ ဇာတ်ပျိုးသည် ဇာတ်လမ်းအစပြုသည့်ကာလဒေသနှင့် အခြေအနေကိုဖော်ပြ၍ အရေးပါသောဇာတ်ဆောင်နှင့် မိတ်ဆက်ပေးကာ ဇာတ်လမ်းကိုအစပျိုးခြင်းပင်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မိမိဖော်ပြလိုသောဇာတ်အိမ်၏ အရိပ်အမြွက်ကိုဖော်ပြရင်း ဇာတ်လမ်း၏ရှေ့အလားအလာကို မျှော်လင့်လိုသောစိတ်အားနှိုးဆွပေးလိုက်သည်။ ၎င်းကို ဇာတ်နှိုးဟုခေါ်ပါသည်။ ဇာတ်နှိုးသည် ဇာတ်ပျိုးနှင့်ဇာတ်တက်ပိုင်းကို ချိတ်ဆက်မှုရှိနေရမည်။ ထို့ကြောင့် ဇာတ်ပျိုးနှင့် ဇာတ်နှိုးသည် ဇာတ်လမ်းတစ်ပုဒ်ကို စတင်တည်ဆောက်သော အခြေခံအုတ်မြစ်ဖြစ်

သောကြောင့် ဇာတ်ပန္နက်ဟုဆိုခြင်းဖြစ်ပါသည်။ ဇာတ်ပန္နက်ကို အချို့ကဇာတ်ဖွင့် (Opening)ဟုလည်း ခေါ်ကြသည်။ ဇာတ်အဖွင့်တွင် ဇာတ်လမ်းသဘောကို ဖရိုသတ်သိလိုစိတ်များဖြစ်ပေါ်လာအောင် နှိုးဆွပြီးဇာတ်လမ်း၏အတက်ပိုင်းကို ဦးတည်ပေးနိုင်စွမ်းရှိရမည်။ သို့မှသာ ဇာတ်လမ်းစစချင်း ပရိသတ်သည် သိလိုဇောနှင့်အတူ ဇာတ်လမ်း၏ရှေ့အလားအလာကို မျှော်လင့်တောင့်တလာမည် ဖြစ်သည်။ သတိပြုရန်အချက်မှာ ဇာတ်အဖွင့်အဖြစ် အသုံးပြုထားသောဇာတ် ကွက်သည် ပင်မဇာတ်လမ်းအစိတ်အပိုင်းတစ်ခု ဖြစ်နေရမည်။ သီးခြားရပ်တည် နေ၍ မရပါ။

**ဇာတ်တက် (Complication)**

ဇာတ်တက်ပိုင်းသို့ရောက်သောအခါ ဇာတ်ဆောင်တို့၏အဖြစ်အပျက်များ ပြုမူလှုပ်ရှားမှုများကို ဇာတ်ထွက်(Climax)ပိုင်းသို့ရောက်အောင် ညှို့ငင်ခေါ် ဆောင်သွားနိုင်စွမ်းရှိရမည်။ ဤသို့ဖန်တီးရာတွင် အားပြိုင်မှုများ၊ မြုပ်ကွက်၊ လှည့်ကွက်နှင့် နောက်ကြောင်းပြန်ပြကွက်များ ဖန်တီးထည့်သွင်းခြင်းစသော နည်းပရိယာယ်များကို အသုံးပြုခြယ်မှုန်းနိုင်စွမ်းရှိရမည်။ သို့မှသာ ပရိသတ် ၏သိလိုစိတ်အလျဉ်ကို ထိန်းထားနိုင်ပြီး ဇာတ်ထွက်သို့မရောက်ရောက်အောင် ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။ အားပြိုင်မှု(Conflict)ဟူသည် ဇာတ်လမ်းတွင်ပါ ဝင်ကြသော ဇာတ်ဆောင်များ၏ အကောင်းနှင့်အဆိုး၊ ရန်နှင့်မိတ်၊ မေ့နှင့်အမေ့ အမှန်နှင့်အမှားစသည်တို့ကို ဆန့်ကျင်ဘက်အင်အားစုများအသွင်ဖန်တီးကာ ယှဉ်ပြိုင်လှုပ်ရှားစေခြင်းဖြစ်ပါသည်။ အားပြိုင်မှုသည် ဇာတ်လမ်းတစ်ခု၏ တွန်းအားဖြစ်သည်။ ထိုတွန်းအားသည် ဇာတ်လမ်းကိုရွေ့စေသည်။ အားပြိုင် မှုတစ်စတစ်စကြီးထွားလာသည်နှင့်အမျှ ဇာတ်ရှိန်သည်လည်း တဖြည်းဖြည်းမြင့် လာသည်။ ထိုအခါ အားပြိုင်မှုအကြီးဆုံးနေရာသည် ဇာတ်လမ်း၏အထွတ်

(Climax) ဖြစ်လာသည်။ အားပြိုင်မှုအနိမ့်အမြင့်ကိုကြည့်၍ ရှေ့တွင်မည်သို့ဖြစ်လာမည်နည်း၊ မည်သို့အဆုံးသတ်မည်နည်းဟူသော သိလိုစိတ်ပြင်းပြလာသည်နှင့်အမျှ မချင့်မရဲဖြစ်ကာ ပရိသတ်သည် ဇာတ်ဆောင်များနှင့်အတူ ဇာတ်လမ်း၏ခေါ်ဆောင်ရာသို့ လိုက်ပါရတော့သည်။ ထို့ကြောင့် အားပြိုင်မှုသည် ဇာတ်လမ်း၏အသက်ဟု ခေါ်ဆိုနိုင်ပါသည်။

**အားပြိုင်မှု (၃)မျိုး**

အားပြိုင်မှုအမျိုးမျိုးရှိသည့်အနက် အခြေခံအကျဆုံး အားပြိုင်မှု (၃) မျိုးရှိပါသည်။

(၁) ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှု၊

(၂) ဇာတ်ဆောင်နှင့် နောက်ခံ အားပြိုင်မှု၊

(၃) ဇာတ်ဆောင်၏ အတွင်းစိတ်အားပြိုင်မှုတို့ပင် ဖြစ်ပါသည်။

ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှုဆိုသည်မှာ ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်တို့၏ စရိုက်ကိုဖော်ထုတ်ခြယ်မှုန်းခြင်းဖြစ်ပြီး အမှန်၊ အမှား၊ အကောင်း၊ အဆိုး၊ ဓမ္မနှင့် အဓမ္မတို့ကို ဆန့်ကျင်အားပြိုင်စေခြင်းပင်ဖြစ်ပါသည်။ ထိုသို့ အားပြိုင်မှုပြုနိုင်စေရေးအတွက် အားပြိုင်မှုပြုကြမည့် ဇာတ်ဆောင်တို့၏ အကျင့်စာရိတ္တ၊ အတွေးအခေါ်၊ ကိုယ်ရည်ကိုယ်သွေးစသည်တို့ကို ကွဲပြားခြားနားအောင် သတိပြု၍ခြယ်မှုန်းရမည်ဖြစ်ပါသည်။ သို့မှသာ အားပြိုင်သူများ၏စရိုက်မတူညီမှုသည် ရုပ်လုံးကြွလာပြီး ၎င်းတို့ရပ်တည်နေသောဦးတည်ချက်နှင့် ဘဝအမြင်ကွဲပြားကာ ဇာတ်လမ်းကပြောချင်သော အကြောင်းအရာသည် အသက်ဝင်လာမည်ဖြစ်ပါသည်။ နောက်ခံ Setting အားပြိုင်မှုဆိုသည်မှာ သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်၊ နိုင်ငံရေးဝန်းကျင်စသော အခြေအနေများကို ဆိုခြင်းဖြစ်ပါသည်။ ယင်းတို့နှင့်ဇာတ်ဆောင်၏ အားပြိုင်မှု

## စာပေပန်းခင်းရနံ့သင်း

သည်လည်း ဇာတ်လမ်းကို အသက်ဝင်လာစေပါသည်။ ဇာတ်ဆောင်၏ အဖွဲ့တွင် အားပြိုင်မှုဆိုသည်မှာ ဇာတ်ဆောင်တစ်ဦး၏အတွင်းစိတ်ကို အားပြိုင်ရသည့် အခြေအနေကိုခေါ်ပါသည်။ ကောင်းမြတ်သောစိတ်နှင့် ဆိုးယုတ်သောစိတ်တို့ အားပြိုင်မှု၊ မှန်ကန်သောအသိနှင့် မှားယွင်းသောအသိတို့ အားပြိုင်မှုစသော ရွေးချယ်ဆုံးဖြတ်ရသော အခြေအနေတစ်ခုကိုဖန်တီးကာ အားပြိုင်ရခြင်းဖြစ်ပါသည်။ ဇာတ်ဆောင်နှင့် သူ၏အဖွဲ့တွင်အားပြိုင်မှုသည် လူ့စိတ်သဘာဝကို ဖော်ပြနိုင်သောကြောင့် အားပြိုင်မှုသုံးမျိုးအနက် အလေးနက်ဆုံးနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံးသော အားပြိုင်မှုတစ်ခုပင်ဖြစ်ပါသည်။

### အားပြိုင်မှုနှင့် ဇာတ်လမ်း

'အားပြိုင်မှုမရှိလျှင် ဇာတ်လမ်းမဖြစ်နိုင်'ဟု C.corter colwell ၏ အဆိုမိန့်ကဲ့သို့ပင် အားပြိုင်မှုသည် ဇာတ်လမ်းတစ်ခုတွင်မရှိမဖြစ်လိုအပ်၏။ အထက်တွင်ဖော်ပြခဲ့သော အားပြိုင်မှုတို့ကို ဇာတ်လမ်း၏လိုအပ်ချက်ကိုလိုက်၍ နေသားတကျဖန်တီးပုံဖော်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အားပြိုင်မှု၏ပြင်းအားနှင့် ကာလအတိုင်းအရှည်သည် ဇာတ်ရှိန်၏အနိမ့်အမြင့် စံနှုန်းကိုသတ်မှတ်ပေးသောကြောင့်ဖြစ်၏။

### မြုပ်ကွက်နှင့် ဇာတ်လမ်း

မြုပ်ကွက် Hidden Fact ဆိုသည်မှာ ဇာတ်ကွက်များကို ဇာတ်ကြောင်းအဖြစ်ဖွဲ့စည်းရာ၌ အကြောင်းနှင့်အကျိုးကို တစ်ဆက်တည်းမဖော်ပြဘဲ အကျိုးတရားကိုသာဖော်ပြ၍ အကြောင်းတရားကို ဖုံးကွယ်ထားခြင်း၊ အကြောင်းတရားကိုသာဖော်ပြ၍ အကျိုးတရားကိုဖုံးကွယ်ထားခြင်းကို ခေါ်ပါသည်။ ထို့ကြောင့် ဇာတ်လမ်းတစ်ခု အားကောင်းလာစေရန် မြုပ်ကွက်ကိုဖန်တီးထည့်သွင်းမည်

ဆိုပါက မိမိမြှုပ်ထားသော မြှုပ်ကွက်ဆီသို့ရောက်အောင် အချိတ်အဆက်မိသောဇာတ်ကွက်များဖြင့် တဖြည်းဖြည်းခြင်းခေါ်ဆောင်သွားရမည်။ သို့သော် ဖန်တီးသူသည် အနုပညာအထည်ပစ္စည်း၏ ပမာဏကိုလိုက်၍ မြှုပ်ကွက်မြှုထားသော ကာလအတိုအရှည်ကို ချင့်ချိန်သင့်ပါသည်။ ထို့ကြောင့် မြှုပ်ကွက်ဖော်ထုတ်ပြီးချိန်သည် ပရိသတ်၏သိလိုဇောကုန်ဆုံးချိန်ဖြစ်သောကြောင့် မြှုပ်ကွက်မြှုထားသော ကာလအပိုင်းအခြားသည် ဇာတ်လမ်းအပေါ် အာရုံအမြင့်ဆုံးထားနေသော အချိန်ကာလဟုဆိုနိုင်၏။ ဆိုရလျှင် မြှုပ်ကွက်သည် အားပြိုင်မှုကဲ့သို့ အာနိသင်ရှိသောနည်းပရိယာယ်တစ်ခုဟု မှတ်ယူနိုင်လေ၏။

## လှည့်ကွက်နှင့် ဇာတ်လမ်း

လှည့်ကွက် Twist ဆိုသည်မှာ ဇာတ်လမ်းကို ကြည့်ရှုခံစားနေစဉ်အတွင်း ပရိသတ်မျှော်လင့်မထားသောနေရာမျိုးတွင် မမျှော်လင့်သောအဖြစ်အပျက်မျိုးကို ရုတ်တရက်ဖော်ပြလိုက်ခြင်းဖြင့် ပရိသတ်ကိုအံ့အားသင့်သွားစေခြင်းမျိုးကိုခေါ်ပါသည်။ လှည့်ကွက်ကိုသုံးစွဲခြင်းကြောင့် ဇာတ်လမ်းမှာ လှုပ်ရှားအသက်ဝင်လာပြီး ပရိသတ်သည် အံ့ဩနှစ်သက်မှုနှင့်အတူ ဇာတ်လမ်းကိုပို၍ အာရုံစိုက်လာစေပါသည်။ လှည့်ကွက်၏သဘောမှာ ပရိသတ်ကိုလှည့်စားခြင်း၏ အနုပညာဖြစ်ပြီး ဇာတ်လမ်း၏အလားအလာကို ကြိုတင်မှန်းဆ၍မရအောင် ဖန်တီးထားသောကြောင့် စိတ်ဝင်စားမှုကို အမြင့်ဆုံးရောက်စေနိုင်ပါသည်။ သို့သော် လှည့်ကွက်ဖန်တီးရာတွင် သဘာဝကျမှု၊ ယုတ္တိရှိမှုတို့ဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိရမည်။

## နောက်ကြောင်းပြန်ပြကွက်နှင့် ဇာတ်လမ်း

နောက်ကြောင်းပြန်ပြကွက် Flashback ဆိုသည်မှာ ဇာတ်ဆောင်တစ်ဦး၏

အတိတ်ဘဝမှဖြစ်ရပ်များကို ပြန်လည်ဖော်ထုတ်ခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဇာတ်လမ်းကိုဖန်တီးရာတွင် ဇာတ်ကွက်များကို အစီအစဉ်တကျမတင်ပြဘဲ အချို့သောဇာတ်ကွက်များကို ချန်လှပ်ထားခဲ့ပြီး အကြောင်းတိုက်ဆိုင်သောအခါမှ အခြေအနေတစ်ခုအတွက် လိုအပ်ချိန်တွင်ပြန်လည်ဖော်ထုတ်တင်ပြခြင်းသာဖြစ်ပါသည်။ နောက်ကြောင်းပြန်ပြကွက်ကို မလိုအပ်ဘဲမသုံးသင့်ပါ။ လိုအပ်မှသာ အတိတ်ဖြစ်ရပ်အတွက် ဇာတ်ကွက်များတွင် ထည့်သွင်းသုံးရမည်ဖြစ်ပါသည်။ နောက်ကြောင်းပြန်ပြကွက်သည် ဇာတ်လမ်းတွင်ချန်လှပ်ထားသည့် ဇာတ်ကွက်များကို အချိတ်အဆက်ပြန်လည်မိစေကာ ပရိသတ်၏သိလိုစိတ်ကို ပြေလျော့စေပြီး စိတ်ကျေနပ်မှုကိုရရှိစေနိုင်ပါသည်။

## ဇာတ်ထွတ်နှင့် ဇာတ်ထွတ်ငယ်

ဇာတ်လမ်းတွင်ထည့်သွင်းထားသော အားပြိုင်မှုများ၏နောက်ဆုံးအရှုံးအနိုင်ပေါ်အံ့ဆဲဆဲအချိန်သည် ပရိသတ်၏စိတ်အာရုံကို ညှို့ငင်ဆွဲဆောင်စည်းနှောင်ထားနိုင်ဆုံးသောအချိန်ကို ဇာတ်ထွတ်ဟုခေါ်ပါသည်။ တစ်နည်းဆိုလျှင် ဇာတ်တက်ပိုင်းတစ်လျှောက်လုံး ပရိသတ်၏ရင်ထဲ၌ဖြစ်ပေါ်နေခဲ့သော သိလိုစိတ်အမြင့်ဆုံးအနေအထားသို့ ရောက်ရှိနေချိန်ကို ဇာတ်ထွတ်ဟုမှတ်ယူနိုင်ပေ၏။ ဇာတ်ထွတ်သည် ဇာတ်လမ်းတစ်ခုလုံး၏ အရေးပါဆုံးသောအစိတ်အပိုင်းဖြစ်ပြီး ယင်းနေရာသို့ရောက်အောင် ဇာတ်တက်ပိုင်းက တွန်းပို့နိုင်စွမ်းရှိရပါမည်။ ဇာတ်လမ်းကောင်းတို့တွင် အားပြိုင်မှုများ တစ်ခုမကပါဝင်နေတတ်ရာ ပါဝင်သောအားပြိုင်မှုနှင့်ညီမျှသော ဇာတ်ထွတ်လေးများ စီစီရီရီပါဝင်နေရပါမည်။ ယင်းတို့ကို ဇာတ်ထွတ်ငယ်ဟုခေါ်ပါသည်။ ထိုဇာတ်ထွတ်ငယ်လေးများဖြင့် ဇာတ်တက်ပိုင်းတစ်လျှောက်လုံး သိလိုစိတ်ရှင်သန်နေအောင် ထိန်းထား၍ ဇာတ်လမ်းတစ်ခုလုံး၏ ဇာတ်ရှိန်အမြင့်ဆုံးဖြစ်သော ဇာတ်ထွတ်ဆီသို့

ဖန်တီးသူက ဆွဲဆောင်ခေါ်ငင်နိုင်ရပါမည်။

**ဇာတ်ဆင်း**

ပရိသတ်၏သိလိုဇောကို တစ်မုဟုတ်ချင်းသိခွင့်ပေး၍ ဇာတ်ရှိန်ဖြေချပေးသောအပိုင်းကို ဇာတ်ဆင်း Resolution ဟုခေါ်ပါသည်။ ထိုအပိုင်းတွင် အရှုပ်အထွေးမှန်သမျှကို ဖော်ထုတ်ရှင်းလင်းပေး၍ သိလိုစိတ်ကိုကုန်ဆုံးစေရမည်။ ဇာတ်ဆင်းပိုင်းကို လေးတွဲနစ်မျော၍ ရှည်လျားစွာဖန်တီးခြင်းကို ရှောင်ကြဉ်သင့်ပြီး အတိုတောင်းဆုံးဖြစ်အောင် ဖန်တီးပေးရပါမည်။

**ဇာတ်သိမ်း**

ဇာတ်တက်၊ ဇာတ်ထွတ်တို့တွင် ဖြစ်ပေါ်ခဲ့သော ပရိသတ်၏သိလိုစိတ်ကို ဇာတ်ဆင်းပိုင်းတိုတိုဖြင့် ချက်ချင်းအသိပေးကျေနပ်စေ၍ အဆုံးသတ်ခြင်းကို ဇာတ်သိမ်း Denouement ဟုခေါ်ပါသည်။ ဇာတ်ဆင်းတိုတိုဖြင့် ဇာတ်လမ်းကိုအနားသတ်ပေးနိုင်လျှင် ဇာတ်သိမ်းကောင်းဟုဆိုနိုင်ပါသည်။ အချို့သောဇာတ်လမ်းများသည် ဇာတ်ထွတ်မှာပင် ဇာတ်လမ်းကိုအဆုံးသတ်ပစ်တတ်လေ့ရှိပါသည်။ ထိုသို့သော ဇာတ်သိမ်းမျိုးသည် ပရိသတ်ကို အလန့်တကြားနှစ်သက်စေသဖြင့် ပိုမိုစွဲမက်ဖွယ်ကောင်းတတ်ပါသည်။ ထိုကဲ့သို့သော ဇာတ်သိမ်းမျိုးသည် ဇာတ်ဆင်းပိုင်းကို တိုတောင်းစွာဖန်တီးထားသည့်အတွက် ဇာတ်ဆင်းပိုင်းမပါဝင်သကဲ့သို့ဖြစ်ပြီး ဇာတ်ထွက်မှာပင်ဇာတ်သိမ်းသည်ဟု ပရိသတ်ကထင်မြင်သွားလေ့ရှိပါသည်။ အမှန်စင်စစ် ပရိသတ်၏အာရုံတွင် မချင့်မရဲကျန်ခဲ့စေရန်အတွက် ဖန်တီးသူက အထွတ်အထိပ်ရောက်နေစဉ်မှာပင် တင်ပြလိုသောဇာတ်လမ်းကို တစ်မုဟုတ်ချင်းအသိပေး၍ ချက်ချင်းဇာတ်သိမ်းလိုက်ခြင်းသာဖြစ်ပါသည်။

## ဇာတ်လမ်းတစ်ခုတည်ဆောက်ခြင်း

ဇာတ်လမ်းတစ်ခုတည်ဆောက်ရာတွင် စိတ်ကူးဖြင့်ဖန်တီးထားသော အခြေအနေနှင့် ဒိဋ္ဌဓမ္မလောကအဖြစ်အပျက်များကို ဖန်တီးထားသော အခြေအနေဟူ၍ရှိပါသည်။ သို့သော် စိတ်ကူးယဉ်ဇာတ်လမ်းဖြစ်လင့်ကစား ယင်းဇာတ်လမ်းသည် ဒိဋ္ဌဓမ္မလောကကို မီးမောင်းထိုးပြနိုင်စွမ်းရှိရပါမည်။ ဇာတ်လမ်းတစ်ခုသည် ဒိဋ္ဌဓမ္မလောကနှင့်နီးလွန်းပါက အတ္ထုပ္ပတ္တိဖြစ်သွားတတ်ပြီး ဝေးလွန်းပါလျှင်လည်း ယုံတမ်းဒဏ္ဍာရီဘဝသို့ တန်းလျှောသွားတတ်ပါသည်။ ထို့ကြောင့် ဇာတ်လမ်းကိုတည်ဆောက်ရာတွင် ဒိဋ္ဌဓမ္မလောကနှင့် မနီးလွန်း မဝေးလွန်းသောအနေအထားဖြင့် ဖန်တီးတည်ဆောက်ရန် သတိပြုသင့်လှပါသည်။

## ပရိသတ်နှင့် အနုပညာအကွာအဝေး

ဇာတ်လမ်းတစ်ပုဒ်ကို ကြည့်ရှုခံစားသူပရိသတ်က ကောင်းသည်၊ ညံ့သည်ဟူသော သတ်မှတ်ချက်စံနှုန်းသည် ယင်းပရိသတ်၏ အနုပညာအကွာအဝေးနှင့်သာ သက်ဆိုင်ပါသည်။ 'ဒီဇာတ်လမ်းကိုကြည့်ရတာ၊ ဒီဝတ္ထုကိုဖတ်ရတာ နောက်ဆုံးခန်းမှာ ကောင်မလေးသေသွားတော့ မျက်ရည်တောင်မဆည်နိုင်ဘူး'ဟုဆိုလျှင် ပရိသတ်သည် အနုပညာ၌စီးမျောနေခြင်းမဟုတ်။ ဝေဒနာခံစားခြင်း၌သာ နှစ်သက်သာယာနေခြင်းဖြစ်ပါသည်။ ထိုသို့ဝေဒနာများ၌ နစ်မျောပါသွားခြင်းမှာ ယင်းပရိသတ်သည် အနုပညာအကွာအဝေးရှိနေ၍ ဖြစ်ပါသည်။

## ဝတ္ထုနှင့်ဇာတ်လမ်း ခြားနားချက်

ဝတ္ထုကြောင်းသည် စာဖတ်သူ၏သိချင်စိတ်ကို နှိုးဆွပေးပါသည်။

သို့ရာတွင်ဇာတ်လမ်းကမူ စာဖတ်သူ၏ဆင်ခြင်ဉာဏ်နှင့် မှတ်ဉာဏ်တို့ကို တောင်းဆိုပေးပါသည်။ ဇာတ်လမ်းတစ်ပုဒ်သည် ယုတ္တိရှိဖို့လိုသည်။ ယုတ္တိမရှိလျှင် ဆင်ခြင်ဉာဏ်နှင့် မှတ်ဉာဏ်တို့ကိုတောင်းဆိုပေးပါသည်။ ဇာတ်လမ်းတစ်ပုဒ်သည် ယုတ္တိရှိဖို့လိုသည်။ ယုတ္တိမရှိလျှင် ဆင်ခြင်ဉာဏ်ရှိသော စာဖတ်သူက ယုံကြည်လိမ့်မည်မဟုတ်ပါ။ တစ်ဖန်ဇာတ်လမ်းသည် အလွန်ရှုပ်ထွေးပွေလီနေလျှင်လည်း စာဖတ်သူက မှတ်မိနိုင်မည်မဟုတ်ပါ။ ဇာတ်လမ်းတစ်ပုဒ်ကိုဖန်တီးသောအခါ စေ့စပ်သေချာဖို့လိုပါသည်။ စေ့စပ်သေချာသော ဇာတ်လမ်းဖန်တီးမှုမျိုး၏ သာဓကကိုညွှန်းရလျှင် ဆရာကြီးရွှေဥဒေါင်း၏ စုံထောက်မောင်စံရှားဝတ္ထုများ ဖတ်ကြည့်သင့်ပါသည်။

## လတ်ဆတ်သော အနုပညာပစ္စည်း

ဇာတ်လမ်း(ဝါ) ဝတ္ထုတစ်ပုဒ် ဖန်တီးရာတွင်–

(၁) အရိုးရှင်းဆုံးနည်းကိုပင် သုံးစွဲစေကာမူ အနုပညာစိတ်ကူးနှင့် ဇာတ်လမ်းတည်ဆောက်ခြင်းနည်းပညာကို ပေါင်းစပ်ဖန်တီးပေးနိုင်ပါလျှင် ရသမြောက်သော အနုပညာပစ္စည်းတစ်ခု ဖြစ်လာနိုင်ပါသည်။

(၂) မိမိတို့၏ ရိုးရာယဉ်ကျေးမှုများသည် မည်မျှပင်ဟောင်းနွမ်းစေကာမူ အသုံးတည့်အောင်ထည့်သွင်းတတ်လျှင် လတ်ဆတ်သောရသကို ဖြစ်ပေါ်စေနိုင်ပါသည်။

## နှိုင်းယှဉ်လေ့လာ ဇာတ်လမ်းပညာ

ဇာတ်လမ်းတည်ဆောက်ပုံ၏ စံနှုန်းများကို သိရှိလိုပါလျှင် နိုင်ငံတကာ၏ အနုပညာထုတ်ကုန်ပစ္စည်းများကို နှိုင်းယှဉ်လေ့လာ၍ ချိန်ဆစံပြုသင့် လှပါသည်။ ဂျေကေရိုးလင်း J.K.Rowling ဖန်တီးသည့် ဟယ်ရီပေါ်တာ (Hary

Potter) ဝတ္ထုများသည် ယုတ္တိမရှိသော်လည်း ကြောင်းကျိုးဆက်နွယ်သည့် ဖန်တီးခြယ်မှုန်းမှုများကြောင့် ရုပ်ရှင်ဇာတ်လမ်းတွဲများအဖြစ် ရိုက်ကူးပြသနိုင်ခဲ့ပြီး ကမ္ဘာကျော်ခဲ့လေ၏။ ယခုအခါ ဟောလိဝုဒ်(Hollywood) ဇာတ်ကားများနှင့်ရင်ဘောင်တန်းကာ ဘောလိဝုဒ် (Bollywood)ဇာတ်ကားများသည် နိုင်ငံတကာကို အရှိန်အဟုန်ဖြင့် ထိုးဖောက်ဝင်ရောက်လာပြီဖြစ်ပါသည်။ ဘောလိဝုဒ်ဇာတ်ကားများကို ကြည့်ရှုလေ့လာရာတွင် လူ့သဘာဝနှင့် ခေတ်စနစ်၏အားနည်းချက် အားသာချက်များကို ကြောင်းကျိုးညီညွှတ်စွာ ဖော်ထုတ်ထားခြင်း၊ အားပြိုင်မှု၊ မြှုပ်ကွက်၊ လှည့်ကွက်များကို အချက်ကျကျ အချိတ်အဆက်မိစွာဖြင့် တည်ဆောက်ထားသည့်အပြင် ဇာတ်လမ်းကိုအသက်ဝင်စေသည့် ဇာတ်ညွှန်းများ၊ ပြောင်မြောက်သည့် အချီအချစကားပြောခန်း (Diaiogue)များကို ထည့်သွင်းပုံဖော်ထားခြင်း၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းအစဉ်အလာများကို ထူးမြောက်စွာတင်ပြနိုင်သောကြောင့် ဖျော်ဖြေရေး(Entertainment) သက်သက်မဟုတ်ဘဲ သတင်းအချက်အလက် Information သဏ္ဍာန်ဖြင့် ဖန်တီးပေးပို့နိုင်စွမ်းရှိသောကြောင့် နိုင်ငံတကာရှိ ဘာသာ၊ ယဉ်ကျေးမှု မတူသော ပရိသတ်များက လက်ခံနှစ်သက်လာခြင်းဖြစ်ပါသည်။

**နိဂုံး**

အနုပညာဟူသည် ဖန်တီးသူ၏ခံစားသိ ဆင်ခြင်သိတို့ကို ခံစားသူ(ပရိသတ်)၏ ရင်ထဲသို့ရောက်ရှိစေရန် ပို့ဆောင်ပေးသည့် ရသဝင်ကြားခံပစ္စည်း Media ဟုဆိုရပါမည်။ ရသသည် နှစ်သက်ခြင်းနှင့်ယှဉ်သော ခံစားမှုဖြစ်ကြောင်းကို ပညာရှင်တို့က မိန့်ဆိုခဲ့ကြပါသည်။ အနုပညာပစ္စည်းတစ်ခုကို ထူးမြောက်အောင် ဖန်တီးပြရာ၌ ရသနှစ်သက်ခြင်းသက်သက်သာမက

အာနိသင်ပါသော နှစ်သက်ခြင်းမျိုးဖြစ်စေရန်လည်း လိုအပ်ပါသည်။ အာနိသင်ပါသော နှစ်သက်ခြင်းဆိုသည်မှာ ပရိသတ်သည် အနုပညာပစ္စည်းတစ်ခုကို ကြည့်ရှုခံစားနေစဉ်အတွင်း ရသနှစ်သက်ခြင်းနှင့် အတူမိမိ၏ပတ်ဝန်းကျင်ကို ပြန်လည်မြင်ယောင်ကြားယောင်ကာ သတိမူမိလာပြီး ဘဝအာသိတစ်ခု အလိုလို ရလာစေ ခြင်းမျိုးဖြစ်သည်ဟု ပညာရှင်တို့က ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။ ဆိုလိုသည်မှာ ရသခံစားမှုမှတစ်ဆင့် ဘဝအာသိ ဘဝအမြင်ရှိလာစေခြင်းမျိုး ဖြစ်ပါသည်။ ၎င်းသည်ပင် အနှစ်သာရရှိ၍ အရည်အသွေးပြည့်မီသော အနုပညာ၏တရားကိုယ်သဘောဖြစ်ပါကြောင်း၊ ဇာတ်လမ်းတစ်ပုဒ် ဖန်တီးရာတွင်လည်း အာနိသင်ပါသောရသမျိုးဖြစ်စေရန် အနုပညာသဘောနှင့် နည်းပညာတို့ကို ပေါင်းစပ်ဖန်တီးနိုင်ပါလျှင် အရည်အသွေးပြည့်မီသော ဇာတ်လမ်းကောင်းများ ထွက်ပေါ်လာနိုင်သည်ဟုတိုက်တွန်းလျက် ဤစာတမ်းကို နိဂုံးချုပ်ပါသည်။

**ငွေစိုး(ရွှေကြန့်မြေ)**

**ကျမ်းကိုး–** ဒေါက်ကျော်(မျိုး၊ ယဉ်၊ နု)၏နည်းပညာနှင့် အနုပညာ (မြန်/လင်း ဆောင်းပါး)
- အောင်သင်း၏ အကြိုက်ဆုံးဝတ္ထုတိုနှင့် သုံးသပ်ချက်များ
- အရှေ့တိုင်းပညာပြဋ္ဌာန်းချက်– ရသစာပေသဘောတရား
- ကြည့်ရှုလေ့လာခဲ့သော ဘောလီဝုဒ်ရုပ်ရှင်ဇာတ်လမ်းများ



# စောယဉ်ဖိုး ၏ ဘဝနှင့်စာပေ

| | |
|---|---|
| အမည် | – ဦးစိုးတင့် |
| ကလောင်အမည် | – စောယဉ်ဖိုး |
| မွေးသက္ကရာဇ် | – ၂၇၊ မတ်လ၊ ၁၉၄၅ ခုနှစ် |
| မွေးဖွားရာဇာတိ | – ကွင်းကောက်ရွာ၊ အင်္ဂပူမြို့နယ် |
| ပညာအရည်အချင်း | – A.G.T.I (မြို့ပြ)၊ B.A (မြန်မာစာ) |
| အလုပ်အကိုင် | – လက်ထောက်အင်ဂျင်နီယာ (ရေသန့်)(ငြိမ်း) ဆောက်လုပ်ရေး(၁၉၆၆–၂၀၀၅) |
| စာပေခရီး | – ၂၀၁၄၊ ဩဂုတ်လ၊ လူမှုကွန်ရက်စာမျက်နှာ(Facebook)တွင် ကဗျာ၊ နိုင်ငံရေး၊ ဘာသာရေးစာများရေးသား။ ၂၀၁၆၊ ဖေဖော်ဝါရီလ၊ မင်္ဂလာဒုံမြို့နယ်စာရေးဆရာများ၏ စနေစာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေး။ ၂၀၁၇၊ ဇွန်လ၊ ပုံနှိပ်မီဒီယာများတွင် ကဗျာ၊ ဆောင်းပါးများစတင်ဖော်ပြခံရ။ |

စာပေ

# ဂျွနဝင်တေးထပ်အဖွဲ့အနွဲ့အား လေ့လာခြင်း

စောယဉ်ဖိုး

**နိဒါန်း**

မြန်မာ့စာပေလောကသည် ခေတ်အဆက်ဆက် နိမ့်ချည်မြင့်ချည်ရပ်တည်လာရင်း စာရေးဆရာများကလည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပါဝင်စီးမျောကာ ရေးသားခြယ်မှုန်းကြရာ အလွန်လှပဆန်းကြယ်သော စာပေပန်းချီပန်းခင်းကြီးသဖွယ် တွေ့မြင်ရပါသည်။

ယခုအခါ ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသူ လူသားများ၏တိုးတက်လာသော အသိဉာဏ်၊ ဆန်းသစ်သောတီထွင်မှုတို့ဖြင့် တိုင်းပြည်၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှုများအားချုံ့ပစ်နိုင်ပြီး ဘယ်လောက်ဝေးဝေး ခဏလေးအတွင်း တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံစကားပိုင်းဖွဲ့ပြောနိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်လာပေသည်။ ယင်းသို့ဖွံ့ဖြိုးတိုးတက်လာမှု အရှိန်အဟုန်နှင့်အတူ ယဉ်ကျေးမှုဓ

## ■ စာပေပန်းခင်းရနံ့သင်း

လေ့ထုံးတမ်းစဉ်လာ စရိုက်လက္ခဏာများပါ နိုင်ငံအတွင်း ချဉ်းနင်းဝင်ရောက်လာပါသည်။ မြန်မာ့စာပေအခင်းအကျင်းတွင်လည်း ဆန်းသစ်သောအတွေးအခေါ်များဖြင့် အစဉ်အလာလမ်းကြောင်းမှ ခွဲထွက်လာသည်ကို သတိပြုမိပါသည်။ အဓိကဦးတည်ချက်မှာ စာရေးဆရာသည် မိမိနှင့်ခေတ်ပြိုင်နိုင်ငံရေးနှင့် လူမှုပတ်ဝန်းကျင်အား စာဖတ်သူကိုမိမိ၏အတတ်ပညာဖြင့် သုတရသပေးလိုခြင်းသာဖြစ်ပါသည်။

စာတမ်းရှင်အနေဖြင့် ရှေးအစဉ်အဆက် ထင်ရှားကျော်ကြားခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ စရိုက်လက္ခဏာများကို ထင်ဟပ်သော ဂန္ထဝင်ကဗျာဖွဲ့နည်းများမှ တေးထပ်အဖွဲ့အနွဲ့အကြောင်း လေ့လာမိသလောက် အကျဉ်းမျှဖော်ထုတ်တင်ပြသွားမည်ဖြစ်ပါသည်။

တေးထပ်အဖွဲ့အနွဲ့ တေးထပ်အဖွဲ့အနွဲ့သည် မည်သည့်အချိန်ကပေါ်ပေါက်လာသည်ကို သုတေသီတို့မတွေ့ရှိသေးပါ။ 'တေးရိုးကဗျာ'နောက်မှ တေးရိုးကိုထပ်၍စပ်ဆိုသဖြင့် 'တေးထပ်'ဟုခေါ်ကြောင်းသတ်မှတ်ပါသည်။ တေးထပ်အဖွဲ့အနွဲ့တွင် ရှစ်ဆယ်ပေါ်တေးထပ်၊ ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ် စသည်ဖြင့်ရေးဖွဲ့ကြပါသည်။ ရှစ်ဆယ်ပေါ်တေးထပ်မှာ ၁၀၈၀ ပြည့်နှစ်မှစ၍ ရေးသားဖွဲ့နွဲ့ဟန်ကိုခေါ်ကြောင်း မှတ်သားဖူးပါသည်။

တေးရိုးတွင် အချိုးလေးပိုဒ် ကွပ်သိမ်းချက်တစ်ပိုဒ်သာပါရှိသည်။ တေးထပ်တွင်မူ အချိုးကြီးခုနစ်ချက်၊ ကွပ်သိမ်းချက်နှစ်ချက်ဖြင့် ကိုးချက်ပါပြီး ပဒယ် ၁၈ ပိုဒ်ပါအောင် စပ်ဆိုရသည်။ တေးထပ်ရေးစပ်ရာတွင် အထူး မှတ်ရန်မှာ ကာရန်အစပ်နှင့် အအုပ်အခံ၊ အဟပ်၊ ကွပ်သိမ်းချက်နှစ်တန်ပါမှ အပြစ်လွတ်သည်။

တေးထပ်စပ်ဆိုရန် ရှေးပညာရှိတို့က နည်းစနစ်များကို တေးထပ်အဖွဲ့ဖြင့် လမ်းညွှန်ခဲ့ပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း စာဆိုရှင်ဦးပုညက တေးထပ်စပ်နည်းကို ရေးစပ်လမ်းညွှန်ခဲ့ပါသည်။

တေးထပ်ကိုဉာဏ်ဆ၍၊
ကြံကြတော့စပ်ပုံ၊
ဆယ့်ရှစ်ပိုဒ်တွေ့ကြုံလျှင်၊
အလုံးစုံပြီးမြဲ။ ။
အထခြောက်လုံးစီတယ်၊
ဆုံးလေပြီ ခုနစ်နဲ့ပဲ။ ။
၏၍နှိုက်သည်နှင့် ကို ကို၊
သဒ္ဒါလိုမှတ်စွဲ၊
အဓိပ္ပာယ်မှန်မလွဲစေနှင့်၊
ကြံခဲလို့စပ်ပါ။ ။
ဆယ့်ခြောက်တွေ့အစပ်သွား၊
မမှားအောင်ရကြစေမှာ။ ။
ပေါရာဏကထာကို၊
အခါခါ ဉာဏ်ရှုလို့၊
ဒေးချင်းစု ဆယ့်ငါးတွေ့၊
ကျွမ်းကျင်ကြစေ။ ။
တေးရိုးထပ်ပုံအနေမှာ၊
စပ်ကြလေ သည်နည်းပလေး။ ။
(လက်ဖက်ရည်တော်ရှာစား မင်းလှသခ်ယာ ဦးပုည)

အထက်'တေးထပ်'မှာ အပိုဒ်ငယ် ၁၈ ပိုဒ်ဖွဲ့ဆိုထားသော်လည်း အချိုးကို ၄-၂- ၄-၂- ၄-၂ ပဒဖြင့် စပ်ဆိုပါသည်။ မှုကွဲအဖြစ် အချုပ်တန်းဆရာဖေ၏ 'ချစ်ရပုံမနီး'တေးထပ်မှာ

တစ်နေ့ တစ်နေ့နှင့်၊

## ■ စာပေပန်းခင်းရနံ့သင်း

တရွှေ့ရွှေ့ လကုန်၊
တမြေ့မြေ့ ဒုက္ခကြုံသည်၊
ချစ်ရပုံမနီး။ ။
တမြူခန့်ဖြေမရှင်တယ်၊
ရွှေရင်မှာ ကျွမ်းစလောင်မီး၊
နဖူးစာကံနှစ်ဖြာငယ်၊
မကြံသာကိုယ်ထည်း။ ။
မြမျက်ရည် ယိုစီးလို့၊
အိုကြီးတဲ့ဝန်ကာယ်၊
လှချိုချို နဂိုကြော့ငယ်နှင့်၊
ဘယ်တော့မှ နီးရပါမယ်။ ။
ဆွေးပူမှု စနက်သွယ်တယ်၊
အခက်ကာယ်ကြုံကြလို့
ဆုံရတဲ့ ဝန်ကြမ္မာ၊
ရှိုင်းလေသည့်တာ။ ။
လွမ်းရက်နှင့် မကြင်သာတယ်၊
တင်ရတနာအကြောင်းထင့်လေး။ ။
(အချိုးကို ၄ ၄ ၄ ၄ ၂ ဖြင့် စပ်ဆိုပါသည်။)

တေးထပ်အဖွဲ့အနွဲ့၏ပုံသဏ္ဍာန် တေးထပ်ရေးဖွဲ့ရာတွင် ပဒငယ် ၁၈ ပိုဒ်ပါရသည်။ အချိုး၊ အခံ အအုပ်၊ ကွပ်သိမ်းချက်၊ အချီအချ၊ အစပ်၊ အဟပ်၊ အသံ၊ ကာရန် နဘေစသည့်အင်္ဂါများ ပြည့်စုံစွာစပ်ဆိုရသည်။

**တေးထပ်အဖွဲ့အနွဲ့အား ခွဲခြမ်းစိတ်ဖြာခြင်း**

**(၁) အချိုး**

၁။ ကညာမယ်သာဘွယ်ညှု၊
၂။ ရွှာလယ်မှူရှုချေ၊
၃။ စာခြယ်ပြုသုတဆွေ၊
၄။ ခုမသွေစီကုံး။ ။

အချိုးသည် ၄ ပဒပါသော (ပထမအခံ)အချိုးဖြစ်သည်။ ဝဏ္ဏ ၆၊ ၅၊ ၆၊ ၅ လုံးဖြင့် ဖွဲ့ဆိုသည်။ ညှု၊ မှူ၊ ပြု၊ ခုသည် (အစပ်)ဖြစ်သည်။ ကုံးသည် (ပထမ အခံ)ဖြစ်သည်။

**(၂) အချိုး**

၅။ မယားကခြားတတန်၊
၆။ နွားမဟန် ကျွဲက ယဉ်သုံး။

အချိုးသည် ပထမအခံအချိုးကို ဟပ်၍အုပ်သော ၂ ပဒပါ (ပထမ အအုပ်)အချိုး သုံးသည် ပထမအအုပ်ဖြစ်သည်။ ဝဏ္ဏ ၆၊ ၇ ထားဖွဲ့သည်။ 'တန်' 'ဟန်'သည် အစပ်ဖြစ်သည်။

**(၃) အချိုး**

၇။ လူ့ဓလေ့ ခုတွေ့ညီ၊
၈။ ပဝေဏီ ခေတ်နှုန်း၊

အချိုးသည် ပထမအချိုးကို ဟပ်၍ထပ်မံအုပ်သော ၂ ပဒပါ (ဒုတိယအအုပ်)အချိုးဖြစ်သည်။ ဝဏ္ဏ ၆၊ ၅ ဖြင့်ဖွဲ့သည်။ 'ညီ'၊ 'ဏီ'သည် (အစပ်)၊ 'နှုန်း'သည် (ဒုတိယအအုပ်)တည်း။ အချိုး ၁၊ ၂၊ ၃ ပါ (ကုံး၊ သုံး၊ နှုန်း) သုံးချက်သည် အဟပ်သုံးချက်ဟု ခေါ်သည်။

**(၄) အချိုး**

၉။ ဆွေမဒီရစ်သုံးလို့၊
၁၀။ ချစ်ထုံးဖွဲ့နေရာ။ ။

## စာပေပန်းခင်းရနံ့သင်း

အချိုးသည် ထပ်မံကြော့၍တစ်ဖန် အသံပြောင်းခံသော ၂ ပဒပါ ဒုတိယအခံအချိုးတည်း။ ဝဏ္ဏ ၆၊ ၅ ဖြင့်ဖွဲ့သည်။ 'သုံး'၊ 'ထုံး'သည် ဒုတိယအအုပ် 'နှုန်း'ကို 'စပ်လုံး'ယူခြင်းဖြစ်သည်။ 'အဆုံးဝဏ္ဏ'ရာသည် တစ်ဖန်ထပ်မံကြော့၍ခံသော အသံဖြစ်သည်။

**(၅) အချိုး**

၁၁။ အရွယ်တူငယ်သူစားရယ်တို့၊

၁၂။ လယ်လူများ ဝိုင်း၍သာလာ။

အချိုးမှာ တစ်ဖန်အသံပြောင်းခံသော 'ဒုတိယအခံ'ကိုအုပ်သော 'ဒုတိယအအုပ်'အချိုးဖြစ်သည်။ ဝဏ္ဏ ၈၊ ၇ လုံးထားသည်။ 'သူ'၊ 'လူ'သည် 'အစပ်'၊ 'လာ'သည် ၄ အချိုး 'ရာ'ကိုအုပ်သော 'အအုပ်အချိုး'ဖြစ်သည်။ အဆိုပါ ရာနှင့်လာကို 'အဟပ်'ခေါ်သည်။

**(၆) အချိုး**

၁၃။ နှိုင်းစာလို့ သိစရာမှာ၊

အချိုး ၁ ပဒမှာ 'ပထမကွပ်သိမ်းချက်'ဖြစ်သည်။ ၎င်းတွင် နှိုင်းစာစကားသည် ၄ အချိုး 'ရာ'နှင့် ၅ အချိုး 'လာ'ကိုကွပ်သိမ်းသော 'ပထမကွပ်သိမ်းချက်'ဖြစ်သည်။ ၆ အချိုးမှ 'ရာ'သည် ၅ အချိုး'လာ'ကိုစပ်သော 'စပ်လုံး'ဖြစ်သည်။ ဝဏ္ဏ ၇၊ ၆၊ ၅ လုံးထားတတ်သည်။

**(၇) အချိုး**

၁၄။ ရှိမေတ္တာအမှတ်ထားသူမှ၊

၁၅။ သနပ်ခါးမွှေးကန့်ပလူ၊

အချိုးမှာ ပထမကွပ်သိမ်းချက် နောက်ဆက်၍ကြော့သော တတိယအခံအချိုးဖြစ်သည်။ ၂ ပဒတွင် ဝဏ္ဏ ၈၊ ၇ လုံးထားသည်။ ရှိမေတ္တာမှ 'တာ'သည် ၆ အချိုးမှ 'ရာ'ကိုစပ်သော စပ်လုံးဖြစ်သည်။ 'ထားခါး'သည်လည်း စပ်လုံးဖြစ်

သည်။ နောက်ဆုံးဝဏ္ဏ 'လူ'သည် 'ဒုတိယကွပ်သိမ်းချက် အခံ'ဖြစ်သည်။

(၈) အချိုး

၁၆။ ရွှေးသန့်သမူ

အပိုဒ်သည် ဒုတိယကွပ်သိမ်းချက်ဖြစ်သည်။ ၎င်းကွပ်သိမ်းချက်မှာ ဝဏ္ဏ ၄ လုံးထားမြဲဖြစ်သည်။ ပညာရှိတို့လိုက်နာမြဲ ဓလေ့ဟုဆိုသည်။ 'မူ' သည် ၇ အချိုး 'လူ'ကို ကွပ်သိမ်းချက်ဖြစ်၍ ကွပ်သိမ်းချက်ကြီး ခေါ်သည်။

(၉) အချိုး

၁၇။ အပျော်လောက်ကြည့်ရွှင်သူမှာ၊

၁၈။ ချည်ဝင်ယူပြန်သွားကြလေ။ ။

အချိုးမှာ ဒုတိယကွပ်သိမ်းချက်ကိုဆက်၍ချသော 'အချ အချိုး'ပင်ဖြစ်သည်။ ဝဏ္ဏ ၇၊ ၇ လုံးထူထားသည်။ ၎င်းအချိုးတွင် 'သူ'နှင့်'ယူ'မှာ 'အစပ်'ဖြစ်သည်။

## တေးထပ်အဖွဲ့အနွဲ့ အကြောင်းအရာနှင့် သုတရသ

စာဆိုရှင်တို့သည် အကြောင်းအရာမျိုးစုံကို ဖွဲ့ဆိုခဲ့ကြပါသည်။ ပိဋကတ်၊ ဗေဒင်၊ ရာဇဝင်၊ အလင်္ကာ၊ ဆေးဝါး၊ သတ်ပုံ၊ သဘာဝပတ်ဝန်းကျင် တောဖွဲ့၊ ရာသီဖွဲ့မျ. .ခပြင် အင်္ဂလိပ်အချင်အတွယ်၊ အတိုင်းအတာ၊ မြန်မာအလေးချိန်၊ ငွေကြေး၊ သစ်တန်တွက်နည်းစသည်ဖြင့် စုံလင်အောင်ရေး ဖွဲ့ခဲ့သည်ကို တွေ့ရှိရပါသည်။ ရေးဖွဲ့ရာတွင် စကားအသုံးအနှုန်းဝေါဟာရ၊ ပေါ်ရာဏာဥပမာ၊ ဥပမေယျများနှင့် စိတ်ကူးကြံစည်မှုများကို အံ့သြမင်တက်ဖွယ်ဖြစ်အောင် ရေးဖွဲ့နိုင်သည်ကို တွေ့ရှိရပါသည်။

အချို့သောတေးထပ်များတွင် 'အရေးတော်ပုံများ'၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေးအပြင် တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ရေးဖွဲ့ခဲ့ကြပါသည်။ ၎င်းဆိုင်တွေ့ကြုံနေ

## စာပေပန်းခင်းရနံ့သင်း

ပေသော နိုင်ငံရေးအခြေအနေများကို ရှုမြင်သုံးသပ်ပြီး ဘုရင်အား သတိပေးထောက်ပြမှုများပါတွေ့ရှိရပါသည်။ လူနှင့်ပတ်ဝန်းကျင်စရိုက်လက္ခဏာများ၏အနုအလှများ၊ အချစ်အလွမ်း၊ ဇာတ်သဘင်အနုသုခုမပညာ၊ မင်းခမ်းမင်းနားထုံးဓလေ့များကိုပါ ရေးဖွဲ့ခဲ့ကြပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း ထင်ရှားကျော်ကြားခဲ့သောစာဆိုရှင် ဦးပုညနှင့် အချုပ်တန်းဆရာဖေတို့မှာ တေးထပ်များစွာရေးဖွဲ့ခဲ့ကြပါသည်။ ဦးပုညတစ်ဦးတည်းကပင် တေးထပ်ပုဒ်ရေတစ်ထောင်ကျော်ရေးဖွဲ့ခဲ့သည်ဟု မှတ်တမ်းပြုကြပါသည်။

### နိဂုံး

ရှေးအစဉ်အလာအရဖွဲ့ဆိုသော ဂန္ထဝင်မြောက် ကဗျာလင်္ကာသီချင်းစသည့်အနုပညာများ၏စာဆိုရှင်များသည် စည်းစနစ်ကျနစွာရေးသားဖွဲ့ ဆိုကြပါသည်။ မူလကာရန်ကြီး ၁၆ ရပ်၊ စပ်နည်း ကာရန်ငယ် ၆၄ အရ အပြစ်ဒေါသမပါ၊ သဘောနာပျော်ဖွယ်၊ ဖတ်သူနာသူစိတ်နှလုံးကို ယူကြုံးပိုက်ငင်ပျော်မွေ့ကြည်နူးနိုင်စေသော အဖွဲ့အနွဲ့များကိုသာ ပညာရှိတို့ ချီးမွမ်းအပ်သည်ဟုခံယူရေးဖွဲ့ခဲ့ကြပါသည်။ စာဆိုတို့သည် မြန်မာ့ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာအဖြာဖြာကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့်အလျောက်၊ လမ်းသစ်ဖောက် လျှောက်လှမ်းရာ မော်ဒန်ကဗျာရေးဖွဲ့သကဲ့ သို့ ကျွဲကူးရေပါဂန္ထဝင်ကဗျာများကိုလည်း အားထုတ်ကြိုးပမ်းကြရန်တိုက်တွန်းအပ်ပါသည်။

**စောယဉ်ဖိုး**

### ကျမ်းကိုးစာရင်း။


၁။ ဦးတင် (k.S.M.ATM) ကဗျာဗန္ဓသာရကျမ်း။

၂။ ရှေးဟောင်းစာပေသုတေသီ အချုပ်တန်းဆရာဖေ၏ ကဗျာပေါင်းချုပ်။

၃။ ဦးလှတင် (လှသမိန်) ဦးပုညတေးထပ်ပေါင်းချုပ်။



# မောင်သန္ဒ (လယ်ဝေး) ၏ ဘဝနှင့်စာပေ

လယ်ဝေးမြို့၊ စည်ပိုင်းရွာတွင် (ဘ)ဦးဝင်းနိုင်၊ (မိ)ဒေါ်သောင်းတို့မှ ၁၉–၇–၁၉၄၆ ခုနှစ်တွင်ဖွားမြင်သည်။

ငယ်စဉ်က စည်ပိုင်းရွာ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ခဲ့ပြီး၊ သာယာကုန်းမူလတန်းကျောင်းနှင့် လယ်ဝေးအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားရာ တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်ခဲ့သည်။ အလုပ်ထဲရောက်မှ ပြင်ပဝိဇ္ဇာဘွဲ့(သမိုင်းအဓိက)ရရှိခဲ့သည်။

၁၉၆၃ ခုနှစ် နှစ်လည်ပိုင်းထုတ် သင့်ဘဝမဂ္ဂဇင်းပါ 'သားနှင့်ဖ'စာမူမှာ ပထမဦးဆုံးပုံနှိပ်ဖော်ပြခံရသော စာမူဖြစ်သည်။ မဂ္ဂဇင်းအမျိုးမျိုးတွင် ဝတ္ထုတို ၁၀၀၀ ခန့်၊ ဆောင်းပါး ၇၀၀ ခန့်ရေးသားခဲ့ပြီး စာအုပ် ၁၀၈ အုပ်ထုတ်ဝေပြီးဖြစ်သည်။ အထင်ရှားဆုံးစာအုပ်မှာ 'ဗုဒ္ဓဥယျာဉ်' ဖြစ်သည်။

နိုင်ငံတော်မှချီးမြှင့်သော စာပေဆုအမျိုးမျိုး (၂၄)ဆုရခဲ့သည်။ ယခုအခါ စာရေးသားခြင်းဖြင့်အသက်မွေးလျက် မိသားစုနှင့်အတူ အမှတ် (၇)၊ နတ်စင်လမ်း၊ ရွာမရပ်ကွက်၊ ထောက်ကြန့်တွင်နေထိုင်သည်။ အမည်ရင်းမှာ ဦးစိုးပိုင်ဖြစ်သည်။

ယဉ်ကျေးမှု

# ရှေးထုံးသာမန္တနာမှု အစဉ်အလာလေ့လာမှုစာတမ်း

မောင်ဆန္ဒ(လယ်ဝေး)

**နိဒါန်း**

လူမျိုးတိုင်း လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများရှိသည်။ ရှေးအစဉ်အလာအတိုင်း လက်ခံကျင့်သုံးကြသည်လည်းရှိသည်။ ပြုပြင်ပြောင်းလဲသုံးစွဲသည်လည်း ရှိသဖြင့်။ သို့သော် ကူးစက်ပြောင်းလဲတတ်သည့် သဘာဝအရ အခြားလူမျိုး၊ အခြားဘာသာမှ ယဉ်ကျေးမှု၊ ဓလေ့များကူးစက်ရောနှောလာတတ်ရာ မိမိ၏ယဉ်ကျေးမှု၊ ဓလေ့စရိုက်ငုပ်လျှိုးသွားပြီး တစ်ပါးသူတို့၏ယဉ်ကျေးမှုဓလေ့များက လွှမ်းမိုးသွားတတ်သည်။ ဤအရေးသည် သာမန်ကိစ္စဟူ၍ ဒလေးမထားမပြုအပ်။ တစ်ပါးသူ၏ ယဉ်ကျေးမှုတစ်စတစ်စလွှမ်းမိုးခြင်းသည် လူမျိုးပပျောက်တိမ်ကောသွားမည့် အရေးဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု၊ ဓလေ့အစိတ်အပိုင်းတစ်ခုဖြစ်သော 'သာမန္တနာမှုအစဉ်အလာ'မှ

အမျိုးသားယဉ်ကျေးမှုကိုဆန့်ကျင်သော လွဲမှားသည့်ဓလေ့များကို ဤစာတမ်းတွင် ရွေးထုတ်မီးမောင်းထိုးပြလိုက်ပါသည်။

**သာမှုနာမှုဆိုသည်မှာ**

သာမှုဟူသည် လောကီမင်္ဂလာအရပ်ရပ်ကိုပြုခြင်း(လောကီမင်္ဂလာ ၁၂ ခန်း)နှင့် ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ အိမ်ရာဆောက်ခြင်း၊ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ တန်းဆောင်းဆောက်ခြင်းစသည်တို့ ဖြစ်သည်။ တစ်နည်းအားဖြင့် တိုးတက်ကြီးပွားသောလုပ်ငန်းမှန်သမျှ သာမှုဟု ခေါ်သည်။

သာမှုကို သာရေးဟုလည်းခေါ်၏။ တစ်နည်းအားဖြင့် သုဘခေါ်၏။ လူအများနှစ်သက်လိုလားသော လုပ်ငန်းဖြစ်သောကြောင့် ဣဋ္ဌဟုလည်းခေါ်သည်။ ထို့ပြင် သာမှုကိုကောင်းသောမင်္ဂလာဖြစ်၍ 'သုမင်္ဂလာ'ဟုလည်းသုံးနှုန်းသည်။ ထို့ကြောင့် သာမှုဟူသည် သာရေး၊ သုဘ၊ ဣဋ္ဌ၊ သုမင်္ဂလာ ဟူ၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်။

နာမှုဟူသည် သားမယား၊ ဆွေမျိုးဉာတိသေဆုံးခြင်း၊ အနာရောဂါကပ်ရောက်ခြင်း၊ မင်းဘေး၊ မင်းဒဏ်သင့်ခြင်း၊ စည်းစိမ်ပျက်စီးခြင်းစသော ဆုတ်ယုတ်ပျက်စီးသော လုပ်ငန်းမှန်သမျှ နာမှုဟုဆိုသည်။

နာမှုကို နာရေးဟုလည်းခေါ်သည်။ တစ်နည်းအားဖြင့် နာရေးသည် မကောင်းသောလုပ်ငန်းကိစ္စဖြစ်သဖြင့် (အသုဘ)ဟုလည်းခေါ်သည်။ နာမှုကို လူအများက မလိုလားမနှစ်သက်သဖြင့် (အနိဋ္ဌ)ဟုခေါ်သည်။ ထို့ပြင် နာမှုကို (အမင်္ဂလာ)ဟုလည်း ခေါ်ဆိုသုံးနှုန်းကြသည်။

သာမှု၊ နာမှုသည် အရပ်သုံးစကားများဖြစ်သည်။ စာပေကျမ်းဂန်၌ ဤအသုံးအနှုန်းတွေ့ရမည် မဟုတ်ပေ။ ကျမ်းဂန်တွင် ဒုမင်္ဂလာ၊ သုမင်္ဂလာ၊

...မင်္ဂလာဟူသော အသုံးအနှုန်းသာတွေ့ရမည်။
မင်္ဂလာတွင် လောကီမင်္ဂလာနှင့် လောကုတ္တရာမင်္ဂလာဟူ၍ နှစ်မျိုးရှိသည်။

## ဗုဒ္ဓဘာသာ မြန်မာတို့ကျင့်သုံးအပ်သည့်မင်္ဂလာ

လောကတွင် ဘုရားရှင်ပွင့်တော်မမူမီ မင်္ဂလာနှင့်ပတ်သက်၍ အမျိုးမျိုးကြံ...ကြသည်။ ယင်းပြဿနာသည် လူတို့ထံမှ နတ်တို့ထံရောက်သွားသည်။ ...တ်တို့သည်လည်း မင်္ဂလာကို အမျိုးမျိုးကောက်ယူကြံစည်ပြောကြသည်။ ...င်္ဂလာနှင့်ပတ်သက်၍ ၁၂ နှစ်တိုင် အငြင်းပွားခဲ့ရာ သဗ္ဗညုတဉာဏ်တော်ရှင် ...ုရားပွင့်သော် သိကြားမင်းက ဘုရားရှင်ထံ ချဉ်းကပ်လျှောက်မေး၏။ ...ိုအခါ ဘုရားရှင်က လူမျိုးတိုင်းကျင့်သုံးလက်ခံနိုင်သည့် (၃၈) ဖြာမင်္ဂလာကို ...ဟာ၏။

(၃၈) ဖြာမင်္ဂလာတွင် သူမိုက်ကိုမမှီဝဲ မဆည်းကပ်ခြင်းသည် မင်္ဂလာဖြစ်၏။ ...ိုစကား၏ဆန့်ကျင်ဘက်အပြန်ယူသော်၊ သူမိုက်ကိုမှီဝဲခြင်းသည် အမင်္ဂ...လာဖြစ်သည်။ (၃၈)ဖြာမင်္ဂလာတစ်ပါဒချင်းကို မင်္ဂလာ၊ အမင်္ဂလာခွဲခြားပြီးနောက် ...င်္ဂလာဟူသမျှကို သာမှု အမင်္ဂလာဟူသမျှကို နာမှုဟု သတ်မှတ်လက်ခံရမည်။

ထို့ကြောင့် လောကုတ္တရာမင်္ဂလာကို ကျင့်သုံးရာ၌ နှစ်ကောင်း၊ လကောင်း၊ ...ရက်ကောင်း၊ နေ့ကောင်း၊ အချိန်ကောင်းကို ရွေးစရာမလို။ ကြည့် စရာမလို။ ...လောကုတ္တရာမင်္ဂလာပြုခြင်းသည် အချိန်ရွေးစရာမလို၊ အစဉ်အမြဲပြုအပ် ...ယသည်။

## လောကီမင်္ဂလာနှင့် လောကုတ္တရာ မင်္ဂလာခြားနားချက်၊ အကျိုး...ဆက်ရောက်မှု

ယနေ့လူတို့ကျင့်သုံးနေသော လောကီမင်္ဂလာနှင့် အမင်္ဂလာသည်

ဗေဒင်ကျမ်းအလို ဂြိုဟ်၊ နက္ခတ်၊ တာရာအသွားအလာကိုလည်းကောင်း၊ ရှေ့သူဟောင်းတို့ ထုံးတမ်းစဉ်လာကိုလည်းကောင်း အခြေပြုသည်။ ဗေဒင်ကျမ်းတို့သည် ကမ္ဘာ့လူသားတို့အသုံးပြုသော ကျမ်းစာများဖြစ်သည်။

ဘုရားအလောင်းဖွားတော်မူပြီးနောက် နာမည်ပေးကင်ပွန်းတပ် မင်္ဂလာသဘင်ဆင်ယင်ခဲ့သည်။ ပုဏ္ဏား ၁၀၈ ကို ဖိတ်ကြားသည်။ နို့ယနာဆွမ်းဖြင့် ညှော်ခံသည်။ လက်ဆောင်များပေးသည်။ ထို့နောက် နာမည်ပေးရန်စီစဉ်သော အခါ ပုဏ္ဏား ၁၀၈ ယောက်အနက် ပညာလျှင်လျှားသူရှစ်ယောက်ရွေးလျက် လက္ခဏာဖတ်စေ၏။ ရှစ်ယောက်အနက် ခုနစ်ယောက်က လက်နှစ်ချောင်းထောင်လျက် စကြဝတေးမန္တတ်မင်းသော်လည်းကောင်း၊ ဘုရားသော်လည်းကောင်းဖြစ်မည်ဟု ဟော၏။ အငယ်ဆုံးပုဏ္ဏား သုဒတ္တကမူ လက်ညှိုးတစ်ချောင်းသာထောင်လျက် ကေန်စင်စစ်ဘုရား ဖြစ်မည်ဟု ဟောခဲ့သည်။

ဘုရားရှင်ပွင့်ထွန်းခဲ့သည်။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်က ဉာဏ်နှင့်ဆင်ခြင်သော် ဤအရာတို့သည် မသက်ဆိုင်။ တိုက်ရိုက်မပတ်သက်ဟုမြင်သည်။ သို့သော် အရိုးစွဲနေသည့်ဝါဒတစ်ခုကို တိုက်ဖျက်ရန်မှာ မလွယ်ကူ။

ဘုရားရှင်သည် လူတို့စိတ်၌အရိုးစွဲနေသည့် အယူဝါဒကို မှားနေသည်ဟု ဆုံးဖြတ်ချက်မပေး။ ရှေးအစဉ်အလာသည်လည်း မှားနိုင်သည်။ ကိုယ်ပိုင်ဉာဏ်နှင့် လွတ်လပ်စွာတွေးတောရန် လမ်းပြခဲ့သည်။

## ဆင်ခြင်သင့်သည့်အစဉ်အလာများ

ယနေ့လူမှုရေးနယ်ပယ်တွင် လူငယ်နှင့်လူကြီးတို့ ယုံကြည်ချက်ကွဲလွဲနေသည့် အချက်များစွာရှိသည်။ တစ်နည်းအားဖြင့် အစဉ်အလာအစွဲအလမ်းကြီးသူနှင့် သိပ္ပံသမားတို့၏ အတွေးအခေါ်ပဋိပက္ခများဖြစ်သည်။

ယခုအခါ မြန်မာ့လူမှုနယ်ပယ်တွင် အစဉ်အလာသမားနှင့် သိပ္ပံသမားတို့

ကွဲလွဲချက်များတွေ့ရသည်။ ဥပမာတင်ပြပါမည်။

(၁) ရေချိုးရက်ကိုပင် ရှေးလူကြီးများက 'ငါ့သားရွှေတောင်ရေကိုရှောင်၊ အောင်စံဖြိုးရေချိုးတော့'ဟု စာဆိုနှင့်အညီ ရေချိုးစေသည်။ လင်္ကာအလိုအရ (တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး)ရက်၌သာ ရေချိုးရမည်။ ကျန်ရက်များရေချိုးရ။ ရေချိုးမကါနှင့် ရေမချိုးလို့သေတဲ့ မသာမရှိဘူး။ ယနေ့ လူငယ်များကမူ ရာသီဥတုအခြေအနေကြည့်လျက် နေ့လယ် ၁၂ နာရီကျော်လျှင် ရေမချိုးကြနှင့်၊ ကျန်အချိန်ချိုးပါ။ နေ့ရက်နှင့်မဆိုင်ပါဟု ဆိုကြသည်။

(၂) ခေါင်းလျှော်ရာတွင် 'ကရင်သားမွေး ခေါင်းမဆေးနှင့် အိုးစည်တီးပြီး အောင်လျှော်'ဟူသော လင်္ကာအရ ကျင့်သုံးသည်။ ကရင်သားမွေးဆို စကားအရ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ ကြာသပတေး ရက်များတွင် ခေါင်းမလျှော်ရ။ အိုးစည်တီး'အရ တနင်္ဂနွေ၊ အင်္ဂါ၊ စနေရက်များသာ ခေါင်းလျှော်ရသည်။ ယခုအခါ အချိန်လွန်ညဥ့်ပိုင်းတွင် ခေါင်းမလျှော်နှင့် ဆံပင်မခြောက်ဘဲအိပ်ရာ ဝင်လျှင် ဦးနှောက်သွေးကြောပြတ်တတ်သည်ဟူသော အယူအဆသာနှစ် သက်သည်။

(၃) ပစ္စည်းဝယ်ရာ၌ 'လွမ်းပုံသာ ဝယ်ပါလေ. . . အောင်၊ ကျော်စံနှောင်း ဝယ်ကောင်း'ဟု ဆိုပြန်သည်။ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာရက်များ၌ ပစ္စည်းဝယ်ရမည်။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ စနေရက်များတွင် မဝယ်သင့်။ ဝယ်လျှင်စီးပွားပျက်၏။ ဆုတ်ယုတ်၏။ လူ့ကိုခိုက်၏ဟုဆိုသည်။ စီးပွားရေး ပြိုင်အဆိုင်လုပ်နေသည့် ဤခေတ်တွင် ဝယ်ကောင်း၊ မဝယ်ကောင်း ရက် တွက်နေသဖြင့် အကြံပျက်၊ လုပ်ငန်းရပ်မည်။

(၄) သစ်ပင်စိုက်ရာ၌ 'တစ်ရက်၊ နှစ်ရက်ပိုးစားရက်၊ ဆယ်နှစ်၊ ဆယ့်သုံး ခေါင်းရုံးအထွက် ပိုးစားရက်'ဟူသော အဆိုရှိသည်။ မည်သည့်လတွင်မဆို လဆန်းဖြစ်စေ၊ လဆုတ်ဖြစ်စေ တစ်ရက်၊ နှစ်ရက်၊ ဆယ့်နှစ်ရက်၊ ဆယ့်သုံး

ရက်နေ့များတွင် သစ်ပင်မစိုက်ရ။ ပိုးကျတတ်သည်။ ပိုးကျလျှင် ပိုးသတ်ဆေးဖြန်းရုံပေါ့ဟု ခေတ်လူငယ်တို့ စောဒကတက်ကြသော်လည်း ရှေးအယူအဆများ မှားသည်ဟုမဆိုလို။ ပစ်ပယ်ရန်လည်း မသင့်။

## လွဲမှားနေသော သုမင်္ဂလာကိစ္စများ

ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ အလှူပေးခြင်း၊ စေတီတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ အိမ်သစ်ဆောက်ခြင်း၊ မြို့တည်ခြင်း၊ ရေတွင်းရေကန်တူးခြင်းစသည့် ကုသိုလ်ကောင်းမှုအလုပ်များရှိသည်။ သုမင်္ဂလာကိစ္စဖြစ်သည်။ သို့သော် ဤကိစ္စများတွင် မယောင်ရာဆီလူးပြုတတ်ကြသည်။

ဆိုရသော် ရှင်ပြုသည်ဆိုရာ၌ ခေါင်းတုံးခြင်း၊ သင်္ကန်းစည်းခြင်း၊ သရဏဂုံတည်စေခြင်း သုံးရပ်သာရှိသည်။ ဘုရားရှင်သည် ဆိုင်းဝိုင်းမပါ၊ အဆိုတော်မပါ။ ရှင်လောင်းမလှည့်၊ ဆင်ကြီးစီးပြီး အထင်ကြီးအောင် မြို့လုံးပတ်မပြ။ အထူးသဖြင့် နတ်စင်သွားနတ်မပြ။ ကန်တော့ပွဲမလို။ အကျွေးအမွေးမလို။ သာသနာတော်ကို သက်ဝင်ယုံကြည်ပြီး သရဏဂုံတည်လျှင်ပင် ရှင်ရဟန်းဖြစ်ခွင့်ရသည်။

ယခုအခါ စေတီပုထိုးတွေတည်ပြီး သာသနာပြုသည်ဟု အဆိုရှိသည်။ စေတီတည်အပ်သော ပုဂ္ဂိုလ်လေးမျိုးရှိသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကနှင့် စကြဝတေးမင်းဖြစ်သည်။ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့ကို ရည်စူးတည်ထားသည်။ ထိုပုဂ္ဂိုလ်တို့၏ အသုံးအဆောင်၊ ပရိဘောဂ၊ ဟောကြားသည့်တရားတို့ကို ဥာပနာတည်ကြသည်။

သာသနာရေး၊ ဘာသာရေးကိစ္စသည် ကုသိုလ်ရေးဖြစ်သည်။ သုမင်္ဂလာကိစ္စဖြစ်သည်။ ကောင်းသောအမှုဖြစ်သည်။ သို့သော် ကုသိုလ်မဖြစ် အကုသိုလ်သာလျှင်ဖြစ်သည်။ သုမင်္ဂလာမဖြစ်ဘဲ ဒုမင်္ဂလဖြစ်သည်။ တလွဲဆံပင်ကောင်း

## စာပေပန်းခင်းရနံ့သင်း

င်းကြောင့် သာသနဆုတ်ယုတ်ပြီး ကုသိုလ်ရှင်လည်း အပါယ်ရေဲသာလားရ ကြောင်းဖြစ်သည်။

### နာရေးကိစ္စစဉ်းစားကြ

သတ္တဝါတို့သည် ဖြစ်လာလျှင် ပျက်ရသည်မှာ ဓမ္မတာဖြစ်သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့နှင့် မလွဲမသွေတိုးရမည်ဖြစ်သည်။ နာရေးဖြစ်၏။

လူသေလျှင် သင်္ဂြိုဟ်မှုပြုရသည်။ သို့သော် လူမျိုးတစ်မျိုးနှင့် တစ်မျိုးမတူကြ။ ဘာသာရေး၊ လူမှုရေးဒေသအကျင့်ဓလေ့အရ ကွဲပြားခြား နားသည်။ သင်္ဂြိုဟ်နည်းသုံးမျိုးရှိရာ (၁)အဂ္ဂိဈာပန၊ (၂) ဘူမိဈာပန၊ (၃) ဂဈာပနဟူ၍ရှိသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာဝတေး မင်း၊ သီလဝန္တပုဂ္ဂိုလ်များကို အဂ္ဂိဈာပန (မီးသင်္ဂြိုဟ်)ရသည်။ ရေဉ္စချလျှင် ရနန်းခြင်း၊ ရေကြီးခြင်းကြုံနိုင်သည်။ မြေမြှုပ်လျှင် မြေဆီကုန်ခန်းပြီး ိုက်ပျိုးမရတော့ချေ။ ကျန်ပုဂ္ဂိုလ်များကိုမူ ကြိုက်သလို၊ သင့်သလိုသင်္ဂြိုဟ်ကြသည်။

### လူသေလျှင်ပြုကျင့်သည့် အလေ့အထများ

၁။ လူသေလျှင်သေချင်း ဦးဆုံးရေချိုးပေးသည်။ ယင်းအိုးကို ကျန်လူများမသုံးရ။ ရေအိုးသီးခြားသုံးရသည်။ စွန့်ပစ်ရသည်။ ရေလုံအိုး ခေါ်သည်။

၂။ သေသူ၏ပါးစပ်ထဲသို့ ကူးတို့ခတစ်မတ်ထည့်ရသည်။

၃။ သေသူကို အလောင်းပြင်ရသည်။ ခေါင်လျောက်အလိုက်ထားရသည်။ ထားလျှင် လျှောက်ပြုတ်ခေါ်သည်။ မထားကောင်းပေ။

၄။ အလောင်းကို ခြေမနှစ်ခုပူး၊ လက်မနှစ်ခုပူး ကြိုးချည်ထားရသည်။

ခေါင်းသွင်းသောအခါ ခြေမကြွံး၊ လက်မကြွံးဖြုတ်ရသည်။
၅။ သေသူ၏ခေါင်းရင်းတွင် ဘုရားပန်းအိုးထားရသည်။
၆။ ရက်ကူးမထားရ၊ ထားလျှင် စုံရက်မထားရ၊ မ ရက်ထားရသည်။
၇။ မြေချသောအခါ ခေါင်းဘက်က ရှေ့ထားလျှင် ရွာဘက်ကိုခြေကန်သည့်အတွက် မြို့ရွာနာသည်ဆို၏။ မချမီချမည့်အဆောင်တွင် ဝါးဖြင့်ထုပ်ငှား၊ လျှောက်ငှားယာယီလုပ်၍ချရမည်။
၈။ အလောင်းချသွားသောအခါ ထုပ်ငှား၊ လျှောက်ငှားကိုဖြုတ်၍ ယာယီလှေကားသုံးထပ်ဖြင့်တကွ ဖြုတ်၍ထည့်ရသည်။ (ဤသို့ထည့်ခြင်းကား သင့်တွင်အိမ်မရှိ၊ တက်ရန်လှေကားမရှိဟု ဆိုလိုခြင်းဖြစ်သည်။
၉။ သုသာန်သို့ချသွားသောအခါ ဆန်မန်း၊ ပေါက်ပေါက်၊ စားမြိန်ထုပ်ကို ခေါင်းပေါ်တင်လိုက်သည်။ (ဆန်မန်းပေါက်ပေါက်မှာ သဂြိုဟ်မည့်နေရာတွင် ကြဲဖြန့်လျက် မြေတောင်းရန်ဖြစ်သည်။ စားမြိန်ထုပ်မှာ သေဆုံးသူစားရန်ဖြစ်သည်။
၁၀။ သရဏဂုံတင်၊ ရေစက်ချ၊ သေဆုံးသူအမည်ခေါ်၍ အမျှဝေရသည်။
၁၁။ သေဆုံးပြီး သက်ပျောက်ဆွမ်းတစ်ကြိမ်၊ ၇ ရက်လည်ပြီး ရက်လည်ဆွမ်းတစ်ကြိမ်ပြုရသည်။
ဤသည်မှာ ရှေးထုံးအစဉ်အလာပြုမူခြင်းဖြစ်သည်။ အခြားဘာသာအယူဝါဒများ မသိမသာရောဝင်နေသည်။ မြတ်ဘုရားအလိုအရ မည်သို့မည်ပုံပြုကျင့်ရမည်ဟု လမ်းညွှန်ခြင်းမရှိ၊ သို့သော် သေသူ၏ရုပ်အလောင်းကိုရှုလျက် အသုဘကမ္မဋ္ဌာန်းလုပ်ရန် လမ်းပြမှုတော့ရှိသည်။
နာရေးကိစ္စ၌ လက်မခံနိုင်စရာ အယူအဆများရှိနေသည်။ သေဆုံးသည်နှင့် ရေချိုးခြင်းကား အဘာယ်အကြောင်းကို ရည်ရွယ်သနည်း။ ရောဂါဘယကြောင့် သွေး၊ ချေး၊ ပြည်ပုပ်တို့ပေကျံနေသဖြင့် မတင့်တယ်၍ရေဖြင့် သန့်စင်သည်ဆို

ချွင် လက်ခံ၍ရသည်။ အခြားအယူအဆအရဆိုလျှင် စစ်မြေပြင်၌ကျသော
စ်သားများ၊ တစ်ခုခုအက်ဆီးဒင့်နှ်ဖြစ်ပြီး သေသူများ ရေချိုးရန်မဖြစ်နိုင်။
ုသေလျှင် လူခန္ဓာကိုယ်တွင်းမှ ရောဂါပိုးများ အပြင်သို့ထွက်တတ်ရာ လူသေ
ကောင်ရေချိုးသူအတွက် အင်မတန်အန္တရာယ်ကြီးလှသည်။ ကျန်းမာရေးရှု
ထောင့်အရ မရှိသင့်သည့်အယူအဆပင်။

ထို့ပြင် သေသည့်သူ၏ခေါင်းရင်း၌ ဘုရားအိုးထားခြင်း၊ ထမင်းပွဲပြင်ပေး
ထားခြင်း၊ လက်ဖက်ရည်၊ ကော်ဖီခွက်ထားခြင်းသည် အပိုအလုပ်၊ မလျော်ကန်
သော ကိစ္စဖြစ်သည်။ သေသူဘုရားရှိမခိုးနိုင်။ အစာမစားနိုင်။ သေမှလက်ဖက်
ရည်သောက်ဖို့ ပြင်ထားသည်မှာလည်း အရွဲ့တိုက်ရာရောက်သည်။

လူသေသော် ရေချိုးပေး၏။ ပြီး ထိုရေအိုးကို ရိုက်ခွဲ၏။ အကယ်၍ ရေ
အိုးမသုံးဘဲ ပလတ်စတစ်ပုံးသုံးသည့်အိမ်ဆိုလျှင် မခက်လော။ ရေအိုးတစ်
လုံးနှစ်ထောင်၊ သုံးထောင်ပေးရသည့်ကာလတွင် အချည်းနှီးမွဲ မကုန်ဆုံးသ
လော။ သေသူနှင့် မိသားစုအိုးစားကွဲပြီဟူသော အဓိပ္ပာယ်ဆိုလျှင် အဓိ
ပ္ပာယ်မရှိ။ သေကတည်းက ဘဝခြားသွားပြီဖြစ်ရာ အထူးအိုးစားကွဲစရာမလို။

ထို့ပြင် အလောင်းမြေချချိန်၌ ခြေဘက်ကအရင်ချ။ ရွာဘက်ကိုခြေမချရ။
မကြိုက်နှိုက်သသောဖြစ်၍ ရွာနာသည်။ အရပ်တစ်ပါး၌သေသူကို ရွာတွင်းမသွင်းရ။
ရွာနာသည်။ ရက်ထားလျှင်လည်း ရွာပြင်၌သာထားရသည်ဆိုခြင်းလည်း လွဲမှား
သည့်အယူအဆများဖြစ်သည်။ အသေကောင်ရွာတွင်းသွင်းသည်မှာ အမင်္ဂလာ
ကိစ္စဟု မြင်လျှင် ကြက်သေ၊ ဝက်သေ၊ ဘဲသေတွေ နေ့တိုင်းတင်နေခြင်းကြောင့်
မင်္ဂလာပင်မရှိနိုင်တော့။

**နိဂုံးချုပ်**

လူမျိုးတိုင်း လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများရှိသည်။

ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းသင့်သည်။ ယဉ်ကျေးမှုထိန်းသိမ်းမှသာ အမျိုးဂုဏ်ထိန်းသိမ်းရာရောက်သည်။

သို့သော် လူ့အဖွဲ့အစည်းသည် ရှည်ကြာသော နှစ်ပရိစ္ဆေဒကိုဖြတ်သန်းလာသည့်အလျောက် ယဉ်ကျေးမှု၊ ဓလေ့များသည် တစ်ဦးမှတစ်ဦး လူမျိုးစုတစ်ခုမှတစ်ခုသို့ ကူးစက်ပျံ့နှံ့ခဲ့သည်။ မတူညီသောယဉ်ကျေးမှုများ ကူးလူးပေါင်းစပ်မှုရှိသည်။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုတွင် ဗြဟ္မာဏအယူအဆများပူးဝင်ရောနှောလျက်ရှိသည်။ ဗြဟ္မာဏဝါဒကို ကိုယ့်ဝါဒအလား မှတ်ယူသုံးစွဲနေသည်မှာ အမြောက်အများရှိသည်။ အရှည်ကြာလာတော့ ဗုဒ္ဓဟောကြားသည့် တရားဓမ္မဟုပင် ထင်လာကြသည်။

ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကိုချစ်လျှင် အမျိုးဂုဏ်စောင့်ရမည်။ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရမည်။ စဉ်းစားဆင်ခြင်မဲ့စွာ အလွယ်တကူလက်ခံကျင့်သုံးလျှင် အမျိုးပျောက်သွားမည်ကို သတိထားကြရပေမည်။

**မောင်ဆန္ဒ(လယ်ဝေး)**

**ကျမ်းကိုး**

ဆရာကြီးဦးဖေ 'သာမူနာမူ'

ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ကာလမသုတ်



# သက်ဦးခင် ၏ ဘဝနှင့်စာပေ

| | | |
|---|---|---|
| အမည် | – | ဒေါ်ဌေးစီ |
| ကလောင်အမည် | – | သက်ဦးခင် |
| မွေးသက္ကရာဇ် | – | ၁၉–၇–၁၉၅၂ |
| ပညာအရည်အချင်း | – | အခြေခံပညာအထက်တန်းအောင် |
| အလုပ်အကိုင် | – | ကဗျာရေးသူ |
| မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ် | – | ၉၇၆၀ |
| နိုင်ငံသားစိစစ်ရေးအမှတ် | – | ၁၃/တကန(နိုင်)၁၁၂၂၉၉ |
| ထုတ်ဝေသည့်စာအုပ်များ | – | 'တောပန်းစံပယ်'ကလေးကဗျာများ ၂၀၁၄ မတ်လ နိုင်ငံ့ဂုဏ်ရည်၊ အနုဿုကာဂုဏ်ရည်၊ ရတနာမွန်၊ ရတနာတံခွန်မဂ္ဂဇင်းများ၊ မေ မြန်မာဂျာနယ်၊ ရွှေသွေးဂျာနယ် တို့တွင် ကဗျာများရေးသားလျက်ရှိပါသည်။ |
| ဆုရရှိသည့်စာအုပ်/စာမူများ | – | မရှိပါ။ |
| ဆက်သွယ်ရန်လိပ်စာ | – | ၂၁၇/၄၀၈ (ဗ)၊ ဆရာစံလမ်း၊ ၂/ခ ရပ်ကွက်၊ မင်္ဂလာဒုံ၊ ရန်ကုန်။ |

ယဉ်ကျေးမှု

# အမျိုးသားယဉ်ကျေးမှုလက္ခဏာ နှင့်လူငယ်များ

သက်ဦးခင်

**နိဒါန်း**

ကျွန်ုပ်တို့ကမ္ဘာပေါ်တွင် လူဖြူ၊ လူနီ၊ လူဝါ၊ လူမည်းဟူသော လူမျိုးကြီးလေးမျိုးနေထိုင်ကြသည်။ ထိုလူမျိုးအသီးသီးတွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုလက္ခဏာများရှိကြသည်။ ယင်းလူမျိုးတို့အနက် အသားဝါလူမျိုးဖြစ်သော မွန်ဂိုလီးယန်းလူမျိုးတို့သည် တရုတ်၊ ဂျပန်၊ မြန်မာ၊ ယိုးဒယားစသော အာရှတိုက်အရှေ့ပိုင်းနိုင်ငံများတွင် အနှံ့အပြားနေထိုင်ကြသည်။ ထိုအသားဝါလူမျိုးများ၌ အလွန်ရှေးကျသော ယဉ်ကျေးမှုများရှိ၍ ကမ္ဘာပေါ်တွင် အဆင့်အတန်းအမြင့်ဆုံးသော လူမျိုးတစ်မျိုးဖြစ်သည်။ ထိုမွန်ဂိုလီးယန်းလူမျိုးများမှ ဆင်းသက်လာသော မြန်မာလူမျိုး တိုင်းရင်းသားနွယ်ဖွားအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ဘာသာစကား၊ ကိုးကွယ်သည့်အယူဝါဒ၊ ဓလေ့ထုံးစံ၊

ဝတ်စားဆင်ယင်မှု၊ အနုပညာ၊ စာပေအစရှိသော ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် အဆင့်အတန်းမြင့်မြင့် နေထိုင်ခဲ့ကြပေသည်။

## ကျေးလက်ဒေသလူနေမှုစရိုက်

မြန်မာ့ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များမှာ ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ်များဖြစ်ကြ၍ မြတ်နိုးထိန်းသိမ်းရန် လိုအပ်ပါသည်။ အမွေအနှစ်ဆိုရာ၌ မျက်စိဖြင့်မြင်ရသော အရာဝတ္ထုများသာမက မျက်စိဖြင့်မမြင်ရသော စိတ်နေစိတ်ထား၊ အမူအကျင့်နှင့် ဓလေ့ထုံးတမ်းများပါဝင်ပါသည်။ မျက်စိဖြင့်မမြင်ရသော စိတ်နေသဘောထား၏ စေ့ဆော်မှုကြောင့်သာလျှင် အဆင့်အတန်းမြင့်သော အနုပညာယဉ်ကျေးမှုလက်ရာများကို မျက်စိဖြင့်မြင်တွေ့နိုင်ခြင်းဖြစ်သည်။ ဝတ်စားဆင်ယင်မှုတွင်လည်း မိမိ၏အရှက်သိက္ခာကို ထိန်းသိမ်းလိုသော စိတ်၏စေ့ဆော်မှုကြောင့်ပင် မြန်မာအမျိုးသားဝတ်စုံမှာ လုံခြုံ၍တင့်တယ်ခန့်ညားနေခြင်းဖြစ်ပါသည်။ ခေါင်းပေါင်း၊ တိုက်ပုံ၊ ပုဆိုးတို့မှာ မြန်မာအမျိုးသားဝတ်စုံဖြစ်၍ ဆံထုံး၊ ရင်ဖုံးအင်္ကျီလက်ရှည်၊ ထဘီရှည်၊ ပဝါတို့မှာ မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုဖြစ်ပါသည်။ ခေတ်အဆက်ဆက်ချုပ်လုပ်ပုံပြောင်းလဲမှုများရှိသော်လည်း လုံခြုံမှုအရှက်သိက္ခာရှိမှုစသည့် အမျိုးသားရေးလက္ခဏာမှ ခွဲထွက်သွားခြင်းမရှိခဲ့ကြပေ။ ကျေးလက်လူနေမှုစရိုက်တွင် ဘာသာတရားကိုင်းရှိုင်းခြင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းခြင်း၊ လူကြီးမိဘအပေါ် ဂါရဝတရား၊ နိဝါတတရားထားတတ်လာပြီး ကိုယ်ကျင့်တရားကောင်းမွန်လာကြခြင်းကိစ္စများ၌ အဘိုးအဘွားဆရာ မိဘတို့ကလမ်းညွှန်ဆုံးမပဲ့ပြင်ခြင်းဖြင့် တည့်မတ်စေခဲ့ကြသည်။ လူငယ်လူရွယ်တို့ လိုက်နာစေလိုသောသဘောဖြင့်ရေးသားခဲ့ကြသော ဆရာတော်တို့၏ဆုံးမစာများဖြင့် ကြီးပြင်းခဲ့ကြသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးအောင်သွန်သင်ညွှန်

ကြားတတ်သော အင်းဝခေတ်စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာသည် ယနေ့လူငယ်များ မှတ်သားသင့်လှပါသည်။ 'ဘိုးဘွားမိဘ ဆရာစသည်၊ ပြောဆိုထွေ မျိုးတတ်စေ' ဆိုသကဲ့သို့ လူကြီးမိဘတို့စကားကို နာယူခဲ့ကြသည်။ မည်သည့်စကားကိုမဆို ပြန်လှန်တုံ့ပြန်ချေပခြင်းမပြုဘဲ ဝမ်းထဲတွင် မျိုသပ်သည်းခံနိုင်စွမ်းရှိကြသည်။ မိမိတို့ရွာဦးကျောင်းဆရာတော်၊ အဘိုးအဘွား အဖေအမေ၊ မိမိဆွေမျိုးသားချင်း ဘကြီး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်လေး၊ အစ်ကိုကြီး၊ အစ်မကြီးစသည့် မိမိထက်အသက်ဂုဏ်ဝါကြီးမြင့်သူတို့ကို အဆင့်ဆင့်ကြီးစဉ်ငယ်လိုက် ရှိသေကြ၍ ဆုံးမလမ်းညွှန်မှုများကို လိုက်နာကြရသည်။ 'သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ' ဆိုသကဲ့သို့ ရပ်ရေးရွာရေး၊ သာရေး၊ နာရေးတို့တွင် ညီညီညာညာ စည်းစည်းလုံးလုံးဆောင်ရွက်ကြရသည်။ တစ်ဦး ကောင်းကျိုးတစ်ဦးလိုလားကာ လူကြီးများသည် ကိုယ့်ရပ်ရွာမှ မည်သည့်လူငယ်ကိုမဆို ဆုံးမနိုင်သည့်အခွင့်အရေးရှိသလို လူငယ်တိုင်းကလည်း ရှိသေစွာနာခံကြရသည်။ 'တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ' ဆိုသကဲ့သို့ ယဉ်ကျေးချိုသာရှိကြပါသည်။ တစ်ဦး၏အမှားကို တစ်ဦးထောက်ပြကာ ပြုပြင်ပေးကြသည်။ တစ်ဦးဒုက္ခကို တစ်ရွာလုံးဝိုင်းဝန်းဖြေရှင်းပေးကြသည်။ တစ်ယောက်အကြောင်းကို တစ်ရွာလုံးက စဉ်းစားပေးသောဓလေ့စရိုက်ဖြစ်သည်။ ယင်းတို့မှာ မွန်မြတ်သောကျေးလက်လူနေမှုဓလေ့စရိုက် သို့မဟုတ် မြန်မာအမျိုးသားယဉ်ကျေးမှုလက္ခဏာတစ်ရပ်ပင်ဖြစ်လေသည်။

ရှေးလူကြီးများသည် ထိုအမျိုးသားရေးလက္ခဏာများကို သီးသန့်သင်ကြားနေကြခြင်းမဟုတ်ဘဲ ဘုရားသွားကျောင်းတက် ဥပုသ်စောင့်ရင်း ဆွမ်းလောင်း

## စာပေပန်းခင်းရနံ့သင်း

ကြ၊ ဆွမ်းတော်ကြီးခံကြရင်း၊ အလှူအတန်း၊ သာရေးနာရေးများ ကူညီဆောင်ရွက်ပေးကြရင်း၊ တောင်သူလယ်လုပ်၊ နွားကျောင်းပေါင်းနုတ်ရင်း၊ ထန်းတက်ထားချက်ရင်း၊ ခြင်းခတ်ရင်း၊ ရေခွေးကြမ်းသောက်ရင်း၊ ထင်းခွေရေခပ်ရင်း၊ မောင်းထောင်းဆန်ပျာရင်း၊ ချက်ကြပြုတ်ကြ၊ ဖွပ်ကြလျှော်ကြရင်း၊ ဆံရစ်ဝိုင်းညှပ်ရင်း၊ ဆံထုံးထုံးရင်း ပန်းပန်ရင်း၊ ထုပ်ဆီးတိုးရင်း၊ ဖန်ခုန်ရင်းကတတ်ကျွမ်းနားလည်လာကာ အဆင့်ဆင့်လက်ခံ ကျင့်သုံးလာကြခြင်းသာဖြစ်ပါသည်။ ရိုးရာပုံပြင်များ၊ စကားပုံများ၊ ၁၂ လရာသီပွဲတော်များကား မြန်မာတို့၏နှလုံးသားမှ စီးဆင်းလာသော စိတ်နေစိတ်ထားများပင်ဖြစ်ပါသည်။

### လူငယ်တို့၏ စိတ်နေသဘောထား

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်တို့၏ လက်ထဲတွင်ရှိပါသည်။ ယနေ့ခေတ်လူငယ်များသည် ပညာခေတ်မှာ ပညာရှာဆိုသကဲ့သို့ပညာကိုတန်ဖိုးထားကာ အသိပညာ အတတ်ပညာများ သင်ယူကြပါသည်။ အသစ်သစ်သောနည်းပညာများကို လေ့လာဆည်းပူးကြပါသည်။ အင်တာနက်ခေတ်တွင် ကမ္ဘာကြီးကို ရွာတစ်ရွာကဲ့သို့ သဘောထား၍ လေ့လာနိုင်ကြသည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ အလွယ်တကူသွား ရောက်ပညာသင်ကြားနိုင်ကြသည်၊ အလုပ်လုပ်နိုင်ကြသည်၊ တိုးတက်သည့်လက္ခဏာဖြစ်၍ လက်ခံကြမည်ဖြစ်သည်။ သို့သော် ထိုအသစ်အသစ်နည်းပညာများနှင့်အတူ ရောနှောဝင်လာသည့် နိုင်ငံတကာယဉ်ကျေးမှုများ လွှမ်းမိုးလာ၍ မိမိတို့အမျိုးသားလက္ခဏာများ ပပျောက်မည်ကို စိုးရိမ်ရပါသည်။ လူငယ်တို့၏ စိတ်သဘာဝလည်း အတုမြင်အတတ်သင် သဘောမျိုးရှိကြ၍ တိုင်းတစ်ပါးယဉ်ကျေးမှုကိုအမြိုက်လက်ခံ ကျင့်သုံးနေကြသူများလည်း ရှိပါသည်။

များပြားလှသော အမျိုးသားယဉ်ကျေးမှုလက္ခဏာများထဲမှ ဝတ်စားဆင်

ယင်မှုကို ဥပမာပြပါမည်။ အမျိုးသားလူငယ်အချို့တို့သည် နိုင်ငံခြားသားများကို တုပဝတ်ဆင်ကြသည်။ ဆံပင်ကို အနီ၊ အဝါ၊ အပြာရောင်စုံဆိုးကြသည်။ ကျန်းမာရေးမလိုက်စား၍ ပိန်လှီပုညှက်ကြသည်။ အပြောအဆို ရိုင်းစိုင်းကြသည်။ လူကြီးသူမကိုလည်း ရိုသေရကောင်းမှန်း မသိတတ်ကြတော့ပေ။ နိုင်ငံခြားရုပ်ရှင်ရုပ်သံဇာတ်လမ်းတွဲများကိုအားကျကာ လက်ရဲဇက်ရဲ သတ်ရဲဖြတ်ရဲဖြစ်လာကြသည်။ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးသုံးကြ၍ ငွေကိုဖြတ်လမ်းမှရှာဖွေလာကြသည်ကို ဝမ်းနည်းဖွယ်တွေ့ရပါသည်။ ဤနေရာတွင် လူငယ်လေးများ လမ်းမှားရောက်ကြရသည့်အကြောင်း လေ့လာလျှင်–

(က) အိမ်ထောင်မိသားစုပြိုကွဲခြင်း၊

(ခ) မိထွေး၊ ပထွေးတို့နှင့် အဆင်မပြေ၍ လေလွင့်ရခြင်း၊

(ဂ) ထိန်းကျောင်းမှုမတတ်သော မိဘများကြောင့် လေလွင့်ရခြင်း၊

(ဃ) ကျောင်းပြေး၊ အိမ်ပြေးမှတစ်ဆင့် လေလွင့်ရခြင်း၊

(င) အလိုလိုက်မှုများကြောင့် လေလွင့်ပျက်စီးရခြင်း၊

(စ) ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကြောင့် လေလွင့်ရခြင်းတို့ဖြစ်သည်။

ဤအချက်တွင်–

(၁) စွန့်စားလိုစိတ်ရှိခြင်း

(၂) စူးစမ်းရှာဖွေတတ်ခြင်း

(၃) အပေါင်းအသင်းဆွဲဆောင်ရာသို့ လိုက်ပါတတ်ခြင်း

(၄)ပတ်ဝန်းကျင်အတွေ့အကြုံများပေါ်တွင် အမြင်မကျယ်သေးသော အရာများ၌အထင်ကြီးတတ်ခြင်းစသည့် စိတ်ဓာတ်များ ကိန်းအောင်းနေတတ်ပါသည်။

အမျိုးသမီးငယ်တို့သည်လည်း မြန်မာဆန်ဆန်မဝတ်ဆင်ကြတော့ဘဲ ဒူးပေါ်ပေါင်ပေါ်စကတ်၊ အကွဲအပြဲ အင်္ကျီလည်ဟိုက်၊ ဆံပင်ငှက်သိုက်၊ မျက်နှာ

## ■ စာပေပန်းခင်းရနံ့သင်း

ရောင်စုံ၊ ဆံပင်ရောင်စုံတို့ဖြင့် ထင်တိုင်းကြဲကြတော့သည်။ အမျိုးသားများနှင့်အပြိုင် အရက်ဘီယာသောက်ကြသည်။ စာပေဖတ်ရှုမှုအားနည်းကြ၍ ဗဟုသုတနည်းပါးကာ ဆုံးဖြတ်ချက်များမှားယွင်းကြသည်ကို တွေ့ရပါသည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့စေသော မြန်မာကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများနှင့် အလှမ်းကွာဝေးခြင်း၊ ကျေးလက်လူနေမှုစနစ်ကဲ့သို့ တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်မှုကင်းဝေးခြင်းတို့ကြောင့် လမ်းမှားရောက်ရသည့် အမျိုးသမီးငယ်လေးများကို တွေ့ရပါသည်။ ဤနေရာတွင် အမျိုးသမီးငယ်လေးများနှင့် အိမ်ထောင်ရှင်တချို့ လမ်းမှားရောက်ကာ ဘဝနစ်မွန်းရသည့်အကြောင်းကို လေ့လာသော်–

(က) ဝါသနာကြောင့် ဖြစ်ရခြင်း၊

(ခ) ဆင်းရဲလွန်းသောကြောင့် မိမိကိုယ် ကိုယ်စွန့်၍လုပ်ရခြင်း၊

(ဂ) သူများတန်းတူ လုပချင်၍ ပစ္စည်းရအောင်ကြံဖန်ပြီး လုပ်ရခြင်း၊

(ဃ) ပြည့်တန်ဆာနှင့်ပတ်သက်သော မသမာသူနှင့်အပေါင်းအသင်းလုပ်မိ၍ ဖြစ်ရခြင်း၊

(င) အားကိုးမိသော လင်ယောကျ်ား၏သစ္စာမဲ့မှုနှင့် ဖျားယောင်းနှိပ်စက်၍ ဖြစ်ရခြင်း၊

(စ) ယူထားသော လင်ယောကျ်ားကမတည်တံ့၊ မယားငယ်ယူသဖြင့် ငါလည်းလင်ငယ်နေမည်ဆိုပြီး လင်ငယ်နေရင်းက တစ်စတစ်စ ဖျက်ဆီးခံရ၍ ဖြစ်ရခြင်း၊

(ဆ) အချို့သားငယ် မယားငယ်ယူပြီး လုံလောက်စွာမထောက်ပံ့နိုင်၊ အချိန်မှန် မသွားနိုင်မလာနိုင်သည့်အတွက်ကြောင့် ဖြစ်ချင်ရာဖြစ်လုပ်၍ ပျက်စီးရခြင်း၊

(ဇ) ငွေကြေးလက်ကိုင်ပြုသော အထိန်းများက လူငယ်များမွေးကာ မိန်းကလေးများကို လှည့်ဖျားခိုးယူလာပြီး မိန်းမထိန်းသို့အပ်လိုက်၍ ပျက်စီးရခြင်း၊

(ဈ) အုပ်ထိန်းသူ မိဘပျက်စီး၍ဒုက္ခဖြစ်ပြီး အရွယ်ရောက်သောအခါ လူမသမာနှင့်တွေ့ပြီး ပျက်စီးရခြင်း၊

(ည) အဖေအရင်း၊ မောင်အရင်းတို့က မကောင်းသောသူလက်ထဲသို့အပ်လိုက်၍ ဖြစ်ရခြင်း၊

(ဋ) ခိုင်းစေရန်ပို့ထားရာမှ အရွယ်ရောက်သည့်အခါ အိမ်ရှင်နှင့်မှားယွင်းပြီး နောက်တစ်စတစ်စ ပျက်စီးရခြင်း၊

(ဌ) အခိုင်းအစေဘဝ နှိပ်စက်ညှဉ်းပန်းလွန်း၍ ထွက်ပြေးရာမှ ခိုကိုးရာမဲ့ဖြစ်သွားပြီး ပျက်စီးရခြင်း၊

(ဍ) အဓမ္မမှုကြောင့် ပျက်စီးရခြင်း၊

(ဎ) လောင်းကစားဝါသနာပါသူများ ပစ္စည်းဆုံးရှုံး၍ ပြန်ရလိုမှုကြောင့် ကိုယ်နှင့်ရင်းနှီးရာမှ ပျက်စီးရခြင်း၊

(ဏ) အရက်သေစာကြောင့် ကာဣန္ဒြေမထိန်းနိုင်ဘဲ ပျက်စီးရခြင်း၊

(တ) ဆိုရှယ်အဖြစ်လွန်၍ ပျက်စီးရခြင်းဟု သိရှိရပါသည်။

## ယနေ့ခေတ် စကားအပြောဆိုများ

ယနေ့ လူငယ်အချို့သည် မြန်မာဘာသာစကား ပြောဆိုကြရာတွင် မိမိတို့ဓလေ့ထုံးစံအနက် အဓိပ္ပာယ်များလွဲမှားစွာပြောဆိုနေသည်ကို တွေ့ရှိရပါသည်။ ဥပမာ 'အရမ်း' ဟူသော ဝေါဟာရအဓိပ္ပာယ်မှာ ရမ်းကားခြင်းသဘောဆောင်သော်လည်း အရမ်းကောင်းတယ်၊ အရမ်းမိုက်တယ်၊ အရမ်းကြိုက်တယ်စသည်ဖြင့် သုံးစွဲနေကြသည်။ ဤနေရာတွင် 'အရမ်း' အစား သိပ်ကြိုက်တယ်၊ သိပ်ကောင်းတယ်၊ အလွန်သဘောကျတယ်စသဖြင့်သုံးစွဲမှ မှန်ကန်မည်ဖြစ်ကြောင်း ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ကရှင်းပြသည်ကို မှတ်သားမိပါသည်။ မလုပ်ရဘူး၊ မသွားရဘူး၊ မစားရဘူးစသော အငြင်းဝါကျများကိုလည်း

## စာပေပန်းခင်းရနံ့သင်း

လုပ်ကာဘူး၊ မသွားကာဘူး၊ မကစားကာဘူးစသည် ပြောဆိုနေကြသည်ကို ကြားရပါသည်။ ဗန်းစကားများဖြစ်သော ကော၊ ရှိတ်၊ မိ၊ ပဲများ၊ ကွဲပြီး၊ ဖုံပြော၊ ရိတ်၊ ရွာလည်စသည့် စကားများလည်း ထို့အတူပင် ဖြစ်လေသည်။ ယနေ့ခေတ် ဖေ့စ်ဘွတ်ပေါ်တွင် ပြောဆိုနေကြသော အရေးအသားများက လည်း ရင်လေးဖွယ်ဖြစ်လေသည်။ 'နေ့တိုင်း ခုတ်လျက်နှင့် မထက်တာဓား၊ နေ့တိုင်းပြောလျက် မတတ်တာစကား'ဆိုသကဲ့သို့ ခေတ်ပေါ်တီထွင်ပြောဆို သော စကားများထက် မှန်ကန်ယဉ်ကျေး၊ ပွင့်လင်းချိုသာသောစကားများသာ ပြောသင့်ကြောင်း တင်ပြလိုပါသည်။

### နိဂုံး

မြန်မာ့အမျိုးသားယဉ်ကျေးမှုလက္ခဏာများသည် ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ အယူဝါဒ၊ အနုပညာ၊ စာပေစသည်ဖြင့် များပြားကျယ်ပြန့် လှပါသည်။ ဤစာတမ်းငယ်တွင် အကြောင်းအရာအနည်းငယ်သာ ထုတ်နုတ် တင်ပြခြင်းဖြစ်ပါသည်။ လူငယ်တို့၏ရင်တွင်း၌ အမျိုးသားယဉ်ကျေးမှုလက္ခဏာ များ ကိန်းအောင်းကြစေရန်မှာ လူကြီးတို့၏တာဝန်လည်းဖြစ်သဖြင့် ကျေးလက် လူနေမှုစရိုက်လက္ခဏာများလည်း ဖော်ထုတ်ကြရမည်။ ကလေးများ လိမ္မာယဉ် ကျေးစေရန်၊ ပျော်ရွှင်ဝမ်းမြောက်စေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်း စောင့်ရှောက်တတ်စေရန်၊ အသိပညာ အတတ်ပညာဖြင့် တိုင်းပြည်ကိုပြန်လည် စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ဓမ္မစကူးလ်များ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းများ သိက္ခာရှင်ဆရာလေး ဆရာကြီးများ၏ ပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများကြောင့် ဝမ်းသာအားရှိ ရပါသည်။ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းများ၊ စာရေးဆရာအသင်းများနှင့် ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးသင်တန်းများ၊ စာကြည့်တိုက်များ၊ စာဖတ်ခန်း

များဖွင့် လှစ်သင်ကြားပေးနေသည်ကိုလည်း ကြုံဆိုရပါသည်။ သက်ငယ်မုဒိမ်းပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးစသည့် သင်တန်းများဟောပြောပွဲများလည်း အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့်လည်း 'အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့' ဟူသောဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမျိုးသမီးများ၏ အရည်အသွေးစွမ်းပကား မြှင့်တင်ရန်အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသဖြင့် ဝမ်းသာဂုဏ်ယူရပါသည်။ ထိုသို့သော အသိပညာပေးသင်တန်းများမှ ရရှိလာသောရလဒ်များကြောင့် လူငယ်တို့ဘဝပြုပြင် ပြောင်းလဲတိုးတက်ပါစေကြောင်းနှင့် လူငယ်အသီးသီးသည် မိမိ၏ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ရင်မှာပိုက်လျက် လောကလူ့ရွာအား ကောင်းကျိုးမြှင့်တင်အလှဆင်နိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

**သက်ဦးခင်**

**ကျမ်းကိုးစာရင်း**

၁။ ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာများ

၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ ၉(၁၂)

၃။ မြန်မာစာပါမောက္ခဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ ဟောပြောချက်

၄။ မြန်မာစာသုတရသပန်းခင်း ပါမောက္ခဒေါက်တာချိုချိုတင့် (မြန်မာစာ)

၅။ ၁၉၇၀ ခု၊ စာရေးသူကိုယ်တိုင် တက်ရောက်ခဲ့သော ကျေးလက်လူမှုဝန်ထမ်းမျိုးများ၊ အခြေခံလူမှုရေးသင်တန်းပို့ချချက်များမှ ကောက်နုတ်ခြင်း။



# လမင်းအိမ် (ဥပဒေ) ၏ ဘဝနှင့်စာပေ

၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မန္တလေးမြို့၊ မောရဂီဝါရပ်ကွက်၌ အဖဦးလူတင်(ချင်းတွင်းရေကြည် ပန်းချီဆရာကြီး) အမိဒေါ်ကြည်ကြည်တို့မှ မွေးဖွားသည်။ မိခင်ဘက်မှအဘိုးမှာ နိုင်ငံတော်ပန်းချီဆရာကြီး ဦးချစ်မြဖြစ်သည်။ ၁၉၈၄ လူငယ်မဂ္ဂဇင်းတွင် 'အပြောနဲ့အလုပ်' အက်အေးဖြင့် စာပေလောကသို့ဝင်ရောက်ခဲ့သည်။ ကမ္ဘာ့ဆရာများနေ့၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ စာဆိုတော်နေ့ကဗျာ ရှည်ဆုများ၊ ကျိုက္ကလော့မိခင်မေတ္တာကဗျာရှည် ဒုတိယဆုနှင့် အထူးဆု၊ ၂၀၀၀ ပြည့်နှစ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကဗျာရှည် ပထမဆုများရရှိခဲ့သည်။

၁၉၉၄ တွင် (LL,B)ဘွဲ့ရရှိခဲ့သည်။ AVILITY CROWN အဘိဓမ္မာတောင်သာဆေးပညာဂျာနယ်၊ ရွှေမြန်မာ၊ ရွှေရောင်၊ ကနောင်၊ Car ဂျာနယ်တို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်သည်။ အမည်ရင်းမှာ ဒေါ်ဌေးဌေးတင်ဖြစ်၍ ၂၉၊ စစ်တောင်းလမ်း၊ သစ်ဆိမ့်ကုန်း၊ မင်္ဂလာဒုံ-ပုလဲတွင် နေထိုင်သည်။

ယဉ်ကျေးမှု

# ဆံပင်ကိုဆင်ယင်ထုံးဖွဲ့ခြင်းနှင့် မြန်မာအမျိုးသမီးများ

ငွေမင်းအိမ်(ဥပဒေ)

**နိဒါန်း**

အမျိုးသမီးတို့၏အလှအပနှင့်ပတ်သက်၍ 'လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး' ဟု တင်စားပြောဆိုကြသည်။ လူမျိုးပေါင်းစုံပင်လျှင် သူ့အလှအပနှင့်သူရှိကြပါ၏။ အထွတ်အမြတ်ထားအပ်ရာဖြစ်သော ဦးထိပ်တွင်ရှိသည့် ဆံပင်၏အခန်းကဏ္ဍသည် ကျယ်ဝန်းပြန့်ပြောလှပါ၏။ မြန်မာအမျိုးသမီးတို့၏ ခေတ်အဆက်ဆက်ဆံပင်ကို ဆင်ယင်ထုံးဖွဲ့ခြင်းအား ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဤစာတမ်းငယ်ကို ပြုစုခြင်းဖြစ်ပါသည်။

**မြန်မာအမျိုးသမီးများ၏ဆံကေသာ**

လောကနီတိကျမ်းလာ ကောင်းခြင်းငါးဖြာတွင် ဆံပင်၏ကောင်းခြင်းသည်

လည်း အပါအဝင်ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ၏ဆံပင်သည် ပိတုန်းရောင်ကေသာဟု တင်စားသည့်အတိုင်း မည်းမှောင်သန်စွမ်းပါသည်။ ဆံပင်ကိုလည်း အမြတ်တနိုးထားစာတ်ကြသည်။ **'မိန်းမတို့ဘုန်း ဆံထုံး'** ဟူ၍ ဆိုရိုးပြုကြ၏။ ဆံပင်တစ်ရပ် လူတစ်ရပ်ရှည်လျားကြသည်။ မိန်းမကောင်း၊ မိန်းမမြတ်တို့၏ဆံပင်သည် ဖြေချဖြန့်ချလိုက်လျှင် လူတစ်ရပ်ရှိရုံမျှမကသေး၍ အဖျားသည် ဒေါင်းမြီးကဲ့သို့ကော့ပျံတက်နေသည်ဟူ၏။

## ဆံပင်ကိုအလေးထားခြင်း

ဆံပင်သန်စွမ်းစေရန်အတွက် တရော်ကင်ပွန်းသီးဖြင့်လျှော်သည်။ ဦးရေပြားအေးမြစေရန် ဆန်ဆေးရေဆွတ်ကြသည်။ အုန်းဆီတွင် ပဲနံ့သာစေ့လော်ကာကြိတ်ပြီး ဆီမွှေးအဖြစ်လိမ်းကျံကြသည်။ ခေါင်းလျှော်ရာတွင် **'အိုး စည်၊ တီးပြီးအောင်လျှော်'** ဟူသော လောကီအဆိုအရ တနင်္ဂနွေနေ့၊ အင်္ဂါနှင့် စနေနေ့များကိုရွေး၍လျှော်ကြ၏။ ဆံပင်ကောင်းစေရန် ဆံပင်ဖြတ်လှူခြင်း၊ တံမြက်စည်းလှူခြင်းများပြုကြ၏။

## ပုဂံခေတ်ဆံထုံး(၃၅)မျိုး

ပုဂံခေတ် အမျိုးသမီးစာဆိုအဖြစ်ထင်ရှားခဲ့သော **ရဝေရှင်ထွေး**၏ အန်ချင်းတွင် –

'အစောတို့လေ ရတနာတွေ ရွှေမိုးစွေ၍ သပြေမည်ခံ ပြည်ပုဂံ၊ နိုင်ငံကျယ်ပြော ရေးမင်းစောတို့ မနောဇမျူခံတော်မူက မြိတ်ဖြူ၊ မြိတ်စွဲ သွယ်ညို့မြိတ်လွတ်၊ ရစ်ပတ်စုလည်း၊ ရော့ရည်းထုံးဖွဲ့၊ တုမဲ့ရွှေရောင်၊ တိမ်တောင်တက်သက်၊ လျှပ်စစ်ပြက်သို့၊ စဂုက်ရောင်ပြေး၊ နှင်းသွေးမစို့၊ ကြာညို့ဝတ်ဆံ၊ မွှဝံနှိုင်းရှည့်၊ ရှုကြည့်မငြီး၊ ဦးဖြီးရွှင်ပျော်၊ ဖင်ယော်တန်းဝဲ၊ ပုလဲကိုးပုန်း

ဂမုန်းငုံအာ၊ လေသာဝေ့လည်၊ မြူခြည်မတင် ယကင်ထုံးထုံး၊ လုံးတင်၊ ခရ ချောင်၊ ထုံးကြောင်၊ ထုံးကြား၊ ငါးပါးမြိတ်စို့ အောင်မျိုနိမိတ်၊ မြိတ်ရစ်လှပ၊ ကရဝိက်နှုတ်သီး၊ ဆိတ်သမီးနှင့် ပြန်ပြီးဆယ်ထွေ၊ နေအရုဏ်ခံ၊ ညဥ့်ယံ သောက်ရှူး၊ တိမ်ဦးနဂါး၊ လေးပါးရာသီ နှိုင်းပြီးစံလွတ်၊ နဂါးပတ်ကြော့ကွင်း နန်းတွင်းမဥ္ဇူ၊ ထွက်ပြူမုတ်ဝ၊ ပဒုမသိဒ္ဓိ၊ မဏီကိုးပါး၊ ချယားပွင့်သေး ယုန် ရေးလဝယ်၊ နေလယ်ဥဒေါင်း၊ သုံးချောင်းချိုးရှက်၊ စဝှက်ရောင်ချော၊ သဘော် တမ်းခွန်၊ အနန္တဖုသျှ၊ မောရဂီဝါ၊ ဟသ်ာစာခွံ့ ထုံးအုံ့တကွင်း၊ ပုဇင်းတောင်ပြန့် သည်းညွှန့်လက်သင်၊ ကွမ်းလျှင်၊ နောက်တွဲ၊ မုတ္တာရွဲနှင့် ပုလဲကွန်ချာ၊ ရတနာ မဏ္ဍိုင်၊ ပွင့်ဆိုင်ပုဏ္ဏရိပ်၊ နဂါးအိပ်လေးထောင့်၊ ရစ်မြှောင့်၊ ပြန်ကာဘက်၊ ပန်းယှက်ခေါင်ဖွေ နန်းလုံးဝေမျှ မြင်ကစံကျော် နှိုင်းမမြော်ကို လွမ်းတော်မ မူလှည့်ပြီလော ဘော်ချင်းတို့လေး ဘော်ချင်းတို့'ဟူ၍ ဆံထုံး ၅၅ မျိုးကို အန်ချင်းဖြင့်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ပုဂံခေတ်နန်းတွင်းသူများမှာ မှန် ရှေ့ကမခွာဘဲ အချိန်ရှိသရွေ့ အလှပြင်နေကြ ဟန်တူပါသည်။

### အင်းဝခေတ်

အင်းဝခေတ်တွင် အင်းဝသူကလေး၏ အလှကို ရှင်မဟာရဋ္ဌသာရက–

'ဒေဝစ္ဆရာ ပြင်လျာသက်တင်ရောင် ရွှေကြက်တောင်ဝယ် လှခေါင်ပြစ်မျိုး လွတ်ပြာထွတ်ထွတ်လျှင် ရစ်ပတ်ချိုးမြှောင့်စီ၊ ရွှေထဘီနှင့် အာနီ သိန်းတန်မျိုး ရွှေခါးကြိုးလည်း စံမျိုးနေ့တိုင်းပင် အမြဲဆင်၍ ကျွန်းတွင်ဇမ္ဗူလုံး ပြိုင်တိုင်းရှုံး သည်၊ ပြစ်လုံးကောင်းဝေးစွာမိုးသူဇာသို့ ဆည်းဆာညရီတွင် ကျွန်ုပ်မြင်သည် ရွှေရင်ဖုံးတုံ့ မဖုံးတုံ့ (စုလည်းထုံးတုံ့၊မထုံးတုံ့)၊ (ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့)'' ဟု စပ်ဆိုခဲ့ပါသည်။

သမီးတော်များ နားထွင်းမင်္ဂလာပြုစဉ်က ကလေးအရွယ်မျှသာဖြစ်သော

## စာပေပန်းခင်းရနံ့သင်း

ရှင်မဟာရဋ္ဌသာရကလေးက

'အိုဘယ့်ဘယ် အိုဘယ့်သမီးတော် နတ်သော်ပုံမယွင်း'

'အိုဘယ့်ဘယ် အိုဘယ့်သမီးတော် သီဂီရွှေအဆင်း'

'အိုဘယ့်ဘယ် အိုဘယ့်သမီးတော် သော်တာလနှယ်ဝင်း'' ဟုစပ်ဆိုခဲ့သလို သျှောင်ထုံး၊ တဘက်ဆင် ဒက်ဆင်သည့်မင်္ဂလာ၌–

'ဆံထုံးတော်မြိတ်ဖြူ၊ နတ်တူစိုးမည့်သူဘုရား'

'ဆံထုံးတော်မြိတ်လွတ်၊ နတ်ထွတ်စံမည့်သူဘုရား'

'ဆံထုံးတော်စုလည်း၊ ပစ္စည်းရတနာများစွာပွားမည့်သူဘုရား'

'ဆံထုံးတော်ယကင်၊ နန်းတွင်းစံမည့်သူဘုရား'

'ဆံထုံးတော်မြိတ်ရစ်၊ သက်ဆစ်ရာကျော်ရှည်တော်မူမည့်သူဘုရား' ဟု ဆံထုံး အလိုက် နိမိတ်ဖတ်စပ်ဆိုခဲ့ပါသည်။

အင်းဝခေတ်တွင် ဆံကေသာ၌ ဆံကျင်များသုံးစွဲလာကြသည်။ ကချေသည်များမှာ နဖူးစည်းများ စည်းနှောင်ထားကြသည်။ အင်းဝခေတ်တွင် ဗျာပါဆံပေါ်ပေါက်လာသည်။ မင်းသမီးရှင်မြတ်လှသည် မိဘုရားဖြစ်မည်ဟု ဗေဒင်အဟောရှိသော်လည်း မြို့စားနှင့်သာ ပေါင်းဖက်ရသဖြင့် ဗျာပါသောကဖြစ်သောကြောင့် ဆံပင်ကို လျှော်ဦး၌တင်ကာ ခုတ်ဖြတ်ပြီးနောက် ဟောစာတမ်းနှင့်အတူ ရေတွင်မျှောပစ်လိုက်သည်။ ဆံပင်များကိုစည်းနှောင်သောအခါ အတိုကလေးများမှာ မို့တမီနှင့် နားအထက်မကျတကျတွင် ဘေးသို့ကားထွက်နေပေ၏။ သောကဗျာပါဒကြောင့်ဖြစ်လာသော ဗျာပါဆံကို အများအမြင်တွင် ရှုမဝနိုင်ဘဲဖြစ်နေကြသဖြင့် အတုခိုးကာ ဗျာပါဆံထားကြခြင်းဖြစ်ပါသည်။

အရပ်သူများ ညနေရေခပ်ဆင်းချိန်တွင် ဆံထုံး၌ နော်ဇာပန်းကုံးလေးများကို အဆင့်ဆင့်ပန်ဆင်ကြသည်။

**တောင်ငူခေတ်**

တောင်ငူခေတ်တွင် ဆံပင်ကိုပတ်လျက် အမြိတ်ချထားသည်။ ဆံပင်၌ပန်းကိုပန်ဆင်ကြသည်။ တစ်ပွင့်ချင်း၊ အခိုင်လိုက်၊ အကုံးလိုက် ပန်ဆင်ကြသည်။ အသက် ၄၀ ကျော် မုဆိုးမဘဝရောက်သည့်တိုင် လှပကြော့ရှင်းနေသော ရာဇဓာတုကလျာကို 'ပန်းမာလ်ရေးချေ၊ ထုံးနေမကြော့၊ ပတ်လျှော့ဆံကြာ၊ ကျတိုင်းသာလျှင်' ဟူ၍ ကြော့နေအောင် ထုံးမထားပါဘဲလျက် တစ်ပတ်လျှို ဆံထုံးနှင့် ကပိုကရိုကလေးလှနေသည်ဟု ဖွဲ့ဆိုထားပါသည်။ ပုဂံခေတ် ဦးသျှောင်ထုံးနည်း ၅၅ မျိုးအနက် မြိတ်ဖြူ၊ မြိတ်စို့စုလည်း၊ ယကင်၊ မဏိကိုးပါးနှင့် ခရုချောင်ထုံးနည်း စသည်ဖြင့် ၃၇ မျိုးသာကျန် တော့သည်ကိုတွေ့ရသည်။

**ကုန်းဘောင်ခေတ်**

ကုန်းဘောင်ခေတ်တွင် နန်းတွင်းသူများသည် ဆံထုံး ၅၅ မျိုးအနက် လေးပါးရာသီပုံစံနှင့်တူသော ဆံထုံးများထုံးကြသည်။ ဇာတ်မင်းသမီးမှာ ထိပ်လယ်တွင်ဆံထုံးထုံး၍ ဘီးဆံပတ်များပတ်ထားကြသည်။

**အမရပူရခေတ်**

အမရပူရခေတ်တွင် နဖူး၏အလှကို ပေါ်လွင်စေရန် ဆံကေသာကိုနဖူးသိမ်းထားကြသည်။ မဟာနဖူးနှင့် ဗျာပါဆံထားကြသည်။ ပုဂံခေတ်ကစ၍ မြန်မာအမျိုးသမီးများသည် ဆံကေသာကို အဆန်းတကြယ် ထိပ်လယ်တွင်တင်၍ထုံးကာ ပုံစံမျိုးစုံထွင်၍ထုံးဖွဲ့ခဲ့ကြသော်လည်း အမရပူရခေတ်သို့ရောက်သော် ကုတ်ပေါ်သို့လျှောကျလာပြီး ကပိုကရိုထုံးနှောင်ရစ်ဖွဲ့လာကြသည်။ အနောက်နန်းမတော် မမြကလေးသည် မောင်တော် ရွှေဘိုမင်းကအထင်တော်လွဲသဖြင့် ရာဇဝတ်သင့်ရာတွင် မဖီးမလိမ်းမပြင်ဆင်နိုင်ဘဲ အနောက်တံခါးမှထွက်ခွာ

သွားရလေ၏။ ထိုအခါ ဗျာပါပူလောင်ကဲ၍ တစ်ပတ်လျှိုထုံးကလေး တွဲလွဲလေး ကျနေသည်ကို လှသည်ထင်ပြီး တစ်နိုင်ငံလုံး ပူပုံထုံးထုံးကြလေ၏။

## ရတနာပုံခေတ်

ရတနာပုံခေတ်တွင် ၅၅ မျိုးအနက် ဘီးခံ၍ရစ်ပတ်ရသော ဘီးဆံပတ်များကို ထုံးဖွဲ့ကြသည်။ ဘကြီးတော်လုရားလက်ထက်တွင်မူ ဆံထုံးထုံးနည်း ၇ မျိုးသာကျန်တော့သည်။

'ရွှေနန်းသုံးကို ပိုက်ကျုံးမှတ်ယူသိတော်မူလော့ မြိတ်ဖြူညှိညှိ၊ မြိတ်စို့ထွတ်ထွတ်၊ မြိတ်လွတ်မည်းမည်း၊ စုလည်းရှင်ရှင်၊ ယကင်ထုံးထုံး၊ လုံးတင်သစ်သစ်၊ မြိတ်ရစ်မြိတ်စံ၊ မြတ်ပုံရတနာ၊ သိင်္ဂါရွှေသား၊ ပတ္တမြားရောင်ပြုံး၊ ခုနစ်လုံးသည် ဆံထုံးမင်္ဂလာတင့်ရှန်းတည်း' ဟု ဖော်ပြခဲ့သည်။ ဗုံကြီးသံများတွင် 'ဗုံပွဲကိုတဲ့ ရှုလှည့်ပါ၊ ကိုက်ဗျာ ဆံရှည်ပါလှတယ် သားမျှမေလား' ဟု ဗျာပါဆံထားကြကြောင်းဖွဲ့ဆိုသီကြွေးကြသည်။

## ကိုလိုနီခေတ်

အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့သည့်ကာလ ကိုလိုနီခေတ်တွင် မြန်မာအမျိုးသမီးများသည် အားကစားလိုက်စားလာကြသည်။ ဆံပင်ကိုကျစ်ဆံမြီးကျစ်ကာ ဖဲကြိုးချည်ထားကြသည်။ နဖူးတွင် မျက်ခုံးမွေးအထက် ဆံရစ်ချလာကြသည်။ ကိုလိုနီခေတ်တွင်တွေ့ရသော ဆံပင်ပုံစံများမှာ–

အမောက်ဖဲကြိုးစည်း၊ ဦးစွန်းဗုတ်၊ နားပန်းဆံ၊ ကြာကွက်၊ ကြက်တောင်စည်း၊ ရွှေကတော့၊ တစ်ပတ်လျှိုဆံထုံး၊ ဆံရစ်၊ ဆံတောက်၊ ဆံတောက်ဖားဘီးဆံပတ်၊ နောက်တွဲဆံထုံး၊ ဘီအေဆံထုံး၊ သိပ္ပံမြိတ်ဆံထုံး၊ ပူပုံထုံး၊ ကွင်းထိုးဆံထုံး၊ လေယာဉ်ပျံဘီးကျော်ပတ်၊ အငြိမ့်မင်းသမီးဆံထုံး၊ သတို့သမီးဆံထုံး၊

ဗန်းပေါင်မုန့်ဝိုင်း၊ ဆံပင်လိပ် ဘီးဝိုင်း၊ ခရုခွေနောက်ထုံး၊ ကွင်းစွပ်ဖားလျားချ၊ တစ်ပတ်လျှိုဆံထုံး၊ ဖဲပြားကြီး၊ အမောက် အဖွား၊ နားရွက်ဖုံးဖက်ရှင်၊ အမောက် အဖွာဆံကေသာ၊ သရဖူပန်းကုံးဖက်ရှင် စသည်တို့ဖြစ်ကြသည်။ ရွှေဘီးများစိုက်လာကြသည်။ စိန်ဆံထိုး၊ ရွှေဆံထိုး၊ ငွေဆံထိုးများထိုးစိုက်လာကြသည်။

## လွတ်လပ်ရေးမှသည် မျက်မှောက်ခေတ်အထိ

ကိုလိုနီခေတ်ကုန်ဆုံး၍ လွတ်လပ်ရေးခေတ်သို့ရောက်သောအခါ ခေတ်ရေစီးကြောင်းသည် အဟောင်းနှင့်အသစ်ရောထွေးစီးဆင်းခဲ့သည်။ ဆံပင်များကိုဆေး၊ လျှပ်စစ်ဖြင့် ကောက်ခြင်း၊ အမောက်ကြီးများထောင်ခြင်း၊ ဆံပင်ဖွာအောင်ဖွခြင်းများရှိလာသည်။ တွေ့ရသောဆံပင်ပုံစံများမှာ–

ဘီးဟိုက်၊ ပိုနီတေးလ်၊ အိုမီဂါ၊ ပြင်သစ်ဆံထုံး၊ ပစောက်ပုံဖက်ရှင်၊ စန္ဒာပုံ၊ မျက်လုံးတစ်ဖက်ဖုံးဖက်ရှင်၊ ဂျူးလီးယက်ဆံပင်၊ သရီးစတက်၊ လေဒီဒိုင်ယာနာပုံစံတို့ဖြစ်ကြသည်။ ဆံပင်အတုများကို အရံသင့်စွပ်လာကြသည်။ ဆံထုံး ဆံစုများ အသင့်ထုံးပြီးရရှိနိုင်သည်။ ဆံထုံးထုံးရာတွင် ပိုက်များစွပ်လာကြသည်။

ယခုအခါ ဖုန်းများ၊ အင်တာနက်များဖြင့် နည်းပညာများရရှိကြသော ကြောင့် ဆံပင်ကို ဆန်းပြားစွာ ဆင်ယင်ထုံးဖွဲ့လာနိုင်ကြသည်။ နည်းပညာများ လျင်မြန်စွာပင်ပျံ့နှံ့လာကြသည်။ အမျိုးသမီးများသာမက အမျိုးသားများပါ ဆံပင်ကို အမျိုးမျိုးပြုပြင်လာကြသည်။ ဂျယ်လ်ဖြင့် ဆံပင်များထောင်ကြသည်။ ဆေးရောင်စုံဆိုးကြသည်။ မိန်းကလေးများမှာလည်း ကမ္ဘာအနှံ့မှလူမျိုးစုံတို့၏ ဆံပင်ပုံစံများကို အတုခိုးလာကြသည်။ ကိုရီးယား စတိုင်ဆံပင်များထားလာကြသည်၊ တစ်ခြမ်းတို၊ တစ်ခြမ်းရှည် ညှပ်လာကြသည်။ ဆံပင်ကိုဆေးဖြင့်ဖြောင့်လာကြသည်၊ စက်ဆွဲကြသည်။ ဖဲယောင်းသွင်း၊ ပုလဲသွင်း၊ တုန်ဆေးထည့်ကာ ဆံပင်ကိုအမျိုးမျိုးပြုပြင်ကြသည်။ ခေါင်းလျှော်ရာတွင် ခေတ်မီ

ခေါင်းလျှော်ရည်များကို ဝယ်ယူသုံးစွဲလာကြသည်။ ဆိုင်တွင် ပေါင်းဆေးဖြင့် ခေါင်းလျှော်လာကြသည်။ ဆံပင်ကို ဖားလျားချထားကြသည်။ အရွယ်ကြီးရင့်သူ အမျိုးသမီးကြီးများကလည်း ဆံပင်အတိုညှပ်လာကြသည်။

ဆံပင်ညှပ်ဆိုင်တို့မှာ ကွမ်းယာဆိုင်အလား ပေါများလာသည်။ ဆံပင်ပညာကိုတန်ဖိုးကြီးပေးကာ သင်ကြားလာသူများပြားလာသည်။ သို့သော် ဆံပင်ဆေးများသည် မျိုးရိုးဗီဇနှင့် သားသမီးမွေးဖွားခြင်းကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက ထောက်ပြထားပါသည်။ သန္ဓေမအောင်ခြင်း၊ ကိုယ်ဝန်ကို ထိခိုက်စေခြင်းများဖြစ်တတ်သည်ဟု ဆိုကြ၏။

ခန္ဓာကိုယ်တစ်ခုတွင် ဆံပင်သည် ထင်သာမြင်သာရှိသည်။ ဆံပင်၏ပုံသဏ္ဍာန်ကိုလိုက်၍ လူ၏သွင်ပြင်ဆင်းလျှာ ယုတ်လျော့ခြင်း၊ ပြီးပြည့်စုံခြင်းကို ဖြစ်စေသည်။ အသားအရောင်ကို ရုတ်တရက်ပြောင်းလဲပစ်၍မရနိုင်။ အရပ်အမောင်းနှင့် ဝခြင်း၊ ပိန်ခြင်းကိုလည်း ဖြည့်စွက်နုတ်ပယ်ရန် အချိန်အတန်ကြာယူရပေမည်။ သို့ရာတွင် ဆံပင်၏စတိုင်ပြောင်းမှုကြောင့် ရုပ်၏အပြောင်းအလဲကို လိုသလိုစေစားနိုင်သည်။ ထို့ကြောင့် ဆံပင်သည် အရေးပါလှပါသည်။

တစ်ခေတ်တစ်ခါက ရုပ်ရှင်မင်းသမီးချော စန္ဒာ၏ဆံပင်ပုံစံကို စန္ဒာကေ၊ လေဒီဒိုင်ယာနာ၏ပုံစံကို ဒိုင်ယာနာကေစသည်ဖြင့် ရေပန်းစားအတုယူခဲ့ကြသကဲ့သို့ နိုင်ငံတော်အကြီးအကဲ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရှေးမူမပျက်ခေတ်မီလျက်ဆန်းသစ်ပေါ်လွင်နေသော ဆံပင်ထုံးဖွဲ့မှုနှင့်ကျက်သရေမှာ ငယ်ရွယ်သူမြန်မာအမျိုးသမီးလေးများပင် စံနမူနာယူ မြန်မာဆန်လာကြသည်အထိ အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။

## နီဂုံး

မြန်မာအမျိုးသမီးများနေဖြင့် ခေတ်နှင့်လျော်ညီစွာ ခေတ်မီလိုက ခေတ်မီ

နိုင်ပါသည်။ သို့သော် မြန်မာတို့၏သွင်ပြင်လက္ခဏာများ လုံးဝပျက်ပြားသွားသည်အထိ ယဉ်ကျေးမှုအမွေအနှစ်များကို မဖျောက်ဖျက်သင့်ပါ။ ကာလ၊ ဒေသ၊ ပယောဂနှင့်လျော်ညီစွာ မိမိ၏ဆင်းလျှာသွင်ပြင်နှင့် ပနံရမည့်ဆံပင်ဆင်ယင်ထုံးဖွဲ့မှုကိုပြုသင့်ပါကြောင်းနှင့် ဤစာတမ်းငယ်သည် ဆံပင်နှင့် မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍငယ်ကို ဗဟုသုတဖြစ်ဖွယ် မျှဝေခြင်းတစ်ခုသာဖြစ်ကြောင်း နိဂုံးချုပ်တင်ပြပါသည်။

**စာတမ်းငယ်ပြုစုသူ**
**လမင်းအိမ်(ဥပဒေ)**

**စာကိုး–**

– အမျိုးသားစာပေဆုရ ဆရာမကြီးစောမုံညင်း၏ မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု။ (၁၉၈၉)



# ချောယဉ်သာမြင့်၏ ဘဝနှင့်စာပေ

အဖဦးအောင်ဒင်၊ အမိဒေါ်ယဉ်နွယ်တို့မှ ဒီပဲယင်းမြို့နယ်တွင် ၁၉၄၉ ဇူလိုင် ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အထက်တန်းပြ ဆရာမဘဝမှ အငြိမ်းစားယူခဲ့ပြီး ၂၀၁၀ ခုနှစ်တွင်၊ 'ဗုဒ္ဓနေ့ကျ-ဩဋ္ဌာရိကသုခုမကျမ်းပြုဆရာကြီး ဦးအောင်ဒင် အတ္ထုပ္ပတ္တိစာအုပ်ဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ရောင်ပြန်မဂ္ဂဇင်းတွင် ဘာသာရေးနှင့် တိုင်းရင်းဆေးပညာဆောင်းပါး ၂၅ ပုဒ် ရေးသားခဲ့သည်။ အမှတ်(၅)၊ ဩဘာလမ်း ပစံပြရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။ အမည်ရင်းမှာ ဒေါ်စိန်မေမြင့်ဖြစ်သည်။

ယဉ်ကျေးမှု

# အရှေ့သို့လားလား အနောက်သို့သွားသွား

ဧျာယဉ်သာမြင့်

**နိဒါန်း**

၃၁-၅-၂၀၁၈ ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်၌ ကမ္ဘာလှည့်ခရီးသွားများကရွေးချယ်ပေးသော 'ကမ္ဘာ့အကောင်းဆုံး အထင်ကရအဆောက်အအုံများ၏ ပထမဆုအဖြစ်' ကမ္ဘောဒီးယားရှိ အန်ကောဝပ်ဘုရားကျောင်းတော်ကြီးက ယခုနှစ်တွင်လည်း ထပ်မံရရှိရပ်တည်နေပြန်သည်။ မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်သည် နံပါတ် ၂၅ နေရာတွင် ရပ်တည်နေသည်ဟုဖော်ပြထားခြင်းကို ဖတ်ရှုမိသောအခါ အထင်ကရအဆောက်အအုံဟူသော ဝေါဟာရ၊ နံပါတ်(၁)နှင့် နံပါတ်(၂၅)ဟူသောစကား၌ စိတ်ခံစားမှုသည် မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်တို့ မိမိတို့နိုင်ငံမှ မိမိတို့ဦးခိုက်ပူဇော်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးသည်သာ (၁) နေရာ၌ ထားရှိရပ်တည်စေလိုသောဆန္ဒစေတနာကြောင့် ဤစာတမ်းကို တင်ပြ

လိုခြင်းဖြစ်ပါသည်။

## အန်ကောဝပ်တည်နေရာ ဗုဒ္ဓဘာသာဝင်တို့နိုင်ငံ

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်အတွင်းတည်ရှိ၍ ကမ္ဘောဒီးယား၏အလယ်ပိုင်း မြေနိမ့်ချိုင့်ဝှမ်းဒေသမှာ တုံလေဆပ်အိုင်မြေနိမ့်လွင်ပြင်ဒေသဖြစ်သည်။ လောနိုင်ငံ ယိုးဒယားနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်လျက် လယ်ယာစိုက်ပျိုးရေးအဓိကလုပ်ကိုင်ကြပြီး ရာသီဥတု ထွက်ကုန်၊ ပထဝီဝင်အနေအထား အတော်များများတူညီသည်ကို ဖော်ပြ၏။

မြန်မာနိုင်ငံအတွင်းသို့ အာရှအလယ်ပိုင်းကုန်းမြင့်မှ မွန်ဂိုလူမျိုးတို့ဆင်းသက်လာကြသည်မှ မွန်ဂိုလွိုက်နွယ်ဝင် မွန်ခမာအုပ်စုလူမျိုးတို့ ဖြစ်လာကြသည်။ ထိုလူမျိုးစုမှ (၁) ချင်းကချင်အုပ်စု၊ (၂) မြန်မာနှင့်ချင်း၊ မြန်မာနွယ်အုပ်စု၊ (၃) လိုလိုမှဆိုးအုပ်စုစသည်ဖြင့် ကွဲပြားသွားကြသော်လည်း ကိုးကွယ်မှုတွင်ကား ဗုဒ္ဓဘာသာကိုးကွယ်သော တိုင်းရင်းသားလူမျိုး ၉၀ ရာခိုင်နှုန်းရှိ၏ဟူ၍ ဖော်ပြထား၏။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် လူဦးရေ ၁၄ ဒသမ ၄၉ သန်းရှိရာ ၉၅ ရာခိုင်နှုန်းမှာ ခမာလူမျိုးများဖြစ်ပြီး ၉ ရာစုလောက်မှ ၁၄ ရာစု (ခမာ)ထီးနန်းဆက်တစ်လျှောက်လုံးတွင် ကိုယ့်ထီးကိုယ့်နန်းနှင့် ရာဇဝင်ပြောင်မြောက်စွာ ရပ်တည်ခဲ့သည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းထားသည်။ ဗုဒ္ဓဘာသာ ၉၀ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထား၏။ ပင်မလူမျိုး(ခမာ)ဆက်ချင်းတူညီ၊ ကိုးကွယ်မှုခြင်းလည်းတူညီသဖြင့် ကမ္ဘောဒီးယားကို စိတ်ဝင်စားခဲ့ပေသည်။

## ဖနွမ်းပင်သို့ လေ့လာရေးခရီး

ခရီးသွားဝါသနာကြီးသော သူငယ်ချင်းမိတ်ဆွေများနှင့်အတူ ကမ္ဘောဒီးယား

(ဖနွမ်းပင်+ဆီရမ်ယို့) သုံးညအိပ် လေးရက်ခရီးစဉ်တွင် ပါဝင် ၁၃–၄–၂၀၁၈ ည၌ ၇ နာရီ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခဲ့သည်။ လေယာဉ်ခရီးဖြင့် နှစ်နာရီကြာသော် ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်သို့ ရောက်ရှိခဲ့ပါတော့သည်။

ထိုခရီးစဉ်မှပြန်လာသောအခါ ယခင်ပြည်တွင်း ပြည်ပခရီးအတွေ့အကြုံများပါ ပေါင်းစပ်ခံစားလျက် ကမ္ဘာ့ရွာခေတ်တွင် ကမ္ဘာ့ရွာအနံ့ ခြေမဆန့်နိုင်သော်လည်း East or West, Home us best အရှေ့လားလား အနောက်သွားသွား ကိုယ့်အိမ်သာအကောင်းဆုံးဟူသော ပုံစကားကို ကောင်းစွာနားလည်သွားတော့၏။

မိဘအိမ်ရာ၊ မိဘရပ်ရွာ၊ မိဘနိုင်ငံဖြစ်သော မိမိနိုင်ငံကဲ့သို့ မည်သည့်နေရာမှ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်း၊ လုံခြုံခြင်း၊ အေးချမ်းခြင်း အကျိုးကိုမရနိုင်။ ထိုမျက်မှောက်ကာလ အကျိုးစီးပွားတို့ထက်ပိုလွန်သော ဘဝသံသရာလုံခြုံငြိမ်းချမ်းခြင်း၊ ထိုထက်လွန်၍ အဖန်တလဲလဲဖြစ်သော ထိုဘဝသံသရာဆင်းရဲတို့၏နှိပ်စက်မှုမှ လွတ်မြောက်ခြင်း အကျင့်လမ်းကို ဆုံးမညွှန်ပြသောလူသားတို့၏ကိုးကွယ်ရာအမှန် ထေရဝါဒဗုဒ္ဓသာသနာသည် မိမိတို့အမိနိုင်ငံအတွင်း၌သာ ထွန်းလင်းတည်ရှိနေခြင်းပင်တည်း။

**အပိုင်း(၁)**

**အန်ကောဝပ် ဘုရားကျောင်းတော်ကြီး သမိုင်း**

ဖနွမ်းပင်မြို့တော်သို့ ည ၉ နာရီရောက်သဖြင့် River Palace Hotel တွင် Check In ဝင်အိပ်စက်ရ၏။ ၁၄–၄–၂၀၁၈ နံနက် ၇ နာရီ၌ ၁၃၇၂ ခုနှစ်ကတည်းက တည်ဆောက်ထားသော ဘုရားဖြစ်သည့် Wat Phom သို့ သွားရောက်ကာ ဖိနပ်ချွတ်ဖူးမြော်ရ၏။ ဤတစ်နေရာတည်းသာ ဗုဒ္ဓရုပ်ပွား

## ■ စာပေပန်းခင်းရနံ့သင်း

တော်တစ်ဆူကိန်းဝပ်ရာ ရှိခိုးဦးချစရာနေရာဌာနဖြစ်လေသည်။

ထို့နောက် လွတ်လပ်ရေးအထိမ်းအမှတ် အဆောက်အအုံ High School Prison တို့သို့ သွားရောက်ပြီး ဖနွမ်းပင်မြို့တော်မှ ၆ နာရီကြာမောင်းနှင်ရသော မော်တော်ယာဉ်ခရီးဖြင့် ဒုတိယမြို့တော် ဆီရမ်ယ္ပ်သို့ ထွက်ခွာခဲ့ပါသည်။

ဆီရမ်ယ္ပ်မြို့ Angkor Riviera Hotel ၌ နှစ်ညတာအနားယူရ၏။ ၁၅–၄–၂၀၁၈ နံနက် ၇ နာရီခွဲတွင် သွားရောက်လေ့လာရသော Angkor Thom ဘုရားကျောင်းရှိ South Gate of Angkor Thom, Bayom Temple, Baphuom Temple, Phimeam Akas Temple, Elephant Terrace Leper King Terrace, Royal Palace Entlosure, Ta-prohm Temple တို့သည် ခမာဘာသာရေး ဗိသုကာလက်ရာများဖြစ်ကြ၏။

ထို့နောက် ခမာဘုရင်များကိုးကွယ်ရာ Angkor Wat ဘုရားကျောင်းကြီးသို့ ဆက်လက်ခဲ့ကြပါသည်။ အလွန်စိတ်ဝင်စား ကြည့်လို မြင်လို ဇောစောခဲ့သည့်ဆန္ဒပြည့်ဝပါတော့မည်။

၁၅–၄–၂၀၁၈ ရက်နေ့သည် ကမ္ဘောဒီးယားနိုင်ငံတွင်လည်း နှစ်သစ်ကူးပွဲတော်ချိန်ဖြစ်သောကြောင့် ဧရာစားကြသူများ။ ဘုရားကျောင်းတော်သို့သွားနေကြသော တိုင်းရင်းသားများဖြင့် ဘုရားကျောင်းမုခ်ပေါက်သို့ သွားရာလမ်းသည် ကြိတ်ကြိတ်တိုးစည်ကားနေ၍ လူကွဲမကျန်ရစ်အောင် သတိပေးစကားပြောကြားနေသော Tour Leader ၏ တဖွဖွစကားကို နာခံသတိထား အပြေးသွားနေရသောကြောင့် ပြေနေ၏ နေမွန်းတည့်ချိန်ကျော်လေ။ မိမိခေါင်းထက်က ခြစ်ခြစ်တောက်ပူပြင်းသော နေမင်းကိုပင် အပြစ်မမြင်။ အမှတ်မထားနိုင်ဘဲလျက် တွေ့လိုမြင်လိုဇောစောခဲ့သည့် အန်ကောဝပ်ဘုရားကျောင်းတော်ကြီးသို့ ရောက်ခဲ့ပါပြီ။

ဘုရားကျောင်းဝင်းတစ်ခုလုံးသည် ဟိန္ဒူတို့၏ စကြဝဠာကြီးဖန်တီးဖြစ်ပေါ်

လာပုံဆိုင်ရာ ပုံစံကိုတုပထားခြင်းဖြစ်လေသည်။ မဟာဘာရတ ဇာတ်ဝင်ခန်းများ၊ ဘုရားကျောင်းဆောင်အလှူရှင်ဘုရင်ကြီး၏ ထုပ္ပတ်နှင့် အမျိုးအမည်ထွေပြားလှစွာသော ဟိန္ဒူနတ်ဘုရားရုပ်ထုများ၊ နတ်ဒေဝတာများ၊ ကြင်ဖော်အပဆာရများကို ချယ်မှုန်းပြထားသော ကျောက်ဆစ်လက်ရာများကို တွေ့ရှိရ၏။

ထိုအန်ကောဝပ် ဘုရားကျောင်းတော်ကြီးသမိုင်းကို ဂျာမန်ပညာရှင်ဂျော့ရှ်မီချဲလ်က ဤသို့ဖော်ပြခဲ့၏။ ကမ္ဘောဒီးယားနိုင်ငံ၌ ရာစုနှစ်ပေါင်းများစွာကြာ တည်ရှိကျန်နေရစ်သည့် ခမာမင်းဆက်ခေတ်၊ ဒုတိယမြောက် ဂျာယဝါမန်ဘုရင်သည် ဘုရင်ကိုနတ်ဘုရားအဖြစ် ကိုးကွယ်သည့်အယူဝါဒကို ထူထောင်ခဲ့သူဖြစ်၏။ ဤအယူဝါဒသည် ဤမင်းဆက်၏ဘာသာရေးအခြေအနေကို ထင်ဟပ်ခဲ့လေသည်။

ဂျာမန်ပညာရှင်ကြီးက ဘုရားကျောင်းကို ဤသို့ဖွင့်ဆိုပြ၏။ ဘုရားကျောင်းဆိုသည်မှာ ဟိန္ဒူဘာသာ၏ ဝိသေသဆောင်သည့် အနုပညာဆိုင်ရာဖွင့်ဆိုချက်ဖြစ်ပြီး သူတည်ရှိနေသည့် လူ့အသိုက်အမြုံ၏ ဘာသာရေးဆိုင်ရာကဲ့သို့ လူမှုရေးဆိုင်ရာဗဟိုချက်လည်း ဖြစ်လေသည်။ ဟိန္ဒူဘာသာဆိုသည့် ဝေါဟာရမှာ ဘာသာရေးဆိုသည့်အနက်ထက် အိန္ဒိယလူ့ယဉ်ကျေးမှုနှင့် လက်တွေ့ကျင့်ကြံနေထိုင်မှု ဘဝနေနည်းတွေးခေါ်မြော်မြင်မှုများ တစ်ခုနှင့်တစ်ခုနွယ်ယှက်နေကြသည်။ ထိုဟိန္ဒူယဉ်ကျေးမှုအကြွင်းအကျန်များသည် အာရှဒေသကြီးတစ်ခုလုံးတွင် ဆက်လက်တည်ရှိဆဲဖြစ်၏။ ခမာဗိသုကာ၏ အဦးဆုံးလက်ရာကြီးသည် ၉ ရာစုနောက်ပိုင်းအုပ်စိုးခဲ့သော ခမာမင်းဆက်၏ မင်းနေပြည်တော်အန်ကွာကိုတည်ထောင်သူဟု မှတ်ယူရသည့် အိန္ဒရာဝါမန်မင်းလက်ထက်တွင် တည်ဆောက်ခဲ့ကြသည်။ သုံးရာစုဆက်တိုက် ဖွံ့ဖြိုးဝေစည်လာခဲ့သော ဗိသုကာမှုသည် အံ့ဖွယ်ဘနန်းရင်သပ်ရှုမောရသော ဗိသုကာပညာနှင့် အုပ်ချုပ်မင်းလုပ်သူတို့၏ အလိုဆန္ဒကို အထင်အရှားအကောင်အထည်ပေါ်စေ၏။

## ■ စာပေပန်းခင်းရနံ့သင်း

၁၂ ရာစု ဒုတိယမြောက် သူရယဝါမန်မင်းလက်ထက်က ဆောက်လုပ်ခဲ့သည့် အန်ကောဝပ်ကျောင်းကြီးသည် ဟိန္ဒူဘာသာဝင်တို့၏ ဗိသနိုးနတ်မင်းကြီးအတွက် ရည်မှတ်ပူဇော်ဆောက်လုပ်ခဲ့ခြင်းပင်တည်း။

ဤနေရာ၌ဖော်ပြလိုသည်မှာ စေတီနှင့် ဘုရားကျောင်းမတူခြင်းပင်။ စေတီသည် စေတီထိုက်ပုဂ္ဂိုလ်၏ ဓာတ်၊ ပရိဘောဂများဌာပနာထည့်ခြင်း၊ ဥဒ္ဒိသ= ထိုပုဂ္ဂိုလ်ကို ရည်စူးသော စေတီ(သို့)အဆောက်အအုံဖြစ်၏။ ရှိခိုးထိုက်၏ ပူဇော်ထိုက်၏။ အိန္ဒိယ၌ကား နတ်ကွန်းတိုင်းကိုစေတီဟုခေါ်၏။ အန်ကောဝပ်သည် စေတီမမည်။ ဘုရားကျောင်းတော်ကြီးဟုသာ တွင်၏။ (သို့ရာတွင် စကြဝဠာကြီး၏ ဗဟိုချက်မနေရာဟုယူဆသော ထိုကျောင်းတော်ကြီး၏ ဗဟိုချက်မနေရာ၌ ဗုဒ္ဓဘာသာဆိုင်ရာ ထုလုပ်ဟန်အတိုင်း ဗိသနိုးကိုဗုဒ္ဓအဖြစ် ဖော်ပြထားသည့်ပုံကို တွေ့ရှိခဲ့ရသည်။) (ဗုဒ္ဓရုပ်ပွားတော်မဟုတ်ကြောင်း နောက်တွင်ထင်ရှားစေပါအံ့)

အန်ကွာဝပ်ဘုရားကျောင်းတော်ကြီးနှင့် ဘုရားကျောင်းတော်ဝင်းသည် ခမာဗိသုကာမှု၏ စံပြုလောက်သော လက်ရာမွန်များဖြစ်လေသည်။ ဘုရားကျောင်းဆောင်များ၊ မုခ်တိုင်စဉ်များ၊ တံခါးမကြီးများနှင့် ဘုရားကျောင်းပတ်လည်အရံတံတိုင်းအစုစုနှင့် ဤကြီးကျယ်ခန့်ညားလှစွာသော ကျောင်းပရိဝုဏ်တော်သည် ၄၀၀ ထ ၃၀၀ မီတာထက်ပိုကျယ်သည့်အပြန့်ရှိပြီး ကျောင်းပရိဝုဏ်တစ်ခုလုံးကို နက်ပြာသည့်သဲကျောက်များဖြင့် ဆောက်လုပ်ထားလေသည်။ ဘုရားကျောင်းမကြီးသည် သမားရိုးကျအတိုင်း အရှေ့ဘက်သို့မလှည့်မူဘဲ အနောက်သို့လှည့် ထား၏။

အပြင်မုခ်တိုင်စဉ်တွင် ဇာတ်တော်အကြောင်း၊ ရာဇဝင်အကြောင်း ပြောပြနေသော ကျောက်ချပ်များကို လက်ယာရစ်မသွားဘဲ လက်ဝဲရစ်ပြောင်းပြန်စီစဉ်ထားခြင်းသည် ထူးဆန်း၏။ ဟိန္ဒူဗိသုကာပညာရပ်၌ အန်ကွာ၌အခြေ

ခံတည်ဆောက်ရသော ယေဘုယျအားဖြင့် လိုက်ကိုလိုက်နာရမည့် အစီအစဉ်အနေအထားကို ပြောင်းပြန်ပြုလုပ်ထားခြင်းများက အောက်လောက(သေလွန်ပြီးသူတို့သွားရာ အပါယ်ဘုံ)နှင့်ဆိုင် သောဘုရားကျောင်းတစ်ဆောင်အဖြစ်နှင့် ဤအဆောက်အအုံ၏ အထူးပြုလုပ်ဆောင်တာများကို ညွှန်ပြနေလေသည်။

အန်ကွာဝတ်ဘုရားကျောင်းတော်သည် အမှန်အားဖြင့်လည်း 'သူရယဝါမန်၏ ဂူသချိုင်း' တည်ရာ ဘုရားကျောင်းတော်ဖြစ်နေ၏။ ဘုရားကျောင်းတွင် ထုဆစ်ထားသော ပန်းဆွဲတန်းများမှ အချို့သည်ဘုရင်ထုပ္ပတ်ကို သရုပ်ဖော်ချယ်မှုန်းပြထားခြင်းဖြစ်၏။

ဘုရားကျောင်း ငါးဆောင်ပါ၊ ခုံအမြင့်နှင့်ဆောက်လုပ်ထားသည့် ကျောင်းဆောင်များ၊ တံခါးများအပေါ် စွင့်ကားထွက်နေသော ပြာသာဒ်များ၌ ဂန္ထဝင်မြောက်ခမာပုံစံပါရှိပြီး အပေါ်ဆုံးနှင့်ဗဟိုချက်က ကျောင်းဆောင်ကို အုပ်မိုးနေသောဆွဲအားများသည် အပြင့်ဘက်ကွမ်းထောင်တစ်ခုအဖြစ်သို့ ကျွမ်းကျင်လိမ္မာစွာ ဆောက်လုပ်ထားသည်။

'အန်ကွာမြို့၏ ဗဟိုချက်ဘာယွန်ဘုရားကျောင်းတွင် သေလွန်ပြီးသောမိဘဘိုးဘွားတို့၏ ဝိညာဉ်ကိုဆက်ကိုးကွယ်သော အယူသည်း ဂိုဏ်းနှင့်ဆက်စပ်ရောယှက်နေသော မဟာယနဗုဒ္ဓဘာသာက သူထိုက်တန်သောနေရာကို ရလာရာအရပ်ဖြစ်၏။ သို့ငြားလည်း ဗုဒ္ဓဘာသာ၏ ပုံသွင်ကြာရှည်မခံခဲ့ပါချေ။ ခုနစ်ဆက်မြောက် ဂျာယဝါမန်ဘုရင်နတ်ရွာစံပြီးနောက် အန်ကွာခေတ်အလွန်လျင်မြန်စွာဆုတ်ယုတ်ပျက်စီးသွားခဲ့သည်။

အမှန်တကယ်ကား အန်ကောဝပ်ကျောင်းတော်ကြီးသည် ကမ္ဘောဒီးယား၏ ဟိန္ဒူဂါဒ၏နိဂုံးကမ္ပတ်အဆုံးသတ်ကို ဖော်ညွှန်းကျန်ရစ်တော့ သည်ဟူ၏။

အိန္ဒိယဗိသုကာပညာအမိကနှင့် ပါရဂူဘွဲ့ရယူထားသော ဟိန္ဒူဗိသုကာ

ပညာကို ကျွမ်းကျင်သူ ကမ္ဘာသိလူတော်ဂျာမန်ပညာရှင်ကြီး George Miehell ပြုစုထားသော အင်္ဂလိပ်မူ ကျမ်းရင်းစာအုပ် Der Hindu Tempel Baukumsteiner Weltreligion အင်္ဂလိပ်မူကို ကမ္ဘာ့စာပေတွင် ကမ္ဘာကျော် Dumont စာအုပ်တိုက်က ပြင်ဆင်တည်းဖြတ်ထားသော ဂျာမန်ဘာသာမှ ဆရာရွှေမြအောင် မြန်မာမှုပြုထားသော 'ဟိန္ဒူနတ်ဘုရားများနှင့် တွေ့ဆုံခြင်း' တွင် ဖော်ပြထားသည်။

မူလကျမ်းပိုင်ရှင်ကြီး ဂျော့ရှ်မီချဲလ်၏ အမှာစာတွင် ဤကျမ်းစာအုပ်ကို သူစိမ်းဆန်သည့်အပြင် မှုန်ဝါးဝါး(ဝါ)လျှို့ဝှက်ဆန်းကြယ်သည်ဟု ထင်မြင်ရသော အကြောင်းရင်းတစ်ရပ်ကို မိတ်ဆက်ပေးဖို့၊ လျှို့ဝှက်ဆန်းကြယ်သည့် ဟိန္ဒူဘုရားကျောင်းပုံစံများနှင့် ၎င်း၌ရှိကြသော ပန်းပုရုပ်ထုများ၏ ဆိုလိုရင်းများ၊ ဝိသေသထူးများ၊ ဘာသာရေး၊ ပုရာဏ်၊ ဒဿနများကို ပုံဖော်ပြနေခြင်းကို 'လင်း' ပေးဖို့ရန်သည် ဤကျမ်းစာအုပ်၏ ရည်ရွယ်ချက်ဖြစ်၏' ဟုဆိုထား၏။ ဤကျမ်းကြီးက ဤသို့လင်းထားသောကြောင့် 'အိန္ဒိယယဉ်ကျေးမှုပင်လယ်ပြင်ကြီး၏ ဆက်ပေါင်းစုံကို ထိတွေ့နိုင်မစွမ်းသော်လည်း ကျမ်းကြီး၏ဒုတိယပိုင်းတွင်ဖော်ပြထားသော ဘာသာရေးအသွင်ပြောင်းလဲလာရခြင်းအကြောင်းရင်းကြီးများထဲမှ သိသင့်သိအပ်သော အကျိုးအကြောင်းအမှန်ကို သိခဲ့ရ၏။

ကျမ်းဆရာကြီးသည် ဗိသုကာပညာရှင်ကြီးဖြစ်သောကြောင့် ဘုရားကျောင်းလက်ရာများကို အသေးစိတ်၊ အနုစိတ်ပီပြင်စွာ ဖော်ပြ၍မည်သည့် သဘောသက်ရောက်စေသော သက်ဝင်စေသောသဘောကို ထုဆစ်ထားသော ပန်းပုရုပ်ထုတို့၏ လက်ရာဟန်သည် မည်သို့ဟုရှင်းလင်းပြ၏။

ဟိန္ဒူအထင်ကရဂိုဏ်းများနှင့် ဟိန္ဒူဘာသာရေးသမိုင်းတွင် သီဝနှင့်ဗိဿနိုးကို တစ်ချိန်တည်းကိုးကွယ်သည့် ဂိုဏ်းကြီးနှစ်ခုဖွံ့ဖြိုးခဲ့၏။ အရေးပါသော တတိယဂိုဏ်းမှာ မိခင်(သို့မဟုတ်)နတ်ဘုရားမကို ကိုးကွယ်ဆည်းကပ်

ခြင်းဖြစ်၏။ ဤနတ်ဘုရားမ ပါရဝတီ=ဥမ္မသည် သိဝ၏ကြင်ယာတော်ဖြစ်နေ၍ သီးခြားအသွင်နှင့်တွေ့ရခဲ၏။ သိဝ ဗိဿနိုးနှင့် နတ်ဘုရားမကြီးတို့သည် ရောစပ်ဖန်တီးကာ တစ်ခုကိုတစ်ခုမှီလျက် ငြိမ်းချမ်းစွာ ဖွံ့ဖြိုးစည်ပင်ခဲ့ကြလေသည်။ (သိဝ+ဗိဿနိုး+ဗြဟ္မာ)သုံးပါးတစ်ဆူဟူ၍ ဖွံ့ဖြိုးခဲ့၏။

ဆိုလိုသည်မှာ တစ်ဆင့်နိမ့်နတ်ဘုရားဖြစ်သော ဗြဟ္မာကိုပါ ထည့်သွင်းတွက်ထားသည့် သုံးပါးတစ်ဆူအယူဝါဒ (တြိမူရတိ)သည် ဟိန္ဒူ ဘာသာဝင်တို့ ဗိဿနိုးကိုးကွယ်မှု၏ အရေးကြီးသည့်ကဏ္ဍတစ်ရပ်မှာ ‘လူဝင်စားခြင်းသဘောမမွှဖြစ်၏’။ လူဝင်စားကြိမ်အရေအတွက်ကို တဖြည်းဖြည်းချင်း ဆယ်ကြိမ်အထိ အခိုင်အမာချပြ၏။ ငါး၊ လိပ်၊ ဝက်သိုး၊ ပါရားသုရာမ၊ ရာမ၊ ခရစ်သျှနား၊ ကလေးနတ်ဘုရား နာရယနစသည်ဖြင့်။ ဗုဒ္ဓအဖြစ် ကာလကင်အဖြစ် ဗိဿနိုး၏နောက်ဆုံးဝင်စားခြင်းနှစ်ခုသည်ကား နောင်တွင်မှဖြည့်စွက်လာကြခြင်းဖြစ်တန်ရာသည်။

ဗုဒ္ဓကိုထည့်တွက်လာခြင်း၏ နောက်ကွယ်က ရည်ရွယ်ချက်သည်ကား လှည့်စားဖို့ရန်၊ နတ်ဆိုးများက ဖန်ဆင်းလိုက်သည့် ဗိဿနိုး၏မှားယွင်းသည့် အသွင်သဏ္ဍာန်တစ်ခု၏ စတေးခံများအဖြစ် ဗုဒ္ဓဘာသာဝင်တွေကို ဖော်ပြခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင်များကို အကျိုးနည်းစေရန်ဖြစ်ချေ၏။ ဟူ၍ဂျာမန်ပညာရှင်ကြီး ဂျော့ချ်မီရှယ်လ်က သုံးသပ်ဝေဖန်ပြထားသည်ကို ‘ဟိန္ဒူနတ်ဘုရားများနှင့်တွေ့ဆုံခြင်း’ဘာသာပြန်စာအုပ် စာမျက်နှာ ၅၉ တွင် ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

**(ထိုသို့ အဝတာရအမျိုးမျိုးပုံဟန်၌ ဗိဿနိုးရုပ်ထု၊ ပန်းပုရုပ်ပုံများသည် ဘုရင်အသွင်နှင့်လည်းရှိ၊ ဗုဒ္ဓဘာသာဆိုင်ရာ ထုလုပ်ဟန်အတိုင်း အသွင်ထုးသည့် ကွေးကောက်နေသည့်ဆံပင်၊ ဆံထုံးနှင့် ခြေဖဝါးတစ်ဖက်ပေါ်တစ်ဖက်တင်ထားသည့် တင်ပျဉ်ခွေ မတ်မတ်ထိုင်နေဟန်ကား**

## စာပေပန်းခင်းရနံ့သင်း

(ဆနိုးကိုဗုဒ္ဓအဖြစ် ဖော်ပြခြင်းတည်း။)

လူကြိုက်များသည့် အသွင်သဏ္ဌာန်များကို ရောနှောပြီး စုပေါင်းထုတ်လုပ်၍ တစ်ချိန်တည်း၌ နတ်ဘုရားနှစ်ပါးကို မြင်ထင်ပူဇော်စေသည်။ ရုပ်ထုတစ်ခုကား ဣတ္ထိလင်နှင့် ပုလ္လိင်ရောထားသည့် ရုပ်ထု(အာဒဟာနရီသဝရ)၌ သံနှင့်သက္ကတီးကိုဆက်စပ်ကာ အရောအနှောအသွင်တစ်ခုကို ဖန်တီးထားခြင်းပင်ဖြစ်လေသည်။ သို့ရာတွင် ဤသို့ဖန်တီးထားသော ဗိသုကာပညာသို့မဟုတ် ပန်းချီဆေးရေးကျောက်ဆစ်လက်ရာ ပန်းတမော့ပညာ၏ ကြီးကျယ်ခန့်ညားမှုများစွာကို ဖော်ပြအပ်၏။ မိမိကိုယ်တိုင် အနက်အဓိပ္ပာယ်ဖော်ခြင်းကိုမူ ပြုအပ်ချေ။ ဟူ၍လည်း ဆိုထား၏။

ထို့ပြင် ခမာဘုရားကျောင်း ဗိသုကာလက်ရာ၌ အထင်ရှားဆုံးဖြစ်သည့် ကမ္ဘောဒီးယားမှ အန်ကွာဝပ်ဘုရားကျောင်းမှုကား အယူအဆကွဲ နောက်တစ်ခုကိုလည်း ဖော်ပြနေပါသေး၏။ အဘယ့်ကြောင့်ဆိုသော် ဤဘုရားကျောင်းကို နတ်ဘုရားနှင့် ဘုရင်အပြင် ယခင်နတ်ရွာစံလေပြီးသော ဘုရင်များကိုပါ တစ်ချိန်တည်း တစ်ပါတည်း ရည်မှတ်ဆောက်လုပ်ထားသည့်အဖြစ် ခရစ်နှစ် ၁၁၅၂ ခုနှစ်က နတ်ရွာစံလွန်သွားသည့် ဘုရားဒကာဘုရင် ဒုတိယမြောက် သူရိယဝါမန်ကို မြှုပ်နှံထားရာလည်းဖြစ်၏။ ဟူ၍ဖော်ပြထားပါသည်။

ဟိန္ဒူကျမ်းအများစုသည် ကျောက်ကို အမြင့်မြတ်ဆုံးသော ဆောက်လုပ်ရေးပစ္စည်းအဖြစ် အလေးပေးသွန်ကြားထား၏။ သစ်သား၊ အုတ်တို့ထက် အဆသောင်း၊ ထောင်၊ ရာ အကျိုးကြီးပုံသွန်ပြ၏။ သူတို့သဘာဝအတိုင်း တည်ရှိနေသည့်နေရာမှ ကျောက်တိုင်ဖြစ်မည့်နေရာ မြောင်းထွင်း၊ ကျန်ကျောက်သားကို အနေတော်ချိန်ရွယ် အကြမ်းဖြတ်ချထောက်ခံထား၏။ အိုင်ဟိုလာ လာဒမန်ဘုရားကျောင်း 'အမိုးတန်းဆောင်းများသည် အစဉ်အလာသုံးစွဲခဲ့သည့် သစ်သားလက်ရာပုံစံမှုဟန်ကို တွေ့ရ၏။

ဟိန္ဒူဘုရားကျောင်း ဗိသုကာပညာသည် ဟိန္ဒူတွေးခေါ်မှု၏ အခြေခံအချက်ဖြစ်သော ထပ်ပြန်တလဲလဲမွေးဖွားနေရသော ဤအဝိဇ္ဇာလောကမှ လူသား၏လွတ်မြောက်ရေး (မောက္ခသ္ခ)၏ကြိုးပမ်းမှုကို နိမိတ်ရှင်းပြထား၏။

ဟိန္ဒူတွေးခေါ်မှု၏ အမြင့်ဆုံးနှင့်အဆုံးစွန်တွေးဆနိုင်ဆုံးအဆင့်မှာ လောကကြီးကို အမြင်မှားမှု(အဝိဇ္ဇာ)အဖြစ် သုံးသပ်ပြီးငြင်းပယ်၏။ ဟူ၍ မူလကျမ်းပိုင်ရှင်ကြီး ဂျော့ရှ်မီချဲလ်က သုံးသပ်ပြခဲ့သည်။ ထိုအံ့ဖွယ်သရဲစွက်မက်ဖွယ် ဗိသုကာလက်ရာအန်ကောဝပ်ဘုရားကျောင်းတော်ကြီးသည် ဗိဿနိုးနတ်ဘုရားက စကြဝဠာနို့ပင်လယ်ကြီးကို အောင်နိုင်လိုက်ပြီးနောက် စကြဝဠာကြီးကို ဖန်ဆင်းခြင်းအကြောင်းရေးသားထားသော ပုရာဏ်ကျမ်းကိုတင်စားခိုင်းနှိုင်းပုံဖော်ထားခြင်းဖြစ်သတည်း။ ၁၂ ရာစုခေတ်လက်ရာဖြစ်၍ ယခု ၂၁ ရာစုခေတ်တွင် နှစ်ပေါင်း ၁၀၀၀ မျှသက်တမ်းကြာမြင့်ခဲ့ချေပြီ။

## အပိုင်း(၂)

## ဗုဒ္ဓဘာသာဝင်တိုင်း အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်ကြီး

မြန်မာမှုပြုသူ ဆရာရွှေမြအောင်၏ ရင်တွင်းစကားက ဤသို့ဆိုထား၏။ 'ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင် အများစုအဖို့မှ ဟိန္ဒူဘုရားကျောင်းများသည် သူစိမ်းဆန်နေသည်ဆိုက မှားအံ့မထင်ပါ။ တကယ်တမ်းမှာမူ ဂေါတမဘုရားရှင်ကိုယ်တော်ကိုင် ဟိန္ဒူဗြဟ္မဏဇာတ်ဝင် မိသားစုမှဆင်းသက်လာခဲ့သူဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ရောက်ပြီးမှ ဗုဒ္ဓဂိုဏ်းကို သီးခြားထူထောင်ပြီး လမ်းခွဲထွက်လာခဲ့သူဖြစ်၏ဟူ၍ ဖော်ပြထားပါသည်။)ဤစကားသည် အလွန်မှန်ကန်လှပေ၏။

ဘုရားရှင်ပွင့်တော်မူရာဒေသ အိန္ဒိယပြည်ကြီးသည် ဇမ္ဗူဒိပ်ကျွန်းကြီး၏

## စာပေပန်းခင်းရနံ့သင်း

ထယ်ဗဟို မဖျိုမတိုက်ဟုခေါ်ရသော အလွန်ထူးခြားသော တိုက်ကြီးတစ်တိုက် ရှိခဲ့လေသည်။ 'သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓါကြီးများနှင့် အဂ္ဂသာ ဝက၊ မဟာသာဝကကြီးများ၊ လေးကျွန်းလုံးကိုအစိုးရသော စကြဝတေးမင်းများ၊ ဘုရားအလောင်းတော် မိဘများတို့သည် အိန္ဒိယပြည်မှာသာဖြစ်တော်မူကြသော ကြောင့် အလွန်ထူးခြားသော ကောင်းမှုအစုံစုံတို့ပြည့်စုံသကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူ အမျိုးစုံထွန်းကားရာ ဒေသကြီးလည်းဖြစ်ခဲ့သည်။ အကောင်းအဆိုးရောထွေး ယှက်တင်နေခဲ့သည်။ ထူးခြားသောတိုက်ကြီးဖြစ်၏။

သို့ကြောင့်ပင် ဂေါတမဘုရားရှင်သည် အိန္ဒိယမြေတွင်ဖွား၊ အိန္ဒိယမြေ တွင် ပရိနိဗ္ဗာန်စံဝင်သော်လည်း အိန္ဒိယ၌ ဘုရားသာသနာ မကျန်ရစ်ခဲ့ဘဲ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာစသော (ထိုစဉ်ခေတ်က ပစ္စန္တရစ်နယ်မြေများ) နိုင်ငံတို့တွင်သာ ထွန်းလင်းခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် ဂေါတမဘုရားရှင် စံလွန်တော်မူပြီးနောက် သာသ နာ့ပမိစ္ဆာဒိဋ္ဌိများသည် ဘုရားရှင်၏တပည့်သားသံဃာတော်များကို သတ်ဖြတ်၊ ကျောင်းများမီးရှို့၊ စေတီပုထိုးရုပ်ပွားတော်များကို ဖျက်ဆီးပစ်ခဲ့ကြသောကြောင့် အိန္ဒိယ၌ဗုဒ္ဓသာသနာကွယ်ခဲ့လေသည်။

ဂေါတမဗုဒ္ဓသာသနာဆိုသည်မှာ ဂေါတမဘုရားရှင်၏ အဆုံးအမလမ်း ညွှန်စကား တားမြစ်စကားတရာတော်များပင် ဖြစ်လေရာဘုရားရှင် သက် တော်ထင်ရှားမရှိတော့သော်လည်း သံဃာယနာအထပ်ထပ် တင်ထားသော သုတ်-ဝိနည်း-အဘိဓမ္မာ-ပိဋကတ်တော်တို့သည် ပရိယတ္တိသာသနာအဖြစ် ကျန်ရှိနေ၏။ ထိုပရိယတ္တိဒေသနာအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်သော ပဋိပတ္တိသာသနာလည်းရှိ၏။ ထိုပရိယတ္တိ ပဋိပတ္တိအကျင့်လမ်းတို့ကြောင့် ဖော်ဆောင်ဖူးပွင့်လာသော ပဋိဝေဓသာသနာတော်သုံးရပ်သည် ဘုရားရှင်၏ သာနေယျပုဂ္ဂိုလ်များကျန်ရှိနေသေး သော မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့၌

ဂေါတမဗုဒ္ဓထေရဝါဒသာသနာအဖြစ် မျက်မှောက်ခေတ်တွင် ထွန်းလင်းတောက်ပလျက်ရှိနေလေသည်။

ဝေနေယျဆိုသည်မှာ ဘုရားရှင်သိတော်မူသော နိဗ္ဗာန်တရား၊ သစ္စာလေးပါးတရား၊ မဂ္ဂင်ရှစ်ပါး၊ သီလ–သမာဓိပညာ၊ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် မိမိကိုယ်သာကိုးကွယ်ရာဖြစ်စေ၍ ဘုရားရှင်ကဲ့သို့ သိနိုင်၊ သိဉီးမည့်ပုဂ္ဂိုလ်များဖြစ်လေသည်။ ထိုဝေနေယျပုဂ္ဂိုလ်တို့ကို ညွှန်းဆိုသဖြင့် သာသနာနှစ် ၅၀၀၀ ကျန်ရှိသည်ဟု ဆိုကြလေသည်။ သို့ကြောင့်ဘုရားရှင်စံလွန်တော်မူခါတော်လောင်သောအခါ အရွယ်အစား အရောင်အဆင်းအမျိုးမျိုး ဓာတ်တော်တို့ ၁၆ နာဠိ ကြွင်းကျန်ခဲ့လေသည်။

ရှေးအထက်က ပွင့်တော်မူပြီးကြကုန်သော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဘုရားရှင်တို့အဖြစ်သို့ ရောက်သောကာလ သတ္တာ သတ္တာဟ ၄၉ ရက် စံတော်မူသဖြင့် မည်သည့်ဆွမ်းအာဟာရမျှ ဘုဉ်းပေးရခြင်းမရှိသေးမီ မြန်မာနိုင်ငံသား မွန်ကုန်သည်ညီနောင် တဖုဿ၊ ဘလ္လိကတို့သည် မုန့်ဆွမ်းဦးကပ်ခွင့်ရ၏။ ဒွေဝါစိကသရဏဂုံအဉီးအစ ဆောက်တည်ခွင့်ရသည့်ပြင် ကိုးကွယ်ပူဇော်ရန် ဘုရားရှင်အဖြစ်၏ ပွင့်သစ်ဦးမွေးကြူဆံတော်မြတ်ရှစ်ဆူကို ဦးစွာပထမသနားချီးမြှင့်ခြင်းခံရသည်သာမက ဆံတော်မြတ်များ တည်ထားကိုးကွယ်ဖို့ လျော်အပ်သင့်ရာမြတ်ဌာနကိုပင် ဘုရားရှင်ကိုယ်တော်တိုင်ညွှန်ပြ၏။ ဤဘဒ္ဒကပ်ကမ္ဘာ ဘုရားရှင်လေးဆူတို့၏မွေတော် ပရိဘောဂများတစ်နေရာတည်းတွင် တည်ထားပူဇော်ခြင်းဖြင့် လောကီလောကုတ္တရာ အကျိုးစီးပွားများစေသော မဟာကရုဏာတော်ဖြင့် ဗျာဒိတ်စကား ဤသို့မိန့်ကြားခဲ့လေသည်။

'ဤမဇ္ဈိမဒေသ ဟိမဝန္တာတောင်တန်းကြီး၏အဆုံး ၉၉ ကုန်းမြောက်၌ သိင်္ဂုတ္တရအမည်ရသော ကုန်းမြတ်သည် သင်တို့၏ရာမညတိုင်း၌ရှိသည်။ ဤဘဒ္ဒကပ်ကမ္ဘာ၌ ပွင့်တော်မူကြကုန်ပြီးသော နောင်တော်ကကုသန်၊ ကောဏဂုံ

ကဿပဘုရားရှင်တို့၏ တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော်တို့ဌာ
ပနာတည်ထားလျက်ရှိပြီးသည်။ ငါ၏ဆံတော်ရှစ်ဆူကိုလည်း ထိုသိင်္ဂုတ္တရကုန်း
တော်တောင်မှာပင် စေတီတည် ထားကိုးကွယ်ကြလတ္တံ့’

တဖုဿ ဘလ္လိကညီနောင်တို့ မြန်မာပြည်ပြန်ရောက်သော် ဘုရားရှင်ဗျာ
ဒိတ်တော်စကားအတိုင်း ကြိုးစားဖွေရှာပြီး တိဂုမ္ဘခေါ် တောင်ဖန်တီး၍ ရှေးရှေး
ဘုရားရှင်တို့ ပရိဘောဂများ ဌာပနာတည်ရာ ကညင်ပင်မြေဌာနကို ရှင်းလင်းပြီး
တောက် ၄၀၄ တောင် အနံ ၄၄ တောင်ရှိသော ဌာပနာတိုက်ကြီးတည်၏။ ဌာ
ပနာတိုက်အနောက်ဘက်တွင် မြ၊ တောင်ဘက်တွင် ဓမ္မရံ၊ မြောက်ဘက်တွင်
နီကြာ၊ အရှေ့ဘက်တွင် လောပိတ၊ အခင်းမှာငွေအတိပြီးသော ကျောက်ဖျာ
များကွက်ပြီးခင်း၊ အဝသုံးတောင်၊ အလျားခုနစ်တောင် ရွှေသဘော်တည်
ဆောက်၊ ဆံတော်ရှစ်ဆူကို ပတ္တမြားကြုတ်တွင်းထည့် ဖမ္ဘုရစ်ရွှေကြုတ်တွင်း
သွင်း၊ မြပုခက်ပေါ်တင်၊ (တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်)တော်တို့ကို ပတ္တမြား
ကလာပ်တွင်ထည့်ကာ ရွှေသဘော်ပေါ်တင်စေလျက် ရွှေသဘော်ရှိရာ ဌာပနာ
တိုက်တွင်းသို့ ရေသွင်းပြီးတပေါင်းလပြည့် ဒီရေဦးတက်ချိန်နှင့်ညှိကာ ဌာပနာ
တိုက်ကို ကျောက်ဖျာကြီးနှင့်ပိတ်ပြီးလျှင် ရွှေစေတီတည်၏။ ထိုရွှေစေတီကိုငုံပြီး
ငွေစေတီ၊ ကြေးဖြူစေတီ၊ ကြေးနီစေတီ၊ သလွဲစေတီ ကျောက်ဖြူစေတီ၊ သံ
အုတ်စေတီတို့ အထပ်ထပ်ငုံ၍ငုံ၍တည်ကာ ရတနာအမျိုးမျိုးတို့ဖြင့် မွမ်းမံပြီး
ဉာဏ်တော်အမြင့် ၄၄ တောင်ရှိ တြိဂုမ္ဘစေတီဘွဲ့မည်ဆက်ကပ်၏။

ကမ္ဘာမြေပြင်အထက် ရှေးဦးအဖျားဖြစ်သော ထိုစေတီ၌ သိလျက်ဖြစ်စေ၊
မသိလျက်ဖြစ်စေ ဦးချပူဇော်သောသူတို့ အပြစ်ခပ်သိမ်းပ ပျောက်ငြိမ်းလျက်
ကောင်းကျိုးမင်္ဂလာဖြစ်ပါစေခြင်းအကျိုးငှာ စေတီတည်စေရာ ယနေ့မျက်မှောက်
ကာလ၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအဖြစ် ထင်ရှားတည်လျက်ရှိရာတွင် သ
ထိုင်းဆက်စပ် အထင်ကရစေတီတော်မြတ်ကြီးများလည်း တွံတေးမြို့ ရွှေဆံ

တော်စေတီ၊ ဗိုလ်တထောင် စေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ဆူးလေစေတီ၊ တန့်တော်မူစေတီ၊ နောင်တော်ကြီးစေတီတော်မြတ်ကြီးတို့သည် နှစ်ပေါင်း ၂၆၀၀ ကျော်ကပင် ပူ ဇော်ခံတည်ရှိကြလေသည်။

ခေတ်အဆက်ဆက် မြန်မာမင်းမြတ်နှင့် ပြည်သူတို့ပြုပြင်မွမ်းမံပူဇော်လာခဲ့ကြရာ ဟံသာဝတီခေတ် ရှင်စောပုဘုရင်မကြီးလက်ထက်မှ အစပြုလျက် စေတီတော်လုံးတော်ပြည့် ရွှေစင်စစ်အခေါက်ရွှေသားအချပ်များ မျက်ပါးခတ်ကာ မူလီစုပ်ကပ်ပူဇော်ကြသည်မှာ ယနေ့တိုင်ထိပင်။ ထိုဘုရင်မကြီး လက်ထက်တွင် အရပ်လေးမျက်နှာဝန်းကျင် စောင်းတန်းလှေခါးအဆင့်ဆင့်ကို အတင့်အတယ်ပြုပြင်ပူဇော်ခဲ့ကြရာမှ ယနေ့ ၂၁ ရာစုရောက်သော် ဓာတ်လှေခါး၊ စက်လှေခါးအသွယ်သွယ်ဖြင့် အုံ့မခန်းပူဇော်ကြပြန်သဖြင့် ရွှေတိဂုံကုန်းမြင့်တော်ပေါ်ရှိ စေတီတော်မြတ်ကြီးကို လျင်မြန်လွယ်ကူစွာဖူးမြင်ကြည်ညိုနိုင်ကြသည်သာမက သိင်္ဂုတ္တရကုန်းတော်ပေါ်က ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရန်ကုန်မြို့တစ်ခွင် အဘယ်နေရာမှပင် လှမ်းမျှော်ဖူးဖူး ရွှေတောင်ကြီးသွင် ကြည်စင်ကျက်သရေ တင့်ရွှန်းဝေလျက်ဖူးတွေ့ရ၏။ သစ်သားထက် အုတ်၊ အုတ်ထက်ကျောက်၊ အဆရာထောင်သောင်းဖြင့် မြတ်သည်ဟုယူဆခဲ့ပါလျှင် ရွှေစင်ရွှေစစ်၊ ရွှေသားအနှစ်တို့ လနှစ်ရှည်ကြာ တစ်နေ့ထက်တစ်နေ့ တရွှေ့ရွှေ့ ရွှေသားတက်နေသဖြင့် ရှန်းလက်ဖူးရည် ထိုစေတီကြီးသည် အဆသောင်းသိန်း သန်းကုဋေ အသချေတိုင် မြတ်လှပေသည်တကား။

ထိုစေတီကြီးရင်ပြင် ကုန်းတော်တစ်ခွင်၌ သီလသမာဓိပညာရှုပွားခဲ့ပါသော် တန်ဖိုးဖြတ်မရ။ သင်္ချာသုခနိဗ္ဗာန်တိုင်ထိပါတကား။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် 'ထေရဝါဒသာသနာအစ ရွှေတိဂုံစေတီတော်မြတ်ကြီးက'ဖြစ်ကြောင်း ကောင်းစွာနှလုံးသွင်း ကြည်ညိုနိုင်ကြသည်ဖြစ်၍' ထေရဝါဒ ဗုဒ္ဓသာသနာတည်ရာ ဤမြန်မာပြည်သည်သာ အရှေ့သွားသွား အနောက်လား

လား အကောင်းဆုံးဖြစ်ကြောင်း သမ္မာဒိဋ္ဌိအမှန်တရားဖြင့် ယုံကြည်လက်ခံကြပါစေသတည်း။

**နိဂုံးချုပ်**

အရှေ့တောင်အာရှဒေသတို့၌ ဗုဒ္ဓဘာသာပြန့်ပွားရာသမိုင်းစဉ်တစ်လျှောက် ဟိန္ဒူနတ်ဘုရားများ နတ်ဘုရားနှင့်ဆိုင်သော ဓလေ့ဓရိုက်များတို့သည် အနည်းနှင့်အများအတူလိုက်ပါ ပြန့်ပွားကျန်နေခဲ့သည်ကို ယနေ့မြင်တွေ့နေရသေးသည်ကား ရွှေတိဂုံစေတီတော်မြတ်ကြီး၌ပင် လဆင်ကြိုဟ်တိုင်များထားရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ပူဇော်စာများကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ ပြုဆဲရှိနေခြင်းပါပင်။

ဟိန္ဒူဗြဟ္မဏဇာတ်ဝင် မိသားစုမှဆင်းသက်လာခဲ့သော ဗုဒ္ဓသည် ဗုဒ္ဓဝါဒ၏ ဓမ္မအနှစ်သဘောကို မထိပါးမချင်း၊ ဓမ္မအန္တရာယ်မဖြစ်မချင်း သူ့အရင်ကရှိနှင့်ပြီး ဟိန္ဒူဗြဟ္မဏအယူဝါဒဆိုင်ရာ အတွေးအမြင်များကို လက်မခံနိုင်တော့သည့်တိုင် လုံးဝငြင်းပယ်ခြင်း၊ ငြင်းခုံခြင်းမပြုဘဲလျက် လိမ္မာပါးနပ်စွာ အသွင်ပြောင်းယူခဲ့ကြောင်း ဗုဒ္ဓကျမ်းစာများ၌ ထင်ရှားစွာတွေ့ရှိရမည်ဖြစ်ပါသောကြောင့် ဗုဒ္ဓဘုရားရှင်၏ ဝိဘဇ္ဇဝါဒအခြေခံသော သမ္မာဒိဋ္ဌိ အယူမှန် အမြင်မှန်ဖြင့် မဂ္ဂင်ရှစ်ပါးလမ်း၌လျှောက်လှမ်းနိုင်ကြပါစေသတည်း။

**ချောယဉ်သာမြင့် (B.A.BED)**

**စာကိုး –** ဟိန္ဒူနတ်ဘုရားများနှင့်တွေ့ဆုံခြင်း၊

ရွှေတိဂုံစေတီတော်သမိုင်းတို့ကို စာကိုးပြုရေးသားဖော်ပြပြီးသည်။



# အောင်ကောင်းမွန် ၏ ဘဝနှင့်စာပေ

ဆရာအောင်ကောင်းမွန်ကို အဘဦးမြသန်း အမိဒေါ်စန်းစန်းတင့်တို့က ၁၉၈၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဆရာသည် မှော်ဘီမြို့ ငါးခုံးမစမ်း မူလတန်းကျောင်း၊ အလက (၅) မင်္ဂလာဒုံ အလယ်တန်းကျောင်းနှင့် အထက(၁) မင်္ဂလာဒုံအထက်တန်းကျောင်းများတွင် ပညာသင်ခဲ့ဆည်းပူးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကိုအောင်မြင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဒဂုံတက္ကသိုလ်က BA(LAW) ဘွဲ့ကို ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရှေ့နေအမှတ်စဉ် (၂၄၅၂၈)ဖြင့် ရွှေပြည်သာမြို့နယ်တရားရုံးတွင် အထက်တန်းရှေ့နေအဖြစ် အမှုလိုက်ခဲ့သည်။

၂၀၀၉ ခုနှစ်၌ 'မနောမယဂျာနယ်'တွင် 'ဖြစ်ချင်တာဖြစ်ရမယ်'စာမူဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး မနောမယဂျာနယ် အရုဏ်ဦးဂျာနယ်၊ မရမ်းတလင်းဂျာနယ်များတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ဆရာသည်ရှေ့နေ၊ အာမခံကိုယ်စားလှယ်နှင့် ကုမ္ပဏီဝန်ထမ်းတာဝန်များကိုထမ်းဆောင်လျက် စာပေများကိုရေးသားလျက်ရှိပါသည်။ ဆရာ၏ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်မှာ (၁၀၄၃၈)ဖြစ်ပြီး ဆရာ၏အမည်ရင်းမှာ ဦးဝင်းထွဋ်ဖြစ်ပါသည်။

အတွေးအမြင်

# ပြောင်းသင့်ရင် ပြောင်းကြစို့လား

အောင်ကောင်းမွန်

## နိဒါန်း

ယနေ့ကမ္ဘာမြေကြီးသည် လျင်မြန်စွာဖြင့် တိုးတက်ပြောင်းလဲနေပေ၏။ ကမ္ဘာကြီး၏ပြောင်းလဲမှုကို လိုက်ပါခံစားလိုသူတိုင်းသည် အပြုသဘောဆောင်သည့်ပြောင်းလဲမှုများ၊ ကောင်းမွန်သောပြောင်းလဲမှုများကို အလိုက်သင့်ပြောင်းလဲဖို့လိုနေ၏။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက 'ခင်ဗျားတို့အကျင့်တွေ ပြင်သင့်နေပြီ'ဆိုသည့်စကားကို ၎င်း၏မိန့်ခွန်းတစ်ခုတွင် ထည့်သွင်းပြောကြားသွားခဲ့၏။ ဒေါ်အောင်ဆန်းစုကြည်ကလည်း 'ပြောင်းလဲချိန်တန်ပြီ'ဆိုသည့်စကားဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးပြီး အောင်မြင်မှုရရှိခဲ့၏။ အမေရိကန်သမ္မတ အိုဘားမားသည်လည်း ပြောင်းလဲမည်(Change)ဟူသောစကားလုံးဖြင့် အမေရိကန်နိုင်ငံ၏ သမ္မတရာထူးကို

နှစ်ကြိမ်ဆက် တိုက်ထမ်းဆောင်ခဲ့လေ၏။ ပြောင်းလဲသင့်သည်များကို ပြောင်းလဲခြင်းသည် ဘဝအတွက်အရေးပါသောတစ်ချက်ဖြစ်သည်။ လူသားတိုင်းသည်လည်း မိမိတို့၏လိုအပ်ချက်များ၊ မိမိတို့၏အားနည်းချက်များကို ပြုပြင်ပြောင်းလဲရန်လိုအပ်ပါက ပြုပြင်ပြောင်းလဲစေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာစုကို ရေးသားပြုစုရခြင်းဖြစ်ပေ၏။

**မာန်ချမှဟန်ချသွားသူ**

မြတ်စွာဘုရားရှင်လက်ထက်က အရှင်ပေါဋ္ဌိလကျောင်းတိုက်ကြီး (၁၈)တိုက်မှရဟန်းများကို စာဝါပို့ချနေသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အရှင်မြတ်ကြီးသည် မဟာဂန္ထဝါစကဖြစ်သည့်အလျောက် အထူးထူးသောပူဇော်မှုခံရသည်။ မာန်တက်နေ၏။ ထို့ကြောင့် ရဟန်းကိစ္စမပြီးသေးချေ။ ဘုရားရှင်က အပြစ်ဆို၍ သတိဝင်ပြီး တရားကျင့်ရန်ဆုံးဖြတ်၏။

သပိတ်တစ်လုံးနှင့် တောရိပ်ဝင်ခဲ့ရာ တရားကျင့်နေသော ရဟန်းသုံးကျိပ်ကံရောက်၏။ အဆုံးအမပေးပါဟုတောင်းသော် အကြီးအမှူးရဟန်းက ‘သင်သည့်အများကို လမ်းပြနေသူ၊ ထိုသူကိုဘယ်မှာ ဆရာလုပ်ဝံ့မည်နည်းဟုပယ်၏။ ဒုတိယနာယကထံသွားလျက် တောင်းပန်သည်။ ထိုနည်းတူ ရဟန်းသုံးကျိပ်လုံးကပယ်ချ၏။ နောက်ဆုံးတွင် သာမဏေငယ်လေးထံရောက်၏။

ကိုရင်ငယ်သည် အရှင်ပေါဋ္ဌိလအား မာန်စွယ်ကျရန် ရေထဲတွင်ဦးခေါင်းကို ငုံ့ခိုင်းလိုက်၊ ပြန်ဖော်ခိုင်းလိုက်ဖြင့် အကြိမ်ကြိမ်ပြုလုပ်ခိုင်း၏။ ကြိမ်ဖန်များစွာပြုလုပ်ခိုင်းသောအခါ အရှင်အနုရုဒ္ဓါ၏စိတ်တွင် ‘ကိုရင်ငယ်လေးက ငါလိုဒိဗ္ဗစက္ခုဉာဏ်အရာမှာ ဧတဒဂ်ဘွဲ့ရတော်မူတဲ့သူကို ခိုင်းနေလိုက်တာ ကြည့်စမ်း’ ဆိုသည့် အတွေးစိတ်ဖြစ်ပေါ်နေသည်ကို သတိထားမိသွားလေ၏။ ငါလိုလူ၊ ငါလိုလူဆိုသည့်အတွေးက ရဟန်းကိစ္စပြီးမြောက်ဖို့အတွက် အဟန့်အတား

ဖြစ်နေခြင်းကို အရှင်အနုရုဒ္ဓါသည် အလေးအနက်နားလည်သွား၏။ လောဘ၊ ဒေါသ၊ မောဟ၊ မာန တို့၏ ကင်းလွတ်ရာနယ်မြေကိုသွားနေပါသော်လည်း သတိမထားမိသည့် အနုစားပညာမာနလေးကခံနေသည့်အတွက် အရှင်အနုရုဒ္ဓါအရှင်မြတ်သည် ရဟန်းကိစ္စပြီးမြောက်ဖို့အတွက် အခက်အခဲတွေ့ခဲ့ရ၏။ မာန်မာနက အနှောင့်အယှက်ပေးနေသည်ကို သိရှိသွားပြီး မာန်ကိုချလိုက်၏။ ထိုအခါမှ ရဟန်းကိစ္စပြီးမြောက်သွားတော့၏။ ဤအဖြစ်အပျက်သည် မာန်မာနမရှိခြင်းသို့ ပြောင်းလဲလိုက်ခြင်း၏ ရလဒ်ဖြစ်ပေ၏။

## မပြောင်းလဲခြင်းကြောင့် နောက်ကောက်ကျသူ

တစ်ခါက Nokia Handset သည် နာမည်ကြီး အမှတ်တံဆိပ်တစ်ခုဖြစ်၏။ ရောင်းအားအကောင်းဆုံး တံဆိပ်တစ်ခုဖြစ်သည်။ အရမ်းအောင်မြင်နေသည့်အချိန်တွင် ခေတ်၏ပြောင်းလဲမှုတစ်ခုနှင့် ကြုံတွေ့ရသည်။ Keypad လေးတွေနှိပ်ပြီးသုံးသည့်စနစ်ကနေ Touch Screen စနစ်သို့ ပြောင်းလဲခြင်းဖြစ်၏။ Nokia သည် ခေတ်၏ပြောင်းလဲမှုကို အလိုက်သင့်မစီးမျောဘူး၊ ခေါင်းမာ၏။ တင်းခံ၏။ လက်ရှိအောင်မြင်မှုကို ပွေ့ပိုက်နေလေ၏။ ကြည်နူးသာယာနေ၏။ ထိုသို့ဖြင့် Touch Screen လှိုင်းလုံးအောက်မှာ Nokia Handset ကျရှုံးခဲ့ရလေတော့၏။

Nokia CEO နောက်ဆုံးပြောသွားသည့် စကားတစ်ခွန်းရှိ၏။ ၎င်းမှာ "We didn't do anything wrong, but somehow we fail" 'ငါတို့အမှား မလုပ်ခဲ့ဘူး၊ ဒါပေမဲ့ ငါတို့ကျရှုံးခဲ့တယ်'

သင်ခန်းစာယူတတ်ရင် ယူလို့ရပေသည်။ အမှားမလုပ်ရုံနှင့် အောင်မြင်မှုမရနိုင်။ လက်ရှိအခြေအနေမှ ပြောင်းလဲသင့်သည့်အချိန်တွင် ပြောင်းလဲရမည်ဖြစ်ပါ၏။

## ဂျပန်နိုင်ငံ၏ ပြောင်းလဲခြင်းနည်းလမ်း

တစ်နေ့တွင် တစ်ရာခိုင်နှုန်းသာ တိုးတက်ကောင်းမွန်အောင် ပြောင်းလဲပြုပြင်ရင်းဖြင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်လာသည့်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်၏။ ဒုတိယကမ္ဘာစစ်မီး ပြင်းထန်စွာလောင်ကျွမ်းနေချိန်တွင် အမေရိကန်သည်ဂျပန်နိုင်ငံ၏ မြို့နှစ်မြို့ဖြစ်သော ဟီရိုရှီးမားမြို့နှင့် နာဂါစကီမြို့သို့ အဏုမြူဗုံးကြဲပြီး ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်စေ၏။ ဂျပန်နိုင်ငံသည် စစ်လျော်ကြေးအများကြီးပေးရ၏။ စစ်၏ဒဏ်ရာဒဏ်ချက်များဖြင့် ဂျပန်နိုင်ငံသည် နာလန်မထူနိုင်အောထင်ဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံသည် စီးပွားရေးပညာရှင်တစ်ယောက်စေလွှတ်ပြီး ဂျပန်နိုင်ငံ၏ဒုက္ခအခက်အခဲကို ကူညီဖြေရှင်းပေး၏။ အမေရိကန်စီးပွားရေးပညာရှင်၏ အကူအညီများ၊ ဂျပန်လူမျိုးတို့၏ကြိုးစားမှုများဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေး တစ်ဟုန်ထိုးပြန်လည်ဦးမော့လာ၏။ ဂျပန်နိုင်ငံ၏ လျင်မြန်စွာတိုးတက်ပြောင်းလဲမှုကြောင့် အမေရိကန်နိုင်ငံသည် ၎င်းတို့စေလွှတ်ထားသည့် အမေရိကန်စီးပွားရေးပညာရှင်ကို ခေါ်ယူမေးမြန်းရ၏။ အမေရိကန်စီးပွားရေးပညာရှင်၏ အဖြေစကားမှာ 'တစ်နေ့တွင် ၁ ရာခိုင်နှုန်းသာ ကောင်းမွန်အောင် ပြောင်းလဲကြိုးစားပါ' ဟူသည့်စကားတစ်ခွန်းသာ ပြောပြခဲ့ရသည်ဟုဆို၏။ ဆိုလိုသည်မှာ ကားတစ်စီးတီထွင်ထုတ်လုပ်သည်ဆိုပါက ကားတွင်ပါဝင်သည့် အင်ဂျင်ပိုင်း၊ ဘော်ဒီပိုင်း၊ ဝါယာရိန်းပိုင်းအစရှိသော အရာများကို သက်ဆိုင်ရာပညာရှင်များသည် တစ်နေ့လျှင် ၁ ရာခိုင်နှုန်းသာ ကောင်းမွန်အောင်ပြောင်းလဲပြုလုပ်၏။ သဘော်တစ်စီး တီထွင်ထုတ်လုပ်သည်ဆိုပါကလည်း သဘော်တွင်ပါဝင်သည့် အစိတ်အပိုင်းများကို သက်ဆိုင်ရာပညာရှင်များသည် တစ်နေ့လျှင် ၁ ရာခိုင်နှုန်းသာ ကောင်းမွန်အောင်ပြောင်းလဲပြုလုပ်၏။ တစ်နေ့လျှင် ၁ ရာခိုင်နှုန်းသာ ကောင်းမွန်အောင် ပြောင်းလဲပြုပြင်ရင်းဖြင့် နေ့ရက်ပေါင်းများစွာဖြတ်ကျော်ပြီးသောအခါ ၁၀၀ ရာခိုင်နှုန်းပြည့် ကောင်းမွန်သောစက်ပစ္စည်း

များကို တီထွင်ထုတ်လုပ်လာနိုင်ခဲ့သည်။ ဂျပန်လူမျိုးများသည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများကို တိုးတက်ကောင်းမွန်အောင် ကြိုးစားပြုပြင်ပြောင်းလဲသွားသလိုပင် ၎င်းတို့၏စိတ်ဓာတ်များကိုလည်း ကြိုးစားပြုပြင်ပြောင်းလဲသွား၏။

အခြားပညာရှင်များသည်လည်း ထိုနည်းအတိုင်းပင် ကြိုးစားပြုပြင်ပြောင်းလဲထုတ်လုပ်သွား၏။ ထိုသို့ဖြင့် ဂျပန်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်လာလေတော့၏။

## သိန်းငှက်တို့၏ပြောင်းလဲခြင်း

သိန်းငှက်သည် သားစားတိရစ္ဆာန်တစ်မျိုးဖြစ်၏။ သိန်းငှက်များကို ဥရောပတိုက်၊ အာရှတိုက်နှင့် အာဖရိကတိုက်တို့တွင် မျိုးစိတ်ပေါင်း ၆၀ ထိတွေ့ရှိရပြီး အမေရိကတိုက်နှင့်သြစတေးလျတိုက်တို့တွင် မျိုးစိတ်ပေါင်း ၁၄ မျိုးခန့်တွေ့ရသည်။

ကမ္ဘာပေါ်ရှိငှက်များတွင် သိန်းငှက်သည် ပျမ်းမျှအားဖြင့် သက်တမ်း ၆၀ မှ ၇၅ နှစ်ခန့်ထိ အသက်ရှည်နိုင်သော ငှက်တစ်မျိုးဖြစ်သည်။ ထိုသို့ရှင်သန်နေထိုင်ဖို့ရန်အတွက် အသက် ၅၀ တွင် ပြင်းထန်၊ ခက်ခဲ၊ နာကျင်သောပြောင်းလဲမှုကိုပြုလုပ်ရ၏။ သိန်းငှက်သည် နှစ်ပေါင်း ၅၀ ထိ ရှင်သန်နေထိုင်ပြီးချိန်တွင် ၎င်း၏ငှက်မွေးများသည် အလွန်ထူထဲနေပြီဖြစ်၏။ လျင်မြန်ဖျတ်လတ်စွာ မပျံသန်းနိုင်တော့။ ခြေသည်းလက်သည်းများသည်လည်း သားကောင်ကို ကိုက်ဖြတ်စားသောက်ဖို့ ခွန်အားမရှိတော့။ ထိုအခြေအနေတွင် သိန်းငှက်အတွက် စဉ်းစားစရာဖြစ်လာသည်။ နေမလား၊ သေမလား နေမည်ဆိုပါက သူ့အတွက်ရက်ပေါင်း ၁၅၀ ကို ခက်ခဲကြမ်းတမ်းနာကျင်စွာ ဖြတ်သန်းရမည်ဖြစ်သည်။

ပထမဦးစွာ သိန်းငှက်သည် ၎င်း၏နှုတ်သီးကို ကျောက်ဆောင်အမာဖြင့် ရိုက်ချိုးပစ်ရ၏။ သန်မာဖျတ်လတ်သော နှုတ်သီးဖြစ်ပေါ်ရန်အတွက် ရက်ပေါင်း ၅၀ ကြာမြင့်၏။ နှုတ်သီးအသစ်ထွက်ပေါ်လာပြီးချိန်တွင် သူ၏ခြေသည်း

လက်သည်းများကို သူ၏နှုတ်သီးအသစ်ဖြင့် ဆွဲချွတ်ပစ်ရသည်။ သားကောင်းများကိုဖမ်းယူဆွဲကုတ်နိုင်မည့် ခြေသည်းလက်သည်းအသစ်များ ပြန်လည်ရရှိရန်အတွက် ရက်ပေါင်း ၅၀ ကြာလေ၏။ ထို့နောက် လွတ်လပ်ပေါ့ပါးစွာ ပျံသန်းနိုင်ရန်အတွက် သူ၏ထူထဲနေသော ငှက်မွေးများကို သူ၏နှုတ်သီးဖြင့် ဆွဲချွတ်ပစ်ရလေ၏။ ရက်ပေါင်း ၅၀ ကျော်ဖြတ်ပြီးချိန်တွင် အမွေးနုများဖြင့် ပြန်လည်နုပျိုလန်းန်းနေပြီဖြစ်သည်။ အမြင့်ကိုပျံဖို့ သူ့မှာ အားမာန်အပြည့်။

ထိုကဲ့သို့ အသစ်တစ်ဖန်မွေးဖွားခြင်း (သို့မဟုတ်) ပြုပြင်ပြောင်းလဲခြင်းများဖြင့် သိန်းငှက်သည် ရှင်သန်ရင်ဆိုင်သွားလေသည်။

**ဘာတွေပြောင်းလဲကြမလဲ**

ကျွန်ုပ်တို့သည်လည်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်သည့်မေးခွန်းများ မေးရမည်ဖြစ်ပေသည်။ မိမိဘာသာမေး၊ မိမိဘာသာဖြေကြည့်ရမည်။ မိမိကိုယ်ကို မညာဖို့တော့လိုသည်။ အမှန်အတိုင်းဖြေဖို့လိုပေသည်။ အောက်ပါမေးခွန်းများကို ဖြေကြည့်ပေးစေလိုသည်။

(၁) အောင်မြင်မှုရရှိနေပြီလား၊ (၂) ဝါသနာပါသည့်အလုပ်များကို လုပ်ခွင့်ရနေပြီလား၊ (၃) နေ့စဉ်စာဖတ်ဖြစ်ပါသလား၊ (၄) ဝင်ငွေထွက်ငွေ ညီမျှနေပြီလား၊ (၅) ပိုလျှံဝင်ငွေများကို စုဆောင်းမိပါသလား၊ (၆) အရက်သေစာ သောက်မိနေသလား၊ (၇) ငြိမ်းအေးခြင်းတရားကို ရှာဖွေတွေ့ရှိနေပြီလား၊ (၈) ကိုယ်ချင်းစာတရား ထားတတ်ပြီလား၊ (၉) လက်ရှိအလုပ်မှာ ပျော်ရွှင်ရဲ့လား၊ (၁၀) ဒေါသကြီးနေလား၊ (၁၁) အများအကျိုး သယ်ပိုးနိုင်ပြီလား၊ (၁၂) ကိုယ်၊ စိတ်ကျန်းမာပါရဲ့လား၊ (၁၃) ကိုယ်ရည်ကိုယ်သွေး တိုးတက်ပါရဲ့လား၊ (၁၄) စကားပြောစွမ်းရည် ကောင်းမွန်ပါရဲ့လား၊ (၁၅) မိဘကို ပြုစုလုပ်ကျွေးဖြစ်ရဲ့လား၊ (၁၆) အိမ်ထောင့်တာဝန် ကျေပွန်ပါရဲ့လား၊ (၁၇) မနာလိုစိတ်နဲ့ ရိုင်းပြမိနေသလား၊ (၁၈)

## ■ စာပေပန်းခင်းရနံ့သင်း

အချိန်ကို တန်ဖိုးရှိစွာဖြတ်ကျော်နေပါရဲ့လား။ (၁၉) ကုသိုလ်တရား တိုးပွားပါရဲ့လား။

နံပါတ်(၁)မေးခွန်းအတွက် အောင်မြင်နေပြီ၊ မအောင်မြင်သေးပါ။ အတန်အသင့်အောင်မြင်နေပြီ အောင်မြင်မှုလမ်းကြောင်းပေါ် စတင်ရောက်ရှိနေပါပြီ အစရှိသောအဖြေများ ထွက်ပေါ်လာမည်ဖြစ်၏။ မိမိအဖြေကိုကြည့်ပြီး မိမိဘာလုပ်သင့်သည်၊ ဘာတွေပြောင်းလဲသင့်သည်၊ ဘယ်လိုကြိုးစားရမည်ကို သိရှိနိုင်မည်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏စိတ်ထား၊ ကျွန်ုပ်တို့၏အမူအကျင့်၊ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်၊ ကျွန်ုပ်တို့၏အတွေးအခေါ်များ ကိုပြောင်းလဲဖို့ လိုအပ်နေပါကပြောင်းလဲရမည်ဖြစ်ပေ၏။ ကျွန်ုပ်တို့သည် ပျော်ရွှင်သော၊ အေးချမ်းသော၊ အောင်မြင်သော၊ လှပသော၊ ကြည်နူးသော သာယာသော၊ အပြစ်ကင်းသောလူသားများအဖြစ် ရှင်သန်နေထိုင်ရန်အတွက် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများတွင် ပြောင်းလဲသင့်သည့်အရာများကို ပြောင်းလဲရမည်ဖြစ်ပေသည်။

ကလေးဘဝက စာသင်ခန်းမှာရွတ်ဆိုခဲ့သော စာတစ်ပိုဒ်ကိုအမှတ်ရသည်။

'မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်'

'မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်'

'မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်'

ကျွန်ုပ်တို့သည် ထိုစာပိုဒ်ထဲကအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်အောင် ကြိုးစားပြောင်းလဲရမည်ဖြစ်ပေသတည်း။

**အောင်ကောင်းမွန်**

**ကျမ်းကိုး-**

၁။ ဗုဒ္ဓစာပေ

၂။ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၏ ဟောပြောချက်

၃။ Wikipedia



# သင်းမွန်လတ် ၏ ဘဝနှင့်စာပေ

အဖ(ဦးအောင်သန်း) အမိ(ဒေါ်ရစိန်)တို့မှ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ သောကြာနေ့တွင် ထောက်ကြန့်မြို့၊ တောင်ပိုင်းရပ်ကွက်တွင် မွေးဖွားခဲ့ပါသည်။ အမည်ရင်းမှာ ဦးသိန်းဝင်းဖြစ်ပါသည်။

ငယ်စဉ်က ရွာဦးကျောင်းဖြစ်သော ဦးပဏ္ဍိတ၊ အရှေ့ပုပ္ပရုံကျောင်း၌ သူငယ်တန်းဖတ်စာနှင့် မင်္ဂလသုတ်များကို သင်ကြားခဲ့ဖူးပါသည်။ ထို့နောက် အင်းစိန်ခရိုင်လက်အောက်ခံ ထောက်ကြန့်အလယ်တန်းကျောင်း၌ သတ္တမတန်းအထိ ပညာသင်ကြားခဲ့ပါသည်။ ၆၉–၇၀ ခုနှစ်များတွင် မင်္ဂလာဒုံရှိ အထက(၂)ကလေးများ အထက်တန်းကျောင်း 'လှသောင်း'၌ ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၇၅ ခုနှစ်လောက်မှာ စာပေလောကသို့ သင်းမွန်လတ်ကလောင်ဖြင့် 'အက်စစ်မိုးရေ'ဆိုသောကဗျာဖြင့် စတင်ဝင်ရောက်ခဲ့ပါသည်။ ရုပ်ရှင်အောင်လံမဂ္ဂဇင်းတိုက်၌ နှစ်အနည်းငယ်လုပ်ကိုင်ခဲ့ဖူးပါသည်။

မိဘများ၏လုပ်ငန်းဖြစ်သော မော်တော်ယာဉ်လုပ်ငန်း၌ ဝင်ရောက်ကူညီရင်း လုပ်ရင်းကိုင်ရင်း ယာဉ်မောင်းတစ်ယောက်ဖြစ်ခဲ့ရပါသည်။ ယခုအချိန်ထိ စာဖတ်ခြင်း၊ စာရေးခြင်းနှင့်အတူ မိသားစုအတွက် ယာဉ်မောင်းခြင်းလုပ်ငန်းဖြင့် အသက်မွေးရင်း ထောက်ကြန့်မြို့၊ တောင်ပိုင်းရပ်ကွက်တွင် နေထိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အဖွဲ့ဝင်အမှတ်မှာ ၄၂၄၃ ဖြစ်ပါသည်။

အတွေးအမြင်

# ဗေဒဝတီသို့ ခရီးသွားခြင်း

သင်းမွန်လတ်

**နိဒါန်း**

ပညာသင်ကြားနည်းတွင် ဆရာထံမှသင်ယူခြင်း၊ စာအုပ်စာတမ်းများဖတ်ရှုသင်ယူခြင်း၊ လေ့လာရေးခရီးသွားလျက် လေ့လာခြင်းဟူ၍ နည်းလမ်းများရှိသည်။ စာအုပ်၊ စာပေထွန်းကားခေတ်တွင် စာအုပ်များဖတ်လျက် ဗဟုသုတရှာနိုင်သည်။ ယခုအခါ ဆက်သွယ်ရေးနည်းပညာ တိုးတက်သည့်အလျောက် ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်အရာကိုဖြစ်စေ အလွယ်တကူရှာဖွေဖတ်ရှုနိုင်သည်။ ဆရာနည်းကျလည်း သင်ယူခွင့်မရ၊ စာကြည့်တိုက်လည်း အားကိုးခွင့်မရသူတို့အဖို့ ခရီးသွားခြင်းဖြင့် ဗဟုသုတရှာနိုင်သည်။ ချင်းတောင်တန်းပေါ်မှ သစ်သီးအကြောင်းလည်း သိနိုင်သည်။ အင်းလေးကန်ထဲမှ ငဖိန်းအကြောင်းလည်း သိနိုင်သည်။

ခရီးသွားလာခြင်းကြောင့် ဒေသအခြေအနေအထား၊ ရာသီဥတု၊ ဒေသခံတိုင်းရင်းသား ထိုသူတို့၏လုပ်ကိုင် စားသောက်ပုံကို လက်တွေ့ကျကျ လေ့လာနိုင်သည်။ ပို၍ပင်စိတ်ဝင်စားစရာ ကောင်းသည်။

ကျွန်တော်တို့ မင်္ဂလာဒုံစာရေးရာအသင်းသည် စစ်ကိုင်းတိုင်း၊ ယင်းမာပင်၊ ပုလဲမြို့နယ်ဘက်သို့ စာပေခရီးအဖြစ် နှစ်နှစ်တိုင်တိုင်သွားခဲ့သည်။ ဤခရီးများတွင် မင်းတိုင်ပင်ရွာသား ဦးကောင်းအကြောင်း၊ ပဒေသရာဇာဝန်ကြီးအကြောင်း သိခဲ့ရသည်။ ဦးကောင်း၏ကုသိုလ်ကောင်းမှုများ၊ ပေပုရပိုက်များ လေ့လာခွင့်ရခဲ့သည်။ ဆားလင်းကြီးရောက်တော့ နာမည်ကျော်လက်ပံတောင်းတောင်ကို မြင်ရသည်။ ချင်းတွင်းမြစ်ကို လေ့လာခွင့်ရခဲ့သည်။ ရှင်အာဒိစ္စ (ဒွေးလွင်–ဆားလင်းကြီး)အကြောင်း လေ့လာခွင့်ရသည်။ ကျွန်တော်တို့ဗဟုသုတများစွာ ရခဲ့ပေသည်။

## ဧည့်ဝတ်သို့

သူငယ်ချင်းတစ်ယောက်က 'စစ်တွေကိုလိုက်မလား'ဟု မေးလာသည်။ 'ဘာအတွက် သွားမှာလဲ၊ အရေးကြီးကိစ္စလား'ဟု မေးမိသည်။ သူတို့ လိုင်းက' စစ်တွေ–ရန်ကုန်၊ စစ်တွေ–မန္တလေး၊ စစ်တွေ–နေပြည်တော်ယာဉ်လိုင်းတိုးချဲ့မည့်အကြောင်း လေ့လာဖို့သက်သက်ဖြစ်ကြောင်း အကြောင်းပြန်သည်။ အလျင်စလိုကိစ္စမရှိနိုင်။ အေးအေးဆေးဆေးလည်ပတ်ခွင့်ရမည်ဖြစ်သဖြင့် မရောက်ဖူးသည့် ဒေသတစ်ခုရောက်ခွင့်ကြုံမည်ဖြစ်သဖြင့် ဗဟုသုတရှာမှီးချင်သူအဖို့ 'ရေဆာတုန်း ရေတွင်းပျက်ထဲကျ'ဆိုသည့်အလား ဖြစ်သွားတော့သည်။

ဆွီဒင်နိုင်ငံထုတ် စကင်နီယာကားကြီးတွေဖြင့် ဇိမ်ခံလိုက်ပါရသည့်ပြင် ခေါ်လာသောသူငယ်ချင်းက 'အားမနာနဲ့အစ်ကို၊ မန်နေဂျာက စာရေးဆရာမှန်း

သိတော့ လိုချင်တာဆောင်ရွက်ပေးပါ။ ကျွန်းမာရေးလည်း ဂရုစိုက်ပါလို့မှာလိုက်တယ်။ လမ်းခရီးတစ်လျှောက်လုံး အစ်ကို့ကိစ္စမှန်သမျှ ကျွန်တော်တာဝန်ယူတယ်' ဟုပြော၍ ပူပန်ကြောင့်ကြစရာလည်းမရှိပေ။

## ခရီးစဉ်စတင်ပြီ

ခရီးစဉ်ကို ရန်ကုန်မှစတင်ရာ ဤအဝေးပြေးလမ်းမကြီးတွင် ကြိမ်ဖန်များစွာသွားဖူးသဖြင့် ရင်းနှီးနေသည်။ မျက်စိမှိတ်ခန့်မှန်းရင်ပင် ဘယ်အရပ်ဘယ်နေရာရောက်ပြီဟု သိနိုင်သည်။

မိုင်တိုင် ၁၁၅ တွင် အများနည်းတူ ခေတ္တခဏနားကြ၊ စားကြ၊ ဝိတ်လျှော့ကြနှင့် နာရီဝက်ခန့်နားဖြစ်သည်။ Feel စားသောက်ဆိုင်တွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေနှင့် တစ်ဝိုင်းတည်းစားရတော့ မင်းပွဲ စိုးပွဲအလား မြိန်လှသည်။ စားသောက်ပြီး တစ်ညလုံးခရီးဆက်ရာ မန္တလေး၊ ကွဲဆည်ကန်ကားဂိတ်သို့ မနက် ၈ နာရီခန့်တွင် ရောက်သည်။

မန္တလေး၊ လက်ဆည်ကန်၊ မိုးကောင်းကင်ဂိတ်တွင်တင်ဆောင်ပြီး စစ်တွေခရီးစဉ်စတင်ခဲ့သည်။ ခရီးစဉ်အစမှာပင် တောင်ကျရေကြောင်း အမ်းမြို့အလွန်တွင် တောင်ပြိုကြောင်းသိရသည်။ သေချာအောင်ဆက်စုံစမ်းရဦးမယ်၊ မုံရွာခဏဝင်ကြမယ်၊ အဆင်ပြေရင်ဆက်ထွက်ကြမယ်ဟု ဆုံး ဖြတ်လိုက်သည်။

## ဆွမ်းဦးပုညရှင်စေတီ ဖူးခွင့်ကြုံလေပြီ

မန္တလေးမှအထွက်၊ တောင်မြို့ကျော်တော့ ဆွမ်းဦးပုညရှင်စေတီကို အဝေးမှဖူးခွင့်ရသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးပီပီ လက်အုပ်ချီရှိခိုးမိသည်။

စစ်ကိုင်းကိုလွန်သည်နှင့် အုန်းတောလမ်းဆုံကိုရောက်သည်။ မြန်မာ့သမိုင်းတွင် အထင်ကရနေရာတစ်နေရာဖြစ်သည်။ တော်လှန်ရေးကောင်စီတက်စက

အုန်းတော၊ ခပေါင်း၊ ဒူးယားဟူသော ရွာများတွင် တောင်သူလယ်သမားတွေနှင့် ဥက္ကဋ္ဌကြီးဦးနေဝင်းတို့ တွေ့ဆုံကြသည်။ မည်သည့်ခေတ်၊ မည်သည့်အခါကမှ ဤသို့အောက်ခြေဆင်းပြီး အခြေခံလူတန်းစားနှင့် တွေ့ဆုံမှုမရှိ၊ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖူးခြင်းမရှိ၍ လယ်သမားတွေ ရွှေခေတ်ရောက်ပြီဟု အထင်ရှိခဲ့သည်။ 'လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်'ရှိရမည်ဟူသော ဥပဒေပြဋ္ဌာန်းလိုက်တော့'ဝမ်းစမိုး'ဟု လက်ခုပ်တီးသြဘာပေးကြသည်။ သို့သော် နောင်တွင်လည်း ဒုံရင်းဒုံရင်းသာဖြစ်သွားတော့ အုန်းတောဒေသလည်း သမိုင်းတွင် တဖြည်းဖြည်းပြန်မြုပ်သွားခဲ့သည်။

အုန်းတောလမ်းဆုံမှ ညာဘက်လမ်းလိုက်တော့ ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ မြစ်ကြီးနား၊ မဟာဇမ္ဗူဟာလမ်းကို ရောက်သည်။ ခရီးလမ်းတွင် ညောင်ပင်ဝန်းစားသောက်ဆိုင်၌ နားကြသည်။ စားကြသည်။ နာမည်ကြီးကားနားစခန်းဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်မှုတော့ အားနည်းလွန်းသည်။ အစားအသောက်များကလည်း ညံ့ဖျင်းသည်။ ထိုညက မုံရွာကားဝင်းတွင် ရပ်နားညအိပ်ကြသည်။

နောက်တစ်နေ့တွင် စစ်တွေခရီးထွက်ခဲ့သည်။ ချောင်းဦးမှတစ်ဆင့် ပခုက္ကူကိုရောက်သည်။ ပခုက္ကူတံတားဖြတ်ပြီး ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ဂွေးချို၊ ရေနံချောင်းကိုဖြတ်ပြီး မကွေးရောက်သည်။ ရေနံချောင်းမှ မကွေးအဖြတ်တွင် ဒေါင်းနေချောင်းကိုဖြတ်ရသည်။ ရှေးကဆိုလျှင် ဒေါင်းနေချောင်းကအစိုးမရ။ မိုးရေကျပြီဆိုလျှင် ချောင်းကိုမကူးဖြတ်နိုင်။ ခုတော့ ဒေါင်းနေချောင်းတံတားကြီးရှိလာသဖြင့် ရာသီမရွေး စိတ်အေးအေးနှင့်ကူးနိုင်သည်။

မကွေးရောက်လျှင် မကွေးတံတားပေါ်မှ မြသလွန်ဘုရားကိုဖူးတွေ့ရသည်။ ဘုရားကိုလက်အုပ်ချီရှိခိုးမိချိန် ဘိုးဘိုးအောင်အကြောင်း ခေါင်းထဲဝင်လာသည်။ ဘိုးဘိုးအောင်၏ကျော်ဇောသတင်းကြောင့် ဘိုးတော်ဘုရားက ဖမ်းဆီးစေသည်။ အစပိုင်းတွင် ရှောင်တိမ်းနေ၍ မမိခဲ့၊ သို့သော် ဆွေမျိုးများညပါဒ်

ဖြစ်မည်စိုးသဖြင့် အဖမ်းခံသည်။ ဘိုးဘိုးအောင်ကို လှေဝမ်းအတွင်း၌ထည့်ပြီး ကတ်ဖိသည်။ ထိုကမ်းပေါ်တွင် သစ်တုံး များတင်ထားပြီး လက်နက်ကိုင်များ စောင့်ရှောက်ထားသည်။ မကွေးမြို့မြသလွန်ဘုရားအနီးရောက်သော် လှေကို ရပ်နားလျက် မြသလွန်ဘုရားတက်ဖူးသည်။ ဘုရားကုန်းတော်ပေါ်တက်စဉ် လှေကားအထွက်၌ ဘိုးဘိုးအောင်ကိုတွေ့ရသဖြင့် အံ့သြကုန်သည်။ လှေပေါ် ပြေးကြည့်ရာ ချုပ်နှောင်ထားသည့်ဘိုးဘိုးအောင်က မရှိတော့။ သေဘေးကျ ရောက်မည့်အခြေအနေဖြစ်သဖြင့် တောင်းပန်ရာ ဘိုးဘိုးအောင်က ငဲ့ညှာပြီးအ ဖမ်းခံခဲ့သည်။ ထူးခြားသော ဤဘုရားကို ဖူးခွင့်မကြုံသဖြင့် အဝေးမှပင်ကြည် ညိုခဲ့ရသည်။

မကွေးမှတစ်ဆင့် မင်းဘူး။ ထိုမှ ရွှေစက်တော်ကိုကျော်ဖြတ်ခဲ့ပြီး ပုသိမ်၊ မုံရွာလမ်းကြောအတိုင်းထွက်ခဲ့သည်။ ပဒန်းကိုဖြတ်လျှင် အမ်း၊ ကျောက်တော်၊ စစ်တွေအတိုင်းထွက်ခဲ့သည်။ ခရီးအတော်ကြာကြာသွားပြီးမှ အမ်းတောင်ကြား လမ်းရောက်သည်။

'သတိနှင့် မောင်းနှင်ပါ'

'အဆင်းအတက်ကြမ်းသည်'

'မြေပြိုနိုင်သည်'

'ပင်လယ်ပြင်အမြင့် ပေ ၂၀၀၀'

လမ်းခရီးတစ်လျှောက် သတိပေးဆိုင်းဘုတ်များကို စိတ်ဝင်တစားဖတ်မိ သည်။ ငယ်စဉ်က ပထဝီဘာသာရပ်တွင် မြန်မာပြည်၏ထွက်ပေါက်များဆိုပြီး အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်း၊ ရွှေလီမြစ်ကြောင်းလမ်း ဟူ၍ အလွတ်ကျက်ခဲ့ရသည်။ စာအုပ်ထဲမှအသိထက်ပို၍ နက်နက်ရှိုင်း ရှိုင်းသိရပြီ။ အမ်းမြို့၌ပင် ညအိပ်ခဲ့ကြသည်။

## လည်လည်သွားမယ် အမ်းမြို့ကို

နောက်တစ်နေ့မနက် အိပ်ရာမှထ၊ မျက်နှာသစ်ပြီး၊ မနက်စာမှာ စားကြသည်။ ခရီးက်ထွက်ဖို့မရှိတော့ စိတ်အေးလက်အေးနားနေရင်း ပတ်ဝန်းကျင်ကို လေ့လာကြည့်မိသည်။ အမ်းမြို့က ဖွံ့ဖြိုးမှုနောက်ကျသည့် မြို့လေးဖြစ်သည်။ လမ်းများက မြို့ပြအနေအထားမရှိသေး။ သို့ပေမယ့် ဆယ်ဘီးကားတွေ၊ ၁၂ ဘီးကားတွေ ဘတ်စ်ကားတွေက အပြိုင်အဆိုင်ပြေးဆွဲလျက်။

စားသောက်ဆိုင်မှထွက်ပြီး အမ်းချောင်းကိုဖြတ်ကျော်လျက် အမ်းတံတားဆီလျှောက်ခဲ့သည်။ တံတား၏တစ်ဖက်စီတွင် လုံခြုံရေးတပ်ဖွဲ့များရှိသည်။ တံတား၏အခြားတစ်ဖက်တွင် ကားတွေရပ်စောင့်နေသည်။ တံတား၏ခံဝန်နိုင်မှုအားကြည့်ပြီး အလှည့်ကျလွှတ်ပေးသည်။ မင်းပြား၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ စစ်တွေထွက်မည့်ကားများဖြစ်သည်။

မြောက်ဦးမြို့ရောက်တော့ နံနက် ၉ နာရီထိုးပြီ။ ကားလည်းနား၊ လူလည်းနား၊ အဆာပြေစားဖို့ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။ မြောက်ဦး ရောက်ခိုက် ကိုးသိန်းဘုရား၊ ပုထိုးတော်ကြီးစသည့် ထင်ရှားသည့်နေရာများကို သွားလိုသည်။ သူငယ်ချင်းကို အကူအညီတောင်းရသည်။ သူငယ်ချင်းနှင့်အတူ နေ့လယ်ဘက်တွင် ထွက်ခဲ့သည်။ ကျောက်တော်ဖူးကြသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်၊ ရခိုင်ကိုချီတော်မူစဉ် မန္တလေးမဟာမုနိဘုရားကို ပင့်ဆောင်ခဲ့ရာ ယခုဘုရားသည် ကိုယ်ပွားတော်ဖြစ်သည်။ ဘုရားကြီးရှိခိုးစဉ် ကျောင်းတော်ထဲမှ ဘုရားရှိခိုးဂါထာရသဖြင့် တီးတိုးဆိုရွတ်ခဲ့သည်။

### ကစ္ဆပနဒီတံတား

ကျောက်တော်မြို့သည် အကွေ့အကောက်တွေနှင့် တစ်မျိုးချစ်စရာကောင်းသည်။ မြို့အလွန်တွင် ပင်လယ်ဒီရေတောတွေ၊ ဓနိတောတွေကိုတွေ့ရသည်။

## ■ စာပေပန်းခင်းရနံ့သင်း

ခပ်လှမ်းလှမ်းတွင် တံတားကြီးတစ်ခုလှမ်းမြင်ရသည်။ ဤတံတားလွန်မှ ပုဏ္ဏားကျွန်းကိုရောက်သည်။ ပုဏ္ဏားကျွန်းလွန်လျှင် စစ်တွေမြို့ရောက်သည်။ ကစ္ဆပနဒီတံတားသည် ရခိုင်ပြည်သူပြည်သားတို့၏ သင်္ကေတဟုဆိုနိုင်သည်။ ကစ္ဆပနဒီမြို့ဟူသည် ရခိုင်ရှေးဟောင်းမြို့တော် မဟုတ်ပေလား။ သမိုင်းတန်ဖိုးထားသူတိုင်းသည် ကိုယ့်နိုင်ငံသမိုင်း၊ ကိုယ့်လူမျိုးသမိုင်းကို တန်ဖိုးထားသည်။ မြတ်နိုးသည်။

စစ်တွေကတော့ တပ်မြို့ဟုဆိုလောက်အောင် တပ်တွေပေါသည်။ ပြည်နယ်မြို့ကြီးဖြစ်သောကြောင့် စည်ကားသည်။ လူနေထူထပ်သည်။ စစ်တွေကားကြီးဂိတ်အနီးပတ်ဝန်းကျင် လှည့်ပတ်ကြည့်မိသည်။ အသေးစိတ်လေ့လာချိန်မရသဖြင့် အခွင့်အရေးတစ်ခုဆုံးရှုံးသည်ဟု ဆိုရမည်။ ဖြစ်နိုင်လျှင် စစ်တွေသာမက မြန်မာနိုင်ငံ၏အနောက်တံခါးကို နှံ့အောင်သွားကြည့်ချင်သည်။ မြန်မာပြည်သူတွေ စိတ်မအေးရ၊ စိတ်မချမ်းသာရသည့် ဘင်္ဂါလီတွေဝင်ရောက်ခဲ့ပုံ၊ နေထိုင်ပုံစသည့် အကြောင်းအရာအစုံကို လေ့လာချင်သည်။ ရခိုင်အရေးကို ဂဃနဏမသိလျှင် တိုင်းရင်းသားတစ်ယောက်ဟု မသတ်မှတ်နိုင်ဟူ၍ပင် စိတ်ထဲထင်မိသည်။

## ဓညဝတီရခိုင်ပြည်

ဘင်္ဂါလီအကြောင်းနှင့်ပတ်သက်ပြီး ပညာရှင်ဒေါက်တာအေးချမ်း စကားတစ်ခုကို ဖတ်ဖူးသည်။

'ခရစ်နှစ် ၁၇၈၅ နှစ်မှာ ရခိုင်ပြည်နယ်ကို ဘိုးတော်ဘုရားကသိမ်းတဲ့အခါ အသတ်ခံရသူတွေလည်းရှိတယ်။ မြန်မာပြည်အလယ်ပိုင်းကို ပို့ခဲ့တာလည်းရှိတယ်။ တချို့က ဘင်္ဂလားဘက်ပြေးကြတယ်။ ဘင်္ဂါလီစာပေမှာ ရခိုင်ပြည်နယ်ကို ရဟွန် သို့မဟုတ် ရိုရှန်လို့ခေါ်တယ်။ အရှေ့အိန္ဒိယကုမ္ပဏီက စေလွှတ်လိုက်တဲ့ သုတေသီတစ်ယောက်က ဘင်္ဂလားနယ်မှာလှည့်လည်ရင်း အိမ်တွေ

ဆောက်နေသူတွေကို ဘယ်သူတွေလည်းလို့မေးတယ်။ ဘင်္ဂါလီတွေက ရဟွန် ရှိအန်လို့ခေါ်တယ်။ သူတို့ရှိဟန်အန်ဂါတွေပါလို့ပြောသတဲ့။ ဆိုတော့ ရှိဟန် အန်ဂါဟာ ရခိုင်ကိုညွှန်းတာပါ'လို့ အဆိုရှိတယ်။

သမိုင်းဆိုတာကတော့ ကိုယ်မမီလိုက်သည့် အကြောင်းအရာကို ပြန်ပြောကြခြင်းဖြစ်သည်။ ထိုသို့ပြောရာတွင် ပေစာ၊ ကျောက်စာ၊ ရှေးဟောင်း စာပေနှင့် ရှေးလူကြီးတို့စကားကို ယူပြောကြခြင်းဖြစ်သည်။ မှန်ကန်မှုဘယ်မျှရှိသည်ကိုတော့ ပုံသေတွက်မရပေ။

မည်သို့ဖြစ်စေ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားသောစကားရပ်ရှိသည်။ လူမျိုးဆိုသည်မှာ အမျိုးဘာသာကွဲပြားမှုရှိချင်ရှိမည်။ သို့သော်တစ်ရေတည်းနေ တစ်ရေးသောက် အေးအတူ ပူအမျှ သုခဒုက္ခစံစားသူများကိုဆိုလိုသည်။ ဤစကားရပ်ကြည့်လျှင် တိုင်းရင်းသား ၁၃၅ မျိုးသည် တစ်မျိုးတည်းသာဟု မှတ်ယူကြရပေမည်။

**နိဂုံးချုပ်**

'ဓညဝတီသို့ ခရီးသွားခြင်း'စာတမ်းသည် ဤမျှနှင့်ပြည့်စုံမည်မဟုတ်။ ရေးသားတင်ပြစရာ၊ မှတ်သားစရာတွေ အမြောက်အမြားရှိနေသည်။ တဖြည်းဖြည်းလေ့လာ၊ မကြာခဏခရီးသွားခြင်းဖြင့် ဗဟုသုတအမြောက်အမြား ရနိုင်ပါသည်။ မြန်မာပြည်အနှံ့သွားလျက် ဗဟုသုတရှာမှီးသင့်သည် ဟု ဆိုချင်ပါသည်။

**သင်းမွှန်လတ်**

**ကျမ်းကိုး–**

ဒေါက်တာအေးချမ်း၏ 'ရှေးယခင်က ရခိုင်လူမျိုးများအား ဘင်္ဂါလီများက ရှိအန်ဂါဟုခေါ်ကြောင်းဆောင်းပါး ကိုယ်တွေ့မှတ်တမ်း'



# ပွင့်ဝဿ ၏ ဘဝနှင့်စာပေ

အမည်ရင်းမှာ ဒေါ်သီတာအောင်ဖြစ်ပါသည်။ အဖဦးမိုးမြင့်အောင်၊ အမိဒေါ်ဒွေးစိန်တို့မှ ၁၉၆၂ ခုနှစ် မေလတွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပါသည်။ ငယ်စဉ်ကတည်းက စာပေဝါသနာပါသူတစ်ဦးဖြစ်ခဲ့ရာ ကျောင်းတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များလည်း များစွာရရှိခဲ့ပါသည်။

၁၉၈၁ ခုနှစ်မှစတင်၍ စာပေများကို လေ့လာဖတ်ရှုရေးသားခဲ့ရာမှ 'ဘဝပန်းတိုင်သို့' ကဗျာဖြင့် စာပေနယ်ထဲသို့စတင်ဝင်ရောက်ခဲ့ပါသည်။ ခေတ်အဆက်ဆက် ပြောင်းလဲဖွဲ့စည်းခဲ့သောစာပေနှင့်စာနယ်ဇင်းအဖွဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့တွင် အသင်းဝင်တစ်ဦးလည်းဖြစ်ပါသည်။ အသင်းဝင်အမှတ်မှာ ၀၉၇၇ ဖြစ်ပါသည်။ မြန်မာ့အကြီးစားစက်မှုဝန်ကြီးဌာနတွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ရင်းမှ ဝါသနာပါရာ စာပေရေးသားခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူ့အကျိုးပြုရသစာပေများ၊ ဆောင်းပါးကဗျာဝတ္ထုတိုစုစုပေါင်း ၃၀၀ ကျော် ခန့်ရေးသားခဲ့သူလည်းဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်တွင် မြောက်ဥက္ကလာစာပေလုပ်သားအဖွဲ့ ၂၀၀၀ ခုနှစ်တွင် မရမ်းကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်း ၂၀၁၄ ခုနှစ်မှစ၍ မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းတွင် အလုပ်အမှုဆောင်တစ်ဦးဖြစ်ပါသည်။

အတွေးအမြင်

# စိတ်ခွန်အား

ပွင့်စန္ဒီ

**နိဒါန်း**

'စိတ်'ဆိုသည်မှာ ကမ္ဘာမြေလောကကြီးတစ်ခုလုံးလောက် ကျယ်ဝန်းသလို ပင်လယ်ရေပြင် သမုဒ္ဒရာကြီးလောက်လည်း နက်ရှိုင်းလှပေသည်။

လူသားတို့၏ စိတ်စွမ်းအင်မှာလည်း ထို့အတူကြီးမားကျယ်ပြန့် နက်ရှိုင်းလွန်း၍ တန်ခိုးအင်အား တောင့်တင်းခိုင်မာပေသည်။ စိတ်တန်ခိုးဖြင့် လောကကြီးတစ်ခုလုံးတွင် ဖြစ်ပျက်တည်ရှိနေထိုင်မှုကိစ္စရပ်များကို မြင်တွေ့ရှုမျှဖြင့် အားလုံးသိရှိနိုင်ပေသည်။

တစ်နေရာနှင့်တစ်နေရာ အလွန်ဝေးကွာလွန်းလှသော ကြယ်များ၊ ဂြိုဟ်များကိုပင် တွေ့မြင်နိုင်အောင် စဉ်းစားတွေးတောတတ်သော စိတ်လည်းရှိသည်။ ကမ္ဘာနှင့်မိုင်ပေါင်းများစွာ ဝေးကွာခြားနားလျက်ရှိသော ဂြိုဟ်၊ နက္ခတ်များ၏အပူ

ချိန်ကိုပင် တိုင်းတာ၍ရသည့် ကိရိယာများကို စိတ်ဖြင့်ကြံစည်တွေးတောကာ တီထွင်ခဲ့ကြသည်။

မိမိတို့ပိုင်ဆိုင်သော စိတ်စွမ်းအင်သည် အရာရာကိုထွင်းဖောက်သိမြင်တတ်ခြင်း၊ အတတ်ပညာ၊ လူတို့၏ဘဝနှင့် သဘာဝကိုနားလည်ခြင်းကြောင့် မိမိစိတ်ကိုဖြစ်ချင်သည့် စိတ်ဆန္ဒအလျောက် လှုပ်ရှားစေနိုင်သလို ရပ်တန့်ထိန်းချုပ်နိုင်စွမ်းလည်း ရှိကြသည်။ ကမ္ဘာမြေလောကကြီးက ကြီးမားသလောက် တောတောင်ရေမြေ သဘာဝကျယ်ဝန်းသလောက်၊ သမုဒ္ဒရာရေပြင် နက်ရှိုင်းသလောက် မိမိတို့ကိုယ်တွင်းမှာရှိသော စိတ်သည်လည်း ကျယ်ဝန်းနက်ရှိုင်းလှပေသည်။

ထို့အတူ ဘဝတစ်ခု တိုးတက်မြင့်မားအောင် လေ့ကျင့်ခြင်းများလည်း လူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်နှင့်သာသက်ဆိုင်သည်။ မိမိ၏အတွေး၊ စိတ်ကူးလုပ်ရပ်သည် သူတစ်ပါးနှင့် တူညီချင်မှတူညီနိုင်ပေလိမ့်မည်။ စာရေးဆရာသည် ပန်းချီဆရာကဲ့သို့ တွေးချင်မှတွေးမည်။ ပန်းပုဆရာနှင့် ပန်းတိမ်ဆရာသည်လည်း အတွေးစိတ်များ ထပ်တူဖြစ်ချင်မှဖြစ်ပေမည်။ မိမိသည် မိမိစိတ်နှင့်သာ သက်ဆိုင်ပေလိမ့်မည်ဖြစ်သည်။

## စိတ်ပညာ

'စိတ်ပညာ'ဆိုသည်မှာ လူတို့၏စိတ်ကူးအတွေးဖြစ်စဉ်နှင့် အပြုအမူတို့ကို လေ့လာဆန်းစစ်ရသော အရာဖြစ်သည်။ လက်တွေ့ဘဝများတွင် များစွာအသုံးဝင်လှသည်။

စိတ်ပညာသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင်ရှိခဲ့သော်လည်း လက်တွေ့ကျကျအသုံးချခဲ့သည်မှာ နှစ် ၅၀ ခန့်သာရှိသည်။ လူ၏စိတ်စွမ်းအင်ကြီးမားကျယ်ပြန့်မှုကို စိတ်ပညာဆရာဝန်ပညာရှင် ဗီယာနာမြို့သား ဆစ်ဂမန်ဖရွိုက်

ကဆိုသည်မှာ လူတို့၏စိတ်သည် အာတိတ်သမုဒ္ဒရာထဲမှ ရေခဲတောင်ကြီးနှင့် နှိုင်းယှဉ်ပါက ရေပြင်တွင်တွေ့ရသော အစိတ်အပိုင်းမှာ (အသိစိတ်ဖြစ်ပြီး ရေပြင်၏အောက်ခြေတွင် ထုထည်ကြီးမားစွာတည်ရှိနေသည်မှာ (မသိစိတ်)ဖြစ်သည်ဟု 'စိတ်'ကို ခွဲခြမ်းစိတ်ဖြာပြခဲ့သည်။

စိတ်ပညာကို သိပ္ပံနည်းကျကျလေ့လာခဲ့ကြပြီး စိတ်ဖိစီးမှုများ၊ စိတ်သောကများ၊ စိတ်မငြိမ်သက်မှုများကို ပြေပျောက်အောင် ဆွေးနွေးအကြံပေးမှုများမှာလည်း စိတ်ပညာရပ်တစ်ခုဖြစ်ပါသည်။

လူတို့သည် ဘဝမှာနေထိုင်လာကြရင်းက ကြုံတွေ့ခဲ့ရသော ပတ်ဝန်းကျင်၊ ကျင်လည်ခဲ့ရသော နေရာဒေသအနေအထား အဖြစ်အပျက်များထဲမှ အဆင်မပြေမှုများ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဆန္ဒမှ စိတ်ရှုပ်ထွေးဖိစီးမှုတွန်းအားများကြောင့် စိတ်ဓာတ်ရေးရာကျဆင်းလာခြင်း၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးအစရှိသည့် မပြေလည်မှုများကြားမှာ လှုပ်ရှားရုန်းကန်လာခဲ့ကြရင်းနှင့်ပင် စိုးရိမ်ပူပန်မှုများ၊ စိတ်ဖိစီးမှုများ၊ စိတ်အလိုမကျမှုများကြောင့် စိတ်ပိုင်းဆိုင်ရာ အားနည်းချို့ယွင်းလာကြသည်။ ထိုသူများကို တတ်သိနားလည်သော စိတ်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ရောဂါဝေဒနာများကို ကုသရပေမည်။

ထိုသူများကို စိတ်ပိုင်းဆိုင်ရာ စိတ်ဓာတ်စွမ်းအားများကို မြှင့်တင်ပေးရပေမည်။ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါပြုပြင်ပြောင်းလဲပေးကြရမည်ဖြစ်သည်။ ထိုမှသာ ရုပ်ကျန်းမာ၍စိတ်ချမ်းသာမည်ဖြစ်ပြီး စိတ်ဓာတ်များကြံ့ခိုင်လာမည်ဖြစ်ပေသည်။

သို့သော် လူတစ်ဦးရဲ့စိတ်နေသဘောထားကို အလွယ်တကူသိရှိရန် မလွယ်ကူလှသလို ပြောင်းလဲပြုပြင်ရန်မှာလည်း မလွယ်ကူပါ။ သူတို့နေ ထိုင်ရာမိဘ၊ ဆွေမျိုး၊ အစဉ်အလာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အံဝင်ခွင်ကျအနေအထား

■ **စာပေပန်းခင်းရနံ့သင်း**

နေသာသောအသိုင်းအဝိုင်းတစ်ခုနှင့် လိုက်လျောညီထွေ ကိုက်ညီမှုရှိသော အနေအထိုင် ပြုမူပြောဆိုတတ်ရန်မှာလည်း ပို၍ပင်ခက်ခဲလှသည်။

ပတ်ဝန်းကျင်အခြေအနေပေါ်တွင်လိုက်၍လည်း အတွေးအမြင်တို့ ပြောင်းလဲဖြစ်ပေါ်လာနိုင်သည်။ ဦးတည်ရာမဲ့ စိတ်ကစဉ့်ကလျားနိုင်ကောင်း နိုင်လိမ့်မည်ဖြစ်သော်လည်း သီလ၊ သမာဓိ၊ ဉာဏ်ပညာများဖြင့်ပြည့်စုံသော ဝိပဿနာ တရားကျင့်ကြံအားထုတ်သော သူတော်စင်၊ သူတော်ကောင်းတို့နှင့် စိတ်ပညာရှင်ကြီးများကမူ တစ်ပါးသူတို့၏စိတ်ကို အလွယ်တကူ လေ့လာဖတ်ရှုသိရှိမြင်နိုင်ကြပေသည်။

## စိတ်ကိုခွဲခြားစိတ်ဖြာခြင်း

လူတို့၏စိတ်သည် အတ္တကြီးသည်။ မိမိ၏အပြစ်ကိုမမြင် သူတစ်ပါးအပြစ်ကိုသာ မြင်တတ်ကြသည်။ စိတ်ပညာကို လေ့လာရာတွင်(မသိစိတ်)နှင့် (အသိစိတ်)ဟူ၍ တွေ့ရသည်။ စိတ်ကူးဉာဏ်အသိမရှိသောစိတ်သည် အသိဉာဏ်ရှိသော စိတ်၏ခိုင်းစေရာဖြစ်တတ်သည်။

လူသည် စဉ်းစားတွေးခေါ်ကြံစည်တွေးတောတတ်သော အရွယ်ရောက်သော အခါ စဉ်းစားတွေးခေါ်ရပေမည်။ ဘယ်အရာမဆိုဖြစ်အောင် ကြံစည်လုပ်ကိုင်နိုင်သော မိမိ၏စိတ်ကိုမိမိယုံကြည်မှုရှိသော (အသိစိတ်)ရှိဖို့လိုအပ်သည်။

## စိတ်အားအစွမ်းသတ္တိ

စိတ်စွမ်းအားနှင့်ပတ်သက်၍ ပလေတိုသည် ခန္ဓာတွင် အင်အားစုကို သုံးမျိုးခွဲခြားထားသကဲ့သို့ ဂရိရှေးဟောင်းပညာရှင်တို့လည်း သုံးမျိုးခွဲခြားတင်ပြကြသည်။

ဒဿနိကပညာရှင်(ကန့်)၊ ရည်မှန်းချက်စိတ်ပညာရှင်(ဝီလျံမက်ဒူးဂဲ)က

သိမှု၊ လိုအပ်မှု၊ ခံစားမှုတို့သည် တစ်သီးတခြားစီ ရပ်တည်နေကြခြင်းမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်ရောယှက်တည်ရှိနေကြသည်ကို အကြောင်းအကျိုး သာဓကများဖြင့် ပြသခဲ့သည်။ ဘဝအောင်မြင်မှုအတွက် စိတ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းအားလုံး လှုပ်ရှားကိုလှုပ်ရှားဖို့လိုသည်။ အာရုံစူးစိုက်မှုရှိနေသည့်အခါ အစိတ်အပိုင်းတစ်ခုစီ ကွဲပြားမှုမရှိရပေ။ ယှက်နွယ်ပေါင်းစပ်၍ အသုံးပြုနိုင်ပေသည်။ စိတ်စွမ်းအင်အသုံးပြုသော သိပ္ပံပညာရှင်များတီထွင်ဖန်တီးသော အတွေးအခေါ်ရှင်ပုဂ္ဂိုလ်ကြီးများသည် ၎င်းတို့၏ဦးနှောက်တစ်ခုလုံးကို အသုံးပြုခဲ့ကြသည်။

စိတ်အခြေအနေအမြင့်ဆုံးဖြစ်သော လူတို့တွင် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ၊ စိတ်ခွန်အားများ များစွာရှိသည်။ လူ့အဖွဲ့အစည်းအဆင့်မြင့်လေ လိုအင်တို့မှာ ရှုပ်ထွေးများပြားလေဖြစ်သည်။ 'အင်နာဂျီ'သည် လောကဓာတ်ပညာမှာလည်း အမျိုးမျိုးရှိသည်။ လေ၊ မြေ၊ ရေ၊ အပူ၊ အအေးတို့တွင်လည်း ထိုသတ္တိများရှိသည်။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ပြောင်းလဲခြင်းသဘောသဘာဝရှိသည်။

'စိတ်တန်ခိုးသတ္တိ'ဟူသောအရာကို လူတို့သည်အသုံးမပြုဘဲ ရေသာခိုနေကြသည်။ ထိုသတ္တိစွမ်းအားများသည် အသုံးပြုနိုင်လျှင် ပြုသလောက်အကျိုးများရှိလာနိုင်သည်။ ထိုသူများမှာ ထင်ရှားကျော်ကြား၍ ဘုန်းတန်ခိုးဩဇာတိက္ကမကြီးမားသူများဖြစ်ကြ၍ အသုံးမပြုသူများမှာ သာမန်သူများသာဖြစ်ကြပေသည်။

သက်ရှိလူတစ်ဦးသည် မိမိပတ်ဝန်းကျင်ကိုနားလည်လိုသဖြင့် စူးစမ်းရှာဖွေသည် အသစ်အဆန်းကိုနားလည်လိုသဖြင့် စူးစမ်းရှာဖွေသည်။ အသစ်အဆန်းတို့ကို ဖော်ထုတ်သည်။ သဘာဝတရား၏ နက်နဲဆန်းကြယ်သော လျှို့ဝှက်ချက်တို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရန်ကြိုးပမ်းကြသည်။ ထိုသူတို့၏စိတ်သည်

## ■ စာပေပန်းခင်းရနံ့သင်း

အထွတ်အထိပ်ရောက်၍ ခက်ခဲနက်နဲလှသည်။ အနန္တစကြာဝဠာနှင့်ပတ်သက်၍ မသိတာမရှိအောင် ကြိုးပမ်းရင်း သဗ္ဗညုတဉာဏ်တော်ကို ပိုင်ဆိုင်တော်မူသော မြတ်စွာဘုရားသည် လူသားစင်စစ်ကောန်ဖြစ်ပေသည်။ ထိုနည်းတူစွာ ကမ္ဘာ့ကျော် စစ်ဘုရင်ကြီး(နပိုလီယံ)သည်လည်း စိတ်စူးစိုက်မှုစွမ်းအား ကြီးမားသူတစ်ဦးဖြစ်သည်။ သူ၏ဆောင်ပုဒ်ဖြစ်သော–

'မဖြစ်နိုင်ဘူးဆိုတာ အရူးတွေရဲ့အဘိဓာန်မှာပဲရှိတယ်' ဆိုတဲ့စကားနှင့်အညီ စိတ်ဓာတ်ရေးရာတိုးမြှင့်တင်ပြီး သူ့ရဲ့စွမ်းဆောင်မှုများကို အောင်မြင်စေခဲ့တယ်။ ၁၈၆၉ ခုနှစ်က သူကိုယ်တိုင်ပြောခဲ့တဲ့ စိတ်နှင့်ပတ်သက်တဲ့ အတွေးအခေါ်လေးရှိတယ်။ 'ကျုပ်ရဲ့ခေါင်းထဲမှာ ပြဿနာပေါင်းမျိုးစုံကို ဘီရိုအံဆွဲထဲထည့်ထားသလိုပဲ အကုန်လုံးသူ့အကန့်နဲ့သူထားတယ်။ ပြဿနာတွေ ပြည့်ကျပ်နေလို့ အိပ်မပျော်ဘူးဆိုတာလည်း မရှိဘူး။ ကျုပ်အနားယူချင်စိတ်ရှိလာရင် အံဆွဲတွေအကုန်လုံးပိတ်ပြီး အိပ်ပစ်လိုက်တာပါပဲ' တဲ့။

အတွေးလွန်သမားများအတွက်တော့ ဖွင့်ထားတဲ့အံဆွဲတွေဟာ တစ်ချိန်လုံးဖွင့်နေပေလိမ့်မည်။ ထိုသူ၏အတွေးစိတ်ကူးတို့သည် တစ်နေရာမှတစ်နေရာ အံဆွဲများကို တစ်ခုပြီးတစ်ခု ရည်ရွယ်ချက်ဦးတည်ချက်မဲ့ ရွေ့လျား၍နေပေလိမ့်မည်။ ထိုသူသည် မိမိရည်မှန်းချက်အရာမထင် အကျိုးမရှိသောအဖြစ်မျိုးနှင့် ကြုံကြရမည်သာဖြစ်သည်။

### စိတ်ချမ်းသာအောင်နေထိုင်ခြင်း

စိတ်ချမ်းသာမှ လောကီအလုပ်ကိုပဲလုပ်လုပ်၊ လောကုတ္တရာအလုပ်ကိုပဲလုပ်လုပ် အဆင်ပြေအောင်မြင်မှာပါ။ စိတ်ဆင်းရဲခြင်း၊ စိတ်သောကရောက်ခြင်းတွေကို စိတ်နှင့်ပဲပြန်လည်ကုသရမှာဖြစ်ပါသည်။ 'အကုသိုလ်စိတ်' ဖြစ်ပေါ်က စိတ်ဆင်းရဲခြင်းဖြစ်၍ ကုသိုလ်စိတ်ဖြစ်ပေါ်က စိတ်ချမ်းသာမည်ဖြစ်ပါသည်။

ကုသိုလ်စိတ်ဆိုတာ ဘယ်လိုအာရုံအဆိုးမျိုးနဲ့တွေ့တွေ့ စိတ်နှလုံးသွင်းမှန်နေတဲ့အခါ ကြံ့ကြံ့ခံနိုင်မှာဖြစ်ပါသည်။

စိတ်ပျော်ရွှင်ခြင်း၊ စိတ်ညစ်ညူးခြင်းဟူသည် လူသားတိုင်းတွင်ရှိပါသည်။ တချို့ကပူပင်သောကများဖြစ်သော်လည်း ဘာမှမဖြစ်သကဲ့သို့ ပျော်ရွှင်အောင်နေတတ်ကြသည်။ တချို့က မိမိရဲ့ပူဆွေးသောကရောက်ရမှု၊ ပူပန်မှုအမျိုးမျိုးရဲ့ သောကများကိုတစ်ပါးသူတစ်ယောက်ကို ဖွင့်ဟပြောပြဖို့ကိုရမှ ပေါ့ပေါ့ပါးပါးနှင့် နေသာသလိုထင်ရပြီး စိတ်ချမ်းသာတတ်ကြသည်။

ပူပင်သောကများသူ၊ အပူများသူတို့သည် စိတ်တန်ခိုးမရှိ၊ အကြံဉာဏ်များလည်း ပျက်သုဉ်း၍ စိတ်သတ္တိများမှေးမှိန်၍ကင်းမဲ့သဖြင့် အပူသည်တစ်ယောက်လို ထုံထိုင်းမှုန်မှိုင်း၍ ကြည်လင်မှုမရှိ လေးလံထိုင်းမှိုင်းမှုများနှင့် အကြံဉာဏ်မရှင်းမလင်းဖြစ်ကာ တွေဝေငေးမောနေတတ်ပါသည်။

အမှန်တကယ်တော့ အပူများသည် အပူမဟုတ်ကြပေ။ မရှိသောအပူများကို ကြံစည်တွေးတော၍ ပူပန်နေကြခြင်းသာဖြစ်သည်။ တကယ်ပူပင်သောကများနှင့် ကြုံတွေ့ခဲ့ရင်တောင်မှပဲ ခံနိုင်ရည်ရှိရှိနှင့် ကြံ့ကြံ့ခံပြီး စိတ်ခါတ်ခိုင်ခိုင်မာမာစိတ်ထားတတ်သူများသာ စိတ်တန်ခိုးသတ္တိစွမ်းအားများကြီးမား၍ အခက်အခဲဟူသမျှအောင်မြင်စွာ ကျော်လွှားနိုင်ပေလိမ့်မည်။

လောက၌ လူထူး၊ လူမြတ်၊ လူစွမ်းကောင်းဖြစ်လိုသူများသည် ပူပန်တတ်သောစိတ်သောကဖြစ်စရာများကို ရှောင်ရှားကြရမည်၊ မလွဲမသွေကြုံတွေ့လာပါကလည်း ဖြေဖျောက်နိုင်သော အတွေးထားတတ်ရမည်။ တချို့သူများသည် စီးပွားပျက်မှာကြောက်ကြသည်။ တချို့သူတို့က ချစ်သူနှင့်ကွေကွင်းရမှာကြောက်ကြသည်။ တွေးတော၍ ကြောက်နေကြခြင်းပင်ဖြစ်သည်။ မတွေးကာမကြောက်ရပေ။

လူတို့သည် စိတ်အလိုကိုလိုက်ချင်ကြသည်။ ဖြစ်ချင်သောအရာ၊ လုပ်ချင်

သည့်အရာများကို မလုပ်ရသောအခါ ဒုက္ခဆင်းရဲခြင်းဖြစ်၏။ စိတ်ကိုအလို လိုက်လျှင် ဒုက္ခတွေ့ရတတ်သလို အလိုမလိုက်ပြန်လည်း ဒုက္ခတွေ့တတ်သည်။ ထို့အတူ မခံချင်စိတ်သည်လည်း အလွန်အကျွံမထားအပ်သောအရာဖြစ်သည်။ သူတစ်ပါးက မတရားပြုခြင်း၊ ထိပါးစော်ကားခြင်းများကို ခံရပါများသောအခါ ဒေါသထွက်၍ မခံချင်စိတ်ဖြစ်ပေါ်လာတတ်သည်။ ထိုအခါ မလိုလားအပ်သော စိတ်လိုက်မာန်ပါ ဒေါသဖြစ်မှုများကြောင့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရ တတ်သည်။

အဘိဇ္ဈာမနာလိုဝန်တိုခြင်းနှင့် အမုန်းပွားတတ်ခြင်းသည်လည်း မိမိစိတ်ကို ညည်းဆဲခြင်းဖြစ်သည်။ သုခချမ်းသာခြင်း၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်လို သောစိတ်ကိုထားရှိခြင်းသည် သတ္တဝါများကိုချမ်းမြေ့စေသည်။

ရေ၊ မြေ၊ လေ၊ မီးလောကဓံတရား၊ သဘာဝဘေးအစရှိသည့် အရေးများ နှင့် ကြုံတွေ့ကြရသောအခါတွင်လည်း ပစ္စည်းဆုံးရှုံးပျောက်ပျက်ကုန်ကျသည့် အခါတွင်လည်း လူသားမှန်လျှင် ထိုအပြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ကြရပေမည်။ မည်သူကင်းနိုင်ပါမည်လဲဟုတွေးတောကာ ဆင်ခြင်၍ ဆုံးရှုံးမှုများကို ဖြေ သိမ့်တတ်ရပေမည်။

အချို့သောသူများသည် မိမိနှစ်သက်ချစ်ခင်မြတ်နိုးသောအရာ၊ ဆွေမျိုး၊ မိဘ၊ သားသမီးများသေဆုံးသည့်အခါ ဆုံးရှုံးမှုများအတွက် ဝမ်းနည်းပက် လက်ဖြစ်ကာ ယူကျုံးမရ တသသပူဆွေးသောကရောက်ကာ ဖြေမဆည်နိုင် အောင်ဖြစ်ပြီး သောကမီးတို့ တငွေ့ငွေ့တောက်လောင်ရပေမည်။

လောကတစ်ခွင်တွင် စိတ်တို့ကိုပိုင်စိုးသော မြတ်စွာဘုရားရှင်သည် စိတ် ရောဂါဝေဒနာ ခံစားနေရသူများကို ထိန်းသိမ်းပြုပြင်နှစ်သိမ့်ပေးသော အ ကြောင်းများ၊ သာဓကများလည်း ရှိခဲ့ပါသည်။

ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်တွင် ဝိသာခါကျောင်းအစ်မကြီးတစ်

ဦးရှိသည်။ သူ့ထံတွင်မြေးများ အယောက်လေးရာရှိသည်။ တစ်နေ့၌ သူ၏ မြေးအယောက်လေးရာထဲမှ အချစ်ဆုံးမြေးလေးတစ်ဦး သေဆုံးသွားခဲ့သည်။ ထိုအချစ်ကြောင့် ကျောင်းအစ်မကြီးမှာ သောကပွေရတတ်မအေးနိုင်ဖြစ်ရကာ အသိနှင့်သတိများကင်းလွတ်ပြီး သူရူးတစ်ယောက်ပမာဖြစ်ခဲ့ရပါသည်။ ဆံပင်ဖွဲ့ရှိဖားလျားနှင့် တစ်ကိုယ်လုံးတွင်လည်း ရေများစိုရွှဲနေပေသည်။ ထို့နောက် ဘုရားရှင်ထံပါးသို့ရောက်လာခဲ့ပြီး ဘုရားရှင်ကမေးသည်။ ကျောင်းအစ်မကြီးသည် မြေးအယောက်လေးရာရှိသည်။ နောက်ထပ်မြေးထပ်ရရင် လိုချင်ပါသေးသလားဟုမေးသောအခါ လိုချင်ပါသေးသည်ဟု ပြန်ဖြေသောကြောင့် ဘုရားရှင်က သည်မြေးတစ်ယောက်အတွက်နှင့်ပင် သောကပဋိဒေဝမီး တောက်လောင်ခံစားရရှိနေခဲ့ရတာ ဖြေမဆည်နိုင်အောင်ဖြစ်နေခဲ့ပြီး နောက်ထပ်မြေးလေးရာအပြင် နောက်ထပ်လိုချင်သေးတယ်ဆိုတော့ ဒီထက်မကခံစားရမှာပေါ့ဟု ဆုံးမတော်မူနေသည်။ ထိုအခါမှ ကျောင်းအစ်မကြီးသည်လည်း အသိတရားဝင်ခဲ့ရသည်။

ထို့အတူ သူဌေးသမီး ပဋာစာရီသည်လည်း သားနှစ်ယောက်အနက် တစ်ယောက်ရေနစ်၊ တစ်ယောက်က စွန်ချီခံရ၊ လင်ကမြွေကိုက်သေ၊ နေအိမ်က မီးလောင် အပူပေါင်းစုံကြုံရသောအခါ ပုထုဇဉ်သဘာဝ ရင်တွင်းပူလောင် ပဋိဒေဝမီးတောက်လောင်ခဲ့ပြီး အသိများပျောက်၍ ရူးသွပ်ကာခြေဦးတည့်ရာလျှောက်သွားရင်းမှ မြတ်စွာဘုရားနှင့်တွေ့ဆုံပြီး တရားတော်၏ မေတ္တာကရုဏာအစွမ်းကြောင့် အရူးအနှမ်းစိတ်ပျောက်ကင်း ချမ်းသာရာရလေသည်။

**နိဂုံးချုပ်**

စိတ်သည် ထူးကဲသောစွမ်းရှိသည်။ ဝေရတ်တောင်ပေါ်လည်း တက်နိုင်သည်။ ပင်လယ်ပြင်ကိုလည်း လက်ပစ်ကူးနိုင်သည်။ မီးပင်လယ်အတွင်း၌

## ■ စာပေပန်းခင်းရနံ့သင်း

လည်း ရဲဝံ့စွာဖြတ်သန်းနိုင်သည်။ ထိုသို့စွမ်းအားရှိသောစိတ်သည် ရုပ်ဒြပ်မရှိ၊ သတ္တဝါလည်းမဟုတ်။ သို့သော် သတ္တဝါဖြစ်သောဆင်ပြောင်ကြီးကို ချွန်းနှင့် ချိတ်လျက် လိုရာခိုင်းနိုင်သည်။ ကျားဆိုးကိုလည်း လုံခြုံသည့်သံလှောင်ချိုင့်တွင်း၌လည်း သွင်းနိုင်သည်။ ထိုသို့စွမ်းအင်ရှိအောင် စိတ်ကစွမ်းဆောင်နိုင်ရာ စိတ်စွမ်းအားက ကမ္ဘာကိုပင်လွှမ်းမိုးနိုင်ပေသည်။

**ပွင့်စန္ဒီ**

**ကျမ်းကိုး–**

၁။ ဒေါက်တာကျော်စိန်၏ စိတ်ပညာဆောင်းပါးများ

၂။ ဓမ္မပဒမှ ဝိသာခါဝတ္ထု၊ ပဋာစာရီဝတ္ထု

၃။ မြတ်စု၏ စိတ်စွမ်းရည်ပျိုးထောင်ခြင်း

၄။ ပီမိုးနင်း၏ စိတ်ပညာ